## မစန္ဒာ

# ငြိုးမာန်ဖွဲ့သူရယ်



တတိယအကြိမ်

http://myanmarpyithar.net

မစန္ဒာ

# ငြိုးမာန်ဖွဲ့သူရယ်

http://myanmarpyithar.net

**ငြိုးမာန်ဖွဲ့သူရယ်**

တတိယအကြိမ်၊ ၂၀၀၄ ဖေဖော်ဝါရီလ၊ အုပ်ရေ ၁၀၀၀

**အဖုံးပန်းချီ မောင်နိုး**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၄၄/ ၂၀၀၄(၂)နှင့် စာမူခွင့်ပြုချက်အမှတ် ၅၄၅/ ၂၀၀၃(၅)တို့အရ ဦးကျော်ဦး(ယာယီမှတ်ပုံတင်အမှတ် ၆၆၈) ပါရမီစာပေ၊ အမှတ် ၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်က ထုတ်ဝေ၍ မျက်နှာဖုံးနှင့်အတွင်းစာသားကို ဦးကျော်သင်း (၀၅၈၂၉) သံလွင်ဦးပုံနှိပ်တိုက်၊ အမှတ် ၁၄၈၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

**တန်ဖိုး ၇၅၀ ကျပ်**

**ပါရမီစာပေ**

၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန် (ဖုန်း ၂၅၃၂၄၆)

၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်

၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

E-mail paramibk@myanmar.com.mm

# ချစ်သော စာဖတ်သူသို့

ကလောင်တံကို မကိုင်တတ်ခင် ခဲတံထိပ်ကို တံတွေးဆွတ်ပြီး စာရေးတတ်တဲ့ မူလတန်းကျောင်းသူဘဝကတည်းက စာပေရူးခဲ့ရတာပါ။ ကိုယ့်ဟာကိုယ်တောင် ဖတ်လို့မကြိုက်တဲ့ ကဗျာတွေ ဝတ္ထုတွေရေးပြီး လူတွေ့မှာစိုးလို့ ဖွက်ရတာ အမော။

တစ်ဦးတည်းသော အစ်မရှိတယ်လေ၊ မမနဲ့အတူအိပ်ကြတယ်၊ အိပ်ခါနီးကျရင် ဝတ္ထုဇာတ်လမ်းတွေကို စဉ်းစားကြတယ်။ ရယ်စရာပါရင် ကိုယ့်ဟာကိုယ် ရယ်ကြတယ်၊ ငိုစရာဆိုရင်လည်း စိတ်ကူးထဲက ဇာတ်လိုက်ကို သနားပြီး မျက်ရည်ဝဲမိတတ်တယ်။

ခုနစ်တန်းကျောင်းသူဘဝတုန်းက ထင်ပါရဲ့၊ ညအိပ်ခါနီး ဇာတ်လမ်းလေးတစ်ပုဒ်ကိုစဉ်းစားမိကြတယ်။ ညဉ့်နက်အထိမအိပ်ဘဲ ဇာတ်ကြောင်းထဲကိုမျောပါနေတော့ ဖေဖေကလှမ်းအော်တယ်၊ 'အိပ်ချိန်တန်ရင် အိပ်ကြတော့၊ စကားများမနေကြနဲ့' တဲ့။

နောက်တစ်ခါအော်မှာစိုးလို့ အိပ်ရာထဲမှာငြိမ်ငြိမ်လေးအိပ်ရင်း ဝတ္ထုနာမည်စဉ်းစားမိတယ်၊ ဝိုးတိုးဝါးတားပဲ၊ စိတ်ကြိုက်မတွေ့ဘူး။

http://myanmarpyithar.net

'ငြိုးမာန်ဖွဲ့သူရယ်' လို့ မမက တိုးတိုးလေးပြောတယ်၊ ရင်ထဲမှာ စွဲသွားမိတယ်။ တစ်နေ့နေ့ တစ်ချိန်ချိန် စာတွေ၊ ဝတ္ထုတွေ ရေးတတ်လာရင် ဒီဝတ္ထုကိုရေးမယ်လို့ဆုံးဖြတ်မိတယ်။

ဆယ်နှစ်ကျော်ကျော်ကြာခဲ့ပြီးမှ အဲဒီဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်နိုင်တယ်လေ၊ ရင်ထဲမှာ အကြာကြီးသိမ်းထားခဲ့ရတဲ့ဇာတ်လမ်းဟောင်းလေးမို့ အမှားပါရင်ခွင့်လွှတ်ပါလို့ အနူးအညွတ် တောင်းပန်ချင်ပါတယ်။

**ခင်မင်မှုများစွာဖြင့်**
**မစန္ဒာ**

'သွားတော့ အစ်ကိုအောင် အစ်ကို့လူနာတွေက လာပို့တဲ့ ငှက်ပျောခိုင်တွေ တစ်ယောက်တည်း စားမကုန်ရင်လည်း ရန်ကုန်ဘက် ရည်မှန်းပြီး ပစ်လိုက်ပေါ့ဗျာ'

ရထားဥဩသံက ရှည်လျားစွာထွက်ပေါ်လာသောအခါ ညီညီသည် ကိုအောင်သူ၏လက်ကို တင်းကျပ်စွာညှစ်ပြီး နှုတ်ဆက်လိုက်သည်။ ရထားဘီးများစတင်ပြီး လိမ့်သောအခါမှ ကိုအောင်သူသည် တွဲပေါ်သို့ခိုတက်လိုက်လေသည်။

အိမ်မှပြန်ရသောအပြန်ခရီးတွင် ကိုအောင်သူတစ်ယောက် အိမ်လွမ်းစိတ်နှင့် စိတ်ထဲတွင်လေးလံမြဲဖြစ်သည်။ သူ့ကိုအားကိုးတကြီးစောင့်နေကြသောလူနာများဆီသို့ မျက်နှာမူပြီး သွက်သွက်ပြန်ခဲ့ရသော်ငြားလည်း သူ့စိတ်အစဉ်သည် နွေးထွေးသော အေးချမ်းသောအိမ်၏အငွေ့အသက်တွင် ရစ်ဝဲကျန်ရစ်တတ်လေသည်။ ဆရာဝန်ဖြစ်ကတည်းက နယ်မြို့ကလေးများသို့ အမှုထမ်းရန်သွားရောက်ခဲ့ရသော ကိုအောင်သူသည် အိမ်နှင့်ခွဲခွာခဲ့ရသည်မှာ သုံးနှစ်နီးပါးပင်ရှိချေပြီ။

'ဟား နက်ဖြန်ကျရင် အငယ်ထွေးတို့အိမ်မှာ အုန်းထမင်းချက်

မယ်တဲ့၊ ကျွန်တော်ရောငမောင်ရော မိနိုင်ပါ သွားစားကြမယ်၊ တို့အစ်ကိုတော့ တောမှာကန်ဇွန်းဥပဲပြုတ်စားတော့ ဟုတ်လား၊ ဟား ဟား တောသားကြီးကိုဖြစ်လို့ ဟား'

စတင်ထွက်ခွာပြီဖြစ်သော ရထားဘေးတွင် ခပ်သွက်သွက် လမ်းလျှောက်လိုက်ရင်း မခံချိ မခံသာ စနေသောညီငယ်အား ပြုံး၍သာ ကြည့်နေရလေသည်။ ထိုစဉ်တွင် ရထားပေါက်ဝ၌ ကန့်လန့်ကန့်လန့်နှင့်ရှုပ်နေဟန်ရှိသော ညီညီအား တစ်စုံတစ်ဦးသည် အရှိန်နှင့် တွန်းဖယ်လိုက်ပြီး ရထားပေါ်ခုန်တက်လာလေသည်။ မထင်မှတ်ဘဲ အတွန်းအတိုက်ခံလိုက်ရသဖြင့် ညီညီသည် ဘေးသို့ထိုင်ပြီး လေးဖက်ထောက် လဲကျသွားသည်။

'ဘယ်လိုလုပ်တာတုန်းကွ၊ ရထားကြိတ်ခံပြီး သေချင်ရင် အေးအေးသေပါလား၊ ဘာလို့ ငါ့ကိုပါဆွဲထည့်ချင်ရတာလဲ၊ ငါမသေချင်သေးဘူးဟ ငါ့လူရ'

ကမူးရှူးထိုးခုန်တက်ပြီး နောက်ဘက်သို့ယိုင်ကာ လဲလုလုဖြစ်သွားသောသူကို ဆီးပြီးထိန်းထားရသဖြင့် ဝူးဝူးဝါးဝါးနှင့် မကျေမနပ် အော်နေသော ညီညီအသံကို သဲကွဲစွာဂရုမထားမိချေ။ ရထားဘီးများ မြန်လာသည်နှင့်အမျှ ညီညီ၏အသံသည်လည်း တိုး၍ကျန်ရစ်လေသည်။

'အရင်လိုလှချည်လား ငါ့ညီရ'

ပင်ပန်းမောဟိုက်စွာ အသက်ကိုပြင်းပြင်းရှူနေသော လူငယ်ကလေးသည် သူ့ပခုံးနှစ်ဖက်ကိုဆုပ်ကိုင်ရင်းထိန်းထားသော ကိုအောင်သူအား ခပ်စူးစူးလေးကြည့်လိုက်လေသည်။ ချွေးပေါက်ကလေးများ အစီအရီသီးနေသောမျက်နှာကလေးသည် ငယ်ရွယ်နုနယ်လှသည်။

ခေတ္တမျှ စူး စူး စိုက် စိုက် ကြည့်နေပြီးမှ မျက်လွှာကိုဖျတ်ခနဲ

ချလိုက်သည်။ ထို့နောက် ကျေးဇူးစကားလေးကိုပင်မဆို။ သူ့ပခုံး ပေါ်မှ ကိုအောင်သူ၏လက်နှစ်ဖက်ကို ခပ်ဆတ်ဆတ်လေးဖယ်ချလိုက်ပြီး ရထားတွဲတွင်းသို့ လျှောက်သွားလေသည်။

'ဟေ ဘယ်လိုသတ္တဝါလေးပါလိမ့်'

ကိုယ်က စကားပြောပြီး တစ်ဖက်မှစကားပြန်မရသည့်အပြင် ရှုတည်တည်အကြည့်ကိုပါအဆစ်ရလိုက်သဖြင့် ကိုအောင်သူသည် အတော်အနေခက်သွားလေသည်။ မခံချင်လည်း ဖြစ်သွားမိလေသည်။

ကိုအောင်သူယူထားသောနေရာ၏ မျက်နှာချင်းဆိုင်ခုံတွင် ဝင်ရောက်ထိုင်သည်ကို မြင်ရသောအခါ အတော်စိတ်မောသွားသည်။ ခရီးလမ်းတစ်လျှောက်လုံး ကိုယ့်ကိုစကားမပြောလိုသူနှင့် မျက်နှာချင်းဆိုင် ထိုင်သွားရမည့်အရေးကို ကိုအောင်သူ စိတ်ညစ်မိတော့သည်။

ခရီးဆောင်အိတ်ထဲတွင် မဂ္ဂဇင်းစာအုပ်များ အဆင်သင့်ထည့်လာမိသဖြင့် တော်သေးသည်ဟုအောက်မေ့ရသည်။ ခရီးတစ်လျှောက်လုံး စာဖတ်ရင်း အချိန်ကုန်စေရပေတော့မည်။

အပြန်ခရီးသည် ငြီးငွေ့ဖွယ်ကောင်းလှသည်။ တဂျိမ်းဂျိမ်း တဂျုတ်ဂျုတ်မြည်နေသောရထားသံနှင့်အတူ တငြိမ့်ငြိမ့်ငိုက်မျဉ်းနေကြသူသာ များလေသည်။

စာဖတ်ရသည်ကိုပျင်းလာသောအခါ ကိုအောင်သူသည် နေရာတွင် တိတ်တိတ်ဆိတ်ဆိတ်ထိုင်ရင်း စပါးခင်းဝါဝါများကိုသာ ငေးမောနေမိလေသည်။

ဝင်းဝင်းဝါသောစပါးခင်းများသည် လေပြည်တွင် ယိမ်းညွတ်နေကြသည်။ လှိုင်းဝါအိကြီးများသဖွယ် လူးလွန့်နေကြလေသည်။

ရထားလမ်းဘေးရှိ ပျဉ်းမပင်များမှ ခရမ်းရင့်ရောင် ပျဉ်းမပန်းများကမူ အဆုပ်လိုက် အခိုင်လိုက် ပွင့်ဖူးနေကြသည်။ ရထားကြီးက

ရိပ်ခနဲ ရိပ်ခနဲ ဖြတ်ပြေးသောအခါ လေပြည်ထဲတွင် ယိမ်းညွှတ်ယမ်းခါရင်း ကျန်ရစ်ခဲ့ကြလေသည်။

'ကိုကို ကိုကိုရာ'

သဘာဝရှုခင်းကို ပျင်းပျင်းနှင့်ငေးနေသော ကိုအောင်သူသည် မသဲမကွဲညည်းသံလေးကို ကြားလိုက်ရသဖြင့် အထူးအဆန်းဖြစ်သွားသည်။ သူ့ရှေ့တွင်ထိုင်နေသော ရှုတည်တည်လူငယ်ကလေးသည် ဘယ်အချိန်က အိပ်ပျော်သွားလေသည် မသိရချေ။

ပေါင်ပေါ်တင်ထားသော လက်ဆွဲသားရေအိတ်ကို တင်းတင်းလေးဆုပ်ကိုင်ထားရင်းမှ ခုံနောက်မှီကို ခပ်လျော့လျော့မှီရင်း အိပ်ပျော်နေလေသည်။ တစ်စုံတစ်ဦးကို တမ်းတသလို ကယောင်ကတမ်း ညည်းနေသည်။

'တော်တော် ငယ်သေးတာပဲ'

ကိုအောင်သူသည် တစ်ဦးတည်း မှတ်ချက်ချလိုက်မိလေသည်။ အိပ်ပျော်နေသောအခါမှ သူ့မျက်နှာတွင်တင်ထားသော ရှုတည်တည် ဟန်များ မာန်များပျောက်ကွယ်သွားသည်။ ဝင်းနေအောင်ဝါသော အသားတွင် မျက်ခုံးထူထူကလေးများက ထင်းနေလေသည်။

မျက်တောင်ရှည်ရှည်စင်းစင်းများသည်ကား ယောကျ်ားလေးတစ်ဦးအနေနှင့် လှပလွန်းလှသည်။ မျက်နှာသွယ်သွယ် ပါးဖောင်းဖောင်းလေးနှင့် ကလေးဆန်ဆန်နုနယ်လှသဖြင့် ဆယ့်ရှစ်နှစ်ခန့်သာရှိဦးမည်ဟု ခန့်မှန်းမိသည်။

ဝတ်ထားသော အဝတ်အစားများသည်ကား ချောမောသော ရုပ်ကလေးနှင့် မလိုက်ဖက်လှချေ။ ဝတ်ထားသောဘောင်းဘီအနက်သည် သူ၏ပါးလျသောကိုယ်လုံးနှင့် ချပ်ချပ်ရပ်ရပ်ရှိသော်လည်း ရှပ်အင်္ကျီသည်ကား မတန်တဆပွနေလေသည်။

သူ့အကျႌတော့ ဟုတ်ဟန် မတူချေ။ ဘယ်ချောင်ကများ ကောက်လာသည်မသိရချေ။ ဂေါက်သီးရိုက်လျှင် ဆောင်းသော ဦးထုပ် ဖြူလေးကို ခပ်ငိုက်ငိုက်ဆောင်းထားသည်။ ဦးထုပ်သည်လည်း သူ့ ခေါင်းနှင့်စာလျှင် အတော်ကြီးချောင်နေလေသည်။

အဆိုးဆုံးသည်ကား သူ့ခြေထောက်တွင်စီးထားသော ကင်း ဗတ်(စ်)ဖိနပ်ဖြူများဖြစ်သည်။ ဘယ်ဘက်ဖိနပ်သည် အနေတော်ဖြစ် သော်လည်း ညာဘက်တွင်စီးထားသောဖိနပ်သည်ကား သူ့ခြေထောက် နှင့်စာလျှင် သိသိသာသာကြီးပြီး ချောင်နေလေသည်။

အရွယ်မတူသော ဖိနပ်နှစ်ဖက်ကို ခြေအိတ်မပါဘဲ ကျွဲတစ် ဖက် နွားတစ်ဖက်စီးထားသည်မှာ ရယ်စရာကောင်းလှလေသည်။ မျက် နှာကို မမြင်ဘဲ လူကိုချည်းဖြတ်ပြီးကြည့်ပါက လမ်းဘေးတွင် နို့ဆီခွက် ကောက်သော တရုတ်ဘိန်းစားနှင့် နင်လား ငါလား ဆင်တူယိုးမှား ထင်ရမည်သာဖြစ်သည်။

'အင် အင် ကိုကို'

ပြတင်းပေါင်ကိုမှီထားသောဦးခေါင်းသည် နောက်ဘက်သို့ လျှောကျသွားလေသည်။ ဆံပင်ကောက်များရစ်ဝဲကျနေသော နဖူးပြင် တွင် ချွေးစို့နေသည်။

မျက်နှာလေး ညှိုးနွမ်းပြီး နှုတ်ခမ်းပါးလေးများ မဲ့နေသည့် အတွက် အိပ်ပျော်နေရင်းမှ အိပ်မက်ဆိုးမြင်မက်နေဟန်ရှိလေသည်။

'ဒီမှာ ဒီမှာ ငါ့ညီ ဘာဖြစ်နေတာလဲ'

အိမ်ကများထွက်ပြေးလာတာများလားဟု ကိုအောင်သူသည် တွေးတောနေမိသည်။

ထို့နောက် အမှတ်မရှိသူဟုဆိုလျှင်လည်း ဆိုစေတော့၊ လူ ငယ်ကလေး၏ပခုံးကို ခပ်သာသာလေးဆုပ်ကိုင်ကာ နှိုးလိုက်မိလေ

သည်။

သူ့ပခုံးပေါ်မှ ကိုအောင်သူ၏လက်ကို လှမ်း၍ဆုပ်ကိုင်လိုက်ရင်း မျက်တောင်ရှည်များပွင့်လာကြလေသည်။ လူငယ်လေးသည် အမှန်တကယ်ပင် အိပ်မက်ဆိုး မြင်မက်နေဟန်ရှိလေသည်။

မျက်လုံးညိုညိုလေးတွင် မျက်ရည်ကြည်များ စိမ့်အိုင်ဝေ့လည်နေလေသည်။ သူ့ကိုမိုးပြီးကြည့်နေသော ကိုအောင်သူကို တွေ့သောအခါ မျက်ရည်ဖုံးသော မျက်လုံးများသည် အရောင်တောက်ပကာ ရွှန်းလက်လာလေသည်။

'ဟာ ကို ကို ကိုကို'

ကိုအောင်သူ၏လက်ကို တင်းကျပ်စွာဆုပ်ကိုင်ရင်း ခပ်အုပ်အုပ် အော်လိုက်လေသည်။ လူငယ်လေးသည် အိပ်ရာမှကောင်းမွန်စွာ နိုးဟန် မတူသေးချေ။

အိပ်တစ်ဝက် နိုးတစ်ဝက် ဝိုးတဝါးအိပ်မက်နှင့် လူမှားပြီးခေါ်နေခြင်း ဖြစ်ဟန်တူသည်။

'ငါ့ညီ အိပ်ရာက ကောင်းကောင်းမနိုးသေးဘူးထင်တယ်'

'ဟာ'

ကယောင်ကတမ်းခေါ်နေသော လူငယ်လေးသည် ဆတ်ခနဲတုန်သွားလေသည်။ သူဖမ်းကိုင်ထားသော ကိုအောင်သူ၏လက်ကို လွှတ်လိုက်ပြီး နောက်မှီကို ခပ်မတ်မတ်လေးမှီလိုက်သည်။

ဝမ်းသာရွှင်မြူးစွာတောက်ပလာသော မျက်လုံးလေးများသည် ချက်ချင်းပင် မှေးမှိန်သွားလေသည်။ သူ့ကိုပြုံး၍ကြည့်နေသော ကိုအောင်သူအား ရီဝေဝေပြန်ကြည့်နေပြီး သက်ပြင်းတစ်ချက်ကို လေးပင်စွာ ချလိုက်လေသည်။

'ကိုကိုများလားလို့'

နဖူးပြင်တွင် စို့နေသောချွေးများကို လက်နှင့်သပ်ချလိုက်ရင်း ညည်းညူသလို ခပ်တိုးတိုးပြောလေသည်။

'တူနေလို့လား'

'ဟင့်အင်း မတူပါဘူး၊ သိပ်မတူပါဘူး၊ ကိုကို့မျက်လုံးတွေနဲ့တော့ တူတယ်၊ မေးရိုးကားပုံရော'

'နည်းနည်း တူနေတယ်ပေါ့လေ'

'ဆိုပါတော့'

မျက်မှောင်ပြေကာ မျက်နှာထားပျော့နေသော လူငယ်လေးသည် ခပ်တိုးတိုးပြောလေသည်။

ကိုအောင်သူကို ခုနလေးတင်မှ ရူတည်တည်နှင့် ဘုကြည့်ကြည့်ခဲ့သည်ကိုပင် အမှတ်ရဟန်မတူချေ။

သူ့ခြေထောက်တွင်စီးထားသော ဖိနပ်ကို ခပ်ပြုံးပြုံးစိုက်ကြည့်နေသည်ကို သတိထားမိသောအခါ မျက်နှာလေးနီရဲသွားလေသည်။

ခြေထောက်နှစ်ဖက်ကို ခုံအောက်သို့ ခပ်ဝှက်ဝှက် လျှိုသွင်းလိုက်ရင်းက နောက်သလို 'အဟင်း' ခနဲ ကြောင်စီစီရယ်လိုက်လေသည်။

'မင်း အိမ်ကများ ထွက်ပြေးလာတာလား'

'ဘာပြောတယ်'

အိမ်တွင်ကျန်ခဲ့သော ညီငယ်ကို သတိတရရှိသဖြင့် ကိုအောင်သူသည် ခပ်ဆဆလေးမေးလိုက်မိသည်။ ညီချင်းစာနာသောစိတ်နှင့် စိုးမိုးသလိုကြည့်နေသော ကိုအောင်သူအား လူငယ်လေးသည် ဆတ်ခနဲ မော့ကြည့်လိုက်လေသည်။ မျက်လုံး ညိုညိုလေးများသည် ဒေါသနှင့် မာနရောင် ယှက်သန်းလာသည်။

'ငါ့ကို စိတ်ဆိုးချင်လဲဆိုးပေါ့ကွာ၊ မင်း အိမ်ကထွက်ပြေးလာ

တာဆိုရင်တော့ အိမ်ကိုပဲပြန်ပါတော့၊ မင်းကိုကြည့်ရတာ အားနည်းနေပုံရတယ်'

ပြောမိမှတော့ မထူးတော့ချေ။ အဆုံးအထိပြောသည်သာ ကောင်းပေမည်ဟု စိတ်ကူးမိ၍ ဆက်ပြောမိလေသည်။

လူကြီးများအလစ်တွင် ရရာဆွဲပြီးထွက်ပြေးလာသော အိမ်ပြေးကလေးဟုသာ စိတ်ထဲတွင်အသေအချာ ထင်မှတ်နေမိသည့်အတွက်ကြောင့်ဖြစ်လေသည်။

'ဘယ်တော့မှ မပြန်ဘူး'

ကိုအောင်သူကို စူးစိုက်ကြည့်ရင်း လူငယ်လေးသည် မာကျောစွာပြောသည်။ နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ကာ သူ့လက်ထဲမှ လက်ဆွဲအိတ်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလေသည်။

ကိုအောင်သူ ဘာဆက်ပြောရမည်နည်း။ ပခုံးနှစ်ဖက်ကိုတွန့်လိုက်ရင်း ခွင့်လွှတ်ပြုံးပြုံးကာ ငြိမ်သက်စွာထိုင်နေရန်သာရှိတော့သည်။

စကားကြီးခြောက်ခွန်းတွင် 'ဟုတ်မှန်၏။ အကျိုးရှိ၏။ ကြားသူ မနှစ်သက်သော စကား' ဟူသည့် ဆုံးမစကားကို ပြောချင်သော်လည်း ဆက်ပြီးပြောရန် မရဲတော့ချေ။

ဖတ်လက်စ မဂ္ဂဇင်းစာအုပ်ဆီသို့သာ ပြန်ပြီးအာရုံစူးစိုက်ရန် အားထုတ်မိလေသည်။ မိမိအား စကားမပြောလိုသူနှင့် စကားမပြောသည်သာလျှင် အကောင်းဆုံးဖြစ်ပေမည်။ အန္တရာယ်အကင်းဆုံးဖြစ်ပေမည်။

လူငယ်ကလေးသည် မျက်မှောင်ကြုတ်ရင်း ခပ်တွေတွေ ငေးနေလေသည်။ ဒေါသရိပ်နှင့်မာနငွေ့ သန်းနေသော မျက်နှာကလေးသည် တင်းမာနေသည်။

ကိုအောင်သူ့အနေနှင့်မူ ဤအရွယ်လူငယ်ကလေးများကို ပြုံး

ပျော်နေသည်သာ တွေ့မြင်လိုလှသည်။

ညှိုးရော်သောမျက်နှာထားကိုလည်းကောင်း၊ ခက်ထန်သော မာန ယှက်သန်းနေသည်ကိုလည်းကောင်း မတွေ့လို မမြင်လိုပေ။

ကျောင်းစာသင်ခန်းထဲတွင်သာ ပျော်ရမည့် သူ့လိုလူငယ်လေး များသည် အိမ်၏နွေးထွေးမှုအောက်မှထွက်ပြေးရန်လည်း လုံးဝမလို လားအပ်ချေ။

အတွေးနယ်ကျယ်လာမိသော ကိုအောင်သူသည် မြို့အဝင် လမ်းမှ တိုက်ဝါအိုအိုကြီးကိုတွေ့သောအခါမှ သတိဝင်လာသည်။

သူဆင်းရမည့် သာယာကုန်းဘူတာသို့ မကြာမီရောက်ပေ တော့မည်။

'အစ်ကိုကြီးက ဒီမှာဆင်းတော့မှာလား'

သယ်ဆောင်လာသော ပစ္စည်းပစ္စယကလေးများကို ထပြီးစု သောအခါ လူငယ်ကလေးဆီမှ အသံထွက်ပေါ်လာလေသည်။

ထူးထူးခြားခြားစပ်စုလာသော လူငယ်ကလေးအား တအံ့ တသြငဲ့ကြည့်ရင်း ခေါင်းညိတ်ပြလိုက်ရသည်။

'အစ်ကိုကြီးက ဆရာဝန်ပေါ့နော်'

လက်ဆွဲသားရေအိတ်တွင်ကပ်ထားသော 'ဒေါက်တာအောင် သူ' ဟူသော စာတန်းကလေးကိုကြည့်ရင်း မေးလေသည်။

သည်လိုဆိုပြန်တော့လည်း ခုနကပင် တင်းတင်းမာမာ ပြောပြီး ဘုကြည့်ကြည့်ခဲ့သည်ကိုပင် မေ့လိုက်ရတော့မလို ဖြစ်လာလေ သည်။

'ဆရာဝန်ပဲ ဆိုပါတော့ကွာ'

'ကျွန်တော့ အစ်ကိုလည်း ဆရာဝန်ပဲ'

'ဘယ်သူလဲ'

'ကျွန်တော့ အစ်ကိုလေ၊ အစ်ကိုကြီးသိမှာ မဟုတ်ပါဘူး'

ကိုအောင်သူ ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းမိသည်။ မြန်မာပြည်တွင် ဆရာဝန်တွေ မှိုလိုပေါက်အောင် များပြားလှချေပြီ။

ဆရာဝန်တိုင်းကို သိနိုင်လောက်အောင် ကိုအောင်သူတစ်ယောက် အပေါင်းအသင်း မဆံ့လှချေ။

စာကုန်းကျက်ပြီး အားသောအချိန်တွင် လက်ဖှေ့ထိုးရန်လောက်ကိုသာ ဝါသနာပါခဲ့သော ကိုအောင်သူသည် သူနှင့်တစ်နှစ်တည်းသမားများကိုပင် လူစုံအောင် မသိခဲ့ချေ။

'မင်း အစ်ကိုက ဘယ်သူတုန်း၊ ဘယ်မှာ နေသလဲ'

သိလိုသိငြား မေးလိုက်သောအခါ လူငယ်လေး၏မျက်နှာသည် ဖြူရော်သွားလေသည်။ သတိလစ်သွားသလို ကိုအောင်သူအား ငေးစိုက်ကြည့်နေပြီးမှ သက်ပြင်းကို 'ဟင်း' ခနဲချလိုက်လေသည်။

'ကိုကိုလား၊ ကိုကို သေပြီလေ'

'ဟင်'

ကိုအောင်သူ ဘာဆက်ပြောရမည်မသိတော့ချေ။ အစ်ကိုအားချစ်ခင်အစွဲအလမ်းကြီးလှသော လူငယ်ကလေးသည် သူ့အစ်ကိုသေသည်ကို လက်ခံချင်ပုံ မရချေ။

မိမိလက်မခံချင်သည်ကို လက်ခံနေရသည့်အတွက်လည်း ကျေနပ်နိုင်ပုံမရချေ။ ဆရာဝန်အတွေး ဆရာဝန်အမြင်ဖြင့် ပြောရမည်ဆိုလျှင် သူ့တွင် စိတ်ရောဂါရှိသည်ဟု ပြောမိမည်သာဖြစ်၏။

ရထားသည် ရှည်လျားသောဥသြသံကိုပေးပြီး တဖြည်းဖြည်းအရှိန်လျှော့လာလေသည်။

သာယာကုန်းတွင် ငါးမိနစ်ခန့်သာရပ်တန့်သည်မို့ ဆင်းမည့်ခရီးသည်များသည် လှုပ်လှုပ်ရွရွပြင်ဆင်နေကြလေသည်။

http://myanmarpyithar.net

‘ငါ့ညီ မင်းကရော ဘယ်အထိသွားမှာလဲ’

ရထားပေါ်မှဆင်းခါနီးတွင်မူ လူငယ်ကလေးဆီသို့ ပြန်လှည့်ကြည့်မိလေသည်။ မျက်ရည်စို့စို့ဝဲချင်နေသော လူငယ်ကလေးသည် သူ့ကိုခပ်ငေးငေးပြန်ကြည့်ရင်း ခေါင်းခါပြလေသည်။

‘မသိသေးဘူး’

‘ဟာ ဘယ်လိုလဲ ဘယ်သူ့ဆီသွားမှာလဲ’

‘လူတစ်ယောက်ဆီကိုလေ’

‘ဘာလုပ်ဖို့လဲ’

‘သတ်မလို့’

‘ဟာ’

ကိုအောင်သူသည် အလန့်တကြား အော်လိုက်မိလေသည်။ လူနာပေါင်းစုံကို သေမင်းခံတွင်းမှလုယူနေရသောဆရာဝန်ပေမို့ ‘သတ်’ ဟူသောစကားကို လုံးဝမကြားလိုခဲ့ပေ။ လူတစ်ယောက်၏အသက်ကို ‘ဖက်ရွက်သဖွယ် သတ်မလို့’ ဟု အေးဆေးစွာပြောလေသောအခါတွင်ကား ကျောထဲမှ စိမ့်သွားအောင်ပင် ရှိန်သွားမိလေသည်။

ထိုင်လည်းမထိုင်နိုင်။ ထလည်းမထနိုင်။ ကုန်းကုန်းကွကွရပ်ရင်း တအံ့တသြဖြစ်သွားသော ကိုအောင်သူသည် မီးရထားဥသြသံကြားရသောအခါမှ ရထားပေါ်မှ ကမန်းကတန်း ခုန်ဆင်းလိုက်ရလေသည်။

ပလက်ဖောင်းပေါ်တွင်ရပ်မိသောအခါ ရထားတွဲတွင်း ပြန်ကြည့်မိသည်။ လူငယ်ကလေးသည် ကိုအောင်သူအား အေးစက်စွာပြုံးပြလေသည်။ သူ့အပြုံးတွင်နာကြည်းမှု၊ ကြေကွဲမှု၊ အငြိုးကြီးမှုတို့ အကုန်ရောယှက်နေလေသည်။

ပြုံးလိုက်၊ ရယ်လိုက်လျှင် လူတိုင်းလှမလာသော်လည်း အရုပ်

ဆိုးသွားသည်ကား မရှိလှချေ။ ထိုလူငယ်ကလေးပြုံးပုံသည်ကား ကြော့ကစရာကောင်းလှသည်။

'ကြောက်စရာကောင်းအောင် ပြုံးလည်းပြုံးတတ်ပါရဲ့'ဟု ကိုအောင်သူသည် ဝေးကွာသွားသောရထားကြီးကိုငေးကြည့်ရင်း တီးတိုးပြောမိလေသည်။

*

အမိဝမ်းမှကျွတ်စကလေးငယ် နီတာရဲလေးသည် နွေးထွေးစွာအိပ်ပျော်သွားချေပြီ။ မိခင်ငယ်ကလေးသည် မောပန်းနွမ်းနယ်မှုကြားမှ ယဲ့ယဲ့လေးပြုံးနေရှာလေသည်။

ကိုအောင်သူသည် သူ့ကိုကျေးဇူးတင်သော အားကိုးသော အကြည့်နှင့်ကြည့်နေသော ဖိုးသာမောင်ဘက်သို့လှည့်ကြည့်ရင်း ပြုံးရယ်လိုက်မိသည်။

'ကဲ မောင်သာမောင်လေး မင်းမိန်းမရော ကလေးရော စိတ်ချရပါပြီ၊ နောက်များတော့ အဲဒီလိုကလေးမထွက်သေးတိုင်း အရမ်းကာရော နှိပ်ချဖိချတွေမလုပ်ပါနဲ့ကွာ၊ ကလေးမထွက်ဘဲ ကလေးရော လူကြီးရော သေတတ်တယ်ကွဲ့'

မြို့နယ်မှလူများသည် ဆေးရုံဆိုလျှင် အလိုလိုကြောက်တတ်ကြလေသည်။ အသံကြားလျှင် ဖျားချင်ကြသဖြင့် ခပ်ဝေးဝေးရှောင်ကြသည်။

အရပ်လက်သည်များ၊ ဗိန္ဓောများမနိုင်တော့ဘဲ လူနာမြော့နေသောအခါမှ ဆေးရုံရောက်လာသည်လည်း ရှိတတ်လေသည်။

http://myanmarpyithar.net

ခုနစ်နှစ်တိုင် ဆေးပညာကိုဆည်းပူးခဲ့သော်လည်း သေခါနီး လူကိုကား ရှင်အောင်မတတ်နိုင်ခဲ့ချေ။ မဟောသဓလို သိကြားမင်းဆီမှ ကိုးဆယ့်ခြောက်ပါးသော ရောဂါဟူသမျှ ပျောက်ကင်းစေသော ဘုရားဆေး သိကြားဆေးကို လက်ဝယ်ရှိသူမဟုတ်သည့် ကိုအောင်သူခမျာ လည်း ဘာတတ်နိုင်မည်နည်း။

ဆေးရုံရောက်ပြီး မိနစ်ပိုင်း၊ နာရီပိုင်းအတွင်း သေဆုံးကုန်သူ များကို အသက်ထွက်ညင်သာအောင်လုပ်ပေးရုံအပြင် မသေအောင်ကား မတားနိုင်ခဲ့ချေ။

ထိုအခါ ရမ်းကုများ ပယောဂဆရာများက ဆေးရုံရောက်မှ လူနာသေသည်။ ဆရာဝန်အလွန်ညံ့သည် ချာသည်ဟုတီးတိုးဝါဒဖြန့် ပြီး ဆေးရုံကြောက်အောင် ပြုလုပ်ကြပြန်လေသည်။

'ဆေးရုံကိုမကြောက်ကြပါနဲ့ဗျာ၊ စောစောစီးစီးပြကြ ကုကြ မယ်ဆိုရင်လည်း ရောဂါဟာဘာမို့လဲ၊ အနာသိတယ် ဆေးရှိတယ်၊ ပျောက်ရမှာပေါ့၊ ရောဂါရင့်နေရင် လွန်နေရင်တော့ ဆေးလည်း မတိုး နိုင်တော့ဘူးပေါ့ဗျာ'

'ဟုတ် ဟုတ်ကဲ့ဗျ'

'အခု ကလေးမလေးလည်း အပျိုသားမွေးဆိုတော့ ခက်တာ ပေါ့၊ ဗိုက်နာချိန်ကလည်း သားဦးမှာကြာတတ်တာပဲ၊ အဲဒါကို ဗိုက်နာ တာ ကြာလှပြီ၊ ခုထိကလေးမထွက်သေးဘူးဆိုပြီး ဖိချရင်သေမှာပေါ့၊ ခုတောင် အချိန်မီဆေးရုံရောက်ပေလို့ လူနာဆိုရင်နွမ်းနေတာပဲ'

ကိုအောင်သူသည် သူဟောမြဲဖြစ်သော ဆေးရုံအားကိုးရေး တရားကို တွင်တွင်ကြီးဟောရလေသည်။

ထိုကဲ့သို့ အချိန်မီရောက်လာသဖြင့် သေမင်းခံတွင်းမှလွတ်ရ သောလူနာများသည်လည်း ခေါင်းကိုက်တာ ဖင်နာတာကအစ ဆေးရုံ

http://myanmarpyithar.net

ကိုသာပြချင်သည်အထိ အားကိုးကုန်တတ်လေသည်။

ကိုအောင်သူ ဆေးရုံမှပြန်လာသောအခါ ညနေခြောက်နာရီခန့်ရှိပေပြီ။ နီရဲသောနေမင်းကြီးသည် စပါးခင်းဝါဝါများပေါ်တွင် မေးတင်နေပြီဖြစ်သည်။

ဝင်းဝါသောစပါးခင်းပေါ်တွင် နေရောင်နီနီရဲရဲယှက်ဖြာနေသည်မှာ ကြည့်၍ပင်မဝနိုင်အောင်လှပလေသည်။ သို့သော်လည်း ကိုအောင်သူတစ်ယောက် ခါတိုင်းလိုသဘာဝရှုခင်း လေအေးအေးနှင့် ပန်းရနံ့မွှေးမွှေးတို့တွင် သာယာနစ်မျောမနေနိုင်ချေ။

အိမ်သို့သာ အမြန်သုတ်ခြေတင်မိလေသည်။ တစ်ထွာမျှသာရှိသော ဝမ်းဗိုက်ကဆာလောင်လှစွာနှင့် ခြေထောက်နှစ်ဖက်ကို အမြန်လျှောက်ခိုင်းနေသောကြောင့်ဖြစ်လေသည်။

အရေးကြီးသောလူနာမရှိ၍ ခါတိုင်းလိုညနေစောစော အိမ်ပြန်ရောက်လျှင် ထမင်းချက်သော အဒေါ်ကြီးစံမယ်ကို တွေ့ရတတ်သည်။

နောက်ကျသောနေ့များတွင်ကား ကိုအောင်သူအတွက် ထမင်းဟင်းများရူးခပ်ပြင်ဆင်ပေးပြီး ဒေါ်ကြီးစံမယ်တစ်ယောက် အိမ်ပြန်နှင့်ပြီဖြစ်သည်။

မောမောပန်းပန်း ပြန်ရောက်လာသော ကိုအောင်သူသည် စားပွဲပေါ်တွင်အသင့်ရှိနေသော ထမင်းများကိုသာ တစ်ဦးတည်း ကုန်းလွေးရတတ်လေသည်။

'ဟင် ဘယ်သူပါလိမ့်'

အိမ်တံခါးကို တွန်းဖွင့်လိုက်သောကိုအောင်သူသည် တစ်ဦးတည်း တီးတိုးပြောလိုက်မိသည်။

တံခါးပေါက်ကိုကျောပေးထားသော ကုလားထိုင်ပေါ်တွင် တစ်စုံတစ်ဦးထိုင်နေလေသည်။ ကုလားထိုင်နောက်မှီကို ခပ်လျော့

လျှော့မိထားပြီး စားပွဲပေါ်သို့ခြေထောက်နှစ်ဖက်လုံး လှမ်းတင်ထားသည်။

'ဟောဗျ ဟိုငတိလေးပဲ'

လွန်ခဲ့သောအပတ်က ရထားပေါ်တွင်တွေ့ခဲ့ရသော လူငယ်လေးပင်ဖြစ်သည်။ ဆည်းဆာနေရောင်သည် သူ့မျက်နှာကို တစ်ပိုင်းတစ်စ ထိုးနေသဖြင့် နုနယ်သောမျက်နှာလေးသည် ဝင်းပနေသည်။

ဦးခေါင်းငိုက်ကျနေပြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေဟန်နှင့် အသက်မှန်မှန်ရှူနေလေသည်။ သူ့လက်ထဲတွင် ကိုအောင်သူထမင်းစားပြီးစားလေ့ရှိသည့် သကြားလုံးပုလင်းကိုကိုင်ထားသည်။

ပါးနှစ်ဖက်မှာ လိုသည်ထက်ပိုပြီးဖောင်းနေသည့်အတွက် သကြားလုံးတစ်ဖက်တစ်လုံးစီငုံရင်း အိပ်ပျော်သွားဟန်ရှိလေသည်။

ကိုအောင်သူသည် နှစ်ခြိုက်စွာအိပ်ပျော်နေသူအား ငြိမ်ငြိမ်သက်သက်ရပ်ရင်း အကဲခတ်နေမိသည်။ ခြေထောက်တွင်မူ အရွယ်တူဖိနပ်နှစ်ဖက်ကို ခြေအိတ်နှင့်အတူ ဝတ်ထားနိုင်ပြီကို တွေ့ရသဖြင့် တိုးတက်လာပြီဟု မှတ်ချက်ချမိသည်။

ဆာလောင်သည်ကို ခေတ္တမျှမေ့သွားသော ကိုအောင်သူသည် မိုက်ထဲမှ အော်မြည်လာသောအသံများကြောင့် ထမင်းစားခန်းဘက်သို့ မျက်လုံးရောက်သွားလေသည်။

မဖိတ်ခေါ်ဘဲ အခန့်သားရောက်နေသော ဧည့်သည်ချောကလေးအား မနိုးသေးဘဲ လှည့်ထွက်လာမိလေသည်။

'ဟာ ဘယ်လိုဖြစ်တာလဲ'

စားပွဲပေါ်မှထမင်းဝိုင်းကိုကြည့်ရင်း ကိုအောင်သူသည် အလန့်တကြားအော်လိုက်မိသည်။

'ညနေကျရင် ဆရာကလေး ငန်းသားချိုချိုစားရမယ်' ဟုဒေါ်

ကြီးစံမယ်၏စကားကိုကြားရင်း အသော့လာခဲ့သောကိုအောင်သူခများ ခုတော့ စားပွဲပေါ်တွင် ပန်းကန်ပြားအပြည့် ငန်းရိုးများကိုသာတွေ့ရ သည်။

ပွင့်နေသောထမင်းအုပ်ထဲတွင်ကား ထမင်းတစ်ဝက်ခန့်ကျန် သေးသည်။ ချဉ်ချဉ်စပ်စပ်သုပ်ပေးလေ့ရှိသော မရမ်းသီးမှည့်သုပ် ပန်းကန်ပြားကိုသာ တွေ့ရတော့သည်။

သခွားသီးတို့စရာကိုကား တစ်စိတ်နှစ်စိတ်တွေ့ရသေးသည်။ ဟင်းသောက်ပန်းကန်ထဲတွင်ကား ပဒတ်စာဟင်းချို ထင်ရသည်။ ပန်းကန်ဖင်တွင် ကပ်၍ကျန်နေသေးသော ပဒတ်စာဖတ်ကလေးများကို ကြည့်ပြီး မှန်းဆရခြင်းဖြစ်သည်။

'ဟာ ဘယ်လိုတုံး၊ ဘယ်လိုဖြစ်တာလဲ'

ပြောင်သလင်းခါနေသောထမင်းပွဲကိုကြည့်ရင်း ကိုအောင်သူ သည် တအံ့တသြရေရွတ်နေမိသည်။ ကြိုက်မရှက် ငိုက်မရှက် ငတ် မရှက်ဟု ဆိုစကားရှိသည်။

ဆာသောအခါတွင်ကား ဒေါသဖြစ်တတ်လေသည်။ အံ့သြမှု နှင့်အတူ ဒေါသရိပ်ငွေ့ငွေ့ကလည်း ဝဲတက်လာလေသည်။

ကိုအောင်သူတစ်ယောက် ဧည့်ခန်းထဲသို့ ခြေလှမ်းကျဲကျဲနှင့် ပြန်ဝင်လာသောအခါတွင်ကား ဧည့်သည်ကလေးသည် နိုးနှင့်နေပြီဖြစ် သည်။ ခပ်ကုပ်ကုပ်လေးထိုင်ရင်း မျက်လွှာချထားလေသည်။

'ဒါ မင်း လက်ချက်ပေါ့လေ'

ဒေါသသံနှင့်မေးလိုက်သောအသံကို ကြားလိုက်ရသောအခါ သူ့ကိုယ်သည် မသိမသာတုန်သွားသည်။ မျက်လွှာကိုပင့်မကြည့်ဘဲ ခေါင်းကို ဆတ်ကနဲ ညိတ်ပြလေသည်။

'ဟုတ်တယ်၊ ဆာတာနဲ့'

အတန်ကြာမှ မော့ကြည့်ပြီး ခပ်တိုးတိုးပြောလေသည်။ သူ့မျက်နှာတွင် အားနာမှုကိုလည်းကောင်း၊ ကြောက်ရွံ့မှုကိုလည်းကောင်း၊ ရှက်ရွံ့မှုကိုလည်းကောင်း ရှာ၍မတွေ့ရချေ။ စားနေကျအိမ်တွင် ထမင်းစားထားသကဲ့သို့ပင် မှင်သေလှသည်။

'ဩော် တယ်ဟုတ်၊ ငါလည်းဆာတတ်တာပဲ၊ တစ်ဝက်လောက်ချန်ထားတယ်ဆိုရင် ဟုတ်သေး'

'စားကောင်းတာနဲ့ပဲ'

'ကောင်းကွာ တယ်ကောင်း'

လက်ကိုဝှေ့ယမ်းကာ မကျေမနပ်ပြောရင်း ကုလားထိုင်တွင် ဝုန်းခနဲထိုင်ချလိုက်မိလေသည်။ သူ့ကို မော့ကြည့်နေသော လူငယ်ကလေးသည် မသိမသာ ရိပ်ခနဲပြုံးလိုက်လေသည်။

'အစ်ကိုကြီးစိတ်ဆိုးတာလည်း ကိုကိုနဲ့တူတာပဲ'

'ဟာ တော်စမ်း၊ မင်း ကိုကိုကြီး ဘေးချိတ်ထားစမ်း၊ ဒီမှာဖြင့် ဆာလို့သေတော့မယ်'

သည်တစ်ညတော့ 'အမီး' ဆိုင်ကခေါက်ဆွဲကြော်နှင့်ပင်စခန်းသိမ်းရလိမ့်မည် ထင်သည်။

ထမင်းဆာလျှင် ထမင်းကလွဲပြီး ဘာကိုမှမစားချင်သည့်အကျင့်သည် ကိုအောင်သူတွင် ငယ်ငယ်လေးကတည်းက စွဲခဲ့သောအကျင့်ဖြစ်လေသည်။

ထမင်းစားလျှင်လည်း အရိုးနှင့်စားရန်သာ ရှိတော့သဖြင့် ခေါက်ဆွဲဆိုင်ကိုအမြန်ပြေးရန်သာ ရှိတော့သည်။

'နေပါဦး မင်းကဘာလုပ်ဖို့လာတာလဲ၊ ဘာကိစ္စရှိလို့လဲ'

အိမ်ထဲမှထွက်ခါနီးမှ သတိရပြီးမေးမိသည်။ လူငယ်ကလေးသည် ပထမဆုံးအကြိမ် မျက်နှာငယ်သွားလေသည်။ သူ့အိတ်ကလေး

ကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ရင်း ကိုအောင်သူအား ခပ်ငေးငေး ကြည့်နေသည်။

'အိမ်မပြန်ချင်သေးတာနဲ့ပဲ'

'ဩော်'

ကိုယ့်အိမ်ကိုယ်မပြန်ချင်တိုင်း သူများအိမ်ကို မဖိတ်မခေါ်ဗွတ်တက်လာသော ညှော့သည်မျိုးကို သည်တစ်ခါသာတွေ့ဖူးသေးသည်။

'မင်းကို ဘယ်သူကဖိတ်လို့လဲကွ'

ကလေးဆန်သည်ဟုဆိုလျှင်လည်းဆိုစေတော့ ကိုအောင်သူသည် သူ့ထမင်းပွဲကို အားမနာပါးမနာ ပြောင်သလင်းခါအောင်စားသွားသူမို့ ကတ်ဖဲ့ပြောလိုက်မိလေသည်။

လူငယ်ကလေးသည် ဘာမှပြန်မပြောဘဲ ကြမ်းပြင်ကိုငေးစိုက်ကြည့်နေသည်။ သက်ပြင်းတစ်ချက်ချရင်း ခပ်တိုးတိုးပြောလေသည်။

'ဒီလိုဆို ပြန်ရမလား'

ကိုယ့်ကိုမလိုလားသည့်အိမ်ရှင်ကိုကား ဆက်လက်အနှောင့်အယှက်ပေးလိုဟန် မရှိချေ။ အားကိုးရာမဲ့သွားသလို မျက်လုံးလေးမသိမသာ ဝိုင်းသွားသည်ကို တွေ့ရသောအခါတွင်ကား ကိုအောင်သူသည် ညီညီကို ဖျတ်ခနဲသတိရမိလေသည်။

သူ၏ညီငယ်ကလေးသည်လည်း တဗွတ်ထိုးကလေးမို့ ဤလူငယ်ကလေးနှင့် စာနာကြည့်မိပြီး ရင်ထဲတွင် ကျင်ခနဲဖြစ်သွားသည်။

'မပြန်ပါနဲ့'

ခပ်ပြတ်ပြတ်ပြောပြီး တံခါးကိုဝုန်းခနဲပိတ်ကာ ထွက်လာမိလေသည်။ ငယ်ရွယ်နုနယ်သောညှော့သည်အား မောင်းထုတ်လောက်အောင်ကား ကိုအောင်သူတွင် စာနာစိတ်မကင်းလှချေ။

ပျူပျူငှာငှာလည်း လက်ခံလိုစိတ်မရှိချေ။ ဒေါ်သရိပ်ကဲနေ

သဖြင့် မြေကြီးကိုသာ ခပ်ဆောင့်ဆောင့်ဖိနင်းလာမိလေသည်။

ခေါက်ဆွဲနှစ်ပွဲလည်း ဘယ်လိုကုန်သွားသည်ပင် မသိလိုက်ရချေ။ ဗိုက်ပြည့်သွားသောအခါမှ ဒေါသလည်းပြေသလိုဖြစ်လာသည်။

'ဗိုုးဆရာအောင်ကြီး ဘယ်လိုဖြစ်ပြီး ဆိုင်ရောက်လာတာလဲ၊ ဒေါ်စံမယ်လက်ရာက စားမကောင်းလို့လား'

'ဩော် ကိုမြင့်ထွေး ဒေါ်စံမယ်လက်ရာကောင်းလွန်းလို့ ညော့သည်က အကုန်စားသွားလို့ဗျ'

တအံ့တသြမေးလာသူအား ပြုံးရယ်ရင်းရှင်းပြလိုက်ရသည်။ မဖိတ်မခေါ်ဘဲ ရောက်လာသောဧည့်သည်ငယ်ကလေး၏ ကလေးဆန်လှသော အပြုအမူကို ခုမှရယ်ချင်သလိုဖြစ်လာသည်။

အိမ်ပြန်ရောက်သောအခါတွင်ကား ရယ်ချင်စိတ်များ လွင့်ပျောက်ရပြန်လေသည်။ ခေါင်းအုံးတစ်လုံးနှင့်စောင်တစ်ထည်ကို ဧည့်ခန်းက နှစ်ယောက်ထိုင်ကုလားထိုင်ပေါ်တွင် တွေ့ရလေသည်။ ခေါင်းအုံးပေါ်တွင်ကား စာကလေးတစ်စောင်။

အစ်ကိုကြီး

ကျွန်တော်အိပ်ချင်လှပြီ၊ အစ်ကိုကြီးက ခေါင်းအုံးနဲ့စောင်ယူပေါ့၊ ကျွန်တော်ကတော့ မွေ့ရာနဲ့ချည်စောင်ယူမယ်၊ ကျွန်တော် အိပ်ပျော်ရင် ဘယ်သူနှိုးနှိုး မနိုးတော့ဘူး'

နန္ဒာ

ကိုအောင်သူသည် စာရွက်ကိုပစ်ချပြီး သူ့အိပ်ခန်းဆီသို့ခြေလှမ်းကျဲကျဲလျှောက်သွားမိသည်။ တံခါးကိုတွန်းကြည့်သော် မပွင့်တော့ချေ။ အတွင်းမှချက်ချကာ ပိတ်ထားချေပြီ။

'ဟေး မင်းမိုလ်ကျလှချည်ကလားကွ၊ ငါဘယ်မှာအိပ်ရမှာတုံး'

http://myanmarpyithar.net

စားဦးစားဖျားအကုန်လုံးစားသည့်အပြင် ရှိစုမဲ့စုအိပ်ရာနှင့် ခုတင်ကိုပါ အသိမ်းခံရသောအခါ ကိုအောင်သူသည် သည်းမခံနိုင်တော့ချေ။

ဒေါ်ပွပွနှင့်တံခါးရွက်ကို တဝုန်းဝုန်းထုမိလေသည်။ အတွင်းမှ ကိုယ်တော်ချောကလေးကား တုတ်တုတ်မျှမလှုပ်ချေ။

'နန္ဒာဆိုတဲ့ကောင်စုတ် ကောင်နာလေး၊ မင်း ဒါတော့ လွန်တယ်ကွ'

'ဟေး မင်းနိုးနေရဲ့သားနဲ့ထွက်ဆိုထွက်ကွာ၊ သူများအိမ်လာပြီး နည်းနည်းပါးပါးတော့ ယဉ်ကျေးဦးမှပေါ့'

'ငါ ဘယ်မှာအိပ်ရမှာလဲကွ၊ ဟေး မင်းဒီလောက်ပဲနားပင်းရသလား'

တံခါးကိုထုလိုက် အော်လိုက်နှင့် နောက်ဆုံးကိုအောင်သူမောတော့သည်။ အခန်းတွင်း၌ကား သက်ရှိသတ္တဝါပင်ရှိပုံမရချေ။ ငြိမ်လှတိတ်လှသည်။

တစ်ဦးတည်း ကြာရှည်အော်ရန်ကိုကား မတတ်နိုင်တော့ပေ။ နောက်ပိတ်ဆုံးအနေနှင့်တံခါးရွက်ကို ဝုန်းခနဲပိတ်ကန်ကာ လှည့်ထွက်ခဲ့ရလေသည်။ သည်တစ်ညအဖို့တော့ မောင်ကြီးလက်လျှော့ပြီး နှစ်ယောက်ထိုင်ကုလားထိုင်တွင် နှစ်ပါးသွားရန်သာ ကျန်ပေတော့သည်။

စိတ်ထင်လို့လားတော့မသိ၊ အခန်းတွင်းမှကျိတ်၍ရယ်လိုက်သောရယ်သံကို သဲ့သဲ့လေးကြားလိုက်မိသည်ထင်သည်။ ထိုအခါမှ ပိုဒေါသထွက်ပြီး ကုလားထိုင်ကြီးပေါ်သို့ ခွေခွေခေါက်ခေါက်နှင့် ဝုန်းခနဲအိပ်ချလိုက်မိသည်။

'နန္ဒာဆိုတဲ့သတ္တဝါလေးရယ်၊ ဝ အောင်အိပ်ထားလိုက်ဦးပေါ့'

*

'ဩော် ကလေးနာမည်က နန္ဒာတဲ့လား၊ အသက် ဘယ်လောက်ရှိပြီလဲ ကွ'

'ဆယ့်ရှစ်'

'ဒေါ်ကြီးမှာလည်း အရင်ကသားလေးတစ်ယောက်ရှိတယ်၊ ရှိရင် ကလေးထက်ကြီးပြီပေါ့၊ ခုတော့ ငယ်ငယ်ကတည်းက ဖျားပြီးဆုံး သွားတယ်'

'နန္ဒာလည်း ဒေါ်ကြီးသားပေါ့ဗျာ'

'ဩော် ဟုတ်တယ် ဟုတ်တယ်၊ နန္ဒာလည်း ဒေါ်ကြီးသားပဲ ပေါ့'

ကိုအောင်သူအိပ်ရာမှနိုးသောအခါ နန္ဒာကိုမတွေ့ရတော့ပေ။ အခန်းတံခါးပွင့်နေပြီဖြစ်ပြီး သေသေသပ်သပ် သိမ်းထားသောအိပ်ရာ ကို တွေ့ရသည်။

ခေါင်းအုံးနှင့်စောင်ကို ခုတင်ပေါ်ပစ်တင်လိုက်ရင်း နောက်ဖေး ဘက်သို့ ထွက်လာမိသည်။

နောက်ဖေးချောင်မှာ စကားသံကိုကြားနေရသဖြင့် တံခါးရွက်နောက်တွင်ရပ်ရင်း ကဲကြည့်လိုက်သည်။

ကန့်စွန်းရွက်သင်နေသော ဒေါ်ကြီးစံမယ်၏ဘေးတွင် ငုတ်တုတ်လေးထိုင်နေသော ကိုယ်တော်ချောလေးနန္ဒာကို တွေ့ရသည်။ လက်နှစ်ဖက်စုံထောက်ထားသဖြင့် ပါးစပ်နှစ်ဖက်မှာ ဖောင်းနေသည်။

'အစ်ကိုကြီး ညကစိတ်ဆိုးတယ်'

'ဘာဖြစ်လို့လဲ'

'နန္ဒာက သူ့ထမင်းတွေ အကုန်စားပစ်လို့၊ ပြီးတော့ သူ့အခန်းထဲ ဝင်အိပ်နေလို့'

'ဆရာလေးက ဘယ်မှာအိပ်လဲ'

'ဧည့်ခန်းက ကုလားထိုင်ပေါ်မှာ'

'ဘာလို့ လုပ်ရတာလဲနန္ဒာရယ်'

ဒေါ်ကြီးစံမယ်သည် မျက်လုံးအပြူးသားနှင့်မေးလေသည်။ သူတို့တစ်တွေ ချစ်ကြောက်ရိုသေသောဆရာဝန်လေးကို မလေးမခန့်လုပ်သည့်သူအား တအံ့တဩဖြစ်သွားဟန်ရှိသည်။

'အစ်ကိုကြီးကို ချစ်လို့ပါ'

'ဘာရယ်'

'ဟုတ်တယ် အစ်ကိုကြီးက နန္ဒာ့အစ်ကိုနဲ့သိပ်တူတာ၊ နန္ဒာ့စိတ်ထဲမှာ သိပ်စချင်တာပဲ၊ သူဒေါပွတော့ ရယ်ချင်လိုက်တာ မနည်းအောင့်ထားရတယ်၊ ဟဲ ဟဲ ဟယ် ဟယ် အစ်ကိုကြီးရယ် နိုးပြီလား'

တံခါးရွက်နောက်ကွယ်မှ ဖျတ်ခနဲထွက်လိုက်သော ကိုအောင်သူကိုတွေ့သောအခါ နန္ဒာသည် ပြောလက်စ စကားရပ်ပြီး ကြောင်အအလေးဖြစ်သွားလေသည်။

သူ့ကိုခပ်တည်တည်စိုက်ကြည့်နေသော ကိုအောင်သူအား

ခေတ္တမျှငေးကြည့်နေပြီး 'အဟဲ' ခနဲ မျက်နှာချိုသွေးလိုက်သည်။

'ငါ ဒေါပွတော့ မင်းကရယ်ချင်တယ်မဟုတ်လား'

'ဟုတ် ဟုတ် ကဲ့'

'ဒီမှာနန္ဒာ မင်းကိုငါစေတနာနဲ့ပြောနေတာပါ၊ မင်းအိမ်ကိုသာ အမြန်ဆုံးပြန်သင့်တယ်ထင်တယ်၊ မင်း မိဘတွေ ဘယ်လောက်စိတ်ပူနေလိုက်မလဲ'

နန္ဒာသည် သူထင်သလို ဝူးဝူးဝါးဝါး အော်ဟစ်ဆူပူသံကို မကြားရဘဲ လေအေးအေးနှင့်ဖျောင်းဖျသံကိုကြားရသောအခါ မျက်လုံးလေး ဝိုင်းသွားလေသည်။

ချိုပြုံးနေသောမျက်နှာလေးသည် ရုတ်ခြည်းပင် ညှိုးကျသွားသည်။

'မင်းအသက်နဲ့ မင်းအရွယ်နဲ့ ကျောင်းစာသင်ခန်းထဲမှာပဲ ရှိသင့်တယ်၊ ဟိုသွားဒီသွား တောင်စဉ်ရေမရ တွေ့ကရာတွေလုပ်နေတာ လုံးဝ မသင့်တော်ဘူး၊ ငါက ညီချင်းစာနာလို့ပြောနေတာ၊ ညီချင်းစာနာလို့လဲ မင်းဒီလောက် ငါ့အပေါ်မိုလ်ကျထားတာ သည်းခံလိုက်တယ်မှတ်ပါ'

နန္ဒာသည် ဘာတစ်ခွန်းမျှပြန်မပြောဘဲ မျက်လွှာချကာ ငြိမ်နေလေသည်။ သူ့မျက်နှာတွင်တွေ့ရတတ်သော မာနနှင့်ဒေါသကိုမတွေ့ရဘဲ ကြေကွဲဝမ်းနည်းသလို မျက်နှာလေးညှိုးနေသည်။

ကိုအောင်သူ၏စကားကိုလက်မခံချင်သော်လည်း စေတနာကိုကား အသိအမှတ်ပြုဟန်ရှိသည်။

'မင်းထွက်လာတာ တစ်ပတ်ကျော်ရောပေ့ါ၊ မင်းမိဘတွေဆိုရင် စိတ်ပူတာနဲ့ ဟိုပြေးဒီပြေးဖြစ်နေလောက်ပြီ'

နန္ဒာသည် ကိုအောင်သူအား ရီဝေဝေလေးကြည့်လေသည်။

မျက်လုံးညိုလေးတွင် မျက်ရည်ကြည်များရစ်ဝဲနေသည်။ ထို့နောက် တိုးညင်းစွာပြောလေသည်။

'ကျွန်တော့မှာ မိဘမှမရှိတော့တာ'

'ဟင်'

'ဟုတ်တယ် ကျွန်တော်ငယ်ငယ်လေးကတည်းက ဖေဖေရော မေမေရော သေသွားတယ်၊ ကျွန်တော့မှာ အမေ အဖေတောင်မခေါ် လိုက်ရဘူး၊ အစ်ကို အစ်မနဲ့ ကြီးလာရတာ'

'ဩော်'

'ကိုကိုက ကျွန်တော့အဖေ မမက ကျွန်တော့အမေ ခု ခု တော့ ကိုကိုလည်း သေပြန်ပြီ'

မျက်ရည်ပူများ ဝေခနဲဝဲလာပြီး နန္ဒာ၏အသံသည်ဆို့နစ်သွားလေသည်။

ဒေါ်ကြီးစံမယ်သည် ချွေလက်စကန်စွန်းရွက်ကို ချထားလိုက်ပြီး နန္ဒာ့အား ကရုဏာမကင်းကြည့်နေလေသည်။ ဖြေသိမ့်စကားတော့ ပြောနိုင်ဟန်မတူချေ။

ပြတင်းပေါက်မှတစ်ဆင့်မြင်နေရသော ကောင်းကင်ပြာပြာကို ငေးစိုက်ကြည့်နေပြီး နန္ဒာသည် နံရံကိုခပ်မတ်မတ်လေးမှီလိုက်လေသည်။ ထို့နောက် မျက်စိကိုမှိတ်ကာ အသက်ပြင်းပြင်းရှူနေလေသည်။

'သေခြင်းတရားဆိုတာ လူတိုင်းလူတိုင်း တွေ့ကြရမှာပဲ နန္ဒာ၊ ဒါကိုရင်ဆိုင်နိုင်ရမယ်၊ လက်ခံနိုင်ရမယ်၊ သတ္တဝါရယ်လို့ဖြစ်လာရင် အချိန်တန်တဲ့တစ်နေ့ သေကြမှာပေါ့'

'အို ကိုကိုသေတာ အချိန်တန်လို့မဟုတ်ဘူး၊ အချိန်တန်လို့ သေ သေ တာမဟုတ်ပါဘူး'

နန္ဒာသည် နေရာမှဝုန်းခနဲထရပ်လိုက်ပြီး တရှိုက်ငင်ငင်နှင့်

ထစ်ငေါ့စွာပြောလေသည်။ ထို့နောက် အိမ်ထဲမှ ကမူးရှူးထိုးထွက်သွားပြီး စိန်ပန်းပင်ကြီးအောက်သို့သွားထိုင်နေလေသည်။

ပင်စည်ကိုခေါင်းဆိုက်ကာ မလှုပ်မယှက်ထိုင်နေသောလူငယ်လေးသည် ကျိတ်ပြီးငိုကြွေးနေဟန်ရှိလေသည်။

'သနားစရာကလေးပါ ဆရာလေးရယ်'

ဒေါ်ကြီးစံမယ်သည် မဝံ့မရဲပြောလေသည်။ ကိုအောင်သူသည် သက်ပြင်းကိုလေးပင်စွာချရင်း ခေါင်းကိုယမ်းခါမိသည်။ စိတ်ပြင်းထန်မှုဝေဒနာခံစားနေရသူအား ဘာအားဆေးပေးရမည်နည်း။ ကိုအောင်သူ မသိချေ။

'ရုပ်ကလေးကလည်း ချောလိုက်တာ၊ ချစ်စရာလေး၊ ကျွန်မဖြင့် မြင်မြင်ချင်း ချစ်တယ်'

ဒေါ်စံမယ်တစ်ယောက် နန္ဒာ့ကို အတော်ကြီး သနားနေပုံရသည်။ ညတုန်းက ဒေါ်ပွပွနှင့်အိပ်ပျော်သွားသော ကိုအောင်သူပင် မနက်လင်းသောအခါ ဝူးဝူးဝါးဝါး မဆူပူမိလေတော့ နန္ဒာ့တွင် ပီယဆေးကောင်းကောင်း ရှိလိမ့်မည်ထင်သည်။

'ဒေါ်ကြီးရေ ထမင်းရော ဟင်းရောပို့ချက်နော်၊ နောက်ပြီး ကျွန်တော့အိပ်ခန်းဘေးကအခန်းလည်း ရှင်းပေးလိုက်ပါဦး'

သူဆေးရုံသွားခါနီးအထိ မလှုပ်မယှက်ထိုင်နေသော နန္ဒာ့ကို တွေ့ရလေသည်။

ကိုအောင်သူသည် အိမ်ထဲသို့တစ်ခေါက်ပြန်ဝင်လာပြီး ဒေါ်ကြီးစံမယ်ကိုပြောမိသည်။ အပြောပင်နောက်ကျနေပြီထင်သည်။ ဒေါ်ကြီးစံမယ်သည် ပိုပိုမိုမိုချက်ပြီးနေလောက်ပေပြီ။

*

http://myanmarpyithar.net

ဝင်းဝင်းဝါသောလရောင်သည် အခန်းထဲသို့ဖြာကျနေသည်။ အိပ်ရာ ဘေးပြတင်းမှကြည့်လိုက်လျှင် ယိမ်းညွတ်နေသော ဝါးရုံကိုတွေ့ရ သည်။

ဝါးရုံပင်နောက်ကွယ်မှ လဝါဝါသည် ကဗျာဆန်လှပေသည်။ ဇော်ကာ ဝဲကာတိုက်ခတ်လာသောလေပြည်အေးတွင်ကား ညမွှေးပန်းရနံ့ က မွှေးပျံ့စွာပါလာတတ်လေသည်။

ကိုအောင်သူသည် အိပ်ရာပေါ်တွင်ငြိမ်သက်စွာလှဲအိပ်ရင်း လဝါဝါကိုငေးမောကြည့်နေမိသည်။ လဝန်းကိုကြည့်လျှင် ချစ်သူ့မျက် နှာကို မြင်လေ့ရှိသည်ဟု ကြားဖူးသည်။

ကိုအောင်သူအဖို့တော့ မြင်ယောင်စရာ ချစ်သူမရှိသဖြင့် သာ ယာလှသော သဘာဝတွင် ညွတ်နူးနေမိလေသည်။

တစ်ဖက်ခန်းမှမီးရောင်လဲ့လဲ့ဖြာထွက်နေသည်ကို တွေ့ရ သဖြင့် နန္ဒာတစ်ယောက်အိပ်သေးပုံမရချေ။

တစ်ညနေလုံးအခန်းအောင်းနေသော သူငယ်ကလေးသည် လဝန်းကိုကြည့်ရင်း ချစ်သူမျက်နှာကိုတော့ မြင်လိမ့်မည်မဟုတ်ပါချေ။

http://myanmarpyithar.net

လူသတ်ရန်သာစိတ်ကူးနေမည်ဖြစ်၏။

'ကိုယ်တော်လေး ဘယ်တော့များမှ အိမ်ပြန်ချင်စိတ်ပေါက်ပါ့မလဲ မသိ'

ကိုအောင်သူသည် တစ်ဦးတည်း တီးတိုးပြောလိုက်မိလေသည်။ လူသတ်ရန် စိတ်ကူးနေသော ပုဒ်မ ၃၀၂ တရားခံ လောင်းလျာကလေးကို အိမ်ပေါ်တင်ထားရသည်မှာ ကျောချမ်းစရာ ကောင်းလှလေသည်။

ကိုအောင်သူသာ အာဏာပိုင်ဖြစ်လျှင်မူ ရာဇဝတ်မှု မကျူးလွန်မီကတည်းက အချုပ်ထဲဖမ်းပြီးထည့်ထားမိမည်ဖြစ်သည်။

'ဘယ်သူ့ကိုသတ်ချင်တာလဲ၊ ဘာကြောင့်သတ်ချင်တာလဲ'

နန္ဒာနှင့် အေးအေးဆေးဆေး စကားပြောဖြစ်မှ အထက်ပါမေးခွန်းကို အသေအချာမေးရဦးမည်ဖြစ်သည်။ ယခုတော့ မေးလိုစိတ်မရှိသေးချေ။

ကိုယ်တော်ကလေးကလည်း ဖြေလိုစိတ်မရှိသေး၍ အခန်းတွင်း၌ အောင်းနေခြင်း ဖြစ်ဟန်တူလေသည်။ ညနေ ကိုအောင်သူ ဆေးရုံက ပြန်မရောက်မီကမူ ဒေါ်ကြီးစံမယ်နှင့် စကားပြောဖြစ်ဟန်ရှိသည်။

'သူ့အစ်ကိုက လူသတ်ခံရလို့သေတာတဲ့ ဆရာလေးရဲ့၊ အဲဒီသတ်တဲ့လူကိုလည်း သူသိတယ်တဲ့၊ နန္ဒာကလေးက ကျွန်မကိုပြောပြတယ်'

ကိုအောင်သူထမင်းစားနေစဉ်ကမူ ဒေါ်ကြီးစံမယ်သည် ဟင်းချို ဖြည့်ပေးရင်း တီးတိုးပြောလေသည်။

ကိုအောင်သူမရောက်မီကတည်းက နန္ဒာသည် ထမင်းစားနှင့်ပြီး အခန်းထဲဝင်သွားသည်မှာ ပြန်ထွက်မလာတော့ချေ။

'သူ့ခမျာ အတော်ကလေး စိတ်ဒုက္ခရောက်နေရှာတာပါ ဆရာ

လေးရယ်၊ အရမ်းတော့ မဆူပါနဲ့နော်'

ဒေါ်ကြီးစံမယ်သည် မဝံ့မရဲနှင့် တောင်းတောင်းပန်ပန်ပြော လေသည်။ ကိုအောင်သူဒေါသရှေ့ဆောင်ပြီး အော်ဟစ်ဆူပူနေမည်ကို စိုးရိမ်နေဟန်ရှိသည်။

ကိုအောင်သူသည် ဒေါ်ကြီးစံမယ်အား ခပ်ပြုံးပြုံးကြည့်ရင်း ခေါင်းညိတ်ပြလိုက်မိသည်။ သားငတ်လှသော အဘွားကြီးနှင့် မိဘ မရှိသော လူငယ်လေးတို့ တွေ့နေကြပေသည်။

ယမန်နေ့ညနေက တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် ဆူပူနေသောအိမ် သည် ယခုညကျတော့လည်း တိတ်ဆိတ်လှချေသည်။ ဒေါ်ကြီးစံမယ် ပြန်သွားကတည်းက ကိုအောင်သူသည်လည်း အခန်းထဲဝင်လာကာ လှဲအိပ်နေမိသည်။

ဆေးရုံတွင်လည်း အရေးတကြီး ခက်ခဲသော လူနာများ ရောက်ရှိလာဟန်မရှိချေ။ ခါတိုင်းနေ့များတွင်မူ 'ဆရာ ဆရာ' ဟု ဆေးရုံစောင့် ကိုသက်မောင်ကြီး၏အသံကြားပါက ဆေးအိတ်ကလေး ဆွဲကာ ကသောကမျော ပြေးရတတ်လေသည်။

ပြေးရင်းလွှားရင်း ရောက်ရှိလာသောလူနာ၏အခြေအနေကို မေးရစမ်းရလေသည်။

လျှပ်စစ်ဓာတ်မီးမှိန်မှိန်ကလေးနှင့် စမ်းရသပ်ရသော ဆေးရုံ ခန်းမှနေပြီး မီးလုံးမီးမောင်းများထိန်ထိန်ညီးသော ခေတ်မီ ခွဲစိတ်ခန်း ကြီးများကို တမ်းတမိလေသည်။

ဆေးဝါးအစုံအလင်နှင့် လိုအပ်သမျှပစ္စည်းကိုပါ အစုံအလင်ရ မည်ဆိုပါက အလုပ်လုပ်ရသည်မှာ မည်မျှအားရှိစရာကောင်းမည်နည်း။

'ကျွီ'

'ဟင် ဘယ်သူပါလိမ့်'

အတွေးကောင်းနေသော ကိုအောင်သူအား တံခါးဝမှမြည်သံက နှောက်ယှက်လိုက်သည်။ အခန်းတံခါးကို တစ်စုံတစ်ဦးက တွန်းဖွင့်လိုက်လေသည်။

ကိုအောင်သူသည် အိပ်ရာပေါ်တွင် ဟန်မပျက်ဆက်အိပ်နေရင်းမှ ခေါင်းအုံးအောက်သို့လက်လျှိုသွင်းထားလိုက်မိသည်။

လိုလိုမယ်မယ် အသင့်ဆောင်ထားသောသေနတ်ကို ခေါင်းအုံးအောက်တွင်ထားပြီး အိပ်လေ့ရှိသည်ကား ကိုအောင်သူ၏အကျင့်ပင်ဖြစ်သည်။

'ဟာ နန္ဒာရယ်'

မျက်စိကိုမှေးရင်း အိပ်ချင်ဟန်ဆောင်နေရင်းမှ ရင်ထဲတွင်ဒိတ်ခနဲခုန်သွားသည်။ အခန်းတွင်းသို့ဖြာကျနေသောလရောင်ရိပ်ရိပ်တွင် နန္ဒာ၏ပါးလျသော ကိုယ်ခန္ဓာလေးကို မသဲမကွဲတွေ့ရသည်။

နန္ဒာ့အနေနှင့် ကိုအောင်သူ၏အခန်းတွင်းသို့ ညကြီးမင်းကြီးတိတ်တဆိတ်လာစရာ ဘာအကြောင်းမျှမရှိဟုထင်မိသည်။

ခုတော့ ဘာစိတ်ကူးပေါက်ပြီး ချွတ်နင်းဝင်လာသည် မသိရချေ။ တံခါးဝတွင် ငြိမ်သက်စွာရပ်ရင်း အကဲခတ်နေဟန်ရှိသည်။

ကိုအောင်သူသည် အသက်ကိုမှန်မှန်ရှူကာ အိပ်ချင်ဟန်ဆောင်နေရင်း လက်ဖျားများအေးလာသည်။ ရင်အခုန်မြန်လာသည်။

သေနတ်ကို တင်းတင်းကျပ်ကျပ် ဆုပ်ထားမိသည်။ ကိုယ့်အသက်ကို ရန်ရှာလာလျှင်မူ ဘယ်သူ့ကိုမျှညှာနိုင်မည်မဟုတ်ပါချေ။

တံခါးဝမှနန္ဒာသည်လည်း အသက်ပင်ပြင်းပြင်းရှူဟန်မတူ။ အတန်ကြာရပ်၍အကဲခတ်နေပြီး အိပ်ပျော်နေပြီဟုစိတ်ချသွားဟန်နှင့် ခြေဖော့၍ဝင်လာသည်။

သူ့ခြေလှမ်းဖွဖွလေး တစ်လှမ်းလှမ်းလိုက်တိုင်း ကိုအောင်သူ

သည် ဒိန်းခနဲသွေးတစ်ချက်တိုးသွားသည်။ ခုတင်ခြေရင်းသို့ရောက်သောအခါ အသာအယာရပ်လိုက်လေသည်။

ထိုအခါ အကဲခတ်နေဟန်နှင့်ငြိမ်နေပြန်သည်။ ကိုအောင်သူသည် မျက်စိကိုမပွင့်တပွင့်မှေးကြည့်ရင်း အာခေါင်များခြောက်လာလေသည်။

'နန္ဒာ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပြစ်မှားမိသမျှ ဝန်ချကန်တော့ပါတယ်'

နန္ဒာသည် ခုတင်ခြေရင်းတွင် ငုတ်တုတ်ကလေးထိုင်ချလိုက်လေသည်။ ထို့နောက် တီးတိုးပြောလိုက်သော အသံကလေးကိုကြားရလေသည်။

ကိုအောင်သူခမျာ မျက်လုံးများပင်ပြာဝေသွားလေသည်။ လက်စသတ်တော့ ငတိကလေးသည် ကိုအောင်သူ အိပ်ပျော်သောအခါမှ တိတ်တဆိတ်လာပြီး ကန်တော့ခြင်းဖြစ်ချေသည်။

'နန္ဒာ စော်ကားသမျှ အပြစ်တွေ ကြေပါစေ'

'ဝါး ဟား ဟား ဟား၊ အောင်မယ်လေးဟဲ့'

'ဟာ မအိပ်သေးဘူးလား'

'ဝေ ဟေး ဟေး အိပ်သေးဘူးဟ၊ ဟား ဟား ဟား ဟား'

ဖင်ကလေးထောင်ကာ စိတ်ပါလက်ပါကန်တော့နေသော နန္ဒာသည် ဆတ်ခနဲခေါင်းထောင်လာပြီး ဖင်ထိုင်လျက်သား ကျသွားလေသည်။

တဝါးဝါးထရယ်နေသော ကိုအောင်သူအား မျက်လုံးလေးအပြူးသား ပါးစပ်ကလေးအဟောင်းသားနှင့် ငုတ်တုတ်ကလေးကြည့်နေလေသည်။ တိတ်တဆိတ်ကန်တော့ခြင်းကို လူမိသွားပေပြီဟု တဖြည်းဖြည်းသဘောပေါက်လာဟန်နှင့် မျက်နှာကလေးနီလာသည်။

'ဟင် ဘာလို့ မအိပ်သေးတာလဲ'

'မအိပ်ချင်သေးလို့ဟ ဟား ဟား ဟား အောင်မယ်လေးဟဲ့၊ နန္ဒာလေး၊ ဟား ဟား အို အား ဘယ်လိုတုန်း'

လေထဲတွင် ဖိနပ်တစ်ဖက်သည်ပျံဝဲလာလေသည်။ အခြားသော စကြာဝဠာရှိ ဂြိုဟ်များမှဖိနပ်ပျံများ မျက်စိလည်ပြီး ရောက်လာခြင်းတော့ မဟုတ်ပါချေ။

ခုတင်ခြေရင်းတွင် ကိုအောင်သူချွတ်ထားသော ရှူးဖိနပ်က ပျံဝဲလာခြင်းဖြစ်လေသည်။ သူ့အလိုလိုအတောင်ပေါက်ပြီး ထပျံခြင်းလည်း မဖြစ်နိုင်ချေ။

နန္ဒာဟူသည့်သတ္တဝါလေး ရက်ရမ်းရမ်းပြီး ဖိနပ်နှင့်ပေါက်ခြင်းသာဖြစ်ရပေသည်။

'ဝေး ဟေး ဟေး ဒီလိုမလုပ်နဲ့လေ၊ အဲဒါကမှ ငရဲကြီးတာ ဟား ဟား ကန်တော့လို့လည်း မကျေဘူး၊ ဟေး ဟေး ဟေး ဟာ သောက်ကျိုးနဲ့ ဘယ်လိုကောင်ကလေးတုံး'

ရယ်ရှိန်မသတ်နိုင်သေးဘဲ အော်ဟစ်နေစဉ်မှာပင် နောက်ထပ် ဖိနပ်တစ်ဖက်သည် ဝှီးခနဲပျံတက်လာပြီး ခုတင်တိုင်နှင့်တိုက်ကာ ပျက်ကျသွားလေသည်။

နန္ဒာသည် ကသောင်းကနင်းအော်ဟစ်နေသော ကိုအောင်သူအား ခေတ္တမျှတွေတွေဝေဝေကြည့်နေလေသည်။

ထို့နောက် နေရာမှဝုန်းခနဲထကာ သမင်လေးတစ်ကောင်လို လှစ်ခနဲထွက်ပြေးသွားလေသည်။

ခုတော့ ကိုအောင်သူ စိတ်မဆိုးတော့ချေ။ ကလေးဆန်လှသော ညီငယ်ဆိုးကလေးတစ်ယောက်လိုပင် စိတ်ထဲတွင်မြင်ပြီး အူထဲမှ လိမ့်လိမ့်လာအောင်သာ ရယ်ချင်နေမိသည်။

http://myanmarpyithar.net

မာနခံလှသောသတ္တဝါလေးသည် ကိုအောင်သူ့ကို ဗိုလ်ကျ ထားသမျှ ပြန်ပြီးကန်တော့ချင်သော်လည်း သူကန်တော့မှန်း လုံးဝ အသိခံလိုဟန်မတူချေ။

အိပ်ပျော်သည်အထိစောင့်ပြီး တိတ်တိတ်ကလေး လာရှိုးလေ တော့မှ အရုက်ကြီးလုံးလုံးကွဲရသဖြင့် ရုက်ရမ်းရမ်းသွားဟန်တူသည်။

ကိုအောင်သူသည် သူ့ခုတင်ပေါ်မှဖိနပ်နှစ်ဖက်ကို ပစ်ချရင်း မခံချိမခံသာ အော်ပြောလိုက်သည်။

'သာဓုဗျာ သာဓု၊ သာဓု၊ ဤကဲ့သို့ ဖိနပ်နှင့်ပေါက်ပြီး ကန်တော့သောကုသိုလ်ကြောင့် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေး ကင်းပါစေ၊ မိန်းမချောကလေးနဲ့အကြောင်းပါပြီး ပြန်ပြီးအကန်တော့ခံ ရပါစေ အဟေ ဟေ ဟေ'

*

'အစ်ကိုကြီးက အရမ်းထရယ်တော့ ကျွန်တော် တကယ်ရှက်သွားတာ ပါ'

နန္ဒာသည် ဒေါ်ကြီးစံမယ်၏နောက်ဘက်တွင် ခပ်လှို့လှို့ရပ် ရင်း ဆင်ခြေကန်သလိုပြောလေသည်။

တကယ်စိတ်မဆိုးဘဲ မျက်နှာထားတင်းထားသော ကိုအောင် သူကိုလည်း ရင်ဆိုင်မကြည့်ဘဲ မျက်လွှာချထားလေသည်။

ငါ့မှာ ညီတွေ ညီမတွေ အများကြီးရှိတယ်နန္ဒာ၊ ဘယ်သူမှ ငါ့ကို ဒီလိုဖိနပ်နဲ့ မပေါက်ဖူးပါဘူး၊ ဖိနပ်ဆိုတာ ဒို့မြန်မာလူမျိုးမှာ တော့ အယုတ်ညံ့ဆုံးပဲ၊ ခြေမှာစီးတဲ့ ခြေနင်းပဲ'

'အစ်ကိုကြီး တကယ်စိတ်ဆိုးနေလား'

'ဆိုးတာပေါ့ကွ'

'ရော့'

နန္ဒာသည် ကိုအောင်သူ့အနားလျှောက်လာပြီး သူစီးထားသော ခုံဖိနပ်ကြီးကို ချွတ်ပေးလေသည်။ ကိုအောင်သူ နားမလည်၊ ဒီလို ရေစိုစို ရွှံ့ပေပေ ခုံဖိနပ်ကြီးကို ဘာလုပ်ရမည်နည်း။

'ဒါကြီး ဘာလုပ်ရမှာလဲကွ'

'ကျွန် ကျွန်တော့ကိုပြန်ပေါက်လေ'

'ဟာ ဒီအရူးလေး'

မျက်နှာငယ်ကလေးနှင့်ရပ်နေသော နန္ဒာ့ကိုကြည့်ရင်း ကိုအောင်သူ ရယ်မိတော့သည်။

အားမနာပါးမနာ ဖိနပ်နှင့်ပြန်ဆော်ပါကလည်း ပေပေ တေတေ ခေါင်းငုံ့ခံမည့်သတ္တဝါလေး ဖြစ်ဟန်တူလေသည်။

ကိုအောင်သူ ရယ်လေတော့မှ ဒေါ်ကြီးစံမယ်လည်း သက်ပြင်းကို ဟင်ခနဲချကာ ပြုံးနိုင်လေတော့သည်။

သူ့မျက်နှာဆီသို့ ခုံဖိနပ်ကြီးဝှီးခနဲ ပျံထွက်လာလိမ့်မည်အထင်နှင့် စောင့်နေရှာသော နန္ဒာသည် တဟားဟားရယ်နေသော ကိုအောင်သူကို ကြည့်ကာ ပြုံးမဲ့မဲ့လေးဖြစ်နေရှာသည်။

ဘုန်းကြီးကိုခေါင်းခေါက်ပြီးမှ ထိုင်ကန်တော့တတ်သော နန္ဒာလိုကောင်စားမျိုးလေးတွေ သည်ကမ္ဘာပေါ်မှာ ဘယ်နှယောက်လောက်များ ရှိလေသည်မသိရချေ။

'လူကြီးဆိုတာ ရှိသေရတယ်နန္ဒာရဲ့၊ ဒေါ်ကြီးက အကောင်းပြောတာ၊ ကိုယ့်ထက်တစ်နေ့ တစ်ရက် တစ်နာရီကြီးတဲ့လူကအစ ရှိသေရမယ်၊ ကိုင်းညွှတ်ရမယ်လို့မြတ်စွာဘုရားကဟောခဲ့တာပဲ'

ဒေါ်ကြီးစံမယ်ကပြောသောအခါ နန္ဒာသည်မျက်လွှာချကာ ငြိမ်ငြိမ်သက်သက်နားထောင်လေသည်။

မျက်နှာမထားတတ်သလို နဖူးပေါ်တွင်ဝဲကျနေသောဆံပင်ကောက်လေးများကို လက်နှင့်သပ်တင်နေသည်။

မျက်တောင်တဖျတ်ဖျတ်ခတ်လိုက်သောအခါများတွင် မည်းနက်ရှည်လျားသော မျက်တောင်ရှည်များက ညွှတ်သွားတတ်လေသည်။

'ဟေး နန္ဒာလေး မင်းမှာအစ်မရှိလား'

'ရှိတယ်'

ကိုအောင်သူသည် လက်ကိုမြှောက်ကာ ရှီခနဲလေချွန်လိုက်မိသည်။ ယောကျ်ားလေးကိုပင် လှပအောင်မွေးတတ်သော နန္ဒာ၏အမေသည် သမီးမိန်းကလေးကိုလည်း လှလှပပလေးမွေးထားမည်မှာ ယုံမှားဖွယ်မရှိချေ။

'ဘာဖြစ်လို့လဲ'

နန္ဒာသည် ကိုအောင်သူအား နားမလည်သလိုကြည့်နေပြီး အသံတိမ်တိမ်နှင့်မေးသည်။

ကိုအောင်သူသည်ပြုံးရယ်ရင်း နန္ဒာ၏ပခုံးကိုပုတ်လိုက်သည်။ အစ်မကိုတောင်းလျှင် မောင်တိုင်း စိတ်ဆိုးတတ်ကြသည်မှာ ဓမ္မတာ ပင်။

ကိုအောင်သူကိုယ်တိုင်ပင် သူ့ညီမ လဲ့နိုင်ကို စသည့် နောက်သည့်သူများနှင့် မကြာခဏရန်ဖြစ်ခဲ့ရဖူးသည်။

'ဘာမှမဟုတ်ပါဘူး ငါ့ညီရယ်၊ မင်းအစ်မဆိုရင် မင်းလိုပဲ ချောမှာပေါ့နော်'

ကိုအောင်သူလှည့်ထွက်လာသောအခါ မကျေမနပ်နှင့်မြည်တမ်းလိုက်သော အသံကလေးကိုကြားလိုက်ရသည်။

အစ်မထိလျှင် မချိအောင်နာသည့် နန္ဒာဆိုသည့်သတ္တဝါလေးအား နိုင်ကွက်တော့ရချေပြီ။

ကိုအောင်သူသည် တစ်ဦးတည်းဝမ်းသာအားရ ကျိတ်ပြီးပြုံးနေမိလေသည်။

နန္ဒာနှင့် စကားကောင်းနေသဖြင့် ခါတိုင်းမနက်စောစောလမ်းလျှောက်လေ့ရှိသောဝတ်ပင် ပျက်သွားလေသည်။

http://myanmarpyithar.net

ကိုအောင်သူ ဆေးရုံရောက်သောအခါ ကိုးနာရီခန့်ပင်ရှိပေပြီ။

လက်ချမီးပင် တံမြက်စည်းလှဲ၍ပြီးပေပြီ။ တစ်ခါတစ်ရံ ဖုန်ထူလွန်းလှသော ဆေးရုံခန်းများကို တံမြက်စည်းလှဲရန် လက်ချမီး ပျင်းတတ်လေသည်။

သာမန်ကာလျှံကာလှဲပြီး လစ်သွားတတ်သည်လည်းရှိ၏။ ကိုအောင်သူက ဆူပူသောအခါမှ ဂရုတစိုက် မှန်မှန်သန့်ရှင်းရေးပြုလုပ်လာလေသည်။

တစ်ခါတစ်ရံ မပြောရမဆိုရဘဲ သမံတလင်းအခင်းများကိုပါ ရေဝတ်နှင့်တိုက်ထားသည်အထိ လိမ္မာလာသော လက်ချမီးကို ကိုအောင်သူက တစ်ကျပ်စ နှစ်ကျပ်စ ဘောက်ဆူးပေးရတတ်လေသည်။

ယနေ့လည်း လက်ချမီး လိမ္မာချေသည်။ မနက်စောစောစီးစီး ရေဝတ်သန့်သန့်နှင့် တိုက်ထားသောကြမ်းသည် သန့်ရှင်းပြီး နင်းရမည်ကိုပင် အားနာစရာကောင်းနေသည်။

'ဟေး လက်ချမီးလေး၊ လိမ္မာလှချေကလား'

ကိုအောင်သူချီးမွမ်းသောအခါ လက်ချမီးသည် သွားဖွေးဖွေးပေါ်အောင်ပြုံးရယ်နေလေသည်။

အသားမည်းသောသူများ၏သွားများသည် ပို၍များဖြူလေသလားဟု ကိုအောင်သူထင်မိသည်။ လက်ချမီး၏သွားများသည် ဖွေးလက်ပြီး အရောင်တောက်နေသည်ကား အမှန်ပင်။

'ဒီတစ်ခါရန်ကုန်သွားရင် ဘာလိုချင်သလဲပြော'

'အား ဆရာဝန်လေး၊ ကျွန်မ ကလစ်လိုချင်တယ် ရွှေကလစ်'

လက်ချမီးသည် အမျိုးသမီးများ ဆံပင်ရင်းတွင် တပ်လေ့ရှိသော ရွှေရောင်ခေါင်းစည်းကလစ်ကို လိုချင်ဟန်ရှိသည်။

ကိုအောင်သူကလည်း ရန်ကုန်ရောက်လျှင် ဝယ်ခဲ့မည်ဟုဝန်ခံ

လိုက်လေသည်။

'ဒါပေမဲ့ ရန်ကုန်ကိုဘယ်တော့မှသွားဖြစ်မလဲ မသိဘူးနော်'

'ကိစ္စမရှိဘူးလေ၊ သွားဖြစ်တော့ပေါ့ ရွှေကလစ်'

လက်ချမ်းဆန္ဒပြည့်ရန် သိကြားမင်းကြီးပင် ဖန်တီးပေးရော့ သလားတော့မသိရပါချေ။

ကိုအောင်သူသည် ရန်ကုန်သွားရန်အရေးက ဖန်လာလေသည်။ ညီညီဆီက စာရောက်လာသောကြောင့်ဖြစ်လေသည်။

အစ်ကိုအောင်

အစ်ကို ကိုထွန်းမင်းကိုမှတ်မိလား၊ ကျောင်းတုန်းက ပန်းချီသိပ်တော်တဲ့ အစ်ကို့သူငယ်ချင်းလေ၊ အခု သူအချုပ်ခံနေရတယ်၊ လူသတ်မှုနဲ့တဲ့၊ ကျွန်တော့ဆရာကြီး ဦးစံထွေး လိုက်ရမယ့်အမှု၊ ကျွန်တော်လည်း ကိုထွန်းမင်းကို မြင်တော့ အတော်အံ့သြသွားတယ်၊ ကျွန်တော့ကိုမမှတ်မိဘူး၊ ပြောပြတော့မှ မှတ်မိတယ်၊ အစ်ကို့ကိုသတိရလိုက်တာတဲ့၊ အစ်ကို့ သူငယ်ချင်းကို အစ်ကိုလာတွေ့ပါဦးလား။

ညီညီ့ဆီမှစာကိုရသောအခါ ကိုအောင်သူ ရင်ထဲတွင် တလှပ်လှပ် ဖြစ်သွားသည်။

သူ့ကိုရှုမျှော်ခင်းပန်းချီလေးများ မကြာခဏဆွဲပေးလေ့ရှိသော သူငယ်ချင်းထွန်းမင်းနှင့်ကွဲကွာခဲ့သည်မှာ လေးနှစ်ကျော်ပင်ရှိချေပြီ။

ဥပဒေနောက်ဆုံးနှစ်ကျောင်းသား ညီညီနှင့်ထွန်းမင်းတို့ ဘယ်နည်းဘယ်ပုံဆုံတွေ့ကြလေသနည်း။ အသေးစိတ်တော့မသိရချေ။

မည်ကဲ့သို့သော လူသတ်မှုနှင့်အဖမ်းခံနေရလေသနည်းကိုလည်း ညီညီက ဖော်ပြမထားချေ။

သူ့ကြည့်ရတာတစ်မျိုးပဲ အစ်ကိုရ၊ အေးစက်စက်နဲ့ ဘာကိုမှ

http://myanmarpyithar.net

လည်း ဂရုစိုက်ပုံမရဘူး၊ ကျွန်တော်တို့တစ်ခါသွားလည်တုန်းက အုန်းယိုထိုးကျွေးဖူးတယ်နော်၊ သူ့မှာ ညီမချောချောလေးတစ်ယောက်ရှိတာတော့ ကျွန်တော်မှတ်မိတယ်၊ တစ်မျိုးပါပဲဗျာ၊ ဘယ်လိုမျိုးမှန်းတော့မသိဘူး၊ အစ်ကို့ကိုတော့ တွေ့ချင်ပုံရပါတယ်။

ထွန်းမင်းသည် ကိုအောင်သူထက်တော့ နှစ်နှစ်ခန့် ငယ်ပုံရလေသည်။ ပန်းချီဆွဲလိုက်၊ စာအုပ်ဖတ်လိုက်နှင့် ခပ်ကုပ်ကုပ် နေလေ့ရှိသော လူအေးတစ်ယောက်သာဖြစ်သည်။

အားလျှင်ဘောက်ဆင်ထိုးလေ့ရှိသော ကိုအောင်သူသည် ထွန်းမင်းနှင့်ဘယ်နည်းဘယ်ပုံခင်မင်ခဲ့လေသနည်း၊ ပြန်၍ပင် မစဉ်းစားတတ်ချေ။

သူနှင့်အပေါင်းအသင်းဖြစ်ပြီးကတည်းက ဘောက်ဆင်ပွဲတွင် ပွဲကြည့်ပရိသတ်တစ်ယောက်တိုးလာသည်ကား အမှန်ပင်။

ကိုအောင်သူလည်း ပန်းချီကောက်ကြောင်းများကိုလည်းကောင်း၊ ခေတ်သစ်စိတ္တဗေဒကိုလည်းကောင်း၊ အရောင် အပူ အအေးကိုလည်းကောင်း အတော်အတန်ခေါက်မိခဲ့လေသည်။

ဆယ်တန်းအောင်ပြီးကြသောအခါ ကိုအောင်သူသည် သူဝါသနာပါရာ ဆရာဝန်အတတ်ကိုဆည်းပူးခဲ့သလို ထွန်းမင်းသည်လည်း ပန်းချီလုပ်ငန်းဘက်ကို ဇောက်ချပြီးလုပ်ကိုင်ခဲ့လေသည်။

ပန်းချီရေးရင်းမှ မိဘလက်ငုတ်ဖြစ်သော ပုံနှိပ်စက်လုပ်ငန်းကို ဦးစီးခဲ့သဖြင့် စီးပွားရေးချောင်ချောင်လည်လည်ရှိခဲ့လေသည်။

သူ့ပန်းချီများသည် နာမည်ကြီးပြီး တစ်ရှိန်ထိုး အထင် အရှားဖြစ်မလာသော်လည်း အသင့်အတင့်တော့ နာမည်ရခဲ့လေသည်။

စိတ်ချင်းမဝေးသော်လည်း လူချင်းဝေးခဲ့ကြသဖြင့် နောက်ပိုင်းတွင် မသိမသာအဆက်အသွယ်ပြတ်ခဲ့ရလေသည်။

ညီညီက 'အစ်ကို့ကိုတွေ့ချင်ပုံရတယ်' ဟုရေးလိုက်သောအခါ ရင်ထဲတွင် နွေးထွေးသွားသည်။ ထွန်းမင်းလောက် အေးအေးဆေးဆေး နေတတ်သူက ဘယ်ပုံဘယ်နည်း လူသတ်တရားခံဖြစ်ရလေသနည်း။

ကိုအောင်သူစဉ်းစား၍ပင်မရချေ။ တရားခံဘဝတွင် စိတ်အား ငယ်နေရှာမည့် သူငယ်ချင်းကိုလည်း တွေ့ချင်စိတ်ပြင်းထန်လာသည်။

'နန္ဒာ မင်းအိမ်ပြန်ချင်စိတ်မရှိသေးဘူးလား'

အိမ်ပြန်ရောက်လျှင်ရောက်ချင်း မေးမိသည်။ သူ ရန်ကုန်သွား လေလျှင် မခေါ်မပင့်ကြွလာသောနန္ဒာဟူသည့်ဧည့်သည်ဆိုးလေးအား ဘယ်မှာထားခဲ့ရလေမည်နည်း။

ထိုပြဿနာအတွက် ခေါင်းရှုပ်မိသည်ကား အမှန်ပင်။ ခရီး ရောက်မဆိုက် မေးပုံဆန်းသောကိုအောင်သူအား ခပ်ငေးငေးကြည့်ရင်း နန္ဒာသည် ခေါင်းခါပြလေသည်။

'အိမ်ကိုတော့ မပြန်ချင်သေးပါဘူး'

'ဒါပေမဲ့ ငါ ရန်ကုန်သွားရမယ်၊ မင်း ဘယ်မှာနေမလဲ'

'ဒီလိုဆိုလည်း သွားမယ်လေ'

'ဘယ်ကိုလဲ'

'ဒီလိုပဲပေါ့'

'အိမ်မပြန်သေးဘူးလား'

'ဟင့်အင်း'

ကိုအောင်သူသည် တွေတွေငေးငေး ပြောနေသော နန္ဒာအား ကြည့်ရင်း သက်ပြင်းကိုလေးပင်စွာချလိုက်မိလေသည်။

ခရီးပန်းတိုင်မရှိဘဲ ထင်ရာလျှောက်လုပ် လျှောက်သွားနေ မည့် လူငယ်ကလေးအား မည်သို့မည်ပုံထိန်းကွပ်ရလေမည်နည်း။

'ကျွန်တော်သွားရမှာပါ၊ ရှာရဦးမယ်၊ တွေ့အောင်ကိုရှာရဦး

http://myanmarpyithar.net

မယ်၊ ကျွန်တော် မကြာခင်သွားမှာပါ အစ်ကိုကြီးရာ’

‘ဒီမှာ နန္ဒာ၊ မင်းထင်ရာတွေကိုတော့ လျှောက်လုပ်မနေနဲ့’

ခပ်ထန်ထန်ပြောလိုက်သော ကိုအောင်သူအသံကြောင့် နန္ဒာသည် ပြောလက်စ စကားရပ်သွားပြီး ငြိမ်နေလေသည်။

ညီညီသာ နန္ဒာ့လိုစိတ်ထင်ရာစိုင်းနေမည်ဆိုလျှင် ဘာလုပ်မည်နည်းဟု ကိုအောင်သူသည် စိတ်မောစွာစဉ်းစားနေမိသည်။

သည်အတိုင်းတော့ လွှတ်ထားနိုင်မည်မဟုတ်ချေ။ အမှတ်မထင် ငြိတွယ်မိသောသံယောဇဉ်လေးကြောင့် မျက်နှာလွှဲခဲပစ် မလုပ်နိုင်အောင်ဖြစ်နေသည်။

‘နန္ဒာ ငါပြောမယ်၊ အသေအချာနားထောင်၊ ငါရန်ကုန်ကပြန်မလာမချင်း ဘယ်ကိုမှထွက်မသွားရဘူး၊ အိမ်မှာနေ၊ အိမ်မှာအိပ်၊ ဒေါ်ကြီးစံမယ်က ထမင်းချက်ကျွေးလိမ့်မယ်၊ ဒါပဲ၊ ငါပြန်လာရင်တော့ မင်းကို အသေအချာစစ်ဆေးပြီးအိမ်ပြန်ပို့ရမှာပဲ’

နန္ဒာသည် တစ်ချက်လွှတ်အမိန့်ထုတ်လိုက်သော ကိုအောင်သူအား မျက်လုံးလေးအပြူးသားနှင့် ကြည့်နေရှာသည်။

မခံချင်သလို မျက်နှာတွင် မာနရောင်သန်းလာသော်လည်း ဘာမှမပြောချေ။

‘ငါ ပြောတာကြားလား’

ကိုအောင်သူက အသံမာမာနှင့်ထပ်ဆင့်ပြောလိုက်သောအခါ သူ့ကိုယ်လေးသည် တောင့်တင်းတင်းဖြစ်သွားသလို မတ်သွားသည်။

ထို့နောက်မှ မျက်လွှာချရင်း လေးလေးပင်ပင်ခေါင်းညိတ်ပြလိုက်သည်။

*

ထွန်းမင်းသည် ကိုအောင်သူအားမျှော်လင့်ထားမိသလို ညှိုးငယ်နေခြင်း မရှိချေ။ နှုတ်ခမ်းပါးကို တင်းတင်းစေ့ပြီး စိုက်မိစိုက်ရာကြည့်နေလေသည်။

ကိုအောင်သူကိုတွေ့ရသောအခါတွင်မှ တင်းမာအေးစက်သော မျက်ဝန်းအစုံသည် အတန်ငယ်နူးညံ့ရွှန်းစိုလာလေသည်။

'ထွန်းမင်းရာ ဘယ်လိုဖြစ်ရတာတုံး'

'မြင်တဲ့အတိုင်းပဲ သူငယ်ချင်း'

ထွန်းမင်းသည် ပခုံးနှစ်ဖက်ကိုတွန့်ကာ အေးစက်စက်ပြုံးနေလေသည်။ စင်စစ်အားဖြင့် ထွန်းမင်းကိုအချုပ်ထဲသွင်းထားလောက်အောင် သက်သေအထောက်အထားမခိုင်လုံဟု ထင်မိသည်။

မိခင်အိုနှင့်ညီမငယ်သာရှိသူမို့ ဝိုင်းဝန်းမည့်သူမရှိ၍ အချုပ်ထဲဝင်နေရှာသလားဟု စိတ်မကောင်းဖြစ်မိသည်။

'သက်သက်ရော'

'သေပြီ'

'ဟာ ဘယ်တုန်းကလဲ'

'သိပ်မကြာသေးဘူး'

'ဘာဖြစ်လို့လဲ'

'နှလုံးသွေး ရပ်သွားလို့'

'ဟာ ဘာ ဘာဖြစ်လို့လဲ'

'ကိုယ်ဝန်ရှိနေလို့'

'ဟင်'

ပါးစပ်အဟောင်းသားဖြစ်သွားသော ကိုအောင်သူကို ကြည့်ကာ ထွန်းမင်းသည် ခပ်သဲ့သဲ့လေးရယ်လိုက်လေသည်။

ထွန်းမင်းနှင့်သူ့ညီမသက်သက် ထို့နောက်မှဆိုးမ အမေကြီး သုံးဦးသာရှိသော သူတို့အိမ်ထောင်စုလေးသည် မေတ္တာလွှမ်းခြုံပြီး ထွေးနွေးသာယာလှသည်။

တစ်ဦးနှင့်တစ်ဦး ဒေါသနှင့်ပင်ပြောလေ့မရှိသောအိမ်ကလေးသည် ဝင်သွားလျှင်ပင် မေတ္တာငွေ့ ဝေ့ဝဲနေသလို ခံစားရသည်ဟုပင် ပြောစမှတ်ပြုကြရသည်။

'မင်း မင်း တကယ်ပြောတာလား'

'ဒါဟာ နောက်ပြောင်စရာအကြောင်းမို့လား၊ ငါကလည်း တကယ် မဖြစ်စေချင်ပါဘူးကွာ၊ အိပ်မက်များဆိုရင် သိပ်ကောင်းမှာပေါ့'

'အမေရော'

'သေပြီ'

'ဟာ ဘာဖြစ်လို့လဲ'

'စိတ်ရောဂါ'

'ဟာ ကွာ'

ကိုအောင်သူသည် စိတ်ထိခိုက်လှစွာနှင့် ခေါင်းကိုယမ်းခါနေမိသည်။

မည်ကဲ့သို့သောဂြိုဟ်ဆိုးသည် ထွန်းမင်းတို့မိသားစုထဲသို့ဝင်ရောက်မွှေနှောက်ခဲ့လေသည် မသိရချေ။

ထာဝစဉ်ပြုံးနေပြီး ညင်သာသိမ်မွေ့လှသော သက်သက်ဟူသည့်မိန်းကလေး၏ကံကြမ္မာသည်လည်း ဤမျှဆိုးဝါးလိမ့်မည်ဟု ယောင်၍ပင်မတွေးမိခဲ့ချေ။

'မင်း မင်းကရော တကယ်လူသတ်ခဲ့သလား'

'ခုနပြောခဲ့တဲ့အကြောင်းတွေဟာ လူသတ်ဖို့မခိုင်လုံသေးဘူးလား၊ အောင်သူရာ'

ထွန်းမင်းသည် အလုပ်သင်ဆရာဝန် သူရိန်ကို တိုက်ပေါ်မှ တွန်းချသတ်ဖြတ်ခဲ့သည့်အတွက် အဖမ်းခံခဲ့ရခြင်းဖြစ်လေသည်။

ကိုအောင်သူတို့ ငါးမျှားရာကိုမည်သည့်အခါမှ မလိုက်ခဲ့သော ထွန်းမင်းသည် လူ့အသက်တစ်ချောင်းကို သွေးအေးအေးနှင့် တကယ်ပင်သတ်ဖြတ်ခဲ့လေပြီလား၊ သူ့ကိုမယုံနိုင်သလို စူးစူးစမ်းစမ်းကြည့်နေသော ကိုအောင်သူအား ထွန်းမင်းသည် မခိုးမခန့်ပြုံးပြနေလေသည်။

'ဘယ်လို ဘယ်လိုတွေများဖြစ်နေတာလဲ ထွန်းမင်းရာ'

'အချိန်ဟာ လူတွေကိုပြောင်းလဲစေနိုင်တာပဲ'

'သက်သေတော့ မခိုင်လုံပါဘူး၊ မင်းအများကြီး လွတ်လမ်းရှိပါတယ်'

'ငါ ဘာကိုမှဂရုမစိုက်ဘူးသူငယ်ချင်း၊ ဒီကမ္ဘာ ဒီလောကကြီးဟာ ငါ့အတွက်အဓိပ္ပာယ်မှမရှိတော့တာ၊ ကြိုးမိန့်ကျလည်း ငါအရေးမစိုက်ဘူး၊ ထောင်တစ်သက်ကျရင်လည်း ဝမ်းမနည်းဘူး၊ ကွင်းလုံးကျွတ်လွတ်ရင်လည်း ဝမ်းမသာဘူး၊ ညီညီ့ကိုလည်းပြောလိုက်ပါကွာ၊ ငါ့အတွက် သူကြိုးစားနေတာတွေကိုတော့ အများကြီးကျေးဇူးတင်ပါတယ်လို့၊ ဒါပေမဲ့ ဘာဖြစ်ဖြစ် ငါဆိုတဲ့အကောင်အတွက်တော့ ဘာမှ

http://myanmarpyithar.net

ထူးမှာမဟုတ်ပါဘူးအောင်သူရာ၊ မင်းပြန်တော့ကွာ'

ထွန်းမင်းသည် ကိုအောင်သူနှင့်တွေ့ပြီးသည်မှစ၍ ပထမဆုံး အကြိမ်စကားရှည်ရှည်ပြောလေသည်။

သက်သက်သေသည့်အကြောင်း ညီညီပင် သိပုံမရသေးချေ။

ထွန်းမင်းကလည်း ဘယ်သူ့ကိုမှ ပြောပြခဲ့ပုံမရချေ။ တစ်ဦး တည်းသောညီမလေးနှင့် မွေးသမိခင်ကြီး သေဆုံးရသည့်အကြောင်း သည်ပင် ထွန်းမင်း၏ဘဝအား ပြောင်းလဲစေခဲ့သည်ထင်ရသည်။

အေးချမ်းငြိမ်သက်စွာပြုံးနေလေ့ရှိသော ထွန်းမင်းဟူသည့် ပန်းချီဆရာလေးသည် တင်းမာအေးစက်စွာနှင့် မခိုးမခန့် ပြုံးရယ်တတ် နေပေပြီတကား။

'အဲဒီ သူရိန်ဆိုတဲ့လူကို မင်းအရင်က မသိဘူးဆို'

'အေးလေကွာ'

'မင်းနဲ့ ဘယ်လိုပတ်သက်သလဲ'

'အောင်သူ မင်းပြန်တော့လို့ ငါပြောနေတယ်၊ ငါအခုတစ်ခါ စကားပြောတာအများဆုံး၊ အရှည်ဆုံးပြောတာပဲ၊ ငါစကားရှည်ရှည် မပြောတာတောင်ကြာပြီ၊ ဒီအကြောင်းတွေကို ငါတွေးလည်းမတွေးချင် တော့ဘူး၊ ပြောလည်းမပြောချင်တော့ဘူး၊ မင်းပြန်ပါတော့ သူငယ်ချင်း ရာ'

ကိုအောင်သူသည် သက်ပြင်းကိုလေးလေးပင်ပင်ရှိုက်မိသည်။ ယခု မျက်စိကိုစုံမှိတ်ကာ အသက်ပြင်းပြင်း ရှူနေသော ထွန်းမင်း၏ပခုံး ကို ညှစ်ကိုင်နှုတ်ဆက်ပြီးထွက်ခဲ့ရလေသည်။

ခုချိန်မှာတော့ တစ်ဦးတည်းပင် စိတ်ဝေဒနာကို ခံစားရစ် သည်သာ အကောင်းဆုံးဖြစ်ပေလိမ့်မည်။

အဲဒီအချိန်တုန်းက ကိုသူရိန်ဟာ တိုက်ဝရန်တာက အုတ်

လက်ရန်းပေါ်တက်ရပ်နေတာ သူ့ညီမပြောတော့ အိမ်ဆေးသုတ်ဖို့ပြင်နေတာတဲ့၊ ကိုထွန်းမင်းက အော်ဟစ်ကြိမ်းမောင်းတဲ့အသံကြားလို့ သူတို့တက်အသွား လှေကားရင်းမှာပဲရှိသေးတယ်၊ ကိုသူရိန်ရဲ့အသံကြားရပြီး ကျသွားတာမြင်ရတာပဲတဲ့၊ သေတာတော့ ပွဲချင်းပြီးပဲ၊ ကိုထွန်းမင်းကလည်း အိမ်အောက်ထပ်ကို ပြေးဆင်းပြီး အလောင်းကို အသေအချာကြည့်သေးတယ်တဲ့၊ နောက်ပြီးတော့မှ ရယ်မောပြီး ထွက်သွားတယ်တဲ့၊ သူတို့ မောင်နှမသုံးယောက်ထဲစုနေကြတာ၊ သူ့ညီမတွေဆိုရင် မူးမေ့ပြီး ကျန်ခဲ့ကြတာတဲ့အစ်ကိုရာ၊ နောက်ကျတော့ ကိုထွန်းမင်းကို မြင်လိုက်တဲ့လူတွေကရော မာလီကရော တိုင်ကြတောကြနဲ့ အဖမ်းခံရတာပေါ့၊ အမှန်ဆိုရင် သူ့ဟာသူ အားလွန်ကျတာပါလို့ငြင်းလို့ရတယ်၊ သူတွန်းချတာကို ဘယ်သူမှမြင်တာလည်းမဟုတ်ဘူး၊ ဒါပေမဲ့ ခက်တာက ကိုထွန်းမင်းပဲ၊ လုံးဝမငြင်းဘူး၊ ယူဆချင်သလိုယူဆပြီး ပေးချင်တဲ့ အပြစ်ပေးပါ တဲ့၊ ကိုသူရိန်သေရတဲ့အတွက်လည်း သူလုံးဝ ဝမ်းမနည်းပါဘူးတဲ့၊ ကဲ ကျွန်တော်ဘာတတ်နိုင်ဦးမှာလဲ'

ညီညီသည် စိတ်ပျက်လက်ပျက်နှင့် မကျေမနပ်ပြောပြလေသည်။ တရားခံကိုယ်တိုင်က လုံးဝမငြင်းသောအမှုတွင် ရှေ့နေလုပ်နေရသည်မှာ အတော်ပင်စိတ်ညစ်စရာကောင်းပေမည်။

'ပြောင်းလဲသွားလိုက်တာကွာ၊ တကယ့်ကို တင်းမာအေးစက်တဲ့ မျက်နှာထားမျိုးကို တွေ့ရတော့တာပဲ'

ကိုအောင်သူကမူ ထွန်းမင်း၏အေးစက်တင်းမာသောမျက်နှာထားကိုသာ တရစ်ဝဲဝဲမြင်ယောင်နေသည်။ မြင်ယောင်မိတိုင်းလည်း ရင်တွင်း၌ လေးလေးပင်ပင် ဖြစ်သွားတတ်သည်။

'မင်း ဘာမှမတတ်နိုင်ဘူးလား ညီညီရာ'

'ကိုထွန်းမင်းကသာ ရေရေလည်လည်စကားပြောမယ်ဆိုရင်

ဒါထက်အများကြီးတတ်နိုင်မှာပေါ့အစ်ကိုရဲ့၊ အခုတော့ ကိုယ့်ဟာကိုယ်ပဲ ရမ်းသန်းပြီးရှေ့နေလိုက်နေရတာ ကိုသူရိန်နဲ့ကိုထွန်းမင်းဟာ တစ်ဦးနဲ့တစ်ဦး အရင်ကအဆက်အသွယ်ရှိကြတာမဟုတ်ဘူး၊ သတ်လောက်အောင်လည်း ရန်ငြိုးမရှိဘူးဆိုတာတွေကိုပဲ အားကိုးနေရတာပေါ့၊ သန်ဘက်ခါဆိုရင် စီရင်ချက် ချမယ်'

'အေးကွာ'

'တစ်ခုတော့ အများကြီးကံကောင်းပါတယ်၊ အဲဒီအချိန်မှာ ကိုသူရိန်ဟာ ဆေးသုတ်ဖို့ဝရန်တာလက်ရန်းအုတ်ခုံမှာ တက်ရပ်တာအမှန်ပဲတဲ့၊ ကိုထွန်းမင်းတွန်းချတယ်ဆိုတာလည်း ဘယ်သူမှ တပ်အပ်မြင်လိုက်တာမဟုတ်ဘူး'

'ဟာကွာ ဘာမှအထောက်အထားမခိုင်လုံပါဘူး၊ ဒါနဲ့ပဲ တရားစွဲ ရောလား'

'မသင်္ကာစရာအကြောင်းအချက်တွေကလည်း ရှိတာကိုး အစ်ကိုရာ'

'ဒါပေမဲ့ကွာ ငါ့သူငယ်ချင်းဟာ တကယ့်ကို လူအေးပါ၊ လူရိုးလူကောင်းပါ၊ တရားခံဖြစ်နေရတာ တကယ်စိတ်မကောင်းပါဘူး၊ တကယ့်ကိုသနားစရာ'

မကျေနိုင်မချမ်းနိုင်ပြောနေသော ကိုအောင်သူကိုကြည့်ရင်း ညီညီသည် ရယ်လိုက်လေသည်။

'ဟာ အစ်ကိုရာ၊ ကျွန်တော်တော့ တရားလိုလေးကိုလည်း သနားတယ်'

'ဘာဖြစ်လို့လဲ'

'တကယ့်ကို ပျော့ပျော့နွဲ့နွဲ့ သနားစရာလေး'

ညီညီသည် အမှန်တကယ်ပင် တရားလိုကို သနားကရုဏာ

သက်နေပုံရသည်။ တရားခံ၏ရှေ့နေသည် တရားလိုကိုသနားသည်ဟု ဆိုတော့ ယုတ္တိမတန်လှချေ။

'မိန်းကလေးမို့လား'

'ဟုတ်တယ်'

မိန်းကလေးသည် တကယ်ပင် သနားစရာကောင်းလောက်အောင် အပူမီးလောင်မြိုက်နေခြင်းလော။ သို့တည်းမဟုတ် လှပချောမွေ့လွန်း၍ ဖိုးညီညီ ကရုဏာပိုခြင်းလော ကိုအောင်သူ မစဉ်းစားတတ်ချေ။

ညီညီသည် မှန်ကန်သောထင်မြင်ချက်များ ပေးတတ်သည်ကား အမှန်ပင်။

'ချောသလား'

'ချောတယ်ပြောရမှာပေါ့၊ ချောတာထက် နှစ်သက်စရာကောင်းတယ်လို့ ပြောရမယ်ထင်တယ်'

'ဒါနဲ့ မင်းကသနားရောလား ညီညီရာ'

ညီညီသည် ကိုအောင်သူ၏ရင်ဘတ်ကို မနာအောင်ထိုးရင်း ဟက်ဟက်ပက်ပက်ရယ်လေသည်။

ညီညီရယ်လိုက်လျှင် သွားတက်ကလေးများပေါ်လာပြီး ကြည်လင်ဝင်းပသွားလေ့ရှိသည်။

'အစ်ကိုရာ ညီညီက သနားရုံပဲ သနားတာပါ၊ အစ်ကိုမြင်ရင်တော့ သနားရုံတောင် ကချင်မှကမှာ၊ ဟား ဟားဟား နာမည်လေးကလည်းလှတယ်၊ တာရာတဲ့ သိလားအစ်ကို၊ အစ်ကို့အတွက် တာရာ'

ညီညီသည် ရယ်မောရင်း မီးကိုဖျတ်ခနဲပိတ်လိုက်လေသည်။ ဖိုးညီညီတစ်ယောက် အိပ်ချင်ပြီထင်သည်။ ကိုအောင်သူလည်း အလိုက်တသိ စကားစကိုဖြတ်လိုက်လေသည်။

မကြာမီ ညီညီ ခုတင်မှ တရှူးရှူးဟောက်သံကြားရသည်။

စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်စွာနေလေ့ရှိသော လူပျော်ကလေးညီညီ
အိပ်ပျော်သွားချေပြီ။

ထွန်းမင်းတစ်ယောက်တော့ အချုပ်ထဲမှာအိပ်ပျော်နိုင်လိမ့်မည်မဟုတ်ချေ။ တလူးလူးတလွန့်လွန့်နှင့် အိပ်မပျော်သောညများကို ကုန်ဆုံးနေစေရမည် ထင်သည်။

ကိုအောင်သူသည် သက်ပြင်းကို ဟင်းခနဲချရင်း တစ်ဖက်ကို စောင်းလိုက်သည်။ ကောင်းကင်ပြာတွင် ကြယ်ကလေးများလက်နေကြသည်။

မဝံ့မရဲလင်းလက်နေသော ကြယ်ကလေးတစ်လုံးကို အမှတ်မထင် ငေးစိုက်ကြည့်ရင်း ညီညီ့စကားကိုကြားမိသည်။

'အစ်ကို့အတွက် တာရာ'တဲ့၊

*

တာရာ့ကိုမြင်တော့ ကိုအောင်သူ့ရင်ထဲမှာ လှုပ်ရှားမိသည်မှာ အမှန်ပင်၊ ဖျော့ဖျော့လေးပြာသော အပြာရောင်အင်္ကျီနှင့်လုံချည်သည် ဖြူနုသော အသားနှင့်ရောနေသလိုထင်ရသည်။

တစ်ပတ်လျှိုဆံထုံးတွင် နှင်းဆီဖြူဖြူတစ်ပွင့်ကို အမှတ်မဲ့ပန်ဆင်ထားဟန်ရှိသည်။ နှင်းဆီပွင့်ဖတ်ကလေးများ ညှိုးပြီးပျော့ကျနေသည်။

နှင်းဆီပန်းလေး ညှိုးလျှနေသလို သူ့မျက်နှာသည်လည်း ညှိုးလှသည်။ မျက်ခွံကလေးများ မသိမသာ ဖောင်းမို့ကာ နီနေသည့်အတွက် ငိုထားမှန်းသိသာသည်။

မည်သူ့ကိုမှမကြည့်ဘဲ မျက်လုံးကို အောက်စိုက်ထားလေသည်။ ညှိုးနွမ်းနေသောမျက်နှာကလေးသည် နှင်းဆီဖြူအနွမ်းလေးနှင့် တူနေသည်။ ဖြူဖျော့ပြီး ခိုကိုးရာမဲ့သလို အားနည်းဟန် ပေါက်နေလေသည်။

'တစ်မျိုးလေးပဲ'

ကိုအောင်သူသည် တရားလိုမလေးကို ခပ်ငေးငေးကြည့်ရင်း

http://myanmarpyithar.net

တစ်ဦးတည်း တီးတိုးမှတ်ချက်ချမိသည်။

ထွန်းမင်း တရားခံဘဝရောက်နေစဉ်တွင် တရားလိုအား ကရုဏာသက်မိသော သူ့စိတ်ကိုလည်း သူမကျေနပ်မိချေ။ အံ့ဩမိလေသည်။

ထိုထက်ပို၍အံ့ဩစရာကောင်းသည်ကား ထွန်းမင်းဖြစ်သည်။ မခိုးမခန့်ဟန်နှင့် မထီတရီအပြုံးများကို သူ့ထံတွင်လုံးဝမတွေ့ရတော့ပေ။ ဦးခေါင်းငိုက်စိုက်ကျပြီး မျက်လုံးအစုံသည် ရီဝေနေလေသည်။

'အားမငယ်ပါနဲ့ ထွန်းမင်းရာ'

ကိုအောင်သူက ပြောမိပြောရာ အားပေးစကားပြောသောအခါ ထွန်းမင်းသည် မချိတင်ကဲပြုံးလိုက်လေသည်။

'ကိုထွန်းမင်း ဘယ်လိုဖြစ်တာလဲ အစ်ကိုရ၊ ညှိုးလှချေ ကလား၊ အရင်အပတ်တွေ စစ်တုန်းကများ မျက်နှာထားတစ်စက် မညှိုးဘူး'

ညီညီက တအံ့တဩပြောလေသည်။ ကိုအောင်သူလည်း နားမလည်၊ ထွန်းမင်း ဘာကြောင့်ပြုံးရသည်ဟူသောပြဿနာကို ညီညီမသိသော်လည်း ကိုအောင်သူသိခဲ့ရ၏။

ထွန်းမင်း ဘာကြောင့်ညှိုးရသည် ဟူသောပြဿနာ၏ အဖြေကိုကား ညီညီသာမက ကိုအောင်သူလည်း မသိနိုင်တော့ချေ။

ဘာအတွက်ကြောင့်များ ထွန်းမင်းသည် နေ့ချင်းညချင်း မျက်နှာထား ပြောင်းသွားရလေသနည်း။

အစိုးရရှေ့နေသည် ယမန်နေ့များကစစ်ချက်များကို ကိုးကားပြီး တင်ပြနေချိန်တွင်မူ ထွန်းမင်းသည် တာရာ့ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်လေသည်။ ထို့နောက် ပင့်သက်ကို မသိမသာရှိုက်ကာ ခေါင်းစိုက်သွားလေသည်။

'ကျွန်မ တစ်ခုပြောချင်ပါတယ်'

ထွန်းမင်းအား အမျိုးမျိုးစွဲချက်တင်ပြီးချိန်တွင် တာရာ့အသံက ဖျော့ဖျော့လေးထွက်ပေါ်လာသည်။

တစ်ချိန်လုံး မည်သူ့ကိုမျှမကြည့်ဘဲ မျက်လွှာချထားသော တာရာသည် သူ့နေရာတွင်မတ်မတ်ကလေးရပ်ရင်း တရားသူကြီးကို တည့်တည့်ကြည့်နေသည်။

'ကျွန်မရဲ့အစ်ကို ကိုသူရိန်ဟာ လူသတ်ခံရတယ်ဆိုတာ လုံးဝ မဖြစ်နိုင်ပါဘူး၊ ကိုကိုအုတ်ခုံပေါ်မှာ တက်ရပ်နေတာကို ကျွန်မမြင်ပါတယ်၊ အဲဒီအုတ်ခုံမှာလည်း ရေညှိတက်ပြီးချောနေပါတယ်'

'တရားခံက တွန်းချတာ မဖြစ်နိုင်ဘူးလား'

အစိုးရရှေ့နေကမေးလိုက်သောအခါ တာရာသည် မျက်နှာလေး ဖြူရော်သွားလေသည်။ အသက်ရှူရပ်သွားသလို ခေတ္တမျှငြိမ်နေပြီး အသက်ကို လေးလေးပင်ပင် ရှူလိုက်လေသည်။

'သူတွန်းချတာဖြစ်နိုင်သလို သူ့ဟာသူလိမ့်ကျတာလည်း ဖြစ်နိုင်ပါတယ်၊ လိမ့်ကျစရာလည်း အကြောင်းအများကြီးရှိပါတယ်'

သူ့အသံက တိုးတိုးဖျော့ဖျော့လေးဖြစ်သော်လည်း ငြိမ်တိတ်နေသော ရုံးခန်းထဲတွင် ပြတ်ပြတ်သားသားထွက်ပေါ်လာသည်။ နားထောင်နေသောပရိသတ်များသည် ဟာခနဲဖြစ်သွားကြလေသည်။

ညီညီသည် ကိုအောင်သူ၏လက်ကို တင်းတင်းကျပ်ကျပ်ဖျစ်ညှစ်လိုက်သည်။

တရားလိုကိုယ်တိုင်က တရားခံဘက်မှလိုက်ပါပြီးပြောသောသည်လိုအမှုမျိုးကို ညီညီတစ်ယောက် တစ်ခါမှကြုံဖူးပုံမရသေးချေ။

'ကိုထွန်းမင်း တကယ်ကံကောင်းတာပဲ၊ သံသယအကျိုး ခံရမယ် အစ်ကိုရ'

http://myanmarpyithar.net

ညီညီက ဝမ်းသာအားရကျိတ်ပြီးပြောလေသည်။ ကိုအောင်သူလည်း ထွန်းမင်းကို အားတက်သရောကြည့်မိသည်။ ထွန်းမင်းကမူ ဝမ်းသာပုံလည်းမရ၊ အားတက်ပုံလည်းမရချေ။

နှုတ်ခမ်းကိုတင်းတင်းစေ့ပြီး ကြမ်းခင်းကိုသာ သဲသဲမဲမဲစိုက်ကြည့်နေလေသည်။ မိမိအတွက် ကွင်းလုံးကျွတ်လွတ်ရန် လမ်းပွင့်လာပြီဖြစ်သော်လည်း ခေါင်းငိုက်စိုက်ကျအောင်ညှိုးငယ်သူအား တစ်သက်နှင့်တစ်ကိုယ်တွေ့ဖူးရန် မလွယ်ကူလှပေ။

ကိုအောင်သူ ဥပဒေကိုတော့နားမလည်။ သို့သော်လည်း အထူးမျှော်လင့်မိသည်။

ချစ်စွာသောသူငယ်ချင်းထွန်းမင်းတစ်ယောက်သာ အပြစ်ဒဏ်မှမခံစားရဘဲ လွတ်မြောက်ရန်မျှော်လင့်မိသည်။

ညင်းညံ့သောလေပြည်က ဝေ့ကာဝဲကာ တိုက်ခိုက်လာသော်လည်း ရင်ထဲတွင်မအေးနိုင်သေးပေ။ ဇောချွေးများပင် မသိမသာစို့လာအောင်စိတ်စောနေမိသည်။

ကိုအောင်သူသာလျှင်မဟုတ်၊ တစ်ခန်းလုံး မည်သူမျှအသက်ပင် ပြင်းပြင်းရှူဟန်မတူချေ။ တရားသူကြီးကို စူးစိုက်ကြည့်ရင်း ငြိမ်တိတ်နေကြသည်။

စီရင်ချက်ချမည့်သူများသည် အတန်ကြာ တီးတိုးတိုင်ပင်နေလေသည်။ အမှုချိန်းကိုများ တစ်ခါရွှေ့လေဦးမလားဟုတွေးရင်း မောနေမိသည်။

တရားသူကြီးသည် စာရွက်လိပ်ကိုဖြန့်ရင်း ‘အဟမ်း’ ခနဲချောင်းဟန့်လိုက်သောအခါ ရင်ထဲတွင် ဒိန်းခနဲဖြစ်သွားသည်။

ကိုအောင်သူ၏မျက်လုံးပင် မသိမသာ ပြူးသွားလေမလားမသိရချေ။ စိုးရိမ်ကြောင့်ကြမှုနှင့် ရင်အခုန်မြန်လာသည်ကားအမှန်ပင်။

ထွန်းမင်းကို ပြောစရာရှိပါက ပြောရန်ခွင့်ပေးသောအခါ ထွန်းမင်းသည် ဦးခေါင်းငိုက်စိုက်ချရင်းမှ ခေါင်းကို လေးပင်စွာယမ်းပြလေသည်။

ဘာစကားမှပြောလို့ပုံမရ၊ ပြောချင်စိတ်လည်း ရှိပုံမရ။

'ကြက်ကြီးလည်လိမ်ထားတာကျနေတာပဲ၊ အစ်ကိုထွန်းမင်းကလဲဗျာ'

ညီညီသည် ကိုအောင်သူ၏အနီးသို့ကပ်ရင်း အားမလိုအားမရပြောလေသည်။

ညီညီ၏ နုနယ်သောမျက်နှာလေးသည် မကျေမနပ်နှင့် မှုန်နေသည်။ တတ်များတတ်နိုင်လျှင် ထွန်းမင်း၏ပခုံးနှစ်ဖက်ကိုကိုင်ပြီး လှုပ်ယမ်းပစ်လိုက်ချင်ပုံရလေသည်။

တာရာသည် သူ့နေရာတွင် တွေတွေစိုက်စိုက်ကလေးထိုင်ရင်း စီရင်ချက်ကိုနားထောင်နေသည်။ တစ်ခါတစ်ရံ မျက်တောင်ကိုဖျတ်ခနဲခတ်သည်မှအပ အသက်မရှိသလို ငြိမ်နေသည်။

ဖြူဖျော့နေသော သူ့မျက်နှာသွယ်သွယ်ကလေးသည် ညှိုးငယ်နေသည်လည်းမဟုတ်၊ တင်းမာသည်ဟူ၍လည်းမဆိုသာ။

ဒေါသနှင့်မာန၏အရိပ်အယောင်ကိုလည်း လုံးဝမတွေ့ရချေ။ လှိုင်းထန်နေသောရေပေါ်တွင် မှန်သားချပ်ကိုဖိချပြီး တည်ငြိမ်အောင်လုပ်ထားသည်နှင့်တူနေသည်။

အပေါ်ယံ အေးဆေးတည်ငြိမ်မှုနောက်ကွယ်မှ သောက၏ဖိစီးမှုကို ရေးရေးရိပ်ရိပ်လေးတွေ့မြင်ရသယောင်ထင်မှတ်မိလေသည်။

လွန်သည်ဟုဆိုလျှင်လည်း ဆိုစေတော့၊ ကိုအောင်သူသည် တရားသူကြီး၏အသံကိုပင် စူးစူးစိုက်စိုက်နားမထောင်မိချေ။ ဘာတွေဖြစ်သွားမှန်းလည်း အသေအချာမသိလိုက်ချေ။

http://myanmarpyithar.net

တာရာ၏မျက်နှာ မိန်ဖျော့ဖျော့လေးကိုသာ ငေးမောကြည့်နေမိသောကြောင့်ဖြစ်လေသည်။

တစ်ရုံးလုံး နားထောင်နေသူများပါ ဝေါခနဲ လှုပ်လှုပ်ရှားရှားဖြစ်သွားသော နောက်ဆုံးစီရင်ချက်ကိုမူ ကြားလိုက်ရသဖြင့် တော်သေးသည်ဟုဆိုရပေမည်။

'တရားခံမောင်ထွန်းမင်းအပေါ် ပြစ်မှုမထင်ရှားသဖြင့် တရားသေလွှတ်လိုက်သည်'

တစ်ချိန်လုံး ငြိမ်နေသောတာရာသည် ဝုန်းခနဲမတ်တတ်ရပ်လိုက်လေသည်။ မျက်နှာတွင် ရတ်ခြည်းသွေးရောင်လွှမ်းလာပြီး ချက်ချင်းပင် ပြန်လည်ဖြူကျသွားသည်။

နှုတ်ခမ်းပါးလေးများ ဖြူဖျော့ပြီး တဆတ်ဆတ်တုန်နေလေသည်။ ကုလားထိုင်လက်ရန်းကိုဆုပ်ကိုင်အားပြု၍ရပ်နေရင်းမှ ထွန်းမင်းကို ရီဝေဝေမျက်လုံးလေးနှင့်ကြည့်နေလေသည်။

ရင်တွင်းမှဝေဒနာပြင်းပြင်းသည် မျက်လုံးတွင်လာရောက်ထင်ဟပ်နေသလားဟု ထင်မိသည်။ မျက်လုံးညိုညိုလေးသည် ညှို့မှိုင်းပြီး မှုန်ဝေနေလေသည်။

တစ်ချိန်လုံး ခေါင်းငိုက်စိုက်ချထားသော ထွန်းမင်းသည်လည်း တာရာ့ကို စိုက်စိုက်မတ်မတ်ကြည့်နေလေသည်။

'ဟာ ထွန်းမင်း လွတ်ပြီ'

ကိုအောင်သူသည် ယခုမှသတိဝင်လာသူလို နေရာမှခုန်ထမိသည်။

ဓာတ်ပုံ သတင်းထောက်တို့က ဝင်းခနဲ လက်ခနဲ ဓာတ်ပုံများရိုက်နေကြစဉ် သူတို့ညီအစ်ကိုနှစ်ဦးလုံး ထွန်းမင်းဆီသို့ ဝမ်းသာအားရပြေးသွားကြသည်။

ထိုစဉ်တွင် တာရာသည် မူးဝေသွားသလို နေရာမှ ယိုင်သွားလေသည်။ သို့သော် လက်ရန်းကိုကိုင်၍ ထိန်းရင်းမှ မချိတင်ကဲပြုံးလိုက်လေသည်။

ထို့နောက် ပင့်သက်တစ်ချက်ရှိုက်ကာ ခပ်သွက်သွက်လေး ထွက်သွားလေတော့သည်။

'ထွန်းမင်း သူငယ်ချင်း မင်းလွတ်ပြီ'

ကိုအောင်သူက ထွန်းမင်း၏လက်ကို ညှစ်ကိုင်ကာပြောလိုက်သောအခါ ထွန်းမင်းသည် သက်ပြင်းရှည်ကြီးတစ်ချက်ကိုချလိုက်လေသည်။

ထို့နောက် ကိုအောင်သူ နားမလည်နိုင်သော ဝိုးတဝါးအပြုံးကို မသဲမကွဲ ပြုံးပြလေသည်။

*

'ဘဝဆိုတာ တိုတိုလေးပဲ သူငယ်ချင်း၊ တိုတိုလေးနဲ့ ရှည်လွန်းသလို ထင်ရတတ်တယ်ကွာ၊ အခုအချိန်မှာ ပြီးခဲ့တဲ့အချိန်လေးတွေကိုပြန်ပြီး စဉ်းစားရင်း ပီပီပြင်ပြင်နဲ့မှုန်ဝါးနေသလိုပဲ'

'မင်းကိုတော့ ငါနားမလည်ဘူး'

'ငါ့ကိုယ်ငါလည်း ဝိုးတိုးဝါးတားပဲ'

လမ်းဘေးမှကုက္ကိုပင်များသည် ရိပ်ခနဲ ရိပ်ခနဲ ကျန်ခဲ့ကြသည်။ ကိုအောင်သူ မောင်းနှင်လာသောဂျစ်ကားစိမ်းလေးသည်လည်း ကတ္တရာလမ်းပေါ်တွင် အရှိန်ပြင်းစွာနှင့်ပြေးသွားနေလေသည်။

ကိုအောင်သူ ဒီတစ်ပတ်ကံကောင်းသည်ဟုပြောရမည်၊ နယ်တွင်နေရသောဆရာဝန်တစ်ဦးအဖို့ မော်တော်ကားဟူသည်မှာ မရှိမဖြစ်သော ပစ္စည်းတော့ မဟုတ်ချေ။

သို့ပါသော်လည်း ကားတစ်စီးရှိထားလျှင် လူနာများအတွက် ပြေးရလွှားရသောအခါများတွင် အသုံးဝင်အဆင်ပြေလှလေသည်။

ဖခင်ကြီးက အလိုက်တသိပေးလိုက်သဖြင့် ကားတစ်စီးပိုင်

ကာ ပြန်လာရလေတော့ မီးရထားကြီး ဂျိမ်းဂျုတ်ဂျုတ်ကိုပင် အိပ်ငိုက် ခံပြီး စီးရန်မလိုတော့ချေ။

'အစ်ကိုထွန်းမင်းကိုတော့ ပစ်မထားပါနဲ့ ကိုကိုရ၊ ကြည့်ထိန်း ထားဦး'

ငေးငေးငိုင်ငိုင်ဖြစ်နေသော အချုပ်ထွက် ထွန်းမင်းကို ကြည့် ရင်း ညီညီက သတိပေးလေသည်။

ကိုအောင်သူသည် စိတ်မသက်သာ၊ ထွန်းမင်းသည် ယခု အခြေအနေ၌ သူ့လုပ်ငန်းကို ပြန်လည်ဦးတည်လုပ်ကိုင်လောက်အောင် စိတ်တည်ငြိမ်မှုမရသေးချေ။

ပန်းချီရေးရန်လည်း စုတ်တံကိုပင် ကိုင်ချင်သေးဟန်မတူချေ။ ညီမသေ အမေဆုံးသော ဥတစ်လုံး တစ်ကောင်ကြွက်ထွန်းမင်းခမျာ သော့ပိတ်ထားသောသူ့အိမ်သို့လည်း ပြန်ချင်ပုံမရချေ။

အဟောင်းအဟောင်းဟူသမျှသည် သူ့ရင်တွင်းသို့ဝေဒနာ အသစ်တို့ကိုပေးကြလေမည်သာဖြစ်၏။

နောက်ဆုံးတွင်ကား ဦးတည်ချက်မရှိဘဲ စိတ်လေနေမည့် ထွန်း မင်းကို စိတ်ပြေလက်ပျောက်ဟူသော အကြောင်းပြချက်နှင့် သူ့မြို့ ကလေးသို့ ဆွဲခေါ်ခဲ့ရလေသည်။

'သာယာကုန်း' တွင် နေထိုင်ရင်း ထွန်းမင်း၏ ရင်ထဲမှအနာ သည် တဖြည်းဖြည်းကျက်လာလိမ့်မည်ဟု မျှော်လင့်ချက်လည်း အပြည့်အဝ ထားမိလေသည်။ စိတ်အနာအတွက် အကောင်းဆုံးဆေး တစ်ခွက်သည် အချိန်ပင်မဟုတ်ပါလော။

တို့မြို့ကလေးကသာယာပါတယ် သူငယ်ချင်းရာ၊ တောဆို တော့ တစ်ခါတစ်လေ နွားချေးနံ့နဲ့ ကောက်ရိုးနံ့လည်း ရှူရတတ်တာ ပေါ့၊ ငါ့အိမ်ကတော့ အေးအေးဆေးဆေးပန်းချီဆွဲလို့ သိပ်ကောင်းမှာ

ခြံကလည်း အကျယ်ကြီး၊ အရှေ့ဘက်မျှော်ကြည့်လိုက်ရင် ပဲခူးရိုးမ တောင်တန်းကြီးကလည်း ညိုလို့၊ စိန်ပန်းပင်တွေကလည်း သုံးလေးပင်၊ မိုးတွင်းဆိုရင် ရဲနေတာ အခုဆိုရင်တော့ စဖူးစပြုနေပြီပေါ့'

ကိုအောင်သူသည် ပန်းချီဆရာ စိတ်ညွတ်နူးလာစေရန် တတ်နိုင်သမျှ ကဗျာဆန်ဆန်ပြောမိသည်။

စိန်ပန်းနီနီနှင့်တောင်တန်းညိုညိုကိုကြည့်ရသည်မှာ ကြည်နူးစရာကောင်းသည်ကား အမှန်ပင်၊ ထွန်းမင်းတစ်ယောက် ပန်းချီမဆွဲဘဲ နေနိုင်လိမ့်မည်မထင်၊ သူ့စုတ်တံနှင့်သူ့လက်ချောင်းလေးများသည် လေထဲတွင်လွင့်ကြွေနေသော ပန်းပွင့်နီနီများကိုကြည့်ရင်း အသက်ဝင်လှုပ်ရှားလာလိမ့်မည်ဟု ယုံကြည်မိကြသည်။

'ငါ အခုနေပန်းချီဆွဲရင် တာရာ့ပုံကိုဆွဲမိလိမ့်မယ်ထင်တယ်'

'တာ ရာ'

ကိုအောင်သူသည် ကားစတီရာရင်ကို ထိန်းရင်း ထိတ်ခနဲဖြစ်သွားသည်။

တာရာဟူသည့်မိန်းကလေး၏ရုပ်သွင်သည် ထွန်းမင်း၏ အသည်းနှလုံး၌ထင်ဟပ်နေလေပြီလော။

'ဟုတ်တယ် တရားရုံးမှာတုန်းက ငါ့ကိုကြည့်သွားတဲ့အကြည့်လေးကို ငါမမေ့ဘူး၊ ခွင့်လွှတ်စိတ်နဲ့ နာကြည်းစိတ်ဟာ သူ့မျက်နှာလေးမှာ တစ်ချိန်ထဲတွေ့နေရတယ်'

'ပန်းချီကားကို ဘယ်လိုနာမည်ပေးမလဲ'

ကိုအောင်သူသည် ခပ်ဆဆလေးမေးလိုက်မိသည်။ ဆံပင်ခွေကလေးများ ကပိုကရိုဝဲကျနေသော မျက်နှာသွယ်သွယ်လေးနှင့် ရီဝေညိုမှိုင်းသောမျက်လုံး၊ မျှိုသိပ်ခွင့်လွှတ်တတ်သော နှုတ်ခမ်းပါးလေးများကို ခြယ်သရေးဆွဲထားမည့်ပန်းချီကားကို သူလည်း စိတ်ကူးနှင့်အမည်

ရွေးချယ်နေမိသည်။

လမ်းဘေးကုက္ကိုပင်များထက်ရှိ သစ်ခွနီနီလေးများပွင့်နေကြသည်။ အတန်ငယ်မြင့်သဖြင့်လည်းကောင်း၊ ထိုအရပ်တွင်ပေါများသောပန်းဖြစ်သဖြင့်လည်းကောင်း ခူးမည့်သူမရှိပေ။

ထွန်းမင်းသည် ခပ်ရေးရေးတွေ့မြင်နေရပြီဖြစ်သောပဲခူးရိုးမတောင်တန်းညိုညိုကို ငေးစိုက်ကြည့်နေရင်းက 'ဘာနာမည်ပေးရင်ကောင်းမလဲ' ဟု မေးသလိုလိုပြောလေသည်။

'မျက် မာန် တော် ငြိုး ပါ နဲ့'

ကိုအောင်သူသည် ခေါင်းထဲမှထွက်လာသောအမည်ကို ခပ်ဆဆ ပြောလိုက်မိသည်။

ထွန်းမင်း၏စိတ်ကူးနှင့်တော့ တူဟန်မရှိချေ။ ထွန်းမင်းသည် ခေါင်းကို ခပ်လေးလေးခါယမ်းလိုက်လေသည်။

'သူဟာလေ ရင်နဲ့မဆံ့အောင် နာကြည်းတတ်ပေမယ့် သူ့အရွယ်လေးနဲ့ မလိုက်အောင်လည်း ခွင့်လွှတ်နိုင်တဲ့ မိန်းကလေးတစ်ယောက်ပါကွာ'

'ငါ နားမလည်ဘူး'

သူမသိသော အကြောင်းခြင်းရာလေးများတော့ အမှန်တကယ်ပင် ရှိပုံရလေသည်။

ထွန်းမင်းက ဖွင့်ဟမပြောသဖြင့် ကိုအောင်သူ ဘာဆိုဘာမှ မသိရသေးချေ။

ထွန်းမင်းနှင့် တာရာတို့ နှစ်ဦးကြားတွင် လျှို့ဝှက်သောအကြောင်းအရာ တစ်စုံတစ်ခုတော့ ရှိတန်ရာသည်။

သူတို့နှစ်ဦး၏ ဆက်ဆံရေးအခြေအနေသည် မည်သို့နည်း။ အတွင်းစိတ်အဆက်အသွယ်သည် မည်ပုံနည်း။

ထိုကဲ့သို့စဉ်းစားမိတော့ ကိုအောင်သူသည် ရင်တွင်း၌ ပူမိသည်လည်း အမှန်ပင်။

'ဖြေလည်း ပြေပါနိုင်'

ထွန်းမင်းသည် ခပ်တိုးတိုးရွတ်ဆိုလိုက်လေသည်။ သူ့အမည်ကိုကြားရတော့ စိတ်ထဲတွင်ပင် နင့်ခနဲဖြစ်သွားသည်။

ရီဝေနေသော မျက်လုံးညိုညိုလေးများသည် ရင်တွင်းမှ သောကမီးလျှံ၏ အခိုးအငွေ့လေးများဟပ်နေသည်ဖြစ်ပေမည်။

မချိတင်ကဲအပြုံးလေးကိုပြုံးရင်း တာရာသည် ဖြေ၍မပြေကြောင်း ထွန်းမင်းအား အသံတိတ်ပြောပြသွားဟန်ရှိလေသည်။

နေဝင်တော့မည် ထင်သည်။ နေမင်းသည် ရတ်ခြည်းပင် အနောက်ဘက်သို့ နိမ့်ဆင်းသွားသည်။

လမ်းဘေးလယ်ကွင်းထဲရှိ ဗျိုင်းဖြူဖြူလေးငါးကောင်သည် လည်တံများကိုဆန့်ပြီး ပျံဝဲသွားကြသည်။ သူတို့တွေ အိပ်တန်းတက်ကြတော့မည် ထင်သည်။

ထွန်းမင်းသည် ကဗျာတစ်ပိုဒ်ကို ခပ်တိုးတိုးရွတ်ဆိုလိုက်ရင်း တစ်ပိုင်းတစ်စနှင့် ရပ်လိုက်လေသည်။

ဗျိုင်းဖြူဖြူကိုငေးကြည့်နေပြီးမှ 'အဲဒီကဗျာကို မိသက်လေးသိပ်ကြိုက်တာ မေမေ့ကို ဆိုဆိုပြတယ်လေ' ဟု တုန်ယင်သောအသံနှင့် ပြောလေသည်။ ထွန်းမင်း၏စိတ်သည် ဟိုရောက် သည်ရောက်နှင့် ယောက်ယက်ခတ်နေပုံရသည်။

ကိုအောင်သူလည်း စကားရှည်ရှည်ဆက်မပြောတော့ဘဲ ကားလီဗာကိုသာဖိနင်းပြီး ခပ်သွက်သွက်မောင်းနှင်ခဲ့လေသည်။

အိမ်ရောက်တော့မည်ဆိုတော့လည်း မျက်နှာထားသုန်သုန်မှုန်မှုန်နှင့်နေရစ်သော နန္ဒာ့ကိုသတိရလာသည်။ ဒေါ်ကြီးစံမယ်နှင့်နန္ဒာတို့

နှစ်ဦး မည်သည့်ဇာတ် ခင်းနေကြလေမည်မသိ။

'ရှူး တိုးတိုး ဆရာလေး၊ နန္ဒာလေး အိပ်နေတယ်'

အိမ်ဆင်ဝင်တွင်ကားဆိုက်ပြီး အော်ခေါ်သောအခါ ဒေါ်ကြီးစံမယ်သည် သုတ်သီးသုတ်ပျာထွက်လာလေသည်။ ကိုအောင်သူလည်း ကြောင်အအနှင့်ပါးစပ်ပိတ်သွားရသည်။

အခု ညနေခြောက်နာရီခွဲခန့်သာရှိသေးသည်။ ကာလနဂါးဝင်စားသောနန္ဒာသည် အဘယ်ကြောင့်အိပ်နေရလေသနည်း။

'မနက်တုန်းကတော့ ရွှင်လို့ပဲ နေ့ခင်းကတည်းက အခန်းထဲဝင်အိပ်နေတယ်၊ ညနေစာလည်း မစားဘူး'

ဒေါ်ကြီးစံမယ်တစ်ယောက်လည်း ဝမ်းမနာသားတစ်ယောက်နှင့်ဗျာများနေရှာပြီ ထင်သည်။ ကိုအောင်သူသည် နန္ဒာ့အခန်းထဲသို့ ဦးစွာဝင်ကြည့်မိသည်။

'တကယ်အိပ်နေတာကိုး'

နန္ဒာသည် ခုတင်ပေါ်တွင်မှောက်လျက်မှ ခေါင်းကလေး တစ်ဖက်စောင်းကာ အိပ်ပျော်နေသည်။

စိတ်ချမ်းသာ လက်ချမ်းသာ အိပ်ပျော်သွားခြင်းကား ဟုတ်ဟန်မတူချေ။ နှုတ်ခမ်းလေးမဲ့နေပြီး ပါးတွင်မျက်ရည်စများ မခြောက်သေးချေ။

ခုတင်အောက်တွင်မူ အပိုင်းပိုင်း ဆုတ်ချေထားသော သတင်းစာ တစ်စောင်ကိုတွေ့ရလေသည်။

'အရင်နေ့တွေကများ ပျော်လို့ပါပဲဆရာလေးရယ်၊ မိခင်တုတ်တို့နဲ့တောင် ကောက်လိုက်စိုက်သေးတယ်'

ဒေါ်ကြီးစံမယ်က နားမလည်သလို ပြောနေလေသည်။ သူ့ဘေးတွင် ရပ်ပြီးပြောနေကြသော်လည်း နန္ဒာသည် နိုးမလာချေ။

တစ်ချက်ကလေးမျှလည်း လွန့်၍မလာ။

အသက်မှန်မှန်ရှူကာ အိပ်မောကျနေသည်။

ခေါင်းအုံးအောက်မှ တစ်ပိုင်းတစ်စထွက်နေသော ဗေလီယံဆေးဘူးလေးကိုတွေ့မှ ကိုအောင်သူနားလည်တော့သည်။

နန္ဒာသည် စိတ်ငြိမ်ဆေးများသောက်ပြီး အိပ်ပျော်သွားခြင်းဖြစ်ပေသည်။

'ငါ့အိမ်မှာ မပင့်ဘဲနဲ့ရောက်နေတဲ့ငတိလေးတော့ ဘာဖြစ်တယ်မသိဘူး၊ စိတ်ငြိမ်ဆေးတွေသောက်ပြီး အိပ်နေလေရဲ့'

အခန်းဝတွင်ရပ်လာသောထွန်းမင်းကို လှမ်း၍ပြောလိုက်သည်။

ဆံပင်ကလေးများ ကပိုကရိုဝဲကာ အိပ်မောကျနေသော မျက်နှာပေါ်သို့ နေခြည်ထိုးကျနေသည်။

ထွန်းမင်းသည် မျက်ရည်စစိုနေသောမျက်နှာလေးကို အမှတ်မဲ့ကြည့်ရင်းမှ လန့်သွားသလို တံခါးပေါင်ကိုထိန်းကိုင်လိုက်လေသည်။

'သူ ဘယ်သူလဲ'

'အိမ်ပြေးကလေးပေါ့၊ ခပ်ဆိုးဆိုးကောင်ကလေး'

'ကောင်ကလေးလား'

'အေးပေါ့ နန္ဒာ'

'ဩော် နန္ဒာ'

အဖျားခတ်ကာ တုန်ယင်သွားဟန်ရှိသောအသံကြောင့် ကိုအောင်သူသည် ထွန်းမင်းကိုအသေအချာကြည့်မိသည်။

ထွန်းမင်းသည် နန္ဒာအားဝေခွဲမရသောအကြည့်နှင့် ငေးကြည့်နေလေသည်။

'မင်းသိသလား'

ကိုအောင်သူကမေးသောအခါ ထွန်းမင်းသည် တွေတွေ ဝေဝေ နှင့် ခေါင်းညိတ်ပြမယောင်ပြုပြီး ‘ဟင့်အင်း’ ဟု ခေါင်းခါပြလေသည်။

*

http://myanmarpyithar.net

'အစ်ကိုကြီးပြန်လာမှပဲ ကျွန်တော်သွားတော့မှာပေါ့'

'မင်း ဒီလိုပဲ ထင်ရာလျှောက်သွားလို့ ဘယ်ဖြစ်မလဲ နန္ဒာ၊ ငါ့မှာ တာဝန်ရှိတယ်'

နန္ဒာသည် ခရီးဆောင်အိတ်နှစ်လုံးကိုဆွဲရင်း ခပ်တင်းတင်းလေး ရပ်နေသည်။

ဟိုအရင်နေ့တွေက ဘယ်ချောင် ဘယ်ကြားလျှောက်တိုးထားသည်မသိရချေ။ ဘောင်းဘီနားတွင် မြက်ရိုင်းပင်မှ ဆူးချွန်ချွန်များ အစီအရီကပ်နေသည်။

တံတောင်ဆစ်အထိပင့်တင်ထားသော ရှပ်အင်္ကျီလက်အနားတွင်လည်း ရွှံ့ခြောက်များကပ်နေသေးသည်။

'ကိုယ့်ကိုယ်ကိုပြန်ပြီးစဉ်းစား နန္ဒာ၊ မင်းရဲ့အခြေအနေက သိပ်သေးမှာတော့မဟုတ်ဘူး၊ ဒီလို ရည်ရွယ်ချက်မရှိလျှောက်သွားနေလို့ သင့်တော်ပါ့မလား'

'ကျွန်တော့မှာ ရည်ရွယ်ချက်ရှိတယ်'

'အေး ကောင်းတာနဲ့ဆိုးတာတော့ကွာမှာပေါ့၊ ဥပဒေအတွင်းနဲ့ အပြင်တော့ ရှိမှာပေါ့၊ မှားတာနဲ့မှန်တာတော့လည်း ခြားဦးမှာပေါ့၊

ဟုတ်လား နန္ဒာ၊ ရည်ရွယ်ချက်တိုင်းလည်း ကောင်းတာမဟုတ်ဘူး'

'အစ်ကိုကြီးကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ သွားရမှာပဲ'

သိကြားမင်းကြီးဆင်းတားလျှင်ပင် ရချင်မှရပေမည်။ နန္ဒာဟူသည့် မှုန်တေတေသတ္တဝါလေးသည် သာယာကုန်းတွင်တစ်နာရီ တစ်စက္ကန့်ပင် ဆက်လက်ပြီး နေထိုင်လိုတော့ဟန်မတူချေ။

'နေဦး နန္ဒာ၊ ငါပြောနေတယ်၊ မင်း ဒီ လို '

ကိုအောင်သူက မကျေမနပ်အော်လိုက်သော်လည်း နန္ဒာသည် ခပ်မဲ့မဲ့လေးပြုံးပြီး တံခါးပေါက်ဘက်သို့ခြေဦးလှည့်လိုက်လေသည်။

'သွား မှာ ပဲ'

မခိုးမခန့်ပြောပြီး ခြေလှမ်းသွက်သွက် လှမ်းသွားသော နန္ဒာသည် တံခါးပေါင်ကိုမှီကာရပ်နေသော ထွန်းမင်းအားတွေ့သောအခါ ခြေထောက်များတုံ့ခနဲဖြစ်သွားပြီး ပါးစပ်ကလေးဟသွားသည်။

ထွန်းမင်းကို စူးစိုက်ကြည့်ရင်း သတိလစ်သွားသူလို မျက်နှာသည် သွေးဆုတ်ပြီးဖြူရော်သွားလေသည်။ ကျောက်ရုပ်ကလေးလို တောင့်တောင့်တင်းတင်းရပ်နေရင်း သူ့လက်မှခရီးဆောင်အိတ်များသည် ပြုတ်ကျသွားသည်။

'ဟော့ နန္ဒာ'

ကိုအောင်သူသည် ခေါ်မိခေါ်ရာလှမ်း၍ ခေါ်လိုက်မိသည်။ နန္ဒာသည် မူးဝေသွားသလို ခပ်ယိုင်ယိုင်လေး နောက်ဘက်သို့ တစ်လှမ်းဆုတ်လိုက်လေသည်။

ထို့နောက်တွင်ကား ကျားဟိန်းသလို အသံကလေးကို မသဲမကွဲ ကြားလိုက်ရသည်ထင်သည်။

ဖြူရော်နေသောမျက်နှာလေးသည် ရုတ်ခြည်း သွေးရောင်လျှမ်းတက်လာသည်။

http://myanmarpyithar.net

'ဟင် နင် နင်ပဲ မဟုတ်လား'

ဗလုံးဗထွေးပြောသံလေးနှင့်အတူ နန္ဒာသည် ကိုအောင်သူ ဂေါက်ရိုက်လျှင်သုံးသည့် ဂေါက်သီးတုတ်တံကို ပြေးပြီးဆွဲယူလိုက်သည်။

ထို့နောက်တွင်ကား တားဖို့ပင် အချိန်မရလိုက်ချေ။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ထွန်းမင်းနားဆီသို့ဝိုး ခနဲရောက်သွားပြီး ဂေါက်သီးတုတ်ကို လွှဲလိုက်လေသည်။

'ကဲ ဟာ ကဲ ဟာ'

'ဟေး နန္ဒာ နန္ဒာ၊ မင်း ဘယ်လို လုပ်တာလဲ'

ပါးစပ်အဟောင်းသားဖြစ်နေသော ကိုအောင်သူလည်း ထို အခါကျမှပင် ဝုန်းခနဲထမိလေတော့သည်။ ပွဲကား တစ်ဖက်သတ်ပွဲဖြစ် သည်။

ဂေါက်သီးရိုက်သည့်တုတ်ကို လက်နှစ်ဖက်နှင့်ကိုင်ရင်း အား ရ ပါးရလွှဲကာ ယမ်းကာနှင့်ရိုက်နေသော နန္ဒာသည် ကျားနာလေးတစ် ကောင်လိုဖြစ်နေသည်။

မျက်နှာကိုလက်တစ်ဖက်နှင့်ကွယ်ရင်း ရိုက်သမျှ နှက်သမျှ တုတ်ချက်ကို နောက်ဆုတ် နောက်ဆုတ်နှင့်ရှောင်နေသော ထွန်းမင်း သည်ကား သိုးငယ်လိုဖြစ်နေလေသည်။

ဒေါသခိုးများဆူဝေတက်လာသော အောင်သူလည်း သူတို့ နှစ်ဦးအနားသို့ ဘယ်လိုရောက်သွားမှန်းပင် မသိလိုက်ချေ။

'မင်း လွန်မယ် ဟော့ကောင် နန္ဒာ မင်း ဘယ်လို ကောင်လေးလဲ'

ကိုအောင်သူသည် နန္ဒာ၏လက်နှစ်ဖက်ကိုဖမ်းချုပ်ပြီး တုတ် ကို လုယူလိုက်သည်။ ဂေါက်သီးတုတ်ကိုဖြုန်းခနဲလွှင့်ပစ်လိုက်ပြီး နန္ဒာ၏ ပခုံးနှစ်ဖက်ကိုကိုင်ကာ ဆောင့်ယမ်းမိလေသည်။

'နန္ဒာ မင်း ရိုင်းလှချေကလား၊ ငါ့ သူငယ်ချင်းကို မင်း ဘယ်လိုလုပ်တာလဲ'

နန္ဒာသည် မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံနှင့် ကိုအောင်သူအား ပြန်ကြည့်လေသည်။

သူ့မျက်ဝန်းသည် နာကြည်းမှု၊ အငြိုးကြီးမှု၊ စိတ်မှတ်ကြီးမှုတို့နှင့် စိမ်းလဲ့လဲ့အရောင်ပင်ထွက်နေသယောင် ထင်မှတ်ရလေသည်။

ကိုအောင်သူကို မှုန်မှုန်တေတေကြည့်နေပြီးမှ ခပ်ဆောင့်ဆောင့် ရန်းထွက်လိုက်လေသည်။

ထွန်းမင်းကမူ နံရံကိုအားပျော့စွာမှီထားလေသည်။ တုတ်ချက်မိကာ ချက်ချင်းပင် ညိုမည်းရောင်ကိုင်းလာသော လက်တစ်ဖက်ကို ကျန်လက်တစ်ဖက်နှင့်ဆုပ်ကိုင်ရင်း အသက်ကိုမဲ့တစ်ချက် လျော့တစ်ချက် ရှူနေလေသည်။

'ကြည့်စမ်း နန္ဒာ၊ မင်းအရမ်းလုပ်တာ ကောင်းရိုင်းကလေး၊ ထွန်းမင်းကို ပြန်တောင်းပန်လိုက်'

'ဘယ်တော့မှ မတောင်းပန်ဘူး'

နန္ဒာသည်ခပ်ဆတ်ဆတ်အော်လိုက်သည်။ သူ့ကိုယ်လေးသည် မသိမသာတုန်ယင်နေသည်။

ကိုအောင်သူကိုပင် ရန်မူဦးမည့်ကဲ့သို့ စွေစောင်းစောင်း ကြည့်နေလေသည်။

'ဘာဖြစ်ကြတာလဲ၊ ဘာဖြစ်လို့ ရိုက်ရတာလဲ၊ ငါ့ကိုပြောပါဦး'

ကိုအောင်သူက စိတ်ပျက်လက်ပျက်အော်မိသည်။

သို့သော် ထွန်းမင်းကလည်းမဖြေ၊ နန္ဒာကလည်းမပြော၊ နှစ်ဦးလုံး ငြိမ်ချက်သားကောင်းနေသည်။

မျက်နှာလွှဲထားသော ထွန်းမင်းအား စူးစူးဝါးဝါးကြည့်ရင်း

နန္ဒာသည် အံခဲလိုက်သည်။

ထို့နောက် ကြမ်းပြင်ပေါ်တွင်ကျနေသော ခရီးဆောင်အိတ် တစ်လုံးကို ကောက်ယူလိုက်သည်။

ကိုအောင်သူမတားမိ၊ တားလိုစိတ်ကား ပျောက်ကွယ်နေ သည်။

အချုပ်မှထွက်စ စိတ်ကလေး ကယောက်ကယက်နှင့် ချောက် ချောက်ချားချားဖြစ်နေရှာသော ထွန်းမင်းကိုမှရွေးပြီး ဂေါက်သီးတုတ် နှင့် ဘယ်ပြန်ညာပြန်ဆော်လေတော့ စိတ်ဆိုးမည်မှာ အမှန်ပင်။

ကိုယ့်အိမ်ပေါ်ကို မပင့်မဖိတ်ဇွတ်တက်လာပြီး ကိုယ့်ဧည့် သည်ကို တုတ်နှင့်ဧည့်ဝတ်ပြုတတ်သောသူမျိုးကို ဆွဲထားလိုစိတ်လည်း မရှိတော့။

သွားလိုရာသွားလေတော့၊ သူ့ထိုက်နှင့်သူ့ကံ ကိုယ့်အပူလည်း ဘာမျှရှိသည်မဟုတ်ချေ။

သို့သော် နန္ဒာသည် ကိုအောင်သူ တွေးထင်မိသလို အိမ်အပြင် ထွက်ခွာသွားခြင်းမဟုတ်ချေ။ အိမ်ခန်းထဲ ပြန်ဝင်သွားခြင်းဖြစ်သည်။

'ဟော့ မင်းမသွားသေးဘူးလား'

'မသွားဘူး'

တံခါးကိုဆောင့်ပိတ်ရင်း အသံပြတ်နှင့်ဖြေလိုက်သည်။ မီးဖို ချောင်အဝတွင် ခေါင်းပြူကြည့်နေသော ဒေါ်ကြီးစံမယ်၏မျက်လုံးနှစ် ဖက်သည် ပြူးကျယ်ဝိုင်းစက်နေသည်။

ဝုန်းဝုန်းဒိုင်းဒိုင်းဖြစ်သွားသော အခြေအနေကိုလည်း လုံးဝ နားလည်ပုံ မပေါ်ချေ။ ဒေါ်ကြီးစံမယ်သာမက ကိုအောင်သူလည်း နားမ လည်။

ဘယ်ကနေ ဘယ်လိုစပြီး ဘာဖြစ်သွားမှန်း ထူထူပူပူနှင့်ပြန်

စဉ်းစားနေမိသည်။

'ဘယ်လိုဖြစ်တာလဲ ထွန်းမင်းရယ်၊ ဒီချာတိတ်က ဘယ်သူလဲ မင်းကို မြင်မြင်ချင်း ဘာလို့ဆော်ရန်ရှာရတာလဲ ဘာဖြစ်လို့လဲ'

နန္ဒာဆောင့်ပိတ်သွားသောတံခါးရွက်ကို ထွန်းမင်းသည် တွေဝေစွာ ငေးစိုက်ကြည့်နေလေသည်။

ထို့နောက် သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင်ရှိုက်လိုက်ကာ ခေါင်းကို ဖြည်းညင်းစွာခါယမ်းလိုက်သည်။

ကိုအောင်သူလည်း စိတ်ပျက်လက်ပျက်နှင့် ခေါင်းကိုခါလိုက်မိသည်။

အားကုန်လွှဲပြီး ဘယ်ပြန်ညာပြန်ဆော်ထားသောတုတ်ချက်တို့ကြောင့် ထွန်းမင်းသည် တစ်ကိုယ်လုံးနာကျင်နေဟန်ရှိသည်။

ညိုမည်းပြီးရောင်လာသောလက်မောင်းသည်ကား တုတ်ဖျားမှ သံနှင့်မိမိ ထိမိသွားဟန်ရှိလေသည်။

'ဟော့ကောင် လာခဲ့ အခန်းထဲကို ဆေးလူးရအောင် ဒေါ်ကြီးစံမယ် ရေနွေးအိတ်ထည့်ခဲ့စမ်းပါဗျို့'

ထွန်းမင်းသည် ကိုအောင်သူခေါ်ရာသို့ ငြိမ်ငြိမ်သက်သက်ပင် လိုက်လာလေသည်။

ထို့နောက် ဆေးလူးသမျှကိုလည်း ငြိမ်ငြိမ်သက်သက်ပင်ခံနေသည်။

မျက်စိကိုလည်း မှိတ်ထားသည်။ ပါးစပ်ကိုလည်း ပိတ်ထားသည်။

'သက်ရင်းကြီးရွက်ကိုကြိတ်ပြီး မြင်းချေးနဲ့ရောအုံပေးရင် ဒဏ်ကြေတယ် ဆရာလေးရဲ့'

'ဒေါ်ကြီးပဲ အုပ်ပေးလိုက်ပါဗျာ၊ တစ်ခါတလေ မြန်မာဆေး

က အင်္ဂလိပ်ဆေးထက်တောင်ကောင်းနိုင်ပါသေးတယ်၊ ကျွန်တော်က ဆေးရုံသွားရတော့မှာ နေ့ခင်းကျရင် ဒေါ်ကြီးရဲ့ ဝမ်းမနာသားကောင် ရိုင်းကလေးကို ဒေါ်ကြီးပဲ ကြည့်ထိန်းထား’

ဒေါ်ကြီးစံမယ်သည် မျက်လုံးဝိုင်းသားနှင့် ခေါင်းတဆတ်ဆတ် ညိတ်နေလေသည်။

ဤအိမ်တွင် အေးဆေးငြိမ်သက်သော ငြိမ်းချမ်းရေး အရိပ်အယောင်များ ကွယ်ပျောက်မယောင် ဖြစ်နေပေပြီ။

ထွန်းမင်းနှင့်နန္ဒာ အဓိကရဏ်းတွင် ကိုအောင်သူနှင့်ဒေါ်ကြီးစံမယ်သည် တစ်ဖက်စီသို့မေတ္တာအလေးသာကြသည်။

သူတို့နှစ်ဦး ဘာကိစ္စတွေ၊ ဘာရန်ငြိုးတွေ၊ ဘာအတိတ်ဇာတ်ကြောင်းတွေရှိမှန်းတော့လည်း မသိရချေ။ ကိုအောင်သူ ဆေးရုံမသွားမီ နန္ဒာဆီသို့ သွားရသေးသည်။

‘ဟေး နန္ဒာ’

နန္ဒာသည် အခန်းကိုအလုံပိတ်ထားသည်။ ခေါ်သော်လည်း မထူးချေ။

‘နန္ဒာ’

‘ဘာလဲ’

စိတ်မရှည်သံနှင့်ထပ်ဆင့်ခေါ်သောအခါမှ ဆတ်တောက်တောက် ထူးလေသည်။

‘ငါပြောမယ် နန္ဒာ၊ ငါ အခုဆေးရုံသွားရဦးမယ်၊ ဆေးရုံမှာ အရေးကြီးတဲ့လူနာတွေပုံလို့ မင်းက အရေးထဲမှာတစ်မျောင့်၊ ငါမရှိတုန်း ငါ့သူငယ်ချင်းကို ရိုက်လားနှက်လားထပ်လုပ်ဦးမယ်ဆိုရင် ငါသည်းမခံတော့ဘူး နားလည်လား၊ နောက်ထပ် လက်ဖျားကလေးနဲ့တောင်ထိတယ်လို့မကြားချင်ဘူး၊ မမြင်ချင်ဘူး၊ မင်းတို့ချင်း အရင်က ဘာတွေ

ရန်ငြိုးရှိခဲ့လဲတော့ ငါမသိဘူး၊ ဒါပေမဲ့ ဒီအချိန်မှာထွန်းမင်းဟာ ငါ ခေါ်လာတဲ့ ငါ့ဧည့်သည်၊ ငါ့ရဲ့ဧည့်သည်ကို စော်ကားတာဟာ ငါ့ကို စော်ကားတာနဲ့အတူတူပဲ၊ ဒါပဲ နန္ဒာ ကြပ်ကြပ်မှတ်ထားပါ၊ နောက် တစ်ခါများဆိုရင် ငါ လုံးဝသည်းမခံတော့ဘူး’

ကိုအောင်သူသည် သူ ပြောချင်သမျှကို လေရှည်ကြီးနှင့်ဆက် တိုက်ပြောပြီးမှ စိတ်မောလူမော သက်ပြင်းမှုတ်ထုတ်လိုက်သည်။

အခန်းတွင်းမှကိုယ်တော်မြတ်ကလေး ဘာများပြန်ပြောဦးလေ မည်နည်းဟု အသာနားစွင့်ထောင်မိသေးသည်။

သက်ရှိသတ္တဝါပင်ရှိပုံမရ။ တုတ်တုတ်မျှမလှုပ်၊ ငြိမ်ချက်သား ကောင်းလှလေသည်။

ကိုအောင်သူ လှည့်ထွက်သွားသောခြေသံကြားရသောအခါမှ အခန်းတွင်းမှ မရယ်ချင့်ရယ်ချင်နှင့် လှောင်ရယ် ရယ်လိုက်သောအသံ ကလေးသည် မသဲမကွဲထွက်ပေါ်လာလေသည်။

*

http://myanmarpyithar.net

‘ဒေါ်ကြီးရယ် နန္ဒာ့ကိုအပြစ်မပြောပါနဲ့ နန္ဒာ့ကို မဆူပါနဲ့၊ ကိုယ့်ထက် တစ်ရက် တစ်နာရီ တစ်မိနစ်ကြီးတဲ့လူကအစ ရိုသေရတယ် လေးစား ရတယ်လို့လည်း တရားမချပါနဲ့၊ သူများအသားနာအောင်လုပ်ရင် ငရဲ အိုးထဲ ဇောက်ထိုးကျတတ်တယ်လို့လည်းမခြောက်ပါနဲ့၊ နန္ဒာလေ ငရဲ ကိုလည်း မကြောက်ဘူး၊ ဥပဒေကိုလည်း မကြောက်ဘူး၊ ကဲ ’

နန္ဒာ၏အသံသည် တိုးတိုးညင်းညင်းထွက်ပေါ်နေသည်။ ကို အောင်သူသည် လှေကားတွင် အသာရပ်နေမိသည်။

ကိုအောင်သူရှိရာလှေကားကို ကျောပေးထားသောဒေါ်ကြီးစံ မယ်သည် ဖျာပေါ်တွင်မှောက်အိပ်နေသောနန္ဒာ၏ကျောကို ခပ်သာသာ လေးပွတ်ရင်း ချော့နေဟန်ရှိသည်။

ကိုအောင်သူသည် သည်နေ့စောစောပြန်လာသည်။ အလုပ် ပါးသောကြောင့်လည်း ဖြစ်သည်။ ထွန်းမင်းကို စိုးရိမ်သောကြောင့် လည်း ဖြစ်သည်။

နန္ဒာကိုစိတ်မချသောကြောင့်လည်း ဖြစ်သည်။ ဧည့်ခန်းတွင် ဘယ်သူ့ကိုမှမတွေ့ရ။ တိတ်ဆိတ်လွန်း၊ ငြိမ်သက်လွန်းလှသည်။

ထွန်းမင်းကမူ အေးချမ်းစွာအိပ်ပျော်နေလေသည်။ ဒေါ်ကြီးစံ

မယ် လက်ရာထင်သည်။ လက်ပေါ်တွင် သက်ရင်းကြီးရွက်အုံပြီး ပိတ်ဖြူနှင့်စည်းထားလေသည်။

နန္ဒာ၏အခန်းတံခါးကမူ ပွင့်နေပေပြီ။ ကိုယ်တော်မြတ်ကလေးကိုကား အခန်းတွင်း၌မတွေ့ရပေ။ ဒေါ်ကြီးစံမယ် အပိုင်စားရသော မီးဖိုချောင်၌လည်း မရှိ။

နှစ်ဦးစလုံးပျောက်ချက်သားကောင်းနေ၍ ကျားနာကလေးကိုတောများထုတ်သွားလေရော့သလားဟု တွေးနေမိသေးသည်။

အိမ်ကကျယ်ပြီး လူကနည်းနေသဖြင့် မသုံးဘဲပစ်ထားရသော အပေါ်ထပ်မှ စကားသံလိုလိုကြားရသဖြင့် အသာတက်လာမိခြင်းဖြစ်သည်။

အပေါ်ထပ်သည် နေ့ခင်းဆိုလျှင် အမိုးမှသွပ်အရှိန်နှင့် ပူနေတတ်သောကြောင့် သိပ်မတက်ဖြစ်ချေ။

ဒေါ်ကြီးစံမယ်က ရုံဖန်ရုံခါတက်ပြီးလှည်းကျင်းသည်မှအပ လူသူအတက်နည်းသဖြင့် ဖုန်တသောသောဖြစ်နေတတ်သည်သာများ၏။

ကိုယ်တော်မြတ်ကလေးသည် ဘာစိတ်ကူးပေါက်ပြီး ဖုန်တောထဲ တက်မှောက်နေသည်မသိရချေ။

'ဆရာလေး ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ နန္ဒာရယ်၊ သူ့သူငယ်ချင်းကို ဒီလိုလုပ်တော့ စိတ်ထိခိုက်မှာပေါ့'

'အို အစ်ကိုကြီးက ဘာလို့ ဒီမကောင်းတဲ့လူနဲ့ သူငယ်ချင်းတော်ရတာတုံး'

'အဲဒီလူက ဘာမကောင်းလို့လဲ'

'အို မကောင်းဘူး၊ လူသတ်သမား နည်းနည်းမှမကောင်းဘူး၊ နန္ဒာ့ အစ်ကိုကိုသတ်တဲ့လူ နန္ဒာ့လက်နဲ့ကို ပြန်သတ်ပြမယ်'

'ဟယ် ကလေးရယ်'

ကိုအောင်သူ့ရင်ထဲတွင် ဒိန်းခနဲဖြစ်သွားသည်။ ထွန်းမင်းသည် နန္ဒာ့အစ်ကိုအား သတ်ဖြတ်ခဲ့သည့်သူဆိုပါကလား၊

လူသတ်သမားဆိုပါကလား၊ သည်လိုဆိုပြန်တော့လည်း နန္ဒာသည် တာရာနှင့် တစ်နည်းနည်းနှင့်ပတ်သက်နေပုံရလေသည်။

သို့တည်းမဟုတ် အခြားအမှုတစ်မှုကိုများ ထွန်းမင်းကျူးလွန်ခဲ့လေသလား မသိရချေ။

'မကောင်းဘူး၊ ဘယ်သူမှမကောင်းဘူး၊ မမတာရာလည်း မကောင်းဘူး၊ နန္ဒာလည်း မကောင်းဘူး'

'မမတာရာ အဲဒါ နန္ဒာ့အစ်မလား'

'ဟုတ်တယ်၊ ဒါပေမဲ့ နန္ဒာ မကျေနပ်ဘူး၊ နည်းနည်းမှမကျေနပ်ဘူး၊ လူသတ်သမားကို လွတ်ပစ်တဲ့အစ်မ၊ အို သိပ်မုန်းတယ်'

နန္ဒာ့အသံသည် တိမ်ဝင်သွားသည်။ မျက်နှာကို လက်မောင်းကြားတွင်ဝှက်ထားလေသည်။

ခြေထောက်နှစ်ဖက်ကိုအပေါ်ထောင်ကာ ဝမ်းလျားမှောက်ရင်း မျက်နှာဝှက်ထားသော လူငယ်လေးသည် ကလေးစိတ်မပြယ့်တပြယ်လေးမှန်း သိသာလွန်းလှသည်။

'နန္ဒာကရော ဘာလို့အိမ်ကထွက်ခဲ့ရတာလဲ ကလေးရယ်'

'အို ဒေါ်ကြီးရယ် နန္ဒာမသိဘူး၊ နန္ဒာဘာမှမသိဘူး၊ အဲဒီလူကို ဖမ်းမိထားမှန်းလဲ နန္ဒာမသိပါဘူး ဒေါ်ကြီးရယ်၊ ကိုကို့အလောင်းကိုမြင်ကတည်းက နန္ဒာသတိမေ့သွားတယ်၊ နောက်ပြီး ဖျားတယ်၊ နန္ဒာသတိရရချင်းအိမ်ကထွက်ခဲ့တာပဲ'

'ဘာဖြစ်လို့'

'သွေးကို သွေးနဲ့ချေမှ ကျေနိုင်မှာပေါ့ ဒေါ်ကြီးရယ်၊ တော်ပါ

တော့ နန္ဒာ့ကို ဘာမှဆက်မမေးပါနဲ့တော့ နန္ဒာတစ်ယောက်တည်းနေချင်တယ်'

'အို မဟုတ်သေးပါဘူး နန္ဒာရယ်၊ နန္ဒာ လူမှားနေလားမှ မသိတာ'

'ဟင်း မမှားဘူး'

ကိုအောင်သူသည် အသက်အောင့်ရင်းရပ်နေရာမှ အသာအယာ ပင့်သက်ရှိုက်လိုက်မိသည်။

နန္ဒာအငြိုးတကြီးနှင့် ကလဲ့စားချေရန်လိုက်ရှာနေသော ထွန်းမင်းကိုမှ ဒက်ဒက်ထိအောင် ခေါ်ဆောင်လာခဲ့မိသောကိုယ့်ကိုယ်ကိုပင် အံ့သြမိတော့သည်။ မချင့်မရဲဖြစ်မိတော့သည်။

သူတို့နှစ်ဦးဆုံဆည်းရန် ဖန်တီးပေးသောတရားခံသည် ကိုယ်တိုင်ပင်ဖြစ်နေလေတော့ မည်သူ့ကိုအပြစ်တင်ရမည်မသိတော့ချေ။

တစ်ခါတစ်ရံ တကယ့်အဖြစ်အပျက်များသည် မယုံကြည်နိုင်လောက်အောင် တိုက်တိုက်ဆိုင်ဆိုင်နှင့်ဆန်းကြယ်တတ်လေသည်။

ဒေါ်ကြီးစံမယ်သည် သက်ပြင်းကြီးတစ်ချက်ကို 'ဟင်း' ခနဲချရင်း ထလိုက်သည်။ ကိုအောင်သူလည်း ရပ်နေရာမှ ခြေဖွပြီးအောက်သို့ပြန်ဆုတ်လာခဲ့လေသည်။

သူတို့နှစ်ဦး စကားပြောနေသည်ကို တိတ်တိတ်ချောင်းပြီးနားထောင်နေမိသလိုဖြစ်နေသဖြင့် ဒေါ်ကြီးစံမယ်မမြင်မိအောင် အမြန်ပြန်ဆင်းလိုက်ခြင်းဖြစ်လေသည်။

'ဟေး နေကောင်းပြီလား'

'ကောင်းပါ့ကွာ'

ကိုအောင်သူ အခန်းထဲသို့ဝင်သွားသောအခါ ထွန်းမင်းသည် အိပ်ရာမှနိုးနှင့်ပြီဖြစ်သည်။ မျက်နှာရွှင်ရွှင်လန်းလန်းနှင့် ပြုံးရယ်နှုတ်

ဆက်လေသည်။

နံနက်ကအဖြစ်အပျက်ကို လုံးဝသတိမရသလို သူ့မျက်နှာသည် လန်းဆန်းနေသည်။

'မင်း နန္ဒာ့ကို အရင်ကသိလားသူငယ်ချင်း'

'ဆိုပါတော့'

'ဘယ်လို ပတ်သက်လဲ'

'သူတို့တွေဟာ မောင်နှမတွေပဲ'

'သူရိန်ရယ်၊ တာရာရယ်၊ နန္ဒာရယ်၊ သူတို့သုံးယောက်လား'

'အင်း'

ထွန်းမင်းသည် ကိုအောင်သူကိုမကြည့်တော့ဘဲ မျက်နှာလွှဲလိုက်လေသည်။

ပြူတင်းပေါက်တွင်လာနားသော ဆက်ရက်ကလေး နှစ်ကောင်ကို အဓိပ္ပာယ်မရှိ ငေးကြည့်နေသည်။

'နန္ဒာက သူတို့ရဲ့မောင် အငယ်ဆုံးထင်ပါရဲ့'

'မောင် အငယ်ဆုံးလား၊ အေးလေ ဆိုပါတော့'

'မင်း သူ့ကိုစိတ်မဆိုးဘူးလား'

'ဟင့်အင်း ငါ့အပြစ်နဲ့ငါပဲ'

ထွန်းမင်းသည် သူ့လက်ကိုလှမ်း၍ဖမ်းဆုပ်လိုက်ရင်း ပြုံးလိုက်လေသည်။ ထွန်းမင်း၏လက်များသည် ချွေးစေးများပြန်နေသော်လည်း ပူနွေးနေသည်။

ပန်းချီဆရာ၏လက်များပေမို့ ပျော့ပျောင်းနူးညံ့လှသည်။ ဤလက်များနှင့် လူသတ်ခဲ့သည်ဆိုခြင်းကို ဘယ်လိုနည်းနှင့်မှမယုံနိုင်ချေ။

'သူ့အစ်ကိုကို မင်း တကယ်သတ်သလား ထွန်းမင်းရယ်၊ ငါ့ကို မှန်မှန်ပြောစမ်းပါ'

'ငါသွားတုန်းကတော့ တကယ်သတ်မလို့ပဲ၊ သူသေသွားတော့လည်း ငါ လုံးဝ ဝမ်းမနည်းဘူး၊ ဒါပေမဲ့ ငါ့လက်နဲ့သေတာ မဟုတ်ပါဘူး၊ ငါတွန်းချတာမဟုတ်ပါဘူးကွာ၊ အေးလေ ငါ့ပယောဂကြောင့်လို့တော့ ဆိုနိုင်တာပေါ့'

သည်တစ်ခါတော့ ထွန်းမင်းသည် ကိုအောင်သူ၏မျက်လုံးများကို တည့်တည့်မတ်မတ်စူးစိုက်ကြည့်ရင်းပြောလေသည်။

'နန္ဒာ သူ့အိမ်ကို သူပြန်သင့်ပြီ'

'သူ ပြန်မှာမဟုတ်ပါဘူး'

ထွန်းမင်းက ခိုင်မာစွာပြောလေသည်။ ထိုနေ့ညတွင် နန္ဒာသည် သူ၏ပစ္စည်းပစ္စယလေးများကိုယူငင်ပြီး အပေါ်ထပ်တက်သွားလေသည်။

သူ့ကို အတင်းဆွဲမချနိုင်အောင် တစ်ဆင့်မြင့်သောနေရာသို့ တက်သွားလေသည်လား မပြောတတ်ချေ။

ကိုအောင်သူပစ်ထားရသော အိမ်ပေါ်ထပ်တစ်ထပ်လုံးလှည်းကျင်းပြီး သိမ်းပိုက်လိုက်သည်ကား အမှန်ပင်။

ကိုအောင်သူနှင့် များများမျက်နှာချင်းမဆိုင်ရလေအောင် ရှောင်သွားသည်လည်းဖြစ်နိုင်လေသည်။

'ဟော့ နန္ဒာ၊ နေဦး'

ဖျာလိပ်လေးပိုက်ပြီး အိမ်ပေါ်ထပ်တက်မည့်ဆဲဆဲ နန္ဒာသည် ကိုအောင်သူ့အမိန့်ကြောင့် လှေကားရင်းတွင်ရပ်နေလေသည်။

ဘာအပြစ်ကိုမှ လုပ်မထားသူလို သူ့မျက်နှာထားသည် မှင်သေလှသည်။

'ဒီမှာ ငါထပ်ပြောဦးမယ်၊ မင်း ဒီအိမ်မှာနေတာကတော့ နေပေါ့၊ ဒါပေမဲ့ ငါ့သူငယ်ချင်းကိုတော့ လက်ဖျားနဲ့တောင်မထိပါနဲ့၊

သူဟာ မင်းထင်သလို လူဆိုးကြီးလည်းမဟုတ်ပါဘူး’

နန္ဒာသည် လှောင်ပြုံးကလေး ရိပ်ခနဲပြုံးပြလိုက်ပြီး အိမ်ပေါ် လှည့်တက်သွားလေသည်။

‘နန္ဒာ ငါပြောတာကြားရဲ့လား’

ကိုအောင်သူသည် နန္ဒာ၏လက်ကိုဖျတ်ခနဲ ဖမ်းကိုင်ထားရင်း ထပ်ဆင့်မေးလိုက်သည်။ နန္ဒာသည် ကိုအောင်သူအား ခေတ္တမျှ သုန်သုန်မှုန်မှုန်ကြည့်နေလေသည်။

ငယ်ရွယ်နုနယ်သောမျက်နှာလေးတွင် ထင်ဟပ်နေသော ရန်ငြိုး၏အရိပ်အယောင်များကြောင့် သူ့မျက်နှာလေးသည် ခက်ထန် တင်းမာသယောင် ဖြစ်နေသည်။

အတန်ကြာအောင် မလှုပ်မယှက်ရပ်နေပြီးမှ ခေါင်းကို ဆတ်ခနဲ ညိတ်ပြလေသည်။

‘စိတ်ချပါ၊ လက်ဖျားနဲ့တောင် မထိပါဘူး’

နန္ဒာသည် မျက်နှာထားတည်တည်နှင့် လေးလေးနက်နက် ပြောလိုက်ပြီး ချာခနဲလှည့်တက်သွားလေသည်။

*

တာရာ

နန္ဒာ ကျွန်တော့အိမ်မှာရောက်နေပါတယ်။

တာရာ

ကျွန်တော်က သာယာကုန်းမှာအမှုထမ်းနေတဲ့ မြို့နယ် ဆရာဝန် အောင်သူပါ။

တာရာ

တာရာ့အတွက်ရော ကျွန်တော့အတွက်ပါ အရေးကြီးတဲ့ကိစ္စတစ်ခုကြောင့် စာရေးဖြစ်တာပါ။ နန္ဒာဟာ တာရာ့ရဲ့ မောင်မဟုတ်လား။

ကိုအောင်သူသည် သက်ပြင်းကို ဟူးခနဲမှုတ်ထုတ်လိုက်ရင်း မျက်မှောင်ကြီးကုတ်နေသည်။ ထို့နောက် စာရွက်ကိုလုံးချေကာ အမှိုက်ခြင်းထဲပစ်ထည့်လိုက်သည်။ စထားသမျှစာတွေ စိတ်တိုင်းမကျ။ မတည်မခံ့ဟုထင်မိသည်။ သူ့စာကို စဖတ်လိုက်ကတည်းက တာရာ

၏ ထင်မြင်ချက်သည် သူ့အပေါ်တွင်မြင့်စေလိုသည်။ ကောင်းစေလိုသည်။ စာကိုပင် ကပြက်ကချော်ရေးတတ်သူဟု ထင်သွားမှာစိုးရိမ်နေသည်။

'အောင်သူ မင်းဘာဖြစ်နေတာလဲ'

အိပ်ရာပေါ်တွင် ဝမ်းလျားမှောက်နေသောထွန်းမင်းက မေးလေသည်။ ကိုအောင်သူ၏မျက်နှာသည် ပူခနဲဖြစ်သွားသည်။ သွေးရောင်လည်း ဖျတ်ခနဲလျှမ်းတက်လာသည်။

'ငါ ငါစာရေးနေတာ'

'စာရေးတာကလည်း သက်ပြင်းချလှချေကလား'

'ရိုးရိုးစာပါ'

'အေးပါ ငါကလည်း ဘာပြောလို့လဲ'

'တကယ်ပါ ရိုးရိုးပါ၊ နန္ဒာ့ကိုလာခေါ်ဖို့အကြောင်းရေးတာပါ'

'နန္ဒာ့ကိုလာခေါ်ဖို့ ဘယ်သူ့ဆီ'

'တာရာ့ဆီကို'

ထွန်းမင်းသည် သွေးရောင်လျှမ်းနေသော ကိုအောင်သူ၏ မျက်နှာကို ခေတ္တမျှတွေဝေကြည့်နေလေသည်။ ထို့နောက် အားရပါးရ ရယ်လိုက်သည်။ ပိုပြီးတဟားဟားရယ်နေသောထွန်းမင်းကြောင့် ကိုအောင်သူခမျာ ပြုံးရမလို ရယ်ရမလိုနှင့် အနေခက်လေသည်။ သို့သော် ရင်ထဲတွင်တော့ သက်သာသွားသည်မှာ အမှန်ပင်။

'ဟား ဟား ဟား အောင်သူရာ၊ အဲဒီစာလေးရေးဖို့အရေးများ ဘာလို့ စာရွက်တွေ တစ်ရွက်ပြီးတစ်ရွက်ခြေပစ်နေရတာတုံး၊ ဟား ဟား'

'မင်းဘိုးအေမှပဲ၊ စာကရေးလို့ကိုမချောဘူးကွ၊ ထစ်ထစ်ငေါ့ ငေါ့ ဖြစ်နေတယ်'

'ဟုတ်ပါလိမ့်မယ်၊ ဟား ဟား'

'ဟား ဟား ဟား ဟုတ်ပါရဲ့သာ၊ ငါ့နှယ် ဟား ဟား'

သူနှင့်ပြန်တွေ့ပြီးကတည်းက ပထမဦးဆုံးအကြိမ် နှစ်နှစ်ခြိုက်ခြိုက်ရယ်နေသောထွန်းမင်းကိုကြည့်ရင်း ကိုအောင်သူလည်း အတူရောနှောပြီး ရယ်ဖြစ်သွားလေသည်။

'ရေးမနေပါနဲ့ အောင်သူရယ်၊ သူ့စိတ်ကို လွှတ်ပေးထားလိုက်စမ်းပါ'

'ဘယ်သူ့စိတ်ကိုလဲ'

'နန္ဒာ့ကိုလေ'

'မင်း ရူးနေလား၊ နန္ဒာ့ကိုလွှတ်ပေးထားလိုက်ရင် မင်းခေါင်းကို ဖြတ်သွားမှာပေါ့'

'ဖြတ်နိုင်လိမ့်မယ်မထင်ပါဘူးကွာ'

ထွန်းမင်းသည် မရေမရာပြောလေသည်။ သူ့ကိုသူလည်း သေချာပုံမရချေ။ ခေတ္တမျှတွေဝေနေပြီး ခေါင်းရင်းမှမီးခလုတ်ကို ဖျတ်ခနဲ လှမ်းပိတ်လိုက်လေသည်။

'မင်းစာကြီး ရေးမနေပါနဲ့ဦးကွာ၊ လသာသာ ခြံထဲထွက်လမ်းလျှောက်ရအောင်'

ကိုအောင်သူလည်း ကလောင်တံကိုလက်မှချရတော့သည်။ မီးမှောင်သွားသောကြောင့်လည်းဖြစ်သည်။

ထွန်းမင်းရှေ့တွင် စာဆက်ရေးရန်မဝံ့မရဲနှင့် ရှက်သလိုဖြစ်နေသောကြောင့်လည်း ပါလေသည်။

ခြံထဲတွင် တစီစီအော်နေသော ပုစဉ်းရင်ကွဲအသံလေးများကို နားထောင်ရင်း လမ်းလျှောက်ချင်စိတ်လည်းပေါက်လာလေသည်။

အပြင်ဘက်တွင် မြက်ရိုင်းရှည်များသည် တန့်နွဲ့ညွတ်ရင်း

ခပ်ရိပ်ရိပ်လှုပ်ရှားနေကြသည်။

ပုစဉ်းရင်ကွဲများသည် မြက်ရိုင်းပင်များကြားတွင်ခိုဝင်ပုန်းအောင်းရင်း စီစီညံအောင် တိုးတစ်လှည့် ကျယ်တစ်လှည့်အော်နေကြလေသည်။ ဟုတ်လား မဟုတ်လားတော့မသိ၊ ရင်ကွဲကောင်လေးများသည် အော်မြည်ရင်းမှ ရင်ကွဲနာကျကာ သေပွဲဝင်ကြသည်ဟု ဆိုလေသည်။

သည်လိုဆိုပြန်တော့လည်း ရင်ကွဲအောင် အော်လည်းအော်နိုင်သောသူတို့လေးတွေကို ကရုဏာဒေါသောဖြစ်မိလေသည်။ သူတို့၏အော်မြည်သံစူးစူးလေးနှင့်အတူ မြက်ပင်ရိုင်းများကိုလေတိုးပြီး တရှဲရှဲမြည်နေသံသည် ဆိုင်းချက်သဖွယ်ဖြစ်နေလေသည်။

နှစ်ဦးသားမြေနီလမ်းကလေးမှကွေ့ပတ်ပြီး ဖြည်းဖြည်းသက်သာလျှောက်ခဲ့ကြသည်။

အိမ်ဘက်သို့အမှတ်တမဲ့ လှမ်းမျှော်ကြည့်လိုက်သောအခါ နန္ဒာအပိုင်စားယူထားသောအပေါ်ထပ်တွင် မီးရောင်လဲ့လဲ့လင်းနေသည်ကိုတွေ့ရလေသည်။

အိမ်ရှေ့ဝရန်တာတွင် ပါးလျသောခန္ဓာကိုယ်လေးကို မထင်မရှားတွေ့ရသည်။ နန္ဒာတစ်ယောက်လည်း လရောင်လဲ့လဲ့သာသောညတွင် အိပ်ပျော်နိုင်ဟန်မတူချေ။

'မင်း ချာတိတ်ကလေးလည်း အိပ်လို့ မရသေးဘူးကွ၊ လကိုကြည့်ပြီး ရည်းစားလွမ်းနေပြီထင်တယ်၊ ဒါမှမဟုတ် မင်းကိုဘယ်လိုတီးရ ဆော်ရမလဲ စဉ်းစားခန်းဝင်နေတယ် ထင်ပါရဲ့'

ကိုအောင်သူက ပေါ့ဆဆနှင့်ရယ်ရွှန်းဖတ်ရွှန်း ပြောလိုက်သော်လည်း ထွန်းမင်းသည် မရယ်ချေ။

လရောင်အောက်တွင် ဖွေးဖွေးဖြူနေသော ဇလပ်ပန်းဖြူလေး

များကို ခပ်ငေးငေးကြည့်ရင်း ငြိမ်သက်နေလေသည်။

ကိုအောင်သူလည်း ဘာမျှဆက်မပြောတော့ဘဲ ပါးစပ်ကို အလိုက်တသိပိတ်ထားလိုက်သည်။ မွှေးပျံ့နေသော ပန်းနံ့လေးကိုရှူရှိုက်ရင်း ကောင်းကင်ကိုမော့ကြည့်လိုက်မိသည်။

လရောင်မှိန်မှိန်ဝယ် ကြယ်ကလေးများက ဖျော့ဖျော့လေး လင်းနေကြသည်။ မှေးမှိန်မှိန်ကြယ်လေးများကိုကြည့်ရင်း ခပ်နွမ်းနွမ်း လေးပြုံးနေသော တာရာ့ကိုသတိရသောဝေဒနာသည် အမှတ်မထင် ခံစားနေရချေပြီ။

'သူတို့နှစ်ယောက်ဟာ မောင်နှမဆိုတော့လည်း ရုပ်ချင်းဆင် လာသလိုပဲ၊ မျက်နှာကျပုံ၊ မျက်ခုံးတန်းပုံလေးတွေကအစပေါ့၊ ဒါပေ မဲ့ တာရာ့အသားကဖြူတယ်၊ နန္ဒာကတော့ အသားဝါတယ်နော်၊ နောက်ပြီး တာရာက မျက်နှာထားပျော့တယ်၊ နူးညံ့တယ်၊ နန္ဒာကမှုန် တေတေနဲ့ တင်းတယ်၊ ဒီတော့ မတူသလိုဖြစ်နေတာပေါ့'

ကိုအောင်သူက တွေးတွေးဆဆပြောနေသော်လည်း ထွန်း မင်းသည် ဂရုတစိုက်နားမထောင်ပေ။ ဇလပ်ဖြူဖြူလေးကို ခပ်ဖွဖွနမ်း လိုက်ရင်း 'မိသက်သိပ်ကြိုက်တဲ့ပန်းပေါ့' ဟု ခပ်တိုးတိုးပြောသည်။ ထို့ နောက် မရယ်ချင့်ရယ်ချင်ခြောက်ကပ်ကပ်ရယ်လိုက်လေသည်။

'မင်း ပုံတစ်ပုံကြားဖူးလား အောင်သူ'

'ဘာပုံလဲ'

'ဟိုလေကွာ ငါလည်း အသေအချာတော့မသိပါဘူး သမင်မ က သမင်ကလေးတွေမွေးတိုင်း ကျားမက စားပစ်တော့ စိတ်နာနာနဲ့ လက်စားပြန်ချေရလိုပါ၏ ဆုတောင်းပြီး နောင်ဘဝမှာသူကတစ်ခါ ကျားမရဲ့ကလေးတွေကိုသတ်၊ ဒီလိုနဲ့တစ်ပြန်စီရန်ငြိုးကြီးလာတာ ဘုရားလက်ထက်မှာ လူနဲ့ဘီလူးဖြစ်လာကြတယ်တဲ့၊ လူရဲ့သားသမီး

တွေကို ဘီလူးက တွင်တွင်စားနေတော့ နောက်ဆုံး ဘုရားချွတ်မှ ကျွတ်တာလေ'

'အဲဒီတော့'

ကိုအောင်သူက စကားထောက်ပေးလိုက်သည်။ ထွန်းမင်း၏ မျက်နှာကို အသေအချာအကဲခတ်ချင်သော်လည်း သစ်ရိပ်ကွယ်နေသဖြင့် ထင်ထင်ရှားရှား မမြင်ရပေ။

တစ်စုံတစ်ခုကိုရည်ရွယ်ဟန်ရှိသော်လည်း လိုရင်းအချက်ကို အသေအချာ မသိပေ။

'ဩော် ရန်ငြိုးတို့ ကလဲ့စားတို့ဟာ မကောင်းဘူးလို့ထင်လို့ပါ'

'ထင်မနေပါနဲ့၊ ကောင်းကို မကောင်းပါဘူး'

'အေးလေ၊ ငါ့ကိုကြည့်ပါဦး၊ မိသက်လေးသေလို့ ငါစိတ်ဆိုးတယ်၊ ကလဲ့စားချေမယ်စိတ်ကူးတယ်၊ ငါ့ပယောဂနဲ့ သူရိန်သေတယ်၊ ဒီတော့ သူရိန်ဘက်ကရန်ငြိုးကြီးပြန်တာပေါ့။ နန္ဒာက ငါ့ကိုသတ်ချင်တယ်၊ ကဲ ဆိုပါတော့ အောင်သူရယ်၊ နန္ဒာလက်ချက်နဲ့ငါသေပြီဆိုပါတော့ မင်း ဘာဆက်လုပ်ဦးမှာလဲ'

'ငါလား ဒီချာတိတ်ကို ရေရေလည်လည်တီးပစ်မှာပေါ့ ထောင်ထဲထည့်ပစ်မှာပေါ့'

ကိုအောင်သူသည် တာရာ၏မျက်နှာကို မြင်ယောင်ရင်းမှ ရင်မောစွာပြောလိုက်မိသည်။

ဆိုပါစို့ သူ့သူငယ်ချင်းထွန်းမင်းသာ နန္ဒာလက်ချက်နှင့်သေရမည်ဆိုပါက သူ ဘယ်နည်းနှင့်မျှ လက်ပိုက်ပြီး ကြည့်နိုင်မည်မဟုတ်ချေ။

'မင်းကြောင့် နန္ဒာဒုက္ခရောက်ပြန်တော့ရော တာရာက ခံမတဲ့လား၊ ဆိုကြပါစို့သူငယ်ချင်းရယ် တာရာက မင်းကိုပြန်ပြီးကလဲ့စားချေ

လို့ မင်းသေမယ်ဆိုပါတော့ ညီညီက ရန်ငြိုးမကြီးပေဘူးလား၊ ဒီ သံသရာ ဒီစက်ဝန်းဟာ မဆုံးနိုင်အောင် အမုန်းတွေနဲ့လည်ပတ်နေ တော့မှာပေါ့၊ အမုန်းတွေ၊ သံသယတွေ၊ ရန်ငြိုးတွေ၊ မာန်တွေ ပျောက် ပါစေကွာ'

ထွန်းမင်းသည် ခပ်တိုးတိုးပြောရင်း လရောင်တွင်ဖွေးလက် နေသော ဇလပ်ပန်းလေးများကို တစ်ပွင့်ချင်းရူးယူနေသည်။

'မင်းကိုငါစတွေ့တုန်းက မင်းကြည့်ရတာ သုန်သုန်မှုန်မှုန်နဲ့ နောက်ကျတော့ တစ်ခါတည်းပြောင်းသွားတယ်၊ ဘာဖြစ်တာလဲ'

ထွန်းမင်းသည် လက်ကိုင်ပဝါကိုဖြန့်ကာ ပန်းလေးများကို ထည့်လိုက်သည်။

ထို့နောက် ခပ်သဲ့သဲ့လေးရယ်လိုက်လေသည်။ ကိုအောင်သူ သည် ထွန်းမင်း၏မျက်နှာကို လရောင်မှိန်ဖျော့ဖျော့တွင် စူးစူးစိုက်စိုက် ကြည့်ရင်း အကဲခတ်နေမိလေသည်။

'အရင်တုန်းက ငါ့ရင်ထဲမှာ မုန်းမာန်တွေ ရန်ငြိုးတွေမှပြည့် ကျပ်နေတာ နောက်ကျတော့ အကုန်ပျောက်ကုန်တယ်၊ ရန်ငြိုးတို့ ကလဲ့ စားတို့နေရာမှာ စာနာစိတ် နည်းနည်းဝင်လာတယ်ထင်ပါရဲ့'

'ဘာဖြစ်လို့လဲ'

'ငါ့ကို တရားပြတာက တာရာလေ၊ တာရာကစပြီး အငြိုးတွေ ကို ချေလိုက်တယ်၊ နန္ဒာကတော့ ငယ်သေးတယ်၊ ကလေးစိတ် တဇွတ် ထိုးကလေး သူ့ကို မင်းသိပ်ပြီးမအော်နဲ့ကွာ၊ သူ့ရင်ထဲမှာရှိတဲ့ ငြိုးမာန် တွေနဲ့ပဲ သူ့မှာပူလောင်လှပါပြီ'

'ဩော် တယ်ဟုတ် မောင်ရင့်ကို သကြောင်းကြံနေတော့ရော ကျုပ်က လက်ပိုက်ကြည့်နေရမှာလား'

ကိုအောင်သူသည် ဆောင့်ကြီးအောင့်ကြီးနှင့် ခပ်ငေါ့ငေါ့ပြော

လိုက်မိသည်။ သူ့တွင် ဂြိုဟ်ဝင်နေသည်မှာ ကြာပြီ။

နန္ဒာဟူသည့် ဘုကန့်ကန့်ချာတိတ်ကို ရထားပေါ်တွင် စတွေ့ကတည်းက စနေဂြိုဟ်နှင့်ရာဟုဂြိုဟ်တို့သည် တံခါးမခေါက်ဘဲ တိတ်တဆိတ်ဝင်လာကြဟန်ရှိသည်။

ဘုရားမှာဆုမပန်ဘဲ ခန္တီပါရမီကို အခမဲ့ဖြည့်နေသော ထွန်းမင်းကို ခေါ်လာမိသောအခါတွင်ကား ပါပဂြိုဟ်မင်းပါကြွလာဟန်တူလေသည်။

'အငြိုးခံရတဲ့လူထက် ငြိုးတဲ့လူဟာ ပိုပြီးပင်ပန်းပါတယ်၊ ပူလောင်ပါတယ်၊ သူငယ်ချင်းရာ'

'ပူတော့ ရေခဲတင်ပေးလိုက်ပေါ့ကွ'

'ငါတကယ်ပြောတာပါ၊ ရင်ထဲကရန်ငြိုးဟာ တစ်ခါတလေ အသက်မရှူနိုင်အောင်ကို မောလာတယ်၊ ဆို့လာတယ်'

'သေပေါ့ဟာ'

'ဩော် အောင်သူရယ်၊ ငါက ကိုယ်တွေ့မို့ပြောတာပါ၊ အရင်တုန်းက ငါ့ရင်ထဲမှာနာပြီး မောကျပ်နေတာပဲ၊ ရန်ငြိုးတွေ အမုန်းမာန်တွေဟာ ထုကြီးထယ်ကြီးကိုတက်ပြီး လည်ချောင်းဝအထိလာဆို့နေတယ်၊ ခုလဲ နန္ဒာ ဒီလိုပဲခံစားနေရမှာပေါ့၊ ငါ ကိုယ်ချင်းစာမိပါတယ်၊ ကိုယ်ချင်းစာစိတ်ဟာ သည်းခံခွင့်လွှတ်မှုရဲ့ အရင်းအမြစ်ပဲ'

ထွန်းမင်းက လေအေးအေးနှင့်ခပ်တိုးတိုးပြောသောအခါတွင်ကား ကိုအောင်သူ မထော့နိုင် မငေါ့နိုင်တော့ပေ။

ရီဝေနေသောထွန်းမင်း၏မျက်လုံးများကို ကြယ်ရောင်မှိန်မှိန်၊ လရောင်ရိပ်ရိပ်တွင် ခပ်ရေးရေးတွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

သူတို့နှစ်ဦး အိမ်ဘက်သို့ ဖြည်းဖြည်းသက်သာ ပြန်လျှောက်

လာခဲ့သည်အထိ နန္ဒာသည် ဝရန်တာ၌မလှုပ်မယှက်ရပ်နေဆဲဖြစ်လေသည်။

ဝရန်တာလက်ရန်းကို လက်နှင့်ထောက်ပြီး ခပ်ဖျော့ဖျော့ ရပ်နေသောနန္ဒာသည် သူတို့ကိုဆီးပြီးကြည့်နေပုံရလေသည်။ ဘုကန်ကန်ဂြိုဟ်ကျကျသူငယ်လေးမို့ ဘာတွေများဆင်ကြံ ကြံနေဦးမည်နည်းဟုတွေးရင်း အသည်းအေးမိသည်။

စကားဆက်မပြောမိကြဘဲ တိတ်တိတ်ဆိတ်ဆိတ် လျှောက်နေမိကြသည့်အတွက် ပတ်ဝန်းကျင်ကို ပုစဉ်းရင်ကွဲတို့၏ အော်မြည်သံကသာ စိုးမိုးနေလေသည်။

ကိုအောင်သူသည် တိတ်တိတ်ဆိတ်ဆိတ် လမ်းလျှောက်ရင်းမှ နန္ဒာနှင့် တာရာတို့ကိုယှဉ်ပြီး စဉ်းစားနေမိသည်။

သူတို့နှစ်ဦးအသက်ကွာလျှင် သုံးလေးနှစ်၊ အလွန်ဆုံးငါးနှစ်ခန့်သာကွာမည်ဖြစ်သည်။ သို့သော်လည်း နန္ဒာသည် တာရာ့ထက်ငါးနှစ်ထက်မနည်းပိုပြီး ကလေးဆန်နေလေသည်။

တာရာသည် မျိုးသိပ်နိုင်၊ ခွင့်လွှတ်နိုင်ဟန်ရှိသော်လည်း နန္ဒာသည် အငြိုးကြီးပုံရလေသည်။ ဒေါသကြီးပုံရလေသည်။ အငယ်ဆုံးညီငယ် မောင်ငယ်များသည် ထိုကဲ့သို့ တစ်ဇွတ်ထိုး မိုက်ရူးရဲကလေးများသာဖြစ်ဟန်တူလေသည်။ ထိုတဇွတ်ထိုးကလေးက အိမ်ပေါ်တက်ပြီး ဒေါသစောင်မာန်ကြီးနေလေတော့ ကိုအောင်သူစိတ်မောရသည်မှာအမှန်ပင်။

နန္ဒာကိုလည်း စိတ်မချ၊ ထွန်းမင်းကိုလည်း စိတ်မချ၊ အလုပ်လုပ်ရသည်ပင်မဖြောင့်ချေ။ သူတို့နှစ်ဦး သတ်ပုတ်နေမှာကို ထာဝစဉ်စိုးရိမ်နေမိလေသည်။

သူတို့ကိုခွဲထားရအောင်ကလည်း အိမ်နှစ်အိမ်မရှိ။ တစ်အိမ်

တည်းရှိနေသောနေရာမှ နန္ဒာကလည်းသွားရန်စိတ်ကူးထဲပင်ထည့်ပုံမရ၊ အတင်းတွယ်ကပ်နေသည်။

ထွန်းမင်းကလည်း ပြန်ရန်ဆန္ဒရှိဟန်မတူသေးချေ။ ခပ်အေးအေးပင်နေသည်။ ကြားထဲမှ ကိုအောင်သူသာ စိတ်မောနေရသည်။ သူတို့နှစ်ဦးဆုံကြသည်မှာ ဒီနေ့ပါဆိုမှ သုံးရက်ပင်ရှိသေးသည်။ သုံးလသာဆိုလျှင် ကိုအောင်သူ ဆံပင်ဖြူမည်ဖြစ်၏။ သုံးနှစ်ဆိုလျှင်ကားရူးလေမည်လား မပြောတတ်ချေ။

'သူ မအိပ်သေးဘူး'

ထွန်းမင်းက ခပ်တိုးတိုးပြောလေသည်။ လက်ကိုင်ပဝါထဲတွင်ထုပ်ထားသောဇလပ်ပန်းများမှရနံ့က သင်းသင်းလေးဝေ့ပျံ့နေသည်။ မမွှေးသလို မွှေးသလိုနှင့် ရနံ့က ယဉ်လှလေသည်။

'မင်း ပန်းတွေကိုဘာလုပ်မလဲ ထွန်းမင်းရယ်'

'ဘုရား တင်မယ်လေ'

'ဘုရားတင်မယ် ဟုတ်လား၊ နောက်ပြီး ဘာဆုတွေများတောင်းဦးမလဲ'

'ဒီလိုပဲပေါ့ကွာ'

ထွန်းမင်းသည် မြက်တစ်ပင်ကို အမှတ်မဲ့ဆွဲနှုတ်လိုက်ပြီးလွှင့်ပစ်လိုက်လေသည်။

မြက်ပင်လေးသည် လေထဲတွင်ချာလည်လှည့်ပြီး ဝဲကျသွားသည်။ မြက်တောထဲကျသွားသော မြက်ပင်လေးကိုငေးကြည့်ရင်း ထွန်းမင်းသည် ခပ်နွမ်းနွမ်းပြုံးလေသည်။

ထူထဲသိပ်သည်းသောမျက်ခုံးအောက်မှ မျက်လုံးများသည်ကား ညိုမှိုင်းနေသည်။

ကိုအောင်သူတို့နှစ်ဦး အိမ်ဘက်သို့နီးလာသောအခါ ဝရန်တာ

တွင်ရပ်နေသောနန္ဒာသည် လှုပ်ရှားလာလေသည်။

မှောင်ရိပ်ထဲသို့ ဖျတ်ခနဲဝင်လိုက်သည်။ သူ အပေါ်ထပ်မှ ကြည့်နေကြောင်းကို အသိခံလိုဟန်မတူချေ။

'ချာတိတ်က သူကြည့်နေတာ ငါတို့မသိဘူးထင်နေတယ်၊ တော်တော်လာတယ်၊ မှောင်ထဲများဝင်လိုက်သေးတယ်၊ မော့မကြည့်ပါနဲ့တော့ ထွန်းမင်းရာ၊ ကဲ လာ၊ ငါတို့တွေဟိုဘက်ခြံအဆုံးအထိ ဆက်လျှောက်ကြရအောင်၊ ငြိမ်လိုက်တိတ်လိုက်တာလည်း လွန်ရော၊ သီချင်းလေးဘာလေးများ တစ်ပိုဒ်လောက်ဆိုချင်စိတ် မရှိဘူးလားဟင်'

မှုန်ပျပျကြယ်လေးများကို မော့ကြည့်ရင်း ကိုအောင်သူကပြောလိုက်လေသည်။ သူတို့ငယ်ငယ်က ထွန်းမင်းပန်းချီဆွဲတိုင်း သီချင်းညည်းလေ့ရှိသည်ကို အမှတ်ရသောကြောင့် ဖြစ်လေသည်။

ထွန်းမင်း၏ အသံသည် လုံလုံလဲလဲနှင့် အောင်မြင်သဖြင့် အတော်နားထောင်၍ ကောင်းလေသည်။ 'ကြယ်လေးတွေချစ်စရာ အပြာရောင် ကောင်းကင်မှာ သူတို့ကို တစ်လုံးချင်း ပြုံးပြုံးကြည့်နေရာ မကြာခင်ပြန်ကာပြုံးလို့ သူတို့လည်းကိုယ့်ကိုခင်ကာ ပြုံးတုံ့ပြုံးလှယ် ကြည်စယ်ရှာ' ဟူသော ကိုအံ့ကြီး၏သီချင်းတစ်ပိုဒ်ကို ကြားယောင်နေမိသည်။

ကောင်းကင်ပြာတွင်လင်းလက်လျက်ရှိသော ကြယ်ကလေးများတွင်လည်း တာရာ့ရုပ်သွင်ကို လင်းတစ်လှည့်မှိန်တစ်လှည့် ခပ်ရိပ်ရိပ် ထင်ဟပ်နေသလို ထင်မိသည်။

သို့သော် ထွန်းမင်းသည် ကိုအောင်သူကဲ့သို့ကြယ်ကလေးများကိုကြည့်ရင်း တာရာ့ကို တွေးထင်မြင်ယောင်မိဟန် မရှိချေ။ ကိုအံ့ကြီး၏သီချင်းကိုလည်း အမှတ်ရဟန်မတူချေ။

ကနောင်မင်းသားနှင့်အချင်းများပြီး မြဝတ်စုံကိုဝတ် မြပဝါခြုံ

ပြီးဆင်းသွားသော လှိုင်မင်းသမီးအား အမျက်တော်ပြေစေရန် မောင်ဖေငယ် ရေးဆက်ရသော သီချင်းတစ်ပိုဒ်ကို ကောက်ကာငင်ကာ သီဆိုလိုက်လေသည်။

'သတ်တော်မူရက်တာဖြင့်၊ အသက်ကိုပင် ကျေနပ်အောင်စီရင်၍၊ ပြုချင်တော်တိုင်း၊ ခုခင်နော်ဆိုင်းပါနဲ့၊ ပိုင်းဖို့ရွယ်၊ လက်သုံးတော် သံလျက်ဓားကိုလ ထားအပ်ပါ့မယ် ...'

တိတ်ဆိတ်နေသောဝန်းကျင်တွင် ထွန်းမင်း၏အသံသည် အောင်မြင်သိပ်သည်းစွာ ထွက်ပေါ်လာသည်။

တစီစီညံစီနေသော ပုစဉ်းမြည်သံများကိုလွှမ်းခြုံပြီး စိတ်ပါလက်ပါ သီဆိုလိုက်သောအသံကို နားထောင်ရင်း ကိုအောင်သူသည် ငိုင်တွေတွေ ဖြစ်သွားလေသည်။

အမှောင်ရိပ်ကွယ်ရင်း ရပ်နေသောနန္ဒာသည် တစ်ကိုယ်လုံး တောင့်တောင့်တင်းတင်းလေး ဖြစ်သွားလေသည်။ ထို့နောက် ချာခနဲလှည့်ပြီး အိမ်ထဲဝင်သွားသည်။

ခပ်မှိန်မှိန်လင်းနေသော မီးလုံးကလေးကို ပိတ်လိုက်ဟန်တူသည်။ အပေါ်ထပ်တစ်ထပ်လုံး မှောင်ကျသွားလေသည်။

ထွန်းမင်းသည် မှောင်မိုက်သွားသောအခန်းကို သတိပြုမိဟန်နှင့် ခြောက်ကပ်ကပ်ရယ်လိုက်လေသည်။ ထို့နောက် သက်ပြင်းတစ်ချက်ကို မသိမသာရှိုက်လိုက်လေသည်။

*

ကိုအောင်သူသည် ခေါင်းကိုလေးလေးပင်ပင်ခါးယမ်းပြီး အခန်းအပြင်ဘက်သို့ လှည့်ထွက်လာခဲ့မိသည်။ သူ့မျက်နှာကို အကဲခတ်နေသော အမယ်အိုသည် ကျိတ်၍ငိုကြွေးနေရာမှ အသံထွက်အောင် ရှိုက်ကြီးတငင်ငိုရှာတော့သည်။

ဝေဒနာကြီးစွာခံစားနေရသော သူ၏သားငယ်သည် မေ့မြော နေရာမှ အသက်ပါသေလေတော့မည်ကို မပြောဘဲ သိလိုက်ဟန်တူလေသည်။

'ဆရာရဲ့ ကယ်ပါဦး၊ မကယ်တော့ဘူးလား ဆရာကြီးရယ်'

မကယ်နိုင်ပါ၊ ကိုအောင်သူ လုံးဝမကယ်နိုင်ပါ၊ ကိုအောင်သူ သာမက မိုးပေါ်မှသိကြားမင်းကြီးဆင်းလာလျှင်ပင် မေးခိုင်ရောဂါပိုးက လွန်လွန်မင်းမင်း လူးပုံနေအောင်နှိပ်စက်ထားပြီးဖြစ်သော သားငယ် အား ကယ်တင်နိုင်ရန် မလွယ်ပါချေ။

'အမလေး သားရယ်၊ သံစူးတာက သေးသေးလေးမို့ မနာပါဘူးဆို၊ အဲဒီအနာက အဆိပ်ဖြစ်တာတဲ့ သားရဲ့၊ အမလေး အနာသေး

သေးလေးနဲ့ ငါ့သားလေး သေရှာပေါ့'

ဝေဒနာ၏ပြင်းပြမှုကို မချိမဆန့်ခံစားရင်း အသက်ထွက်သွားပြီဖြစ်သော သားငယ်ကိုကြည့်ကာ မချိတင်ကဲအော်ငိုနေသောအသံကို နားမထောင်ရက်တော့ပေ။

ဖြေသိမ့်စကားလည်း မပြောနိုင်ပါချေ။ သားသေသောမိခင်အား ရင်အေးစေရန် မည်ကဲ့သို့ဖြေသိမ့်ရလေမည်နည်း။ အားပေးရလေမည်နည်း။

'သံစူးတာ သံပြားရှတာကအစ ဂရုတစိုက်ဆေးလေးဘာလေး ထည့်ကြပါ ဦးကြီးတို့ရယ်၊ ဖုန်ကောက်သိပ်လိုက်ရင် သွေးတိတ်တာပဲဆိုပြီး ပေါ့လျော့ကြတော့ ရောဂါပိုးကသွေးကြောထဲရောက်တော့တာပေါ့'

ပြောမည့်သာပြောရသော်လည်း ရင်ထဲတွင်မောနေသည်။ တစ်နေ့လုပ်မှ တစ်နေ့စားရသော လယ်ကူလီ၊ သူရင်းငှားများသည် သံစူးတာလောက် ဓားရှတာလောက်ကို ဆေးရုံလာပြရန် အားကြမည်မဟုတ်ပါချေ။

ပရုပ်ဆီလေးလူးလိုက်၊ တစ်ခါတစ်ရံ ပေပေတေတေ ဖုန်မှုန့်များ ကောက်သိပ်လိုက်နှင့် ပျောက်သည့်အခါလည်း ပျောက်ခဲ့ကြတော့ ဂရုစိုက်မိမည်လည်း မဟုတ်ပေ။

သို့သော်လည်း အလစ်ချောင်းနေသော မေးခိုင်ပိုးက သွေးကြောထဲ ဝင်သွားသောအခါ၌ကား အနာပျောက်ဖို့နေနေသာသာ အသက်ပါ မပျောက်အောင် မနည်းကြီး သေမင်းလက်ထဲမှ လုကြရသည်။

အတန်ငယ်နောက်ကျလျှင်ကား ရင်သေမင်းကို လက်မြှောက်အရှုံးပေးလိုက်ရသည်သာဖြစ်သည်။

အကြောများတွန့်ဆွဲကုန်ပြီး လူးပုံ့ရင်း ပါးစပ်ဟမရဘဲ မေး ခိုင်ကာ မချိမဆန့်သေဆုံးရသောသူများကို မကြည့်ရက် ကြည့်ရက်နှင့် လက်ပိုက်ကြည့်နေရတော့လေသည်။ ဆရာဝန်ရင့်မကြီးလည်း ဘာဆို ဘာမျှမတတ်နိုင်တော့ချေ။

'တစ်ခါတလေ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေမွေးရင်လည်း ချက်ကြိုးကို နှီးကြိုးနဲ့ဖြတ်တာရှိသေးတယ်၊ အဲဒီနှီးမှာ ရောဂါပိုးတွေ တစ်ပုံတစ်ခေါင်းပါတတ်တာပေါ့ ဒေါ်ကြီးတို့ရာ၊ ကလေးမွေးတုန်းက တော့ အကောင်း၊ မွေးပြီး မကြာဘူး မေးခိုင်သေတော့တာပေါ့၊ ဘာ ကြောင့် သေလဲတောင် အသေအချာမသိကြဘူး၊ ဒါကြောင့်မို့ ကလေး မွေးတာကအစ သားဖွားဆရာမနဲ့ မွေးပါလို့ ကျွန်တော်တို့တစ်တွေ အထပ်ထပ်တိုက်တွန်းနေရတာပေါ့'

နီးစပ်ရာလူနာများကို တတ်အားသမျှ ရှင်းပြမိသည်။ ခေါင်း တညိတ်ညိတ်နှင့်တော့ နားထောင်ကြသည်သာဖြစ်သည်။ သူတို့တွေ အနည်းငယ်နားလည်သွားလျှင်ပင် ရှင်းရကျိုးနပ်မည်မို့ မမောနိုင် မပန်း နိုင် တရားဟောဆရာအလုပ်ကိုပင် လုပ်ဆောင်နေမိလေသည်။

ခုနစ်နှစ်လုံးလုံးသင်ရသော ဆေးပညာတွင် အပြောအဟော ကောင်းအောင်သင်ပေးသော သင်တန်းမရှိခဲ့ချေ။

မြို့နယ်များတောရွာများကို ဆင်းရသောဆရာဝန်ဟူသမျှကို စကားပြောသင်တန်းတစ်ခုလောက်တော့ အရင်တက်ခိုင်းဖို့ကောင်း သည်။ ရိုးအ လှသော တောင်သူဦးကြီးများကို နားလည်လာအောင်၊ ဆေးရုံကိုမကြောက်အောင်၊ အားကိုးလာအောင် ပြောရသည်မှာ လွယ် မယောင်နှင့်ခက်လှသည်။ အနာသေးသေးလေးမှ ပိုးဝင်ပြီးသေရသည် ဆိုသည်ကိုပင် ယုံကြည်ရန် ခက်ခဲသောသူတို့၏ဘဝတွင် တစ်သား တည်းကျအောင် ဝင်ပြီးပေါင်းသင်းတွေးတောပြီးမှ အရိုးဆုံး အရှင်းဆုံး

စကားနှင့် ရှင်းပြရမည်ဖြစ်သည်။

'သားရယ် သားရဲ့ ရေနစ်တုန်းကတောင်မသေဘဲ ရှင်လာတဲ့ ငါ့သား၊ ဖျားတုန်းကလည်း မသေ၊ အခု သံကလေးစူးခါမှ သေရတယ်'

ကိုအောင်သူသည် အသက်ကိုပြင်းပြင်းရှူရင်း ဆေးရုံအပြင်ဘက်သို့ထွက်ခဲ့သည်။ ဆရာဝန်တစ်ဦးပင်ဖြစ်သော်လည်း သေသောသူ၏ဆွေမျိုးများကိုကြည့်ရင်း ရောနှောပြီး တင်းတင်းကျပ်ကျပ်ဝေဒနာကို ခံစားရမြဲဖြစ်လေသည်။ ရှိသမျှအင်အားလေးနှင့်ခုခံတိုက်ခိုက်ပြီး သေမင်းကို အရှုံးပေးသွားရသော မျက်နှာနွမ်းနွမ်းများကိုလည်း မကြည့်ချင်မမြင်ရက် မချိတင်ကဲဖြစ်ရ ရင်နာရတတ်လေသည်။

'မကြားဝံ့ တရားသူကြီး၊ မမြင်ဝံ့ ဆေးသမား' ဟု ဆိုစကားရှိလေသည်။ ကိုအောင်သူအဖို့ကား ခုချိန်ထိအောင် သွေးမအေးနိုင်သေးချေ။ သေသောသူကိုလည်းကောင်း၊ ကျန်ခဲ့သူကိုလည်းကောင်း မတုန်မလှုပ် အေးအေးဆေးဆေးကြည့်နိုင်စွမ်းမရှိသေးချေ။

ကိုအောင်သူသာမက သူနာပြုဆရာမလေးများလည်း စိတ်ကောင်းဟန်မတူချေ။ မျက်ရည်လေးတဝဲဝဲနှင့်ရှောင်ထွက်လာသော ဆရာမလေးနုနုအေးကိုတွေ့ရသည်။

'ဟေး အောင်သူ'

ညင်သာသောလက်တစ်ဖက်သည် ကိုအောင်သူ၏ ပခုံးကို ဆုပ်ကိုင်လိုက်သည်။ ထွန်းမင်းဖြစ်သည်။ ဘယ်အချိန်က ဆေးရုံရှေ့ရောက်နေသည် မသိရချေ။

'မင်း ဘာဖြစ်လာတာလဲ'

'ဘာဖြစ်လို့လဲ'

'မျက်နှာမကောင်းလို့'

'မသေသင့်ဘဲ သေရတာတွေ များတယ်ကွာ၊ မင်းကရော

ဘယ်အချိန်ကရောက်နေတာလဲ'

'အခုလေးတင်ပဲ အိမ်မှာနေရတာပျင်းပြီး ညောင်းတာနဲ့မှန်းဆပြီးထွက်လာတာ မင်းဆေးရုံလေးက သိပ်မသေးပါဘူး'

'လိုသေးတယ် အများကြီးလိုသေးတယ်၊ ဆေးဝါးကအစ ပစ္စည်းကိရိယာအဆုံး ဘာမှသိပ်မပြည့်စုံသေးဘူး'

'ငါ ပိုက်ဆံရှိတော့ လှူပါ့မယ်ကွာ'

ထွန်းမင်းသည် စိတ်ပါလက်ပါ ကတိပေးလေသည်။ ဆေးရုံရောက်ပြီး လောလောလတ်လတ်သေဆုံးသွားသူလေး၏အလောင်းကို သယ်ထုတ်လာသောအခါ မျက်နှာ မသိမသာပျက်သွားပြီး ငေးကြည့်နေလေသည်။

မျက်ရည်သွယ်သွယ်ကျနေသော မိခင်ကြီးသည် ငိုရှိုက်ရင်း လိုက်ပါလာသည်။ ဖခင်ဖြစ်သူမှာကား မေးကြောကြီးများထောင်လာအောင် အံကြိတ်ထားလေသည်။

ထွန်းမင်းသည် ကြေကွဲဖွယ်ရှုခင်းကို တွေဝေစွာကြည့်နေပြီး ပင်ပန်းမောဟိုက်စွာ ပင့်သက်ရှိုက်လိုက်လေသည်။

'ငါ အိမ်ကထွက်ခဲ့တော့ ညနေသုံးနာရီလောက်ပဲရှိသေးတယ်၊ ပျင်းပျင်းနဲ့လျှောက်လိုက်တာ သင်္ချိုင်းကုန်းဘက်တောင်ရောက်သွားသေးတယ်၊ အဲဒီကမှကွေ့ပြီး ဆေးရုံဘက်လျှောက်ခဲ့တာ၊ မင်းတို့မြို့လေးက သာယာပါတယ်'

'ပန်းချီဆွဲစရာကော တွေ့ခဲ့လား'

'တွေ့ခဲ့တယ်'

ထွန်းမင်းက ခပ်သွက်သွက်ပြောလေသည်။ မြို့လုံးပတ်လည် လှည့်ကြည့်ခဲ့ပြီး အတန်ငယ်စိတ်ပြောင်းနေဟန်ရှိသည်။ ပန်းချီဆရာ၏ စုတ်တံနှင့် လက်ချောင်းလေးများ ပြန်လည်အသက်ဝင်တော့မည့်ဟန်

ကို တွေ့ရလေသည်။

'စိတ်ထဲမှာတော့ သိပ်မပီပြင်သေးဘူး၊ ဝိုးတိုးဝါးတားပဲ၊ သချိုင်းကုန်းကို မည်းမည်းရိပ်ရိပ်ဆွဲမယ်၊ မှတ်တိုင်လေးတွေက မသဲမကွဲပေါ့၊ အဲဒီအပေါ်မှာ သစ်ပင်အိုကြီးကတစ်ပင်တည်း၊ အကိုင်းကျဲကျဲနဲ့အထီးကျန်ကြီးပေါ့၊ ဇရာရဲ့အရိပ်အရောင်တွေပါစေရမယ်၊ အဲဒီအောက်မှာမှ အုတ်ဂူလေးတွေ၊ ဘေးမှာကလေးတွေ ကစားနေကြတယ်၊ ကလေးတွေကိုလည်း မပီမပြင်သဏ္ဍာန်ပေါ်ရုံပဲဆွဲမယ်ကွာ၊ ကားနာမည်ကိုတော့ 'အစ၏အဆုံး' လို့ပေးရမလား၊ 'အဆုံး၏အစ' လို့ပေးရမလား မသေချာသေးဘူး'

ထွန်းမင်းသည် ဘဝအစ ကလေးငယ်မှ သေဆုံးရသည်အထိ လူ့ဘဝနိဂုံးကိုပါ ပန်းချီကားတစ်ချပ်တည်းနှင့်ခြုံပြီးပြလိုဟန်ရှိသည်။

မည်သို့ပင်ဆိုစေ စိတ်ဝေဒနာကြောင့် ရပ်တံ့နေခဲ့ရသောထွန်းမင်း၏လက်ချောင်းကလေးများ ပြန်လည်သွက်လက်လာမည်ဆိုလျှင် သာယာကုန်းသို့ခေါ်ရကျိုးနပ်ပေပြီ။

'ကောင်းပါတယ်ကွာ၊ မင်း အိမ်ရောက်ရင် ဆေးဘူးနဲ့စုတ်တံကို ပြင်ပေတော့'

ဆေးရုံနှင့် အတော်လှမ်းလှမ်းသို့ရောက်သည်ထိ နှစ်ဦးသားလမ်းလျှောက်ခဲ့မိကြသည်။ ခပ်ဝေးဝေးတွင် ထုံးဖွေးဖွေးနှင့် သပ္ပာယ်လှသော ကပ်ကျော်စေတီကို ဖူးမြင်ရသည်။

စေတီကိုအုပ်မိုးနေသော ထန်းပင်ညိုညိုများနောက်မှ နေဝန်းနီနီသည် တဖြည်းဖြည်းနိမ့်ဆင်းလာလေသည်။

ကိုအောင်သူတို့နှစ်ဦးလည်း မြို့ပတ်လမ်းမှကွေ့ပြီး အိမ်ဘက်သို့လျှောက်ခဲ့ကြသည်။ ညနေစောင်းပေပြီ။ မကြာမီ နေဝင်ပေတော့မည်။

နေထွက်မှ နေဝင်၊ နေဝင်ပြီးလျှင် ညဥ့်ရောက်၊ ညဥ့်ကုန်ဆုံးသော် နံနက်မိုးသောက်၊ ဩော် ဒီလိုနှင့်ပင် တစ်နေ့ကုန်ဆုံးရဦးတော့မည်ပါတကား။

'နန္ဒာရော'

'ဒေါ်ကြီးစံမယ်နဲ့ပေါ့၊ ငရုတ်သီးထောင်းပေးနေတယ် ထင်ပါရဲ့'

'အဲဒီအဒေါ်ကြီးနဲ့ အဲဒီချာတိတ်ကတော့ လိုက်ပါ့ကွာ၊ ဟန်ကိုကျနေတာပဲ'

သူတို့အိမ်ပြန်ရောက်သောအခါ နေလုံးကွယ်ပျောက်နေချေပြီ။ နီရဲသောရောင်ခြည်ကသာလျှင် ယှက်ဖြာပြီးကျန်ရစ်လေသည်။

ကောင်းကင်ပြာတွင်နေရောင်ခြည် သွယ်တန်းကျန်ခဲ့ပုံလေးမှာ အိပ်မက်ဆန်လှသည်။

အိမ်နောက်ဖေး လယ်ကွင်းထဲမှဗိုင်းတစ်အုပ်သည် အနောက်ဘက်သို့ ရှေးရှုပျံသွားကြသည်။ ပြာပြာလွင်သောကောင်းကင်တွင် ဆေးစက်ဖြူဖြူလေးများ တငြိမ့်ငြိမ့်လွင့်ပါးသည်နှင့်ပင် တူချေတော့သည်။

ထွန်းမင်းသည် ခြံဝဇလပ်ပင်မှ ဇလပ်ပွင့်လေး တစ်ပွင့်ကိုဆွတ်ယူလိုက်ရင်း ခပ်သာသာ ရှူက်နမ်းလိုက်သည်။

ထို့နောက် လက်ထဲတွင်လှည့်ကစားရင်း ခပ်တွေတွေလျှောက်လာလေသည်။ ပန်းချီဆွဲရန်ပင် စိတ်ကူးနေသလော၊ နန္ဒာ့ကိုပဲ တွေးနေသလော၊ တာရာ့အကြောင်းကို စဉ်းစားနေသလော၊ မိသက်ကလေးကိုပဲ တမ်းတနေသလော၊ ကိုအောင်သူ မသိနိုင်ချေ။

ထမင်းစားခန်းဘက်ဆီမှ ဇွန်းသံ၊ ပန်းကန်သံကြားရသည်။ ဒေါ်ကြီးစံမယ် ထမင်းပွဲပြင်နေသည်ထင်သည်။ မွှေးပျံ့သော ငါးပိချက်နံ့နှင့်အတူ ဆူးပုပ်ရွက်ဟင်းချိုနံ့ကိုပါ ရှူရှိုက်မိသည်။ ပေါ်ဦးပေါ်ဖျား

ခဝဲသီးနုနုကလေးများနှင့် ဒညင်းသီးစိမ်းနုနုများကိုပါ စားရဦးမည်ထင်သည်။ အနံ့ရှူရင်းမှ ဝုန်းခနဲဆာလောင်လာသောဗိုက်ကို ပွတ်လိုက်မိသည်။

'အခုမှ ဆာလိုက်တာကွာ၊ ရေမချိုးဘဲ ထမင်းစားချင်လာပြီ၊ နန္ဒာဆိုတဲ့ငတိလေးတော့ တုတ်နှင့်ပြီထင် ဟာ ဟာ ဟာ ဟေး ထွန်းမင်း'

အဖြစ်အပျက်သည် မြန်ဆန်လှချေသည်။ စကားပြောရင်း အမှတ်မဲ့အပေါ်လှမ်းကြည့်မိသော ကိုအောင်သူသည် အပေါ်ဘက်ဝရန်တာမှ ထွန်းမင်းခေါင်းပေါ်တည့်တည့် စိုက်ကျလာသော ပစ္စည်းတစ်ခုကို ရိပ်ခနဲတွေ့လိုက်ရသည်။

ဘာမှန်းတော့မသိ။ သို့သော် ထွန်းမင်းကို အားကုန်ဆောင့်တွန်းလိုက်ပြီး ကိုယ်ကိုယ်တိုင်လည်း နောက်ဖက်သို့ ခုန်ဆုတ်လိုက်မိသည်။

'ချလွမ်း ခွမ်း'

'ဟာ'

မြေကြီးနဲ့ရိုက်မိပြီး အစိပ်စိပ်အမွှာမွှာကွဲသွားသော ပန်းအိုးကို ကြည့်ရင်း တုန်တုန်လှုပ်လှုပ်ဖြစ်သွားမိသည်။ ယခင်လူများနေထိုင်စဉ်က ဝရန်တာတွင်ထုတ်ပြီး စိုက်ထားသော နှင်းဆီပန်းအိုးဖြစ်သည်။

ကိုအောင်သူလက်ထက်တွင် ရေမလောင်း ဘာမလောင်းပစ်ထားသဖြင့် ညှိုးရော်သွေ့ခြောက်သွားသည်မှာ ကြာချေပြီ'

'ဘာ ဘာဖြစ်တာလဲ'

အားကုန်ဆောင့်တွန်းလိုက်သဖြင့် မြေပေါ်တွင် သုံးလေးပတ်လိမ့်ပြီး လဲသွားသောထွန်းမင်းသည် နေရာမှလူးလဲထလာလေသည်။ အခြေအနေကို လုံးဝနားလည်နိုင်ဟန် မတူချေ။ ဘာဖြစ်သွားသလဲ

သိပုံမရချေ။

ကိုအောင်သူကိုယ်တိုင်လည်း ကြေမွနေသော ပန်းအိုးကို မျက်လုံးအပြူးသားနှင့်ကြည့်ရင်း စိတ်ထဲတွင် ယောက်ယက်ခတ်နေသည်။ ဝရန်တာအုပ်ခုံပေါ်ရှိပန်းအိုးသည် သူ့အလိုလို ခြေထောက်ပေါက်ပြီး ခုန်ဆင်းလာခြင်းတော့ လုံးဝမဖြစ်နိုင်ပေ။

'နန္ဒာ ဟေး နန္ဒာ၊ မင်းဘယ်မှာလဲ'

'နန္ဒာ့ကို အိမ်ပေါ်ထပ်တွင်တွေ့ရသည်။ နံရံကိုမှီကာ ခြေဆင်းထိုင်ရင်း ဝတ္ထုဖတ်နေလေသည်။ တဝုန်းဝုန်းပြေးတက်လာသောခြေသံကို မကြားသည့်အလား၊ ဝတ္ထုကို သဲသဲမဲမဲစိတ်ပါဝင်စားစွာ ဖတ်နေလေသည်။

'နန္ဒာ'

ကိုအောင်သူ ခပ်ဆတ်ဆတ်ခေါ်လိုက်သည်။ ကြားပုံမရ။ ဝတ္ထုတွင် အလွန်စိတ်ဝင်စားနေဟန်ရှိသည်။ ဝတ္ထုအမည်သည်ကား 'မွန်တီခရစ္စတိုနယ်စားကြီး' တကယ့်ကို ကလဲ့စားဝတ္ထု၊

'ဟေး နန္ဒာ နန္ဒာ'

'ဩော် အစ်ကိုကြီး'

ခပ်ကျယ်ကျယ် ကပ်အော်လိုက်သောအခါမှ ကြားသည့်ဟန်နှင့် ခေါင်းထောင်လာသည်။ တုန်တုန်လှုပ်လှုပ်ဖြစ်နေသော ကိုအောင်သူအား မျက်လုံးလေးအဝိုင်းသားနှင့် အထူးအဆန်းကြည့်နေလေသည်။

'မင်း ဘာလုပ်တာလဲ နန္ဒာ'

'အား ကျွန်တော်လား ဝတ္ထုဖတ်နေတာလေ၊ သိပ်ကောင်းတဲ့ဝတ္ထု အတော်စိတ်ဝင်စားစရာကောင်း'

'တော်စမ်း နန္ဒာ မင်းပန်းအိုးကြီးကို တွန်းချတယ်မဟုတ်လား'

'ဟင် ဘယ်က ပန်းအိုးလဲ'

'ဒီအချိုးမျိုးတွေ တော်တော့နန္ဒာ၊ အူသလိုလို ကြောင်သလိုလိုနဲ့ အိမ်ရှေ့ဝရန်တာကပန်းအိုးကြီးက ခြေထောက်ပေါက်လာလို့ ထွန်းမင်းခေါင်းပေါ် ခုန်ချတတ်မှာလား'

နန္ဒာသည် ရိပ်ခနဲပြုံးလိုက်ပြီး ကိုအောင်သူအား အေးအေးဆေးဆေး ကြည့်လိုက်လေသည်။ ဖတ်လက်စစာအုပ်ကို အသာချထားလိုက်ပြီး နေရာမှထလာသည်။ ဆွယ်တာနီရဲရဲသည် သူ့အသားဝါနှင့်ဟပ်ပြီး ဝင်းနေသည်။

'ပန်းအိုးက ခြေထောက်ပေါက်တယ်လား၊ ကျွန်တော် တစ်ခါမှ မကြားဖူးပါဘူး၊ ဒါပေမဲ့ တစ်ခါတစ်လေ မကြားဖူးတာတွေလည်း ဖြစ်တတ်တာပဲ'

နန္ဒာသည် အရိုးခံမျက်နှာထားနှင့်ပြောလေသည်။ သူ့ကြည့်ရသည်မှာ မှင်သေလှသည်။ ဘာပြစ်မှုကိုမှ လုပ်မထားသကဲ့သို့ ဣန္ဒြေကောင်းလှသည်။

ခံရဖန်များလာပြီဖြစ်သဖြင့် ကိုအောင်သူ သိပ်မအ တော့ချေ။ ဒေါသရိပ်များလည်း ညို့တက်လာသည်။

'ထွန်းမင်း ခေါင်းပေါ် ပန်းအိုးကြီးကျလာတယ်'

'ဟုတ်လား'

'ငါမြင်လို့ ထွန်းမင်းကို တွန်းလိုက်ရတယ်'

'အင်း ကံကောင်းတယ် ဆိုရမှာပေါ့'

'ပန်းအိုးကို ဘယ်သူတွန်းချတာလဲ'

'ဩော် မသိ'

'နန္ဒာ မင်း တွန်းမချဘူးလား'

'ဟား အစ်ကိုကြီး မြင်လို့လား'

နန္ဒာသည် နဖူးပြင်ပေါ်တွင်ဝဲကျနေသော ဆံပင်များကို

လက်နှင့် သပ်တင်လိုက်ရင်း ခပ်ဆတ်ဆတ် ပြောလေသည်။ သူ့ကို စိုက်ကြည့်နေသော ကိုအောင်သူ၏မျက်လုံးများကို ရဲရဲဝံ့ဝံ့ ပြန်လည် စူးစိုက်ကြည့်နေသည်။

ရဲရဲနီနေသော နှုတ်ခမ်းများသည် မခိုးမခန့်သရော်ပြုံးလေးကို သဲ့သဲ့ ပြုံးနေသည်။

'ဒီအချိုးမျိုးတွေကိုတော်တော့နန္ဒာ၊ ထွန်းမင်းတစ်ခုခုဖြစ်သွား ရင် မင်းကို ငါဒီအတိုင်းကြည့်နေမယ်ထင်သလား'

ကိုအောင်သူက အလေးအနက်ပြောလိုက်မိသည်။ မခိုးမခန့် နှင့် ကိုအောင်သူ့ကို တည့်တည့်စိုက်ကြည့်နေသော နန္ဒာ၏မျက်လုံးညို များတွင် မျက်ရည်ကြည်များဝေ့ဝဲလာသည်။ နှုတ်ခမ်းကို မသိမသာ ကိုက်ပြီး ခေါင်းငုံ့လိုက်လေသည်။ ကြမ်းပြင်ကို ဖနောင့်နှင့်ပွတ်တိုက် ရင်း မျက်တောင်တဖျပ်ဖျပ်ခတ်နေလေသည်။

'ကျွန်တော့ ကိုကိုလည်း တိုက်ပေါ်က ကျသေတာပဲ၊ ကျွန် တော် ဒီအတိုင်းပဲကြည့်နေရတယ်၊ လက်ပိုက်ပြီး ကြည့်နေရတယ်'

အသံတိမ်တိမ်နှင့်တုန်တုန်ယင်ယင်ပြောပြီး နံရံကိုခပ်လျော့ လျော့မှီလိုက်သည်။ နာကြည်းကြေကွဲနေဟန်နှင့် ညိုမှိုင်းနေသောမျက် လုံးများကို အောက်ဘက်သို့စိုက်ထားသည်။ ဆံပင်ပျော့ပျော့များဝဲကျ နေသောနဖူးပြင်တွင် ချွေးများစို့နေသည်။

ကိုအောင်သူ သက်ပြင်းကို ဟင်းခနဲချလိုက်မိသည်။ အငြိုးကြီး စိတ်မှတ်ကြီးလှသည့် နန္ဒာဟူသည့်လူငယ်လေး၏ရင်ထဲမှ အငြိုးနာကို မည်သည့်ဆေးနှင့်ကုမှ ပျောက်မည်နည်းဟု ဆရာဝန်အတွေးနှင့်သာ တွေးမိတော့သည်။ အနာကိုသိသော်လည်း ဆေးကိုကား ရှာမတွေ့ပါ ချေ။

'တို့တိုင်းပြည်ဟာ ဥပဒေမဲ့တဲ့တိုင်းပြည်မဟုတ်ဘူး နန္ဒာ၊ မင်း

မဲ့တိုင်းပြည်လည်း မဟုတ်ဘူး၊ ဥပဒေရေးရာ အတိအကျနဲ့ အရေးယူလို့ ရရင် ယူပေါ့၊ ကိုယ်ထင်ရာ ကိုယ်လုပ်၊ ကိုယ့်မြင်း ကိုယ်စိုင်းနေလို့တော့ မဖြစ်ဘူး၊ ထွန်းမင်းကိုလည်း ဥပဒေနဲ့အသေအချာစစ်ပြီးသားပဲ'

နန္ဒာသည် အခန်းနံရံကို ဝုန်းခနဲ မှီလိုက်သည်။ ထို့နောက် ဝုန်းခနဲထိုင်ချလိုက်သည်။ ခြေထောက်တစ်ဖက်က ဆင်းကာ တစ်ဖက်က ထောင်ရင်း ခေါင်းငိုက်စိုက်ချထားသည်။ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး သက်ကိုပြင်းပြင်းရှူနေသည်။

ဘာပဲဖြစ်ဖြစ်ကွာ၊ မင်း ငါ့အိမ်ပေါ်မှာနေပြီး တွေ့ကရာတွေလုပ်နေတာတော့ ငါသည်းမခံနိုင်ဘူး၊ မင်း လုပ်ချင်ရာလုပ်ချင်ရင် ဒီအိမ်မှာ မနေနဲ့၊ ဒါပဲ'

ကိုအောင်သူသည် ခပ်မာမာပြောလိုက်ပြီး လှည့်ဆင်းလာခဲ့သည်။ စိတ်ထဲတွင် ဝေနေသည်။ တွေနေသည်။ ထွန်းမင်းအတွက်လည်း စိတ်မကောင်း၊ နန္ဒာ့အတွက်လည်း စိတ်မချမ်းသာ၊ သူတို့နှစ်ဦး၏ ပြဿနာသည် ကိုအောင်သူထင်သည်ထက်ပိုပြီးကြီးနေသည်ကို အသေအချာသဘောပေါက်ပြီး ရင်မောနေမိသည်။ လွယ်လွယ်ကူကူနှင့်တော့ စေ့စပ်၍ရနိုင်လိမ့်မည်မထင်။

'ဟာ ဟ ဆွဲချချင်ရင်လည်း ဆွဲချပေါ့'

မကြားတကြားပြောလိုက်သော နန္ဒာ့အသံကို အသေအချာကြားလိုက်သော်လည်း မကြားချင်ဟန်ဆောင်ကာ ဆင်းလာခဲ့မိသည်။ သူနှင့် အခြေအတင်ပြောနေ၍တော့ ဆုံးခန်းတိုင်တော့မည် မဟုတ်ချေ။

ထွန်းမင်းကို ဧည့်ခန်းထဲတွင်တွေ့ရသည်။ ပြတင်းပေါက်ပေါင်ကိုမှီရင်း ငြိမ်ငြိမ်သက်သက်ငေးနေသည်။ ဇာခန်းဆီးဖြူဖြူကလေး လူးကာလွန့်ကာနှင့် သူ့မျက်နှာကို ပွတ်တိုက်ကစားနေလေသည်။ သူ့လက်ထဲတွင် ပန်းအိုးမှ စဉ်ကျသွားသော အပွင့်လေး တစ်ခုကို

ဆုပ်ထားသည်။

'မင်းတို့ပြဿနာက မသေးပါလား ထွန်းမင်းရာ၊ ငါ စိတ်ညစ်လာပြီ'

ကိုအောင်သူက စိတ်ပျက်လက်ပျက်ပြောသောအခါမှ လှည့်လာသည်။ သူ့မျက်နှာသည် တည်ငြိမ်နေသော်လည်း မသိမသာ ဖြူရော်နေလေသည်။

'ကလေးပဲကွာ၊ သူမှ စိတ်မပြေသေးဘဲ၊ ငါ စိတ်မဆိုးပါဘူး'

'ဘာပြောတယ်'

'တစ်နေ့နေ့တော့ သူ နားလည်လာမှာပါ'

ထွန်းမင်းသည် ပန်းအိုးပဲ့လေးကို လက်နှင့်ခပ်ဖွဖွပွတ်နေလေသည်။ ထို့နောက် အိတ်ထဲသို့အသေအချာထည့်လိုက်သည်။

မှူးလှျှင်ရှူရန် သိမ်းထားရသလားဟုတွေးရင်း စိတ်ချဉ်ပေါက်ဟန်နှင့် မကျေမနပ်ကြည့်နေသော ကိုအောင်သူအား ခပ်နွမ်းနွမ်းပြုံးပြသည်။ သူ့မျက်နှာသည် မလန်းသော်လည်း မျက်လုံးများက မျှော်လင့်ချက်နှင့် အရောင်တောက်နေလေသည်။

*

'ဟေး ကောင်ကြီး အောင်သူ၊ ငါ့ယောက်ဖ အောင်သူ၊ မင်းနှမရည်းစား လာနေပြီလေ၊ ထွက်ပြီးဖူးမြော်စမ်းပါဦး'

'သူငယ်ချင်းရေ၊ အိပ်လှချေကလား၊ နေ ဖင်ထိုးနေပြီကွ'

တံခါးဝကို တဝုန်းဝုန်းပုတ်ပြီး အော်နေသောအသံများကို ကြားရသည်။ တစ်ဖက်ခုတင်မှ ထွန်းမင်းသည် လွန့်လာသော်လည်း ခေါင်းအုံးကြီးကို ခေါင်းပေါ်ဆွဲတင်ပြီး ဆက်အိပ်နေသည်။ ထရန် စိတ်ကူးပုံမရချေ။

တနင်္ဂနွေရက်အားကလေးမို့ အေးအေးဆေးဆေးအိပ်မည် စိတ်ကူးနေသော ကိုအောင်သူသည်လည်း အတော်စိတ်တိုသွားသည်။ အသံကွဲကွဲကြီးကို ပေတေ နားထောင်ပြီး အသံရှင်ကို စဉ်းစားနေမိသည်။

ပျာပျာလောင်လောင်အော်နေသော အသံကိုလည်း ကြားဖူးသည်။ ရင်းရင်းနှီးနှီးကိုသိသော်လည်း အမည်မဖော်နိုင်သေးချေ။

သူ့ သူငယ်ချင်းသည် သာယာကုန်းသို့ တကူးတကန့် လာလည်လိမ့်မည်တော့ မထင်မှတ်ချေ။ သို့သော် သာယာကုန်းတွင်မူ သူ့ အိမ်ရှေ့လာပြီး ယောက်ဖဟုအော်ရဲသူ တစ်ဦးတစ်ယောက်မျှ မရှိချေ။

'ဘာလို့ ဒီလောက်အော်နေတာလဲ၊ အစ်ကိုကြီး အိပ်နေတယ်'

http://myanmarpyithar.net

'အယ်'

နန္ဒာ့အသံကိုကြားရသည်။ ဒေါ်ကြီးစံမယ်မရောက်မီ နံနက်စောစော ရေမွေးကျိုထားလေ့ရှိသော နန္ဒာသည် မနေနိုင်သဖြင့် ထွက်လာဟန်ရှိသည်။ မောင်းကွဲကြီးကို စည်းမကိုက် ဝါးမကိုက် ထင်သလို ထုနေသကဲ့သို့ တစ်ယောက်တစ်ပေါက်အော်နေသောအသံများသည် ရုတ်ခြည်းတိတ်ကျသွားလေသည်။

'မနိုးသေးဘူးလား'

'ဒီတစ်နေ့ပဲ အိပ်ရေးဝဝအိပ်ရတာ ကျွန်တော် မနိုးရဲဘူး၊ ဧည့်ခန်းထဲမှာ ထိုင်စောင့်နေကြပါလား'

'ကောင်းပါပြီခင်ဗျား၊ ဒါနဲ့ မင်းက အောင်သူရဲ့'

'ဟုတ်ကဲ့ အစ်ကိုကြီးရဲ့ညီပါ'

'ဟင် ညီညီ အောက်မှာ လှဲ့နိုင်တစ်ယောက်တည်းရှိတာပဲ၊ အောင်သူက ညီတစ်ယောက် ညီမတစ်ယောက်ပဲရှိတာ မင်းက'

'ဩ် အဟင်း၊ ကျွန်တော်က အဲဒီ လှဲ့နိုင်ရဲ့ယောကျ်ားပေါ့'

ခုတင်ပေါ်တွင် ဇိမ်မပျက်မှိန်းနေသော အောင်သူသည် ဝုန်းခနဲ ခုန်ထမိတော့သည်။ အပြင်းထူပြီး အအိပ်မက်သည့်အတွက် တစ်ဦးတည်း လုလုပပလေး ညီမလေးတစ်ယောက်ကို နန္ဒာဟူသည့် ချာတိတ်က မောင်ပိုင်စီးသွားချေပြီ။

'ဟောဗျာ လှဲ့နိုင် ဘယ်တုန်းက လက်ထပ်လိုက်တာလဲ'

'အဟဲ့ တစ်လလောက်ပဲ ရှိသေးတယ်'

ထွန်းမင်းသည် ကိုအောင်သူကိုကြည့်ကာ ကျိတ်ပြီးရယ်နေလေသည်။ မဖြစ်ချေတော့၊ မျက်ချေးအထပ်ထပ်ကိုပင် သုတ်မပစ်အား။ ကြာလျှင် ညီမတစ်ယောက်လုံး ကုန်ချေတော့မည်။ အခန်းတွင်းမှ အပြေးအလွှားထွက်လာရတော့သည်။

ဧည့်ခန်းတွင်း၌ မျက်နှာမသာမယာထိုင်နေသော တိုးမောင်၊ သန်းအေးနှင့်ဘလှမြင့်တို့ကိုတွေ့ရသည်။ ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားပြီး မြူးပျော်သွားသည်။ ငယ်ငယ်ကတည်းက တေဖော်တေဖက်၊ ကစားဖော် ကစားဖက်များပေမို့ တွေ့ရသောအခါ အသံကိုရုတ်ခြည်းမမှတ်မိသော မိမိကိုယ်မိမိ အပြစ်တင်မိသည်။

'ဟာ ဟာ ဟေ့ကောင်တွေ၊ အမယ်လေး ဘယ်က ဘယ်လိုမျက်စိလည်လာကြတာတုံး'

'ဟေး အောင်သူ၊ မင်းနှယ်ကွာ အအိပ်ကလည်းကြီးလိုက်တာလွန်ပါရော'

ကုလားထိုင်လက်ရန်းပေါ်တွင် တင်ပျဉ်လွှဲထိုင်နေသော နန္ဒာ၏ရှေ့မှောက်၌ အစီအရီတန်းလျက်ကြောင်တက်တက်ထိုင်နေကြသော ဧည့်သည်သုံးဦးသည်အတော်ပင်စိတ်သက်သာသွားကြဟန်တူသည်။

ခပ်ရွှင်ရွှင်ပြုံးနေသော နန္ဒာသည် ကိုအောင်သူကိုတွေ့သောအခါ ရုတ်ခြည်းတည်သွားလေသည်။ မျက်တောင်လေး တစ်ချက်နှစ်ချက်ခပ်ပြီး မသိမသာ မတ်တတ်ရပ်လိုက်သည်။

'မင်းတို့အသံတွေကို ကြားတော့အကြားသား၊ ဒါပေမဲ့ မင်းတို့လို့မှမထင်ဘဲ၊ ပေအိပ်နေတာပေါ့၊ အားပါး ဝလိုက်တဲ့ကောင်ကြီးကွာ၊ မင်း ခုထိပဲ အစားပုပ်တုန်းပဲလား၊ ဘလှမြင့်ကတော့ အသားမည်းလာတယ်ကွာ၊ အောင်မယ်လေးဟဲ့၊ ငါ့ကောင်တွေ လာမှလာကြသေးတယ်'

'အေးကွာ ဘလှမြင့်ကခေါ်လို့ ငါတို့တွေ ပြည်ကို လိုက်လည်ကြတာ၊ ပြည်ကနေတစ်ဆင့် ပေလီသွားကြသေးတယ်၊ သက်သာတယ် မောင်ရင်၊ လေယာဉ်ခက နည်းနည်းလေးရယ်၊ အခု သတိရလို့အောင်သူဆိုတဲ့ကောင် သာယာကုန်းမှာလုပ်နေတယ်ဆိုပြီး ပြည်ကအပြန်ဝင်လာကြတာ၊ ငါတို့တွေ ဒီမှာထမင်းစားကြမယ်၊ လေကန်ကြ

မယ်၊ တစ်ညအိပ်ဖြစ်ရင်အိပ်မယ်၊ နက်ဖြန်မှ ရန်ကုန်ပြန်မယ်၊ ကဲ’

သန်းအေးသည် လေရှည်ကြီးနှင့် တောက်လျှောက်ပြောပြီး အမိန့်ချလိုက်သည်။ တက္ကသိုလ်မရောက်မီကတည်းက ပွေတေပြီး လည်ပင်းဖက်ပေါင်းသင်းခဲ့သူများမို့ တစ်ဦးကိုတစ်ဦး မညှာမတာ အနိုင်ကျင့်လေ့ရှိကြသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် မိန်းမရသွားသော ဘလှမြင့်သည် သူတို့သုံးဦးထဲတွင် အပွေဆုံးဖြစ်သည်။ ကလေးသုံးဦး ပင် ရနေပြီဖြစ်၍ ခုထက်ထိ ဂေါ်မစွံနိုင်သော သန်းအေးထက် အများ ကြီး ဝါပိုကြီးနေပြီဖြစ်သည်။

သူတို့နှစ်ဦးလုံး ကုန်သည်ယောင်ယောင်၊ ပွဲစားယောင်ယောင် နှင့် အတော်ကြီးပွားနေကြပြီဖြစ်သည်။

တိုးမောင်သည်ကား အင်ဂျင်နီယာဖြစ်နေချေပြီ။ မိမိအစွမ်းနှင့် စွံလမ်းမမြင်သဖြင့် နှမချောချောရှိသောသူငယ်ချင်းများဆိုလျှင် အသေ အလဲလိုက်ကပ်လေ့ရှိသည်။

‘ဒါ ဒါနဲ့ နေပါဦး၊ လွဲ့နိုင်လေး လက်ထပ်သွားတာ ငါတို့ တောင် မသိသေးဘူး’

‘တိုးမောင်သည် နှမြောတသသောမျက်နှာနှင့် မေးသည်။ ကို အောင်သူသည် နန္ဒာ့ကိုဆတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ ဘယ်အချိန် က လစ်သွားသည်မသိရချေ။ နန္ဒာ့ကို မတွေ့ရတော့ချေ။

‘ဟော့ကောင် နန္ဒာ’

ရယ်ချင်စိတ်တစ်ဝက်၊ ဒေါသစိတ်တစ်ဝက်နှင့် အော်ခေါ် လိုက်မိသည်။ ထူးသံကိုမကြားရ။ တစ်ချောင်ချောင်တွင် ဝင်ကပ်ပြီးပုန်း နေပြီထင်ရသည်။

‘အဲဒီလူက လွဲ့နိုင်ယောကျ်ား မဟုတ်လား’

‘တော်စမ်းကွာ တော်စမ်း၊ အလကားကောင်လေး ရှုးရှုး ချာချာ

နဲ့၊ တွေ့ကရာတွေလျှောက်ပြောနေတာ၊ ငါ့နှမအပျိုအစစ်ကွ၊ မင်း မျှော်လင့်ချက် မကုန်သေးဘူး ကဲ'

'တော်သေး တော်သေးတာ၊ ဟာ ဟာ ဟောဗျာ အဲဒါကို ထွန်းမင်း ထွန်းမင်း မဟုတ်လား၊ အမယ်လေး တစ္ဆေခြောက်တယ်၊ ငါ့လိပ်ပြာရေ ကလူ ကလူ ပြန်လာ ပြန်လာ'

ထွန်းမင်းသည် ရုပ်အင်္ကျီဖိုသီဖတ်သီနှင့်အခန်းထဲ သွက်သွက်ဝင်လာသည်။ ထွန်းမင်းရောက်နေကြောင်း မပြောထားမိသဖြင့် ဖြုန်းခနဲတွေ့လိုက်ရသော တိုးမောင်သည် ပါးစပ်ကြီးအဟောင်းသားနှင့် အံ့အားသင့်သွားပုံရလေသည်။ ထွန်းမင်းကို လက်ညှိုးကြီးထိုးရင်း ပေါက်ကရအော်နေလေသည်။

ထွန်းမင်းအနားရောက်လာပြီး ပခုံးကို ဖြန်းခနဲ ရိုက်လိုက်သောအခါမှ သတိဝင်လာပြီး စကားရပ်သွားသည်။ သန်းအေးသည် ထွန်းမင်း၏လက်ကိုဖမ်းဆွဲပြီး ညှစ်ကိုင်ထားလေသည်။ ထွန်းမင်း၏မျက်နှာကို စိတ်မကောင်းသလို အသေအချာကြည့်နေသည်။

'မင်း ဒီကိုရောက်နေတာကိုး၊ ငါတို့တွေ မင်းအိမ်ကိုရောက်သေးတယ်၊ သုံးလေးခေါက်ပဲ၊ ဘယ်သွားမှန်းမသိတာနဲ့ လှည့်ပြန်လာရတာချည်းပဲ။ မင်းသတင်းကိုလည်း နောက်ဆုံးသတင်းစာထဲပါမှ တိုးမောင် ပြလို့သိရတာ၊ ဘယ်လိုဖြစ်တာလဲ'

'ဒီလိုပေါ့ကွာ၊ အသက်တစ်ရာမနေရ၊ အမှုတစ်ရာ တွေ့ရတာပေါ့'

အမှုအကြောင်း ရှည်ရှည်ဝေးဝေး ပြောလိုဟန် မရှိသော ထွန်းမင်းသည် စကားကိုဖြတ်လိုက်သည်။ သန်းအေးသည်လည်း အလိုက်တသိနှင့် ဆက်ပြီးမမေးတော့ချေ။ လိပ်ပတ်လည်အောင် သိချင်သော်လည်း အနာဟောင်းသည် အသစ်ဖြစ်မည်ကိုကား လိုလားဟန်မတူ

http://myanmarpyithar.net

ချေ။

မကြာမီ ဒေါ်ကြီးစံမယ်သည် ဘူးသီးကြော်နှင့်ငှက်ပျောကြော်တို့ကို ဗန်းနှင့်ထည့်ပြီးယူလာသည်။ အငွေ့ပင် ကောင်းစွာမသေသေးသော ပူပူနွေးနွေးဘူးသီးကြော်များသည် ကြွပ်ပြီးရွနေသည်။ မန်ကျည်းမှည့်ရည်နှင့် ငရုတ်ရည်ဖျော်သည်ကား ဒေါ်ကြီးစံမယ် အိမ်ဖြစ်လက်ရာ ထင်သည်။

'မြန်လှချေကလား ဒေါ်ကြီးရ'

'နန္ဒာလေးရယ် ကျွန်မအိမ်လိုက်လာတယ်၊ အိမ်မှာ ဧည့်သည်တွေရောက်နေတယ်ဆိုတာနဲ့ အုန်းပင်တန်းက မလှအေးဆိုင်မှာ တစ်ခါတည်းဝင်ဝယ်လာခဲ့တာ၊ ရေနွေးကတော့တည်ထားတယ်၊ ဆူလုပါပြီ'

သည်လိုဆိုပြန်တော့လည်း နန္ဒာသည် အလိုက်သိလှချေသည်။ မနက်စောစောရောက်လာသော ဧည့်သည်များသည် ဆာလောင်လာလိမ့်မည်ကို အတတ်တွေးမိဟန်ရှိသည်။ ဧည့်ခန်းတွင်းမှလစ်ထွက်ပြီး နောက်ဖေးပေါက်မှဆင်းသွားဟန်ရှိသည်။ ဒေါ်ကြီးစံမယ်အိမ်နှင့် ကိုအောင်သူ၏အိမ်သည် တစ်ခေါ်လောက်သာဝေးသဖြင့် မြန်မြန်ထွက်သွားပြီး သတင်းပို့နိုင်ခြင်းဖြစ်လေသည်။

'နန္ဒာရော'

အိမ်ဘေးက ချောင်းထဲမှာ ငါးဖမ်းမလို့တဲ့၊ ငါးသလဲထိုးတွေ အရမ်းကျနေတယ်၊ သံလုံးနဲ့မိပေါက်တို့မောင်နှမက ဖမ်းမယ်လုပ်နေတာ၊ သူလည်း ကူဖမ်းပေးမယ်ဆိုပြီး နေရစ်တယ်'

'ချောင်းထဲဘာထဲ ချော်ပြုကျနေပါ့မယ်ဗျာ'

'ချောင်းက မနက်ပါဘူး ဆရာလေးရဲ့'

ကိုအောင်သူ ကိုယ့်ကိုယ်ကိုပင် အံ့ဩမိသည်။ သူ့အိမ်ပေါ်တက်ပြီး မိုလ်ကျနေသော သတ္တဝါလေးပေါ်တွင် သံယောဇဉ်နှင့် စိုးရိမ်

မှုက အပြည့်ရှိနေလေသည်။ စိတ်ချင်ပေါက်မိသည်နှင့်အမျှ သံယော ဇဉ်လည်း တွယ်မိနေဟန်တူသည်။

တာရာ့ဆီကို အကြောင်းကြားမည်ဟူသော ကြံရွယ်ချက်က လည်း ခုထိ မအောင်မြင်သေးချေ။ ထွန်းမင်းက တားသောကြောင့်လည်း ဖြစ်သည်။ စာကို ပြေပြစ်ချောမောအောင် မရေးနိုင်သောကြောင့်လည်း ဖြစ်လေသည်။ ထို့အပြင် နန္ဒာလုံးဝမပြန်ချင်သေးသည်ကို ဖွတ်အတင်း နှင်ရန်လည်း မစွမ်းသောကြောင့်ဖြစ်ဟန်တူလေသည်။

သူတို့သူငယ်ချင်းတစ်စု အကြော်စုံစားရင်း ရောက်တတ်ရာရာ ပြောနေကြသည်မှာ အချိန်ပင် ဘယ်လိုကုန်သွားမှန်းမသိလိုက်ချေ။ မီးဖိုချောင်မှမွှေးပျံ့တက်လာသော မဆလာနံ့ကိုရှူရှိုက်ရသောအခါမှ နံနက်ထမင်းစားချိန် ရောက်လုနေပြီကို သတိထားမိတော့သည်။

ဆိတ်သားဟင်း ချက်နေပြီထင်သည်။ ဒေါ်ကြီးစံမယ် ချက် သော ဆိတ်သားဟင်းသည် ဆွေမျိုးမေ့အောင် စားကောင်းသည်မို့ ထမင်းပင် ဆာသလိုဖြစ်လာသည်။ ငရုတ်စိမ်းကဲသော မုန်လာချဉ်ရည် နံ့ကိုပါရှူရှိုက်မိသည်။ ထမင်းတော့ အသေအချာစားကောင်းဦးမည် ဖြစ် လေသည်။

'ကဲ သူငယ်ချင်းတို့ ရေမိုးချိုးကြကွာ၊ ခဏနေရင် ထမင်းစား ကြရအောင်'

ကိုအောင်သူက လောဆော်သောအခါမှ တိုးမောင်သည် နေ ရာမှ ထလေသည်။ အစားမက်သူပီပီ အနံ့ရှူရင်း ထမင်းဆာလာဟန်ရှိ သည်။ ထွန်းမင်းနှင့်ဘလှမြင့်သည်ကား ဥပါလိသိမ်မှ နံရံဆေးရေး ပန်းချီများအကြောင်း ဆွေးနွေးနေကြသည်။

ဘလှမြင့်သည် ပန်းချီမဆွဲသော်လည်း ပန်းချီ ပန်းပု ပညာ အကြောင်းကို အတော်အတန်တီးမိခေါက်မိသူဖြစ်သည်။ သူတို့စကား

ထဲတွင် ပီကာဆိုလည်း ပါသည်။ ဟင်နရီမိုးလည်း ပါသည်။ ပေါ်ဦး သက်လည်းပါသည်။ ကိုအောင်သူတို့ စိတ်မဝင်စားချေ။ နားလည်း မလည်လှချေ။ သန်းအေးက တစ်ခွန်းနှစ်ခွန်းဝင်မေးသော်လည်း သိပ် နားလည်ပုံမရချေ။

'ဟေး ရေသာချိုးခိုင်းတယ်၊ ဘယ်မှာချိုးရမှာလဲကွ'

တိုးမောင်သည် ကိုအောင်သူ၏ပုဆိုးဟောင်းတစ်ထည်ကိုဆွဲ ဝတ်လာရင်း အော်မေးသည်။ ပုဆိုးပေါက်နေသောနေရာသည် နောက် ဘက်ရောက်နေသည်ကို လှည့်မဝတ်ဘဲ လက်နှစ်ဖက်နှင့်ပိတ်ထား သည်။ ရေချိုးခန်းထဲတွင် စည်ပိုင်းတစ်ဝက်သာရှိသောရေသည် သူတို့ အားလုံးချိုးလောက်မည်တော့ မဟုတ်ချေ။

'တောပဲကွာ ခြံထောင့်မှာ ရေတွင်းရှိတယ်၊ ကိုယ့်အားကိုယ် ကိုး ကိုယ့်ဟာကိုယ်ငင်ပြီး ချိုးပေတော့'

'ဆရာဝန်ကြီးကလည်း စုတ်ပါ့ကွာ'

တိုးမောင်သည် ပုဆိုးဖင်ပေါက်ကိုပိတ်ရင်း ဆတ်တောက် ဆတ်တောက်လျှောက်သွားသည်။ ရေတွင်းမှရေသည် စိမ့်ပြီးအေးနေ သည်။ ရေကို ကိုယ့်ဟာကိုယ်ငင်ပြီး ချိုးရသည်မှာ အရသာ တစ်မျိုးဖြစ် သည်။ ရေပုံးကိုလျှောချစဉ် ဝီခေါ်အောင်လည်သွားသော စက်သီးအဆုံး ၌ ရေမျက်နှာပြင်နှင့်ရေပုံးတို့ ဖြန်းခနဲထိသွားသောအသံသည်ပင် နား ထောင်ကောင်းသလိုရှိသည်။

အဆင်းလွယ်သလောက် အတက်ခက်သောရေပုံးကို အားနှင့် မာန်နှင့်ဆွဲတင်ပြီး တစ်ကိုယ်လုံးလောင်းချလိုက်သောအခါ စိမ့်ပြီးအေး မြသွားလေသည်။ ဆာမိသည် သူ့ဆရာရေငင်နေသည်ကိုမကြည့်ရက် ၍ ရေတွင်းမှရေထမ်းကာ ရေချိုးခန်းရှိ ရေစည်တွင် ဖြည့်ပေးလေ့ရှိ သည်။

သို့သော် ကိုအောင်သူသည် အရင်လိုသောအခါမှလွဲ၍ ရေချိုးခန်း၌ရေချိုးလေ့မရှိပေ။ တွင်းရေအေးအေးကိုငင်ရသည်မှာ တစ်ခါတစ်ရံ အညောင်းအညာပြေစေရန် လေ့ကျင့်ခန်းလုပ်သည်ထက်ပင် ကောင်းသေးသည်။ ထွန်းမင်းသည်လည်း ရေတွင်း၌ရေချိုးရသည်ကို နှစ်သက်ဟန်ရှိသည်။ ကြွစောင်းစောင်း နန္ဒာတစ်ယောက်သာ တစ်ခါမှရေတွင်းနားမကပ်ချေ။ ဆာမိခပ်သမျှရေကို သူတစ်ယောက်သာ ဒိုင်ခံချိုးမည့်သူရှိသည်။

'ခိုင်းတော့သက်ဝေ ... အချစ်စမ်းချင်စမ်း .. မစမ်းချင်နေထူးတဲ့ ခင်မင်တာတွေ ... အသက်ကို နှင်းရန်တောင်ပင် ငြိုငြင်ဘူးရှင့် .... အသင့်လိုရာစေ'

တိုးမောင်သည် ရေတဝုန်းဝုန်းချိုးရင်း ကုန်းဟာစ်နေသည်။ လူကသာ ဝသော်လည်း သူ့အသံတွင်တော့ အဆီပိတ်မနေချေ။ စိတ်လွတ် ကိုယ်လွတ် ပျော်ပျော်ပါးပါးနေလေ့ရှိသောကြောင့်လည်း လူကျန်းမာ စိတ်ချမ်းသာပြီး အဝတိုးနေဟန်ရှိသည်။

'အဟောဟေး ချမ်းတယ်၊ အမေရေ ချမ်းတယ်၊ တွင်းရေဆိုတာ အေးတယ် ချမ်းတယ်'

တိုးမောင်သည် တခိုက်ခိုက်တုန်ဟန်ပြုရင်း ခုန်ဆွခုန်ဆွနှင့် ပြန်လာသည်။ စက်ရုံရှိအလုပ်သမားများကို အင်ဂျင်နီယာကြီးသည် ဤကဲ့သို့ပင် ရယ်မောပျော်ရွှင်စွာနှင့် အုပ်ချုပ်လေရော့သလား မသိရပါချေ။

'ပေလီမှာ ပန်းချီဆွဲစရာတွေအများကြီး၊ သဲပြင်ပြန့်ပြန့် အုန်းပင်တန်းနဲ့ ပင်လယ်ပြာပြာ မိုးပြာပြာရဲ့နောက်ကွယ်က ဘဝတွေကို ဖော်နိုင်ရင် သိပ်ကောင်းမှာ၊ ငါ ပန်းချီမဆွဲတတ်လို့'

'ငါလည်း ပေလီကိုမရောက်ဖူးသေးဘူး'

'ငါသာဆိုရင် ပင်လယ်ရေကို အနီခြယ်မယ်၊ ကောင်းကင်က ခရမ်းရင့်ရင့်'

'ဘာဖြစ်လို့'

'ဒီပင်လယ်ရေထဲမှာ ဘ၀၀မ်းစာရှာရင်း အသက်တွေ သွေးတွေ စတေးခဲ့ကြ ဆုံးရှုံးခဲ့ကြတာတွေ နည်းတာမှမဟုတ်ဘဲ၊ ကမ်းခြေမှာ အပန်းဖြေလာကြတဲ့သူ သုံးလေးယောက်ကိုဆွဲမယ်၊ ဟို ခပ်ဝေးဝေးမှာ တော့ ပင်လယ်ရေက လှိုင်းလုံးကြီးတွေကြမ်းနေမယ်၊ အဲဒီကြားမှာ ငါးဖမ်းလှေတစ်စင်းကို ရေးရေးရိပ်ရိပ်လေးပဲ ဆွဲမယ်လေ၊ ငါသာဆွဲတတ်ရင် ပြောတာပါ'

'ဟား ဟား မင်းလည်း မဆွဲနဲ့ ငါလည်းမဆွဲဘူး၊ လောလော ဆယ်ဆယ် စားဖို့အရေးကြီးတယ်၊ ထစမ်း ရေချိုးစမ်း၊ သောက်ကျိုးနည်း လေက ရှည်လွန်းတယ်'

တိုးမောင်သည် ဘလှမြင့်၏ပခုံးကို ဆွဲထူရင်း တွန်းလိုက်သည်။ သူတို့ဘက်လှည့်မလာခင် ထွန်းမင်းနှင့်သန်းအေးတို့သည် ထပြေးကြ လေသည်။ ဗီတိုအာဏာနှင့် အကြမ်းဖက်လိုက်သောအခါမှ အစီအရီ ရေတွင်းဘေးရောက်ကုန်ကြတော့သည်။ တိုးမောင်ကြီး ထမင်းဆာသဖြင့် စိတ်တိုနေပြီထင်သည်။

သူ့ကို ရွဲ့ပြီး ရေကိုအကြာကြီး ဇိမ်ဆွဲချိုးနေရန် သန်းအေးက အဖော်ညှိနေသေးသည်။ တိုးမောင်ကို စရသည်မှာအရေးမကြီး၊ ရေတွင်းရေကအေးသလို ဝေ့ခနဲ ဝဲခနဲသုတ်ဖြူးလာသော တောင်လေပြည်ကလည်းစိမ့်လှသည်။ တိုးမောင်ကြီးစိတ် လက်တစ်ဆစ်သို့မရောက်မီ ချမ်းပြီးမာလကီးကုတ်မည်ကအရင်မို့ လက်လျှော့လိုက်ကြရသည်။

'ဟ မွှေးနေတာပဲ၊ ဒေါ်ကြီးက သိပ်ဟင်းချက်ကောင်းတာကိုး ဟေ့၊ ဒါနဲ့ မင်းချာတိတ်ရော၊ ဟို မင်းယောက်ဖကလေးလေ'

ထမင်းပွဲတွင်ထိုင်မိကြသောအခါမှ သန်းအေးသည် နန္ဒာကို သတိရလာဟန်ရှိသည်။ တစ်မနက်လုံး ပျောက်ချက်သားကောင်းနေသော နန္ဒာကြောင့် ဒေါ်ကြီးစံမယ်လည်း ကူမည့်သူမရှိဘဲ တစ်ဦးတည်း အလုပ်များခဲ့ရလေသည်။

'ငါ့ယောက်ဖတော့ဟုတ်တယ်၊ ဒါပေမဲ့ သူက လဲ့နိုင်ယောကျ်ား မဟုတ်ဘူး၊ ငါကသာ သူ့အစ်မကို ယူရမှာ'

'သူ့အစ်မက ဘယ်သူလဲ'

'ဩော် ငါ့ရည်းစားပေါ့ကွ'

ကိုအောင်သူသည် ရွှတ်နောက်နောက်ပြောလိုက်သည်။ ပြုံးရယ်နေသောထွန်းမင်း၏မျက်နှာသည် လုံးဝညိုမည်းသွားသဖြင့် ရင်ထဲတွင် ရှင်းသွားသည်။ သို့သော် နောက်ဘက်မှ မကျေမနပ် မြည်တမ်းသံလေး ကိုကြားလိုက်ရသည်။

နန္ဒာဖြစ်သည်။ နောက်ဖေးတံခါးပေါက်တွင်ရပ်ရင်း ကိုအောင်သူ့ကို ခပ်မှုန်မှုန်ကြည့်နေလေသည်။ သူ့တစ်ကိုယ်လုံး ရွှံ့အလူးလူးနှင့် ပေတူးနေသည်။ ဘောင်းဘီကို ခြေသလုံးတစ်ဝက်အထိ ပင့်လိပ်တင်ထားပြီး တစ်တောင်လောက်ခုံဖိနပ်ကြီးကိုစီးထားသည်။ ခြေထောက် ကငယ်ပြီး ဖိနပ်ကကြီးနေသည့်အတွက် ခြေထောက်နောက်ဘက်သို့ သုံးလက်မခန့်ရှည်ထွက်နေသည်။

လက်ထဲတွင်ကား နီးကြိုးနှင့်ဖောက်သီထားသော ငါးမြွေထိုးများကိုဆွဲထားသည်။ သူ့ကိုယ်သူကား အားမနာ ပါးမနာ လဲ့နိုင်၏ ယောကျ်ား တက်တော်ထားသော်လည်း ကိုအောင်သူကို အစ်မပေးရန် အရေးကိုမူ အတော်ပင်တွန့်တိုဟန်ရှိလေသည်။

'ဟေး ချာတိတ် ထမင်းစားဝင်လေကွာ ပျော်ပျော်ပါးပါးပေါ့'

'ကျွန်တော့နာမည် နန္ဒာ'

တိုးမောင်တစ်လှည့် ခပ်မှုန်မှုန်ကြည့်ရင်း ခပ်ဆတ်ဆတ်ပြောလေသည်။ တိုးမောင်သည်မဲ့ပြီး ခေါင်းပုသွားသည်။ ထွန်းမောင်ကမူ မသိမသာပြုံးနေလေသည်။

'ငါ့ယောက်ဖက ရက်တတ်တယ်ကွ'

ကိုအောင်သူသည် ဟင်းချိုကိုမှုတ်သောက်ရင်း ပြောလိုက်သည်။ စိတ်ထဲတွင် မကျေမချမ်းဖြစ်နေသဖြင့် နန္ဒာကို မခံချင်အောင် စချင်နေသည်။ ကလဲ့စား ချေချင်နေသည်။ နန္ဒာသည် ကိုအောင်သူနှင့် ဖက်ပြော၍ သူ့၌ နိုင်ချေမရှိသည်ကို ရိပ်မိဟန်တူသည်။ ခပ်စွေစွေကြည့်ပြီး နောက်ဖေးဘက်သို့လှည့်ဝင်သွားသည်။

ဖိနပ်နောက်မြီးက စဉ်ဟန်တူသည်။ ကျောကုန်းအထိ စဉ်သည်ကတော့ လွန်ချေသည်။ ရှပ်အင်္ကျီပြာရင့်ရင့်၏ နောက်ကျောဘက်တွင် ရွှံ့စက်များထင်းနေသည်။ နောက်စေ့ရှိ ဆံပင်ပျော့ပျော့များတွင်ပါ ရွှံ့များကပ်နေသည်၊ ဖိနပ်ကပဲ ခေါင်းအထိတက်စဉ်လေသလား၊ ဒါမှမဟုတ် ရွှံ့ထဲတွင်ပင်ကျွမ်းထိုးခဲ့လေသလား၊ မသိရပါချေ။

'သိပ်မစ ပါနဲ့ကွာ၊ သူ့လက်ထဲက ငါးတွဲကြီး မျက်နှာကိုလည်း ထောက်ပါဦး၊ ဆူဆူလတ်လတ်ကြီးတွေကွ၊ ကြော်ပြီး ဘရန်ဒီနဲ့ မြည်းလိုက်ရရင် နံပါတ်ဝမ်း တစ်ဂဏန်းပဲကွ'

ဘလှမြင့်သည် ငါးမြွေထိုးလတ်လတ်ကြီးများကိုကြည့်ပြီး သွားရည်ကျနေဟန်ရှိသည်။ ကိုအောင်သူ ရယ်မိသည်။ သူ တပင်တပန်း ဖမ်းလာသည့်ငါးများကို နန္ဒာဟူသည့်ကောင်ကလေးသည် သူများကို ကျွေးလိမ့်မည်ဟု မထင်မိချေ။

ကိုအောင်သူကိုကား မခိုးမခန့်လုပ်ချင်လုပ်သော်လည်း ချစ်ခင်ဟန်ရှိသည်။

ဟင်းချိုဖြည့်ရန်လာသောဒေါ်ကြီးစံမယ်ကို ပေပေတူးတူးနှင့်

ခါးဖက်ပြီး ချွဲနေသည်။ တစ်မနက်လုံးအလုပ်များထားသော ဒေါ်ကြီး စံမယ် နေ့ခင်းလည်းနားဦးမည်တော့မဟုတ်ပါချေ။ ဆီတစ်အိုးနှင့် ငါး ကြော်ရဦးမည့်ပုံရလေသည်။ ဟင်းချိုပန်းကန်ကြီးကိုမြှောက်ရင်း ဒေါ် ကြီး စံမယ်က အဟဲ့ဟဲ့နှင့် ရန်းသော်လည်း မလွတ်ချေ။

စားလက်စထမင်းလုတ်ကို ပါးစပ်ထဲမသွင်းနိုင်သေးဘဲ အသေ အချာလှမ်းကြည့်နေသော သန်းအေးကို သတိထားမိသောအခါမှ မျက် နှာရဲခနဲဖြစ်သွားပြီး လွှတ်လိုက်သည်။ ထို့နောက် မီးဖိုထဲသို့လှစ်ခနဲ ပြေးဝင်သွားလေသည်။

'မင်း ကောင်လေးက တကယ့်ကိုချာတိတ်ပဲရှိသေးတာပဲ'

'ဆရာလေးရယ် ဆိုးကလည်း ဆိုးပါဘိ၊ အင်မတန်ကို နွဲ့ဆိုး တဲ့ ကလေး'

ဒေါ်ကြီးစံမယ်သည် ဟင်းချိုဖြည့်ပေးရင်းမှ သန်းအေး၏ စကားကိုထောက်ခံလေသည်။ ဆိုးသည်ဟုပြောရင်း ပြုံးနေသောဒေါ် ကြီးစံမယ်သည် နန္ဒာ့ကို တကယ်ဆိုးသည်ဟုမထင်ကြောင်း သက်သေ ပြနေသည်။

နန္ဒာနှင့်သမျှကို တပြုံးပြုံးနှင့်သဘောကျနေသော ဒေါ်ကြီးစံမယ် သည် နန္ဒာ သူ့အိမ်သူပြန်သွားမှာကို စိုးရိမ်နေဟန်ရှိသည်။ နံနက်စော စောအိမ်သို့လာတိုင်း နန္ဒာစားရန်အတွက် မုန့်ပျားသလက်၊ ဘိန်းမုန့်၊ မုန့်လက်ကောက် စသည်များကိုစက္ကူလေးနှင့်ထုပ်လာလေ့ရှိသည်။

နန္ဒာကလည်း ရေနွေးအိုးတည်ပြီး သူ့ဒေါ်ကြီးအလာကို ကလေးတစ်ယောက်ကဲ့သို့ ခြံဝတွင်ထွက်ပြီးမျှော်လေ့ရှိလေသည်။ ထမင်းစားလျှင်ပင် ကိုအောင်သူတို့ ထွန်းမင်းတို့ဝိုင်းကို မဝင်တော့။ နောက်ဖေးချောင်တွင် စားပွဲဝိုင်းလေးခင်းပြီး ဒေါ်ကြီးနှင့်အတူ လက်ဆုံ စားလေ့ရှိလေသည်။ ငါးသလောက်ဟင်းချက်လျှင်ပင် နန္ဒာ အရိုးစူး

မည်စိုး၍ အရိုးထွင်ပေးသောဒေါ်ကြီးစံမယ်ကလည်း သဲလွန်းလှသည်။

'ငါတော့ ငါးကြော်ပဲ စားချင်တယ်'

'နန္ဒာကျွေးရင် စားပေါ့ကွာ'

ဘလှမြင့်တစ်ကောင် နန္ဒာကို မည်သို့မည်ပုံကပ်ပြီး မျက်နှာလုပ်လိုက်သည် မသိရချေ။ ညနေစောင်းတွင် သန်းအေးက သူ့ခရီးဆောင်အိတ်ထဲမှ ဘရန်ဒီတစ်ပုလင်းထုတ်လာသောအခါ ဒေါ်ကြီးစံမယ်သည် ငါးကြော်ပွဲလာချလေသည်။

'နန္ဒာ ပေးခိုင်းလိုက်တာ'

'ဟေး နန္ဒာ လာပါကွ ဝမ်းပက် တူးပက် အချမ်းပြေပေါ့ အဟေး ဟေး လာပါ ချာတိတ်ရ ပျော်ပျော်ပါးပါးပေါ့'

တိုးမောင်နှင့်သန်းအေးတို့က တရင်းတနှီး လှမ်းခေါ်ကြသည်။ ဒေါ်ကြီးစံမယ်၏ကိုယ်နှင့်ကွယ်ပြီး ထမင်းစားခန်းဝတွင် ခပ်ယို့ယို့ရပ်နေသော နန္ဒာအား ထွန်းမင်းသည် တွေတွေဝေဝေလှမ်းကြည့်လေသည်။ နန္ဒာသည် ထွန်းမင်းအား စူးစူးရဲရဲပြန်ကြည့်နေသည်။

'လာပါကွာ ငါ့ညီရ'

သန်းအေးကထပ်ခေါ်သောအခါ နန္ဒာသည် မပြုံးတပြုံးနှင့် ခေါင်းခါပြလေသည်။

'ဟင့်အင်း ကျွန်တော် မကြိုက်တတ်ဘူး'

'ဟား မင်းနှယ်ကွာ ယောကျ်ားပဲ'

'နည်းနည်းပါးပါးပေါ့ကွာ၊ အမြည်းများများစားပေါ့'

ဘလှမြင့်နှင့်တိုးမောင်တို့ကပါ မရမကခေါ်ချင်ဟန်ရှိသည်။ ကိုအောင်သူကမူ ခပ်အေးအေးကြည့်နေမိသည်။ ကလေးဆန်လှသော ဘုကန်ကန်ကောင်ကလေးကို သူတို့ဝိုင်းထဲသို့ တရင်းတနှီးဝင်လာစေချင်သည့်ဆန္ဒရှိသည်။ ဒေါ်ကြီးစံမယ်ကမူ နန္ဒာကို အရက်သောက်မည်

ကို စိုးရိမ်ဟန်နှင့် မသိမသာဆွဲခေါ်နေသည်။ ဝင်၍တော့ ဟန့်တားရဲဟန် မရှိချေ။

'သြော်ကွာ သူမှမသောက်ချင်တာ အတင်းမခေါ်ပါနဲ့'

ထွန်းမင်းက ဟန့်သလိုပြောသောအခါ နန္ဒာကိုဆွဲခေါ်မည်ပြုသော တိုးမောင်သည် နေရာတွင်ပြန်ထိုင်လေသည်။ နန္ဒာသည် ထွန်းမင်းအား ခပ်စိမ်းစိမ်းလှမ်းကြည့်လိုက်ပြီး လှည့်ထွက်သွားလေသည်။

ဒေါ်ကြီးစံမယ်ကမူ ထွန်းမင်းကို အတော်ကျေးဇူးတင်ဟန်ရှိသည်။ နန္ဒာသာ ဝိုင်းထဲဝင်လာပါက ဒေါ်ကြီးစံမယ်တစ်ယောက် အိမ်မပြန်ဘဲ မိုးအလင်းငုတ်တုတ်ထိုင်စောင့်လေမည်လား မပြောတတ်ပါချေ။ သူတို့နှစ်ဦး၏သံယောဇဉ်သည်လည်း မသေးငယ်လှချေ။

'သံယောဇဉ်ဆိုတာ ကိုယ်က ဘာမှမသိလိုက်ခင်ကတည်းက ကိုယ့်ကိုရစ်ပတ်နှောင်ဖွဲ့ပြီးသားဖြစ်နေပြီ၊ ကိုယ်သိတဲ့အချိန်မှာ အမြစ်တွယ်နေပြီ'

'ဟုတ်တယ်၊ သံယောဇဉ်ဆိုတာ ကင်ဆာတစ်မျိုးပဲ၊ စိတ်ကင်ဆာပေါ့၊ တဖြည်းဖြည်းပွားပြီး ခြေကုပ်ယူတတ်တယ်၊ သံယောဇဉ်ကြီးကိုဖြတ်ဖို့ရာမလွယ်ဘူး၊ ဖြတ်လို့ရရင်လည်း အမြစ်ကျန်ခဲ့တယ်၊ အမြစ်ပါနုတ်ရင် အနာကျန်ခဲ့တယ်'

'အနာဆိုတာ ကုရင်ပျောက်တာပဲ'

'ကံကောင်းလို့ပျောက်ဦးတော့ အမာရွတ်ကျန်တယ်၊ အကောင်းအတိုင်းတော့ မဖြစ်ဘူး၊ တစ်ခါတလေ အနာကအပေါ်ယံကျက်ပြီး အတွင်းကလှိုက်ပြီး မကျက်ဘဲဖြစ်နေတတ်တယ်'

ကိုအောင်သူသည် ဆရာဝန်စကားကိုပင်ပြောမိသည်။ ဒီလိုဆိုပြန်တော့လည်း ပုထုဇဉ်လူသားတိုင်း သံယောဇဉ်ကင်ဆာရောဂါ၏ နှိပ်စက်ခြင်းကို ခံနေကြရသူများပင်ဖြစ်လေသည်။ ထွန်းမင်းကမူ ခပ်

သဲ့သဲ့ရယ်ရင်း မေးလေသည်။

'အောင်သူရယ် မင်းလည်း အသည်းကင်ဆာ ဖြစ်နေပြီပေါ့၊ ဆရာဝန်ကြီးရဲ့'

'အောင်မှာ ငါက အကောင်းပါ'

'မကောင်းပါဘူး၊ မင်းအသည်းပိုးစားနေပါပြီ၊ ငါသိပါတယ်'

'အယ် ဘာပိုးလဲ'

'တာရာ'

ကိုအောင်သူ ငိုင်သွားသည်။ ကြည်လဲ့လဲ့ ပုလင်းကိုစိုက်ကြည့်ရင်း တာရာ့ရုပ်သွင်ကိုမြင်ယောင်လာသလိုရှိသည်။ သူမထင်မိသေး၊ မသိသေး၊ တာရာဟူသည့်မိန်းကလေးသည် သူ၏အသည်းနှလုံးအထိ ဖောက်ထွင်းကျူးကျော်လာသည်ကို သူကောင်းစွာမသိသေး၊ လက်မခံနိုင်သေးချေ။

'မင်းလည်း ကင်ဆာဖြစ်နေတာပါပဲ'

'ဟောဗျာ၊ ဘာကင်ဆာလဲ'

ထွန်းမင်းက တအံ့တသြမေးလေသည်။ ကိုအောင်သူ တစ်စုံတစ်ခုပြောချင်သော်လည်း ဘာပြောရမည်ကို စဉ်းစား၍မရချေ။ ရီဝေနေဟန်ရှိသော ထွန်းမင်း၏မျက်လုံးများကိုကြည့်ရင်း စိတ်မကောင်းဖြစ်မိသည်က အမှန်ပင်။

'တော်စမ်း တော်စမ်း၊ သံယောဇဉ် ကင်ဆာတွေ၊ အသည်းကင်ဆာတွေဘေးချိတ်၊ လူဆိုတာ စက်ရုပ်တစ်မျိုးပဲ၊ စိတ်တွေ၊ နှလုံးတွေ၊ အသည်းတွေ၊ ကျောက်ကပ်တွေ၊ ကလီစာတွေ၊ ဦးနှောက်တွေဟာ ကိရိယာအပိုင်းအစတွေပဲ၊ ဘာပစ္စည်းပျက်ပျက်၊ ဘာကိရိယာပျက်ပျက် အနည်းအပါးဆိုရင် ပြင်လို့ရတာချည်းပဲ၊ ငါတို့မြန်မာပြည်အင်ဂျင်နီယာတွေဆို အပျက်ပြင်တဲ့နေရာမှာ အင်မတန်တော်၊ ကမ္ဘာပေါ်မှာ

အတော်ဆုံး’

တိုးမောင်သည် အင်ဂျင်နီယာစကားပြောပြီး ဖန်ခွက်ကိုမြှောက်လိုက်သည်။ ‘ဘဝသခင်မလေး လဲ့နိုင်အတွက်’ ဟုအော်ပြီး တစ်ရှိန်ထိုးသောက်ချလိုက်သောအခါ ကိုအောင်သူ အတော်ပင် အောင့်သက်သက်ဖြစ်သွားသည်။

‘ဘဝဆိုတာ ပန်းချီကားတစ်ချပ်လိုပဲ၊ ကားထဲမှာ အပူရောင်လည်းရှိရမယ်၊ အအေးရိပ်လည်း ရှိရမယ်၊ အဲဒါဆိုရင် ညီတာပေါ့၊ တချို့ကျတော့ အနီရောင်ခြယ်ထားတဲ့ပန်းချီကားလို ပူလောင်လွန်းတယ်’

‘အာကွာ တကယ့်တကယ်တော့ ဘဝဆိုတာဟာ သံယောဇဉ်ရယ်၊ ချစ်ခြင်းမေတ္တာရယ်၊ ကြင်နာမှု၊ ညှာတာမှု၊ နားလည်ခွင့်လွှတ်မှုတွေနဲ့တည်ဆောက်ထားသင့်တဲ့ ရိပ်မြုံလေးတစ်ခုပါ’

‘ရန်ငြိုးတွေ၊ အမုန်းတွေ၊ မာနတွေဟာ အဲဒီသာယာတဲ့ရိပ်သာလေးကို ဖျက်ဆီးပစ်တတ်တဲ့ ခြကောင်တွေပေါ့ နော်’

‘ဟား ဟား သိပ်ဟုတ်တာပေါ့’

ကိုအောင်သူသည် နန္ဒာကြားစေရန် ခပ်ကျယ်ကျယ်ပြောလိုက်သည်။ ဒေါ်ကြီးစံမယ်ကို ခြံဝအထိလိုက်ပို့ပြီးပြန်လာသော နန္ဒာသည် သူတို့ကိုမသိမသာငဲ့ကြည့်ကာ အပေါ်ထပ်သို့ တန်းတက်သွားသည်။

ကာလနဂါးသေပြီးဝင်စားသော ဘုကောင်ကလေးသည် မိုးမချုပ်မီ အိပ်တော့မည်ထင်သည်။

တိုးမောင်သည် အစားစားနိုင်သလို သောက်လည်းသောက်နိုင်သည်။ အရက်မသောက်သည်မှာ ကြာပြီဖြစ်၍ ကိုအောင်သူသည် ဝမ်းပက်နှင့် ရီဝေဝေဖြစ်လာသည်။

http://myanmarpyithar.net

နောက်တစ်နေ့ ခေါင်းကိုက်နေမည်စိုးသောကြောင့် ငါးကြော်ကိုပင် မဲပြီးစားတော့သည်။ ဆက်ပြီးမသောက်လိုတော့ချေ။ ထွန်းမင်းကမူ အရက်ဝင်သွားမှ ထူးထူးခြားခြားစကားနည်းသွားသည်။ သူ့ကိုယ်သူလည်း ထိန်းနေဟန်ရှိလေသည်။

'ဒီကမ္ဘာလောကကြီးတစ်ခုလုံးမှာ ငါချစ်နိုင်တဲ့မိန်းကလေးကတော့ တစ်ယောက်တည်းရယ်၊ အဲဒီတစ်ယောက်ကလည်း မင်းပဲပေါ့၊ ငါဟာ မင်းအပေါ်မှာတကယ့်ကိုသစ္စာရှိရှိနဲ့ချစ်တာပါကွယ်'

ဘလှမြင့်သည် သူ့အသည်းစွဲ အချစ်စစ်သားလေးသီချင်းကို ညည်းနေသည်။ လူသာမလှသော်လည်း အသံကမူ အတော်ကောင်းလေသည်။ ခပ်တိုးတိုးနှင့်ရှိုက်ပြီးဆိုလေ့ရှိသော သူ့အသံထဲတွင် နားထောင်သူသည် ငြိမ့်ပြီးပါသွားသလို ခံစားရလေ့ရှိသည်။

ဘလှမြင့်သည် အရက်ကလေးထွေလာသောအခါ ထိုသီချင်းကို ဆိုရင်း သူ့ငယ်ချစ်ဦးကို တမ်းတတတ်လေသည်။ ငယ်ငယ် ရွယ်ရွယ်နှင့် နှလုံးရောဂါဖြစ်ပြီး သူ့လက်ပေါ်တွင် သူ့ကိုတဖွဖွခေါ်ရင်း သေဆုံးသွားသော ဆယ်ကျော်သက်ကချစ်ဦးကို ကလေးသုံးယောက်ပင် ရပြီဖြစ်သော်လည်း မေ့နိုင်စွမ်းရှိဟန်မတူသေးချေ။

ငယ်စဉ်က အရက်သောက်ပြီး ရွာရိုးကိုးပေါက်လျှောက်ကာ 'အချစ်စစ်သားလေး' သီချင်းကို မျက်ရည်ဝဲဝဲနှင့်ဆိုပြီးနေလေ့ရှိသော ဘလှမြင့်၏နောက်သို့ ကိုအောင်သူတို့တစ်တွေ တကောက်ကောက်လိုက်ပြီး ထိန်းခဲ့ရလေသည်။ တစ်ခါတစ်ရံ အိမ်တိုင်ရာရောက် ထမ်းပြီးပို့ခဲ့ကြရသည်။

သူ့အသည်းအကွဲကြီးကို စေ့သွားစေရန် အမေကြီးသည် အလျင်အမြန် မိန်းမပေးစားခဲ့သဖြင့် သူတို့အုပ်စုထဲတွင် အစောဆုံး အိမ်ထောင်ကျသွားသူဖြစ်သည်။ သူ့အလိုကိုလိုက်ကာ သူ့သည်း ညည်း

ခံသော ဇနီးသည်ကို ကြင်နာချစ်ခင်သော်လည်း အရက်မူးလာ လျှင် သူ့အသည်းစွဲသီချင်းကို ခပ်တိုးတိုးညည်းရင်း မျက်ရည်ဝဲမြဲပင် ဖြစ်လေသည်။ ငယ်ကချစ်တော့ အနှစ်တစ်ရာတိုင်သော်လည်း မေ့နိုင်မည် မဟုတ်ပါချေ။

'ချစ်တာနဲ့ကြိုက်တာ မတူဘူး သူငယ်ချင်းတို့ရဲ့၊ နှလုံးသားက ချစ်ပြီး ဦးနှောက်ကကြိုက်တယ်ကွဲ့၊ ကိုယ့်ကိုကြိုက်တဲ့ ကိုယ်က ကြိုက်တဲ့သူဆိုရင် ဦးနှောက်နဲ့တည်ဆောက်သော အိမ်ထောင်ရေး၊ ကိုယ့်ကိုချစ်တဲ့ ကိုယ်ကကြိုက်သူ၊ ဒါမှမဟုတ် ကိုယ့်ကိုကြိုက်တဲ့ ကိုယ်က ချစ်သူ ဆိုရင် ဦးနှောက်တစ်ပိုင်း နှလုံးသားတစ်ပိုင်း ကပြား အိမ်ထောင်ရေးပေါ့၊ ကိုယ့်ကိုချစ်တဲ့ ကိုယ်ကချစ်သူဆိုရင် နှလုံးသားအရင်းခံသော အိမ်ထောင်ရေးပေါ့ကွာ၊ ကြိုက်တာဟာ လူတစ်ယောက်ရဲ့ မျိုးရိုး၊ အပြုအမူ၊ ပညာအရည်အချင်း၊ စာရိတ္တ အလုံးစုံကိုဝေဖန်ပြီး ကြိုက်တာပေါ့၊ ချစ်တာကတော့ မျက်စိမရှိဘူး၊ ဆိုးဆိုးကောင်းကောင်း သံယောဇဉ်ပေါ်မှာ မူတည်ပြီး ကိုယ့်ကိုယ်ကိုတောင် မသိခင် ချစ်မိတတ်တာပဲ၊ ဒီတော့ ကိုယ်က ချစ်လည်းချစ် ကြိုက်လည်းကြိုက်တဲ့ မိန်းကလေးနဲ့အိမ်ထောင်ပြုရင်စိတ်အချမ်းသာဆုံးဖြစ်လိမ့်မယ်လို့ ငါရှင်တို့'

ဘလှမြင့်သည် တောက်လျှောက်ကြီးပြောပြီး မောသွားဟန်နှင့် ကုလားထိုင်နောက်မှီကို ဝုန်းခနဲမှီလိုက်လေသည်။ မျက်လုံးအဝိုင်းသားနှင့်တရားနာနေသော တိုးမောင်သည် ဘလှမြင့်ကိုကြည့်ရင်း မျက်တောင် ပုတ်ခတ်ပုတ်ခတ်နှင့် နားမလည်အောင်စဉ်းစားနေလေသည်။ ထွန်းမင်းကမူ ခေါင်းကိုနောက်ဘက်လှန်ထားရင်း မျက်လုံးကို စုံမှိတ်ထားသည်။

'ငါတို့တွေ အိပ်တော့ ဘယ်မှာအိပ်ရမှာလဲ'

'ဟိုဘေးက အခန်းထဲမှာ'

နည်းနည်းသောက်ပြီး များများမူးသော သန်းအေးသည် ယိုင်တိ ယိုင်တိုင် ထသွားလေသည်။ ယခင် နန္ဒာအိပ်သောအခန်းလေးကို လှည်းကျင်းပြီး ဒေါ်ကြီးစံမယ်သည် သုံးယောက်စာပြင်ဆင်သွားလေသည်။ ဆေးရုံမှငှားထားသောအိပ်ရာခင်း ဖြူဖြူ ခေါင်းအုံးဖြူဖြူများနှင့် အကျအနခင်းထားလေသည်။

'ဟေ့ကောင် ကိုးနာရီကျော်ကျော်ပဲရှိသေးတာ၊ အစောကြီးရှိသေးတယ်၊ မအိပ်ပါနဲ့ဦးကွ'

'အို အခန်းကကျဉ်းကျဉ်း၊ လူကသုံးယောက်၊ ဒမ်ဘလယ်ဒီ ကျန်းမာရေးမညီညွတ်ဘူး၊ ဘယ်လိုလုပ်ပြီး အသက်ရှူရမှာလဲ'

သန်းအေးသည် ပါးစပ်မှတတွတ်တွတ်ပြောရင်း ခေါင်းအုံးနှင့် စောင်ကိုပိုက်ပြီး ထွက်လာသည်။ မျက်တောင်များစင်းနေပြီဖြစ်၍ အတော်အိပ်ချင်နေပြီထင်ရသည်။ ကျောင်းသားဘဝကတည်းက ည ရှစ်နာရီခွဲလျှင် အိပ်လေ့ရှိသော သန်းအေးကို လူတိုင်းလက်မြှောက်ထားရသည်။

မည်မျှပင် စာမေးပွဲနီးသော်လည်း ရှစ်နာရီခွဲလျှင် အလိုလို မှိတ်ကျလေ့ရှိသောမျက်လုံးများကြောင့် ညဥ့်နက်ခံပြီးစာမကျက်နိုင်ချေ။ နံနက်စောစော ထနိုင်သဖြင့်သာ စာမေးပွဲမှန်မှန်အောင်ခဲ့ခြင်းဖြစ်သည်။

'ဟေ့ကောင် လာပါဦးကွ၊ စကားပြောပါဦး'

'နေပါစေကွ၊ အိပ်ပါစေ၊ တော်ကြာ ကုလားထိုင်ပေါ်မှာ အိပ်သွားလို့ အခန်းထဲထမ်းပို့နေရဦးမယ်၊ အိပ် အိပ် သန်းအေး၊ အခန်းထဲ ဝင်အိပ်နှင့်တော့'

တိုးမောင်သည် သန်းအေးကို အတင်းအိပ်ခိုင်းတော့သည်။ တော်ကြာ အပြင်ခန်းတွင်အိပ်ပျော်သွားပါက သူထမ်းပို့ရမည်ကို ဇ

ဒင် မဟောဘဲ အတတ်သိဟန်တူသည်။

'မင်း အခန်းထဲမှာ အသက်မရှူနိုင်ဘူးကွ၊ ကျဉ်းကျဉ်းလေး သုံးယောက်တောင်အိပ်ရမှာ၊ ငါ့ဟာငါ အပေါ်မှာသွားအိပ်မယ်'

သန်းအေးသည် စောင်ကြီးကိုတစ္စွတ်ဆွဲရင်း အိမ်ပေါ်ထပ်သို့ တက်သွားလေသည်။ သူငယ်ချင်းအပေါင်းအသင်းနှင့် စုမိသောကြောင့် သာ ဒီအချိန်အထိ နေရခြင်းဖြစ်ဟန်တူလေသည်။ သူ၏ရှစ်နာရီခွဲ စံတော်ချိန်မျက်လုံးများသည် မှေးစင်းနေလေသည်။

ထွန်းမင်းသည် အိမ်ပေါ်ထပ်သို့တက်သွားသော သန်းအေး၏ နောက်ကျောကို ရီဝေဝေကြည့်နေလေသည်။ တစ်စုံတစ်ခုကို စိုးရိမ်ဟန် ရှိသော်လည်း ဘာမှမပြောချေ။

ဘာမှ မကြာပါချေ။ အပေါ်ထပ်တွင် ဝုန်းဝုန်းဒိုင်းဒိုင်း ကြားရ တော့သည်။ အပေါ်ထပ်တစ်ထပ်လုံးကိုသိမ်းပိုက်ထားသော နန္ဒာနှင့် အချင်းများကြလေပြီထင်သည်။

'အောင်မာ ငါ့ဟာငါအိပ်တာ ဘာဖြစ်လဲ၊ ငါ့သူငယ်ချင်းအိမ် ပဲ၊ မင်း မအိပ်ချင် ဆင်းသွားပေါ့ ဟွန်း'

သန်းအေးသည် အိပ်ချင်မူးတူးအသံနှင့် အော်နေလေသည်။ ကို အောင်သူလည်း အပေါ်ထပ်သို့ အလျင်အမြန်တက်လာမိသည်။ လက်ယဉ်လှသော ကောင်ဆိုးကလေးသည် ဇွတ်အတင်းပေအိပ်နေမည့် သန်းအေး၏ခေါင်းအား ပန်းအိုးနှင့်ထထုနေမည်စိုးသောကြောင့် ဖြစ် သည်။

နန္ဒာ၏အိပ်ရာသည် ဖျာနှစ်ချပ်ဆက်ခင်းပြီး စောင်ထူထူခင်း ထားသော အိပ်ရာသာဖြစ်သည်။ ငုတ်တုတ်ကလေးထိုင်နေသောနန္ဒာ ၏ဘေးတွင် သန်းအေးသည် မှောက်လျက်သားအိပ်နေသည်။ ရုတ် ခြည်းအိပ်ပျော်သွားဟန်နှင့် တခူးခူးဟောက်နေသေးသည်။ တမင်လုပ်

တာလားတော့ မသိရပါချေ။ နန္ဒာသည် သန်းအေး၏ကိုယ်လုံးကြီးကို ဖျာပေါ်မှတွန်းချနေသည်။

'ဟော့ နန္ဒာ အောက်ကအခန်းကျပ်နေလို့ မင်းနဲ့လာအိပ်တာပါ'

ကိုအောင်သူကပြောမိသည်။ သန်းအေးသည် ပေတေတေနှင့် အောက်ကခင်းထားသောစောင်ကို ကုတ်ဆွဲထားလေသည်။

'အို သူဟာသူ အိပ်ပါလား၊ ကျွန်တော်နှစ်ယောက်မအိပ်တတ်ဘူး၊ အရက်စော်နံတယ်၊ ဟွန်း နံလိုက်တာ'

'အံမာ မွှေးတာပါ'

အိပ်ချင်ဟန်ဆောင်နေသောသန်းအေးသည် ဝူးဝူးဝါးဝါး ထအော်သည်။ အသက်ပင်ကြီးလာသော်လည်း သူတို့မိသားစုထဲတွင် အငယ်ဆုံးဖြစ်သောသန်းအေးသည် ကလေးဆန်ဆဲပင်ဖြစ်သည်။ သူတို့ကိုကြည့်ရသည်မှာ ကလေးနှစ်ယောက်ရန်ဖြစ်နေသည်နှင့်တူလေသည်။

'နန္ဒာရယ် အောက်ထပ်က တကယ်ကိုကျပ်တာ၊ ဒီမှာက အကျယ်ကြီးပဲ၊ သူ့နားကနံရင် ခပ်ဝေးဝေးရွှေ့အိပ်ပေါ့'

ကိုအောင်သူက ပြေရာပြေကြောင်းပြောလိုက်သောအခါ နန္ဒာသည် သူမနိုင်သောခန္ဓာကိုယ်ကြီးကို ဆက်ပြီးတွန်းမချတော့ချေ။ ပါးနှစ်ဖက်ကိုဖောင်းနေအောင်စူကာ ကိုအောင်သူအား စိတ်ရှုပ်ထွေးဟန်နှင့် မော့ကြည့်နေသည်။

'သူ ကျွန်တော့အိပ်ရာကို အတင်းလာလုတာ'

သန်းအေးအား မကျေနိုင် မချမ်းနိုင်ဖြစ်နေသည်။ အများနှင့်တစ်ယောက်ဆိုတော့လည်း သိပ်ပြီး ဝုန်းဝုန်းဒိုင်းဒိုင်းမလုပ်ရဲချေ။ အကြံယူနေဟန်နှင့် ခေတ္တမျှငြိမ်နေပြီး အောက်ထပ်သို့ပေစောင်းစောင်းနှင့်ဆင်းသွားလေသည်။ ဂျစ်ကန်ကန်ကောင်ကလေး သူတို့အားအရှုံးပေး

သွားလေပြီဟု တွေးမိရင်း တိုးမောင်သည်ပြုံးနေလေသည်။

'ချာတိတ် အရှုံးပေးသွားပြီကွ'

လက်မထောင်ကာ ခေါင်းစောင်းရင်းပြောသော တိုးမောင်ကို ကြည့်ပြီး ထွန်းမင်းသည် ဟက်ဟက်ပက်ပက်ရယ်လေသည်။ အိမ်တွင်း သူပုန်ကလေးနန္ဒာသည် လွယ်လွယ်ကူကူအလျှော့ပေးလိမ့်မည်ဟု ကို အောင်သူလည်း မထင်မိချေ။

ကိုအောင်သူ၏အတွေးကား သည်တစ်ခါ မလွဲတော့ချေ။ နန္ဒာသည် တိုးမောင်တို့၏အခန်းကို အားလုံးအပေါ်ရောက်နေခိုက်တွင် အသာတကြည်သိမ်းပိုက်လေသည်။ အတွင်းမှဂျက်ချထားပြီဖြစ်သဖြင့် ဘာမှမတတ်နိုင်တော့။

'ဟေး ဘယ်လိုကောင်ကလေးတုန်း၊ အားလုံး မိုလ်ကျပါလား ကွ၊ အောင်သူရေ မင်းယောက်ဖက တယ်ဆိုးပါလား'

အခန်းတံခါးကိုထုရင်း မခံချင်အောင်ပြောသော်လည်း တုံ့ပြန် သံကို လုံးဝမကြားရချေ။ မကျေမနပ်ဖြစ်နေသော တိုးမောင်နှင့်ဘလှ မြင့်တို့သည် ကိုအောင်သူနှင့်ထွန်းမင်းတို့၏ခုတင်များကိုဝင်ပြီး အပိုင် သိမ်းကြလေသည်။

ထွန်းမင်းသည် မူးသမျှလေးပင် ပျောက်သွားဟန်နှင့်တဟား ဟားရယ်နေလေသည်။ ကိုအောင်သူပင် စိတ်ဆိုးချင်သော်လည်း မဆိုး မိတော့။ နန္ဒာဟူသည့် ငပွလေးသည် အိမ်လာသမျှလူများနှင့်ဒိုင်ခံပြီး ရန်ဖြစ်နေတော့မည်ထင်သည်။ စစ်ဦးတည်ချက်သည် ထွန်းမင်းမှလွဲပြီး ဘလှမြင့်ထံသို့ရောက်သွားဟန်ရှိသည်။

'ကဲ ငါတို့ ဘယ်မှာအိပ်ကြမှာလဲ'

'အပေါ်ထပ်တက်ရုံပေါ့'

နန္ဒာဆွဲထုတ်ထားသော စောင်များ ခေါင်းအုံးများကိုပိုက်ပြီး

အပေါ်ထပ်တက်ခဲ့ရသည်။ သန်းအေးသည် တရှုံ့ရှုံ့ဟောက်ကာ တကယ်ပင်အိပ်မောကျသွားပြီဖြစ်သည်။ တံခါးများကို အကုန်ဖွင့်ထား သဖြင့် အပေါ်ထပ်တွင်အေးမြနေသည်။ အိမ်ရှေ့ဝရန်တာတွင် လရောင် ဖွေးဖွေးက ဖြာကျနေသည်။ ပြတင်းပေါက်မှလည်း လရောင်လဲ့လဲ့တိုး ဝင်နေသည်။ သူတို့နှစ်ဦးစလုံး လရောင်တိုးဝင်နေသောပြတင်းပေါက် နားတွင်ယှဉ်လျက် နေရာယူကြသည်။ သစ်ပင် သစ်ရွက်များကွယ်နေ သော လဝါဝါတစ်ခြမ်းပဲ့ကို ပြတင်းမှတစ်ဆင့်မြင်နေရသည်။

ထွန်းမင်းသည် လဝါဝါကို ရီဝေဝေမျက်လုံးများနှင့် မော် ကြည့်ရင်း ခပ်သဲ့သဲ့လေးပြုံးနေလေသည်။

*

'သွားမယ် နန္ဒာ မင်းကိုတော့ ငါသဘောကျသွားပြီ၊ ရန်ကုန်ရောက်ရင် ငါတို့အိမ်ကို အချိန်မရွေးလာလည်ပါကွာ'

ပြန်ခါနီးတွင် သန်းအေးသည် နန္ဒာ့ပခုံးကိုပုတ်ကာ တရင်းတနှီး နှုတ်ဆက်လေသည်။ ရန်ဖြစ်စရာ၊ နောက်ပြောင်စရာ ညီငယ်တစ်ဦးကောက်ရသကဲ့သို့ သဘောတွေ့သွားဟန်ရှိလေသည်။ နန္ဒာကမူ သူ့အိပ်ရာကိုဖွတ်လုထားသူမို့ သိပ်ပြီးကျေနပ်ဟန်မတူ၊ အောင့်သက်သက်နှင့် မပြုံးချင်ပြုံးချင် ပြုံးနေသည်။

'မင်းတို့တစ်ညလောက် ဆက်အိပ်ဖို့ကောင်းတယ်'

မရဘူးမောင်ရင် ခွင့်ကစေ့နေပြီ၊ အလုပ်ခွင်ကို အချိန်မီရောက်အောင် အပြေးပြန်ရမှာ ဟား ဟား၊ ငါတို့တွေလည်း တွေ့မှပဲတွေ့ရတော့တာပဲ၊ မတွေ့ရင်လည်း မေ့လို့ စာတစ်စောင်ပေတစ်ခြစ်လောက်တောင် အဆက်အသွယ်မရှိကြဘူး'

'စာရေးကြပေါ့ကွာ'

'အေးကွာ စာရေးကြပေါ့'

သူတို့အားလုံး စိတ်အားထက်သန်စွာပြောသည်။ သို့သော် မည်သူမျှ စာရေးမည်မဟုတ်သည်ကို အချင်းချင်းသိထားကြသည်။

သူငယ်ချင်းတစ်စုလုံး စာရေးပျင်းသူများကို စုထားရော့သလားဟု ထင်ရလောက်အောင်ပင် သူ့ထက်ငါ စာရေးပျင်းသူများဖြစ်လေသည်။

ထို့ကြောင့်လည်း တစ်ဦးနှင့်တစ်ဦး ပါးစပ်သတင်းအကြားမှ အပ အဆက်အသွယ်ပြတ်လှသည်။ သို့သော်လည်း ရင်တွင်းမှခင်မင်မှုသည်ကား လုံးဝမပျက်ပြယ်ပါချေ။ တစ်ဦးနှင့်တစ်ဦးလည်း မည်မျှဝေးပါသော်လည်း မည်မျှကြာကြာအဆက်အသွယ်ပြတ်သော်လည်း စိမ်းသွားကြလိမ့်မည်တော့ မဟုတ်ချေ။

'သွားမယ် သွားမယ် အားလုံးပဲ နောက်တစ်နှစ် နှစ်နှစ်ကြာရင် ပြန်တွေ့ကြသေးတာပေါ့၊ ဒီကြားထဲ ငါသေရင်တော့ ဘယ်အရပ်ကဖြစ်ဖြစ် ပန်းခွေလေးတစ်ခွေတော့ပို့'

တိုးမောင်သည် ခပ်နောက်နောက်ပြောပြီး ကားစက်နှိုးလိုက်သည်။ သူတို့ကားလေး မျက်စိအောက်မှပျောက်သွားသည်အထိ ထွန်းမင်းနှင့်ကိုအောင်သူသည် ငေးကြည့်နေမိကြသည်။ ဆူညံစိုပြည်နေသောအိမ်ကြီးသည် ရုတ်ခြည်းတိတ်ဆိတ်သွားပြီး ဟာသွားသည်။ ညတုန်းက သောက်စားထားသောစားပွဲပေါ်ရှိဖန်ခွက်များကိုပင် မသိမ်းရသေး၊ သူတို့ကားပြန်ချေပြီ။

'ဒီလိုပဲပေါ့ကွာ၊ အချိန်တန်ရင် လူတိုင်းအိမ်ပြန်ကြရမှာပေါ့'

ကိုအောင်သူသည် နန္ဒာအား စူးစိုက်ကြည့်ရင်း အဓိပ္ပာယ်ပါပါ ပြောလိုက်သည်။ နန္ဒာ အိမ်ပြန်သင့်နေသည်မှာ ကြာပေပြီ။

နန္ဒာသည် မဲ့မဲ့လေးပြုံးလိုက်ပြီး ပခုံးတွန့်ပြသည်။ နေရောင်ခြည်နုနုသည် သူ့မျက်နှာပေါ်ကျရောက်နေရာ ပြုံးမဲ့မဲ့မျက်နှာသည်ပင် ဝင်းပနေသည်။ ဆံပင်မညှပ်သည်မှာလည်း ကြာပြီထင်သည်။ ဆံပင်များ ရှည်ပြီး ညှဉ်းဆိုးဆိုးဖြစ်နေသည်။

ယခုခေတ်လူငယ်များ ဆံပင်ရှည်ထားခြင်းကို ကိုအောင်သူ

လုံဝ မနှစ်ခြိုက်ပေ။ နန္ဒာ့ဆံပင်ကမူ ဆံရှည်ကိုယ်တော်တွေလို ကုပ်တွင် ဝဲမနေ၍တော်ပေသေးသည်။ သိပ်ပြီး လမ်းသူရဲမဆန်လှချေ။

'မင်း ဆံပင်လည်း ညှပ်ဦး နန္ဒာ၊ ယောကျ်ားလေးတွေ ဆံပင် ရှည်ကြီးတွေနဲ့ ငါ တစ်စက်မှကြည့်လို့မရဘူး'

ကိုအောင်သူက ခပ်တင်းတင်းပြောသောအခါ မဲ့မဲ့လေးပြုံးနေသောနန္ဒာသည် ရှုံ့သွားလေတော့သည်။ သို့သော်လည်း ထွန်းမင်းနှင့် မပတ်သက်သောကိစ္စဟူက ကိုအောင်သူ၏စကားကို လွန်ဆန်ရန်စိတ် ကူးပုံမရချေ။ မညိတ်ချင် ညိတ်ချင်နှင့်ခေါင်းညိတ်ပြရှာသည်။ အဝေးမှ တလှုပ်လှုပ်လာနေသော ဒေါ်ကြီးစံမယ်ကိုတွေ့သောအခါတွင်ကား ရုတ်ခနဲပြေးထွက်သွားလေသည်။

သူ့ကို အပြေးကလေးလာကြိုသော နန္ဒာအား သားသမီးငတ် လှသော ဒေါ်ကြီးစံမယ် ချစ်မည်ဆိုကလည်း ချစ်သင့်လှချေသည်။ ဒေါ်ကြီးစံမယ်၏လက်ထဲမှ ဈေးခြင်းတောင်းကိုဆွဲယူလိုက်ပြီး အိမ် ဘက်သို့ ပြန်လည်လျှောက်လာသည်။ ပိန်ပါးသောကိုယ်လုံးလေးသည် ယောကျ်ားလေးတစ်ဦးအနေနှင့် ဖွံ့ဖြိုးရန်လိုသေးသည်။ အားကစား များ များလိုက်စားမှ အရပ်လည်းထွက်ပြီး ရင်အုပ်ကျယ်လာမည်ဖြစ်သည်။

နန္ဒာကို ခြံထဲမှဘားတန်းကို ခိုလွှဲကစားရန် ပြောရဦးမည်ဟု စိတ်ထဲတွင်မှတ်ထားလိုက်သည်။ သို့သော် ဆေးရုံဘက်ဆီသို့ ရှေ့ရှု သွားသော လှည်းတစ်စီးကိုလှမ်းမြင်လိုက်သောအခါ အားလုံး မေ့ရ တော့သည်။ သွေးစိုနေသောစောင်ကိုလှမ်းမြင်လိုက်ရသဖြင့် ထိခိုက် အနာတရဖြစ်ပြီး လာသောသူဟု တန်းသိလိုက်သည်။ ကိုအောင်သူ သည် ဘာကိုမှ မတွေးနိုင်တော့။ ထမင်းပင်စားရန် သတိမရတော့ဘဲ ဆေးရုံကိုအမြန်ပြေးမိလေသည်။ လူနာသည် တကယ် အသက် အန္တ ရာယ်နှင့်ရင်ဆိုင်ရပြီဟုဆိုပါက မိနစ်တိုင်း စက္ကန့်တိုင်းသည် အရေး

ကြီးလှလေသည်။

'ဟော ဟော ဆရာဝန်လေး လာပြီ'

လက်ချမ်းက ဝမ်းသာအားရအော်လေသည်။ သူနာပြုဆရာမလေးနှစ်ဦးလည်း ကိုအောင်သူအမီရောက်လာသဖြင့် အားတက်သွားဟန်ရှိသည်။ ခုတင်ပေါ်မှလူနာကိုလှမ်းကြည့်ပြီး ကိုအောင်သူ ရင်ထိတ်သွားသည်။ တစ်ဖက်ကလည်း စိတ်သက်သာသွားသည်။

လူနာသည် အသက်သုံးဆယ်ခန့်သာရှိသေးသည်။ လက်မောင်းနှင့်ကျောကုန်းတွင် ဓားဒဏ်ရာတွေ့ရသည်။ သိပ်မနက်ချေ။ သေလောက်သောဒဏ်ရာမဟုတ်သဖြင့် စိတ်သက်သာခြင်းဖြစ်သည်။ သို့သော်လည်း လူနာအခြေအနေက ဖြူဖျော့နေသဖြင့် ရင်ထိတ်ရပြန် သည်။ တစ်လမ်းလုံး သွေးအထွက်လွန်လာပြီး သေမှာစိုးရိမ်နေရသည်။

'သွေး လိုတယ် သွေး'

လူနာကိုစမ်းသပ်ရင်းမှ အရေးတကြီး ပြောလိုက်မိသည်။ လူနာသည် အတော်ပင် သွေးအားနည်းနေချေပြီ။ သွေးမတိတ်လျှင်ရှိစေတော့။ သွေးမလွန်အောင် ရှေးဦးသူနာပြုနည်းနှင့် စနစ်တကျစည်းနှောင်လာခဲ့လျှင် လူနာအခြေအနေသည် လုံးဝစိုးရိမ်ဖွယ်ရှိမည်မဟုတ်ချေ။

'ငါ့ သွေးက အေ အမျိုးသွေး အောင်သူ၊ အမျိုးတူရင် လှူလို့ရတယ်မဟုတ်လား'

'ကျွန်တော်လည်း သွေးလှူမယ်လေ'

နန္ဒာနှင့်ထွန်းမင်းတို့၏အသံကို ပြိုင်တူကြားရသည်။ ဘယ်အချိန်ကများ နောက်ဘက်ကကပ်ပါလာကြသည် မသိရချေ။ စိတ်တူသဘောတူ တစ်သံတည်းထွက်နေကြသည်။

နီးစပ်ရာလူများ အလျင်အမြန်သွေးစစ်ကြရတော့သည်။ ကိုအောင်သူလည်း ပါသည်။ သူနာပြုဆရာမလေးများ ပါသည်။ ဘကြီး

ဘတိုးလည်း ပါသည်။ ဆေးစပ်သမား ကိုရန်နိုင်လည်းမနေရ၊ လချမ်းကလည်း အညံ့မခံပေ။ သွေးတူလျှင် လှူရန်အတွက် သွေးစစ်လေသည်။

ဒဏ်ရာကိုချုပ်သောအခါ လူနာသည် အားမရှိသည့်ကြားက အော်ချေသေးသည်။ ကြက်တိုက်ရာမှ ရန်ဖြစ်ပြီး ဓားခုတ်ခံရခြင်းဖြစ်သည်ဟုဆိုသည်။ တောရွာများရှိ ရန်ပွဲများသည် ထန်းရည်ဝိုင်းများ ကြက်ပွဲများမှ စသည်ချည်းသာဖြစ်သည်။

'ကဲ ကျွန်တော့သွေးနဲ့ပဲ တူတယ်တဲ့၊ နောက်ပြီး ဆရာမ နုနုအေးရဲ့သွေးတဲ့၊ ဆရာမ လှူနိုင်ပါ့မလား'

'အာ ရပါတယ် ဆရာရယ်'

ကိုအောင်သူ၏သွေးကို လူနာထဲသို့တိုက်ရိုက် ထည့်ရတော့သည်။ လောင်းကစားအရင်းခံသော ရန်ပွဲကြောင့်ထွက်သောသွေးများနေရာတွင် အစားထိုးရသည်ကတော့ နှမြောစရာပင်။ သို့သော် နောက်နောင် ထိုကဲ့သို့ရန်ပွဲမျိုးမဖြစ်ဘဲ မိမိကိုယ် မိမိထိန်းနိုင်မည်ဆိုပါက တစ်ကိုယ်လုံးရှိသွေးများကိုပင် အစားသွင်းပေးစေရဦးတော့ ငြိုငြင်မိမည်မဟုတ်ချေ။

'ဆရာမက သိပ်စေတနာကောင်းတာပဲ'

ပက်လက်ကလေးအိပ်ရင်း သွေးထုတ်ခံနေသော နုနုအေးကို နန္ဒာသည် ချီးကျူးစကားပြောနေလေသည်။ နန္ဒာအား တစ်ခါမှမမြင်ဖူးသဖြင့် နုနုအေးသည် အကဲခတ်သလိုပြန်ကြည့်နေသည်။ အိပ်ရာက ထနေပြီးမှ မျက်နှာပင်မသစ်အားသေးဘဲ ကိုအောင်သူ၏နောက်သို့ အပြေးအလွှားလိုက်လာသော နန္ဒာသည် သူ့မျက်နှာကိုသူပွတ်လိုက်ပြီး ရှက်ကိုးရှက်ကန်း ရယ်လိုက်လေသည်။

'ကျွန်တော့ ညီမကလေး နန္ဒာတဲ့၊ ရန်ကုန်က ခဏလာတာ'

'ကျွန်တော် မျက်နှာတောင် မသစ်ခဲ့ရဘူး'

ငယ်နုသော နန္ဒာ၏မျက်နှာလေးသည် ရှက်သွေးကြောင့်ရဲနေလေသည်။ သူ့ကိုယ်သူ မျက်ချေးမစင်ဟု ထင်နေဟန်ရှိသည်။ မျက်လုံးကိုပွတ်နေသည်။ နုနုအေးသည် နန္ဒာကိုလှမ်းကြည့်နေရာမှ အေးချမ်းစွာ ပြုံးလိုက်သည်။

ထိုနေ့တစ်နေ့လုံး ကိုအောင်သူ အလုပ်များတော့သည်။ ထမင်းစားမပြန်နိုင်တော့ချေ။ မွေးလူနာတစ်ယောက် ရောက်လာပြန်သဖြင့် ဆက်မွေးရပြန်လေသည်။ ခြေထောက်ကဖွားသောကလေးမို့ အတော်ပင် ခက်ခက်ခဲခဲ မွေးပေးရလေသည်။

ထိုနေရာမျိုးတွင်ကား နန္ဒာသည် ချစ်စရာကောင်းအောင်သိတတ်လှသည်။ ထမင်းစားချိန်အထိ ကိုအောင်သူပြန်မလာသောအခါ ထမင်းချိုင့်ကြီးဆွဲပြီး ပေါက်ချလာလေသည်။ ကိုအောင်သူ ပင်ပန်းပြီး ဆာနေမည်ကိုစိုးရိမ်သော စိတ်စေတနာသည် သူ့မျက်နှာတွင်အထင်းသား ပေါ်နေလေသည်။

'အစ်ကိုကြီး ဆာလှရောပေါ့၊ ဟင်းချို အေးသွားမှာစိုးလို့ ကျွန်တော် အမြန်ကြီးလျှောက်ခဲ့တာ မောလိုက်တာ'

ချွေးများစို့နေသော နဖူးပြင်ကို အင်္ကျီလက်နှင့်ပင့်သုတ်လိုက်သည်။ စားပွဲပေါ်မှဖိုင်တွဲများကို ဘေးသို့ရွှေ့လိုက်ပြီး ချိုင့်များကိုတစ်ဆင့်ပြီးတစ်ဆင့်ဖြုတ်နေလေသည်။ တကယ်ကို အပြေးအလွှားလာခဲ့ဟန်တူသည်။ ဟင်းချိုတွင် အငွေ့မသေသေးချေ။ သည်လို စေတနာထားပုံလေးတွေကြောင့်လည်း ကိုအောင်သူက သံယောဇဉ်ကြီးမိခြင်း ဖြစ်ဟန်တူသည်။

'ထွန်းမင်းကော'

'မသိ'

'ဘာလုပ်နေလဲ'

'သူ့ကို ကျွန်တော်မကြည့်'

ထွန်းမင်းအကြောင်းမေးသောအခါ မျက်နှာညိုသွားပြီး သံပြတ်နှင့်ဖြေလေသည်။ မနက်က တစ်အိမ်တည်းကို တစ်လမ်းတည်းမှ ပြန်ကြသည်ပင် တကွဲစီပြန်သွားကြလေသည်။ တစောင်းစေးနှင့် မျက်ချေးကမှ ပေါင်းစပ်၍ ရဦးမည်ထင်သည်။ သူတို့နှစ်ဦးကို စေ့စပ်ရန်ကား လွယ်လှမည် မဟုတ်ချေ။

'အစ်ကိုကြီး အလုပ်များနေလို့လား'

'အေး'

'ဘာလူနာ အရေးကြီးလို့လဲ'

'မွေးလူနာ'

'အခြေအနေ ကောင်းလား'

'ကောင်းတယ်၊ ကလေးရော၊ လူကြီးရော'

'အစ်ကိုကြီး သွေးထုတ်ထားတာ ခေါင်းမမူးဘူးလား'

'ရပါတယ်၊ ခေါင်းမူးနေရင် လူနာသေသွားမှာပေါ့'

'အဲဒီချိုင့်ထဲမှာ ကြက်ဥပြုတ်ပါတယ်၊ ကျွန်တော်ပြုတ်လာတာ၊ ဆရာမလေးအတွက်ရော'

နန္ဒာသည် သွေးလှူပြီးလုပ်ငန်းခွင်ဆက်ဝင်နေသော ဆရာမလေးများကိုလည်း ကရုဏာသက်နေဟန်ရှိသည်။ ဆာဆာလောင်လောင်နှင့်မို့ ထမင်းကုန်းစားနေသော ကိုအောင်သူအား ခပ်ငေးငေးကြည့်ရင်း မသိမသာ မျက်ရည်ဝဲချင်ဟန်ရှိသည်။

'ကျွန်တော့ကိုကိုလည်း လူနာအရေးကြီးရင် ထမင်းမေ့ ဟင်းမေ့ပဲ၊ အစ်ကိုကြီးနဲ့ သိပ်တူတာ'

နန္ဒာသည် တမ်းတမ်းတတ ပြောလေသည်။ သူ့အစ်ကိုသာ

အသက်ပြန်ရှင်လာမည်ဆိုပါက ဘာမဆိုလုပ်မည့်သူငယ်လေးဖြစ်ဟန် တူသည်။ သူ့အစ်ကိုအား ချစ်ခင်သမျှ စွဲလမ်းသမျှထုထည်တို့သည် ရန်ငြိုးအဖြစ်သို့ ကူးပြောင်းသွားခြင်းဖြစ်သည်။

'လူ့အသက်တစ်ချောင်းဆိုတာ အင်မတန်မှရခဲတာပဲ နန္ဒာ ရယ်၊ ဒီအသက်ကလေးကို တတ်နိုင်သမျှအင်အားနဲ့ သေမင်းလက်က လုရတာ ပျော်စရာပါ'

နန္ဒာသည် မေးကိုလက်နှစ်ဘက်နှင့်စုံထောက်ပြီး လေးလေး စားစား နားထောင်နေလေသည်။ ကိုအောင်သူကိုကြည့်ရင်း သူ့ကိုကိုဟု ထင်မှတ်နေသလားပင်မသိ၊ မျက်လုံးညိုညိုလေးများသည် နူးညံ့ပြီး ရွှန်းစိုနေလေသည်။

'လူသားတွေရဲ့တာဝန်ဟာ လူသားတွေကို အကျိုးပြုဖို့ သတ္တဝါတွေကို အကျိုးပြုဖို့၊ ကမ္ဘာလောကကြီးတစ်ခုလုံးကို အလှဆင်ဖို့ပဲ နန္ဒာရဲ့၊ တစ်ယောက်နဲ့တစ်ယောက် သတ်ဖို့ဖြတ်ဖို့စဉ်းစားပြီး အငြိုးကြီး နေတာဟာ ဘယ်လောက်ဆိုးမလဲနော်၊ ဒီလူဟာလည်း လူသားတာဝန် လုံးဝကျေမှာ မဟုတ်ဘူး'

နန္ဒာသည် တည့်တည့်ပြောလိုက်သဖြင့် ရိပ်မိသွားဟန် တူ သည်။ မျက်လုံးညိုလေးများသည် မှုန်ပြီးကျဉ်းမြောင်းသွားလေသည်။ သို့သော်လည်း ဘာမျှမရိပ်မိသကဲ့သို့ ဟန်မပျက်ထိုင်နေသည်။

'ငါတို့ ဗုဒ္ဓမြတ်စွာဘုရားကလည်း ဟောခဲ့တာပဲ၊ သည်းခံခြင်း ဟာ အမြတ်ဆုံးတရားပဲငါ့ညီရဲ့၊ သည်းခံနိုင်တဲ့လူဟာ ရင်ထဲမှာ အေး နေမှာပဲ၊ မီးကိုရေကသာ နိုင်တယ်၊ မီးကို မီးနဲ့ပြိုင်ရင် ကျွမ်းသည်ထက် ကျွမ်းရုံပဲ ရှိမှာပေါ့၊ ဩော် ဆရာမ လာပါ ထမင်းစားပါဦးလား'

နန္ဒာ ကံကောင်းသည်ဟုဆိုရပေမည်။ တစောင်းတိုက် ဟော နေသောတရားကို မနာချင့်နာချင် နာနေရာမှ ဆရာမ နုနုအေး ဝင်လာ

သဖြင့် ထွက်ပေါက်ရသွားဟန် ရှိလေသည်။ နေရာမှ ပျာပျာသလဲထပြီး လှမ်းခေါ်သည်။

'ဟော ဆရာမ ကျွန်တော်ကြက်ဥပြုတ်လာတယ်၊ အစ်ကိုကြီးဖို့ရော၊ ဆရာမဖို့ရော၊ မူးပြီး မောနေမှာစိုးလို့ လာပါ ဆရာမရယ်'

လက်ဆွဲမတတ် ခေါ်နေသော လူချောကလေးကို ငြင်းဆန်နိုင်ဟန် မတူချေ။ နုနုအေးသည် အခန်းတွင်းသို့လှမ်းဝင်လာလေသည်။

'နန္ဒာ ချက်လာတာလား'

'ထမင်းတွေ ဟင်းတွေက အိမ်ကဒေါ်ကြီးချက်တာ၊ ကြက်ဥကတော့ ကျွန်တော်ကိုယ်တိုင်ပြုတ်တာ အဟဲ ကျက်သွားမှာစိုးလို့ ခဏလေးပဲပြုတ်တယ်'

နန္ဒာသည် ကြက်ဥကိုရေနွေးစိမ်ရုံ စိမ်ခဲ့ဟန်တူသည်။ ကြက်ဥများသည် အစိမ်းသာသာလေးဖြစ်သည်။ သို့သော် ထိုအနေသည် စား၍ကောင်းသောအနေပင်ဖြစ်၏။ ကျက်လွန်းအောင်ပြုတ်သောကြက်ဥများကို ကိုအောင်သူ မနှစ်သက်လှပေ။

'ဆရာ့ညီက လူချောလေးပဲ'

'အဟက် ဒါတောင် ကျွန်တော်ဆံပင်မညှပ်ရသေးလို့ ညဉ်းဆိုးဆိုးဖြစ်နေတာ'

နုနုအေးက မှတ်ချက်ချသောအခါ နန္ဒာသည် ကိုအောင်သူအား မျက်စိတစ်ဖက်မှိတ်ပြီး ရွှတ်နောက်နောက်ပြောလေသည်။ ထမင်းစားပြီးသော ကိုအောင်သူအား ခြင်းထဲတွင်အသင့်ထည့်လာသော လက်သုတ်ပဝါကို လှမ်းပေးသည်။ ချိုင့်များကိုဆင့်ထပ်ပြီး ပြန်သိမ်းနေသောနန္ဒာအား နုနုအေးသည် ခပ်ငေးငေးလေးကြည့်နေသည်။

'ဆရာ့ညီက ဆရာ့ကို အတော်ချစ်တယ်ထင်တယ်နော်'

'ဟာ သိပ်ချစ်ပေါ့၊ ကျွန်တော် မနာချင်တဲ့တရားတွေ ဟော

တာတောင် ငါချစ်တဲ့အစ်ကိုကြီးပဲလေဆိုပြီး မသိချင်ယောင်ဆောင်ရင်း နာရတာပဲ'

နန္ဒာသည် ကိုအောင်သူအား အသားလွတ်ခွပ်လေသည်။ ကိုအောင်သူသည် တဟားဟားရယ်ရင်း နန္ဒာ၏ခေါင်းကို ပွတ်လိုက်မိသည်။

နန္ဒာသည် အသံကြားသနား၊ မျက်နှာမြင် ချစ်ခင်ပါစေဟူ၍များ ဆုတောင်းကောင်းခဲ့သည်လား မသိရချေ။ ယောကျ်ားလေးမှန်သမျှနှင့် ရောရောနှောနှောမနေဘဲ တည်တည်နေလေ့ရှိသော ဆရာမချောလေးနုနုအေးကပင်လျှင် အတော်ခင်မင်သွားဟန်ရှိသည်။ ချိုင့်ကြီးတကားကားနှင့် ပြန်သွားသောနန္ဒာကို ဆေးရုံဝအထိလိုက်ပို့ပြီး 'နောက်အားရင်လာလည်ပေါ့ကွယ်' ဟု ဖိတ်မန္တကပြုလိုက်သည်ကို ကြားလိုက်ရသည်။

ဆေးရုံဝရောက်သောအခါ နန္ဒာသည် သူ့ဘေးမှနုနုအေးကို သတိရဟန်မတူတော့ချေ။ ဒေါ်ကြီးစံမယ်တို့အိမ်နားမှ ဘကြီးဘတိုးမောင်းလာသော လှည်းကိုလှမ်းမြင်ပြီး ဦးတည်ပြေးလေသည်။ ကောက်ရိုးအပြည့်ခင်းထားသောလှည်းပေါ်သို့ နောက်မြီးမှခိုတက်လေသည်။

'ဟဲ့ နန္ဒာ ရှေ့တိုးထိုင် လှည်းက သိပ်ဆောင့်တာ လိမ့်ကျနေမယ်'

လှည်းနောက်မြီးတွင် တွဲလောင်းချထိုင်ပြီး ဆေးရုံဘက်ပြန်လက်ပြနေသောနန္ဒာအား ဘကြီးဘတိုးက ပြောသည်။ ခြေထောက်တင်ပြီး ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်လျှင် ရှုံးပွဲမည်စိုးဟန်တူသည်။ နန္ဒာက မကြားဟန်ပြုနေလေသည်။ ဘာမှပင်မကြာလိုက် လှည်းတစ်ချက်အဆောင့်တွင် နန္ဒာခမျာ တစ်ကိုယ်လုံးမြောက်တက်သွားပြီး လှည်းလမ်းကြောင်းထဲ ဖုတ်ခနဲကျကျန်ရစ်လေသည်။

'ဟော နန္ဒာ နန္ဒာလေးရယ်၊ လှည်းပေါ်က လိမ့်ကျတယ် ဆရာရေ'

နုနုအေးသည် အော်ပြီးအပြေးအလွှားသွားလေသည်။ ကိုအောင်သူလည်း စိုးရိမ်စိတ်နှင့် အပြေးထွက်လာမိသည်။ သူတို့ အနားရောက်သည်အထိ နန္ဒာသည် မထနိုင်သေးချေ။ ဖင်ထိုင်လျက်ကလေး ရှုံ့မဲ့နေ လေသည်။ ဘကြီးဘတိုးကမူ တဟားဟားရယ်နေသည်။

'အာ မြီးညှောင်ရိုးအောင့်တာ အစ်ကိုကြီးကလဲ'

နန္ဒသည် ကုန်းကုန်းကွကွကလေးထလာပြီး ဘကြီးဘတိုးကို မျက်စောင်းခဲနေလေသည်။ စိုးရိမ်တကြီးကြည့်နေသော နုနုအေးကိုမူ အဟဲခနဲ သွားဖြဲပြလေသည်။ အပျိုချောချောရှေ့တွင် လှည်းပေါ်မှငုတ်တုတ်ကျရသဖြင့် အတော်ရှက်သွားဟန်ရှိလေသည်။

'ဆေးရုံကို ပြန်လိုက်ခဲ့ပါလား နန္ဒာ၊ ဘာဖြစ်သွားလဲကြည့်ရအောင်'

နုနုအေးကပြောသောအခါ နန္ဒာသည် လေဓါလျင်မြန်ခြင်းဖြင့် လှည်းပေါ်သို့ ပြန်ရောက်သွားလေသည်။ ရှုံ့ရှုံ့မဲ့မဲ့မျက်နှာလေးသည် ရှက်သွေးမွှန်ပြီး ချွေးများစို့နေသည်။

'အာ အာ ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ ဘာဆိုဘာမှ မဖြစ်ပါဘူး'

အရှက်ကြီးသောလူပျိုကလေးသည် အိမ်သို့ တချီတည်း ပြန်ပြေးလေတော့သည်။ သည်တစ်ခါတော့ တကယ်ပင်ကြောက်သွားဟန်ရှိသည်။ လှည်းဦးဘက်တိုးပြီး လှည်းနံရံကိုဆုပ်ကိုင်ထားလေသည်။

'ဆရာ့ညီက တကယ့်ကို ကလေးစိတ်မကုန်သေးဘူး'

လှည်းနောက်ဘက်တွင် လုံးကျန်ခဲ့သော ဖုန်များနှင့် ဝေးရာဘက်သို့ရှောင်ရင်း နုနုအေးက မှတ်ချက်ချပြန်လေသည်။ ထို့နောက်

ခပ်တိုးတိုးပြောသည်။

‘ရယ်စရာလည်းကောင်းတယ်၊ ချစ်စရာလည်းကောင်းတယ်’

ကိုအောင်သူသည် နုနုအေး၏ အေးချမ်းချိုပြုံးသော မျက်နှာလေးကိုကြည့်ရင်း စိတ်ထဲမှဖြည့်စွက်ရေရွတ်နေမိသည်။

‘သနားစရာလည်း ကောင်းတယ်၊ ကြောက်စရာလည်း ကောင်းတယ်’

*

နန္ဒာ

အမြန်ဆုံးပြန်လာပါ၊ တာရာ စိတ်ပူနေသည်။ မာလာ မြိုင်ကိုရောင်းလိုက်ပြီ။ သီရိရိပ်သာမှာနေသည်။ တာရာ့ဆီကို ပြန်လာပါ။

တာရာ

'ကဲ နန္ဒာ၊ မင်း ဘယ်လိုဆုံးဖြတ်မလဲ'

နန္ဒာသည် ဘာမှမပြောဘဲ သတင်းစာတွင်းရှိကြော်ငြာ ကွက်လပ်ကလေးကိုသာ သဲသဲမဲမဲစိုက်ကြည့်နေလေသည်။

'မင်း အစ်မ စိတ်ပူနေပြီ၊ ဘာပဲဖြစ်ဖြစ် မင်းပြန်ဖို့ကောင်းတယ် နန္ဒာလေး၊ ဒီအချိန်မှာ သူလဲ အင်မတန်ကိုအားငယ်နေမှာပဲ၊ ငါ့အနေနဲ့ ကလည်း အကြောင်းသိလျက်နဲ့ မင်းကိုဒီလောက်ကြာကြာလက်ခံထား တယ်ဆိုတာ လုံးဝမသင့်တော်ဘူး'

ကိုအောင်သူ၏စကားကို နန္ဒာသည် ကလန်ကဆန် မပြော ချေ။ မသိမသာခေါင်းညိတ်လိုက်သဖြင့် လက်ခံပုံရလေသည်။ သို့သော် လည်း နှုတ်ခမ်းပါးကို တင်းတင်းစေ့ အံကြိတ်ထားလေသည်။

'မင်းမပြန်ချင်ရင်လည်း ငါဇွတ်ပြန်ခိုင်းရမှာပဲ၊ ဇွတ်ကိုလိုက်ပို့ ရမှာပဲ'

'အစ်ကိုကြီးက ဘယ်ကိုပို့မှာလဲ'

'မင်းရဲ့အိမ်ကိုပေါ့'

'ကျွန်တော့အိမ်က ဘယ်မှာလဲ'

'ရန်ကုန်မှာလေ၊ စုံစမ်းရမှာပေါ့'

'အိုး ရန်ကုန်က မာလာမြိုင်ကိုရောင်းလိုက်ပြီတဲ့၊ မမတာရာ ရန်ကုန်မှာ မရှိဘူး'

'ဩော် မရှိလည်း ရှိတဲ့ဆီကိုပေါ့'

'ကျွန်တော်မပြောရင် အစ်ကိုကြီးမသိပါဘူး'

ကိုအောင်သူသည် သက်ပြင်းကို လေးလေးပင်ပင်ရှိုက်လိုက်မိသည်။ နန္ဒာအပြောအရဆိုလျှင် ကိုအောင်သူ့အတွက်လမ်းပိတ်ချေပြီ။ စောစောစီးစီးက စာထည့်အကြောင်းကြားခဲ့မိလျှင်လည်း ကောင်းပေမည်။ ခုတော့ တာရာသည် ဓာတ်မြှုပ်ပြီထင်ရသည်။ နန္ဒာမပြောလျှင် တာရာတစ်ယောက် ဘယ်ရောက်နေသနည်း သိရန်မလွယ်ကူချေ။ နန္ဒာ့ကို ကုပ်ဆွဲပြီး ဖွတ်အတင်း ပြန်အပ်ရအောင်ကလည်း တာရာ အဘယ်မှာနည်း။ မည်ကဲ့သို့အကြောင်းကြားရမည်နည်း။

'အစ်ကိုကြီးရယ် ဒီလောက်လည်း နှင်မနေပါနဲ့၊ ကျွန်တော် ပြန်ပါ့မယ်၊ လေး ငါးဆယ်ရက်လောက်တော့ စိတ်ပြေလက်ပျောက် နေချင်သေးတယ်'

'ဟာကွာ၊ သုံးရက်လောက်ဆို တော်ရောပေါ့'

နန္ဒာနှင့် ကိုအောင်သူသည် အပြန်အလှန် ဈေးဆစ်နေမိကြသည်။ နောက်ဆုံး ဆယ်ရက်နှင့် သုံးရက်ကြား ရက်သတ္တတစ်ပတ်နှင့် ဈေးတည့်သွားလေသည်။ နန္ဒာသည် သူ့ကိုဖွတ်နှင်နေသည့် ကိုအောင်သူအား လက်သီးနှင့်မနာအောင်ထိုးရင်း ခပ်ပြုံးပြုံးမေးသည်။

'အစ်ကိုကြီး မမတာရာကို တကယ်ကြိုက်သလား'

'ဟာ'

ကိုအောင်သူခမျာ မျက်နှာတစ်ခုလုံး ပူရှိန်းသွားသည်။ ရေခဲရေနှင့်ပက်လိုက်သလိုလို၊ ရေနွေးနှင့်ပက်လိုက်သလိုလို၊ ဖိန်းသွားသည်ကား အမှန်ပင်။ ရုတ်ခြည်း ရဲတက်လာသော သူ၏မျက်နှာအားမော့ကြည့်ရင်း နန္ဒာသည် အသံထွက်အောင် ရယ်မောနေလေသည်။

'အောင်မာ အစ်ကိုကြီးကပဲ ရှက်နေသေးတယ်၊ ကျွန်တော်ရှက်ဖို့ထားပါဦး၊ အစ်ကိုကြီး ကျန်နေမယ်နော်၊ မမတာရာကိုကြိုက်တဲ့လူတွေ ဝိုင်းနေတာ'

'သိပ်လုတာကိုး'

ကိုအောင်သူက ခပ်တိုးတိုးထောက်ခံမိလေသည်။ လှပ သိမ်မွေ့သော တာရာကို တစ်ခါတည်းမြင်ရုံနှင့်ပင် အာရုံတွင်ကပ်ငြိပြီး စွဲလမ်းမိခဲ့သေးသည်။ အခါခါမြင်နေရသူများသည် သူ့အလှကို အမြတ်တနိုး ကိုးကွယ်ကြမည်သာဖြစ်သည်။ ဒီလိုတွေးမိပြန်တော့ နှလုံးသားက အခုန်မြန်လာလေသည်။ အားနွဲ့လွန်းသော တာရာ့အတွက် အားကိုးအားထားရှိနေလေပြီလော။

'မမတာရာမှာ ရည်းစားတော့ မရှိသေးဘူးဗျ၊ ယောကျ်ားတွေဟာ အလကားတဲ့ မမကပြောတယ်၊ ဒါပေမဲ့ အခုလောက်ဆိုရင် ရှိချင်ရှိနေမှာ အဟက်'

နန္ဒာသည် မျက်နှာညိုသလိုလိုဖြစ်နေသော ကိုအောင်သူအား ရိတိတိပြောပြီး ထွက်သွားလေသည်။ သူ့အစ်မ၏အမည်ထည့်ပြောလျှင်ပင် မကြိုက်သော သူငယ်ကလေးသည် ဘာစိတ်ကူးပေါက်ပြီး ပေါက်ကရပြောသွားလေသည် မသိရချေ။ ကိုအောင်သူ၏ရင်တွင်း၌ အိပ်မောကျနေသော မေတ္တာရိပ်ငွေ့များကို နှိုးဆွသွားလေသည်။

ထိုနေ့နံနက်တွင် ထွန်းမင်းသည် သေတ္တာအောက်ဆုံးတွင်

သိမ်းဆည်းထားသော စုတ်တံများကိုပြန်လည်ထုတ်ယူလေသည်။ ဆေးဘူးများကို ပြင်ဆင်လေသည်။

'ငါ ပန်းချီဆွဲတော့မယ်' ဟုပြောသော ထွန်းမင်း၏ မျက်နှာသည် သန့်စင်နေလေသည်။ ခြံဝသို့မျှော်ကြည့်လိုက်သောအခါ စိန်ပန်းနီနီများ ပွင့်စပြုနေလေပြီ။ ညိုနေသောကောင်းကင်နောက်ခံတွင် ရဲရဲနီသောစိန်ပန်းများသည် နှစ်သက်ဖွယ်ကောင်းလှသည်။ စိန်ပန်းတို့လှိုင်လှိုင်ပွင့်လျှင် မိုးလည်းဖြိုင်ဖြိုင်ရွာပေတော့မည်။ ဘာလိုလိုနှင့် ထွန်းမင်းတစ်ယောက် သာယာကုန်းရောက်သည်ပင် တစ်ပတ်ကျော်ပေပြီ။

'ဒေါ်ကြီးရေ ထွန်းမင်းကို ထမင်းချိန်တန်ရင် ထမင်း၊ ကော်ဖီချိန်တန်ရင်ကော်ဖီ၊ ဂရုစိုက်ပြီး ကျွေးပေတော့ဗျာ၊ ဒီကောင်ပန်းချီဆွဲရင် ထမင်း ဟင်း မေ့တတ်လွန်းလို့'

ဒေါ်ကြီးစံမယ်ကို အပြီးမှာခဲ့ရလေသည်။ ဂရုတစိုက်ကျွေးမည့်လူမရှိက ထွန်းမင်းသည် ပန်းချီကားထဲတွင် နစ်မြုပ်နေသော သူ့စိတ်ကို ဆွဲလှုပ်လိမ့်မည်မဟုတ်ပါချေ။

'နန္ဒာရော'

'ဆံပင်ညှပ်ဦးမယ်ဆိုပြီး ထွက်သွားလေရဲ့ဆရာလေးရယ်'

ကိုအောင်သူသည် ကျေကျေနပ်နပ်ပြုံးလိုက်မိသည်။ နန္ဒာ ဆံပင်ညှဉ်းဆိုးဆိုးကို ညှပ်စေချင်သည်မှာ ကြာချေပြီ။ နဖူးပြင်တွင် ကပိုကရိုဝဲကျနေတတ်သောဆံပင်ကို အသေအချာဖြီးပါက လှိုင်းတွန့်လေးများပေါ်လာမည်ထင်သည်။ နန္ဒာကိုတစ်ခါမှ သပ်သပ်ရပ်ရပ် မတွေ့ဖူးသေးချေ။ ပေစုတ်စုတ်၊ ညစ်တေတေနှင့် ဂျစ်ကန်ကန်လူဆိုးလေးအသွင်သာတွေ့မြင်နေရသည်။ နန္ဒာကို တစ်ခါလောက်များ အချိုးကျကျ တွေ့ဘူးချင်သည်။ ညီညီတို့လိုသာ အကောင်းစား၊ အသန့်စားဝတ်ပြီး ရယ်မောပျော်ရွှင်တတ်သော လူရွှင်လေးနန္ဒာဆိုပါက မိန်းကလေး

တွေ ဝိုင်းဝိုင်းလည်နေမည် ဖြစ်လေသည်။

ကိုအောင်သူအတွေးပင်မဆုံးချင်သေး၊ နန္ဒာသည် ဘာစိတ်ကူးများပေါက်လေသည်မသိ၊ ဆေးရုံကိုပေါက်ချလာသည်။

'အောင်မလေး ဟဲ့ နန္ဒာ၊ ငါဖြင့် ရတ်တရက်တောင် မမှတ်မိဘူး၊ အားပါး ငါ့ညီက ချောလို့၊ သန့်လို့'

နန္ဒာသည် နှုတ်ခမ်းကိုစေ့ကာ ခပ်ရိပ်ရိပ်လေးပြုံးနေသည်။ ဆံပင်ကိုနောက်သို့လှန်ဖြီးထားသဖြင့် နဖူးပြင်ပြန့်ပြန့်သည် ဝင်းပြီးထင်းနေသည်။ ပိနေအောင်ဖြီးထားသော်လည်း ဆံပင်ကောက်မှ လှိုင်းတွန့်လေးများသည် ပြေမသွားချေ။ ရေညှိရောင် ရှပ်အင်္ကျီနှင့်ဘောင်းဘီကို ဆင်တူဝတ်ထားရာ ဝါသောအသားသည် ဝင်းနေလေသည်။

သူ့အသဲစွဲ ခုံဖိနပ်ကြီးကိုလည်း ချွတ်ခဲ့လေသည်။ သူ့ခြေထောက်တွင် မတွေ့ရတော့။ ရှူးဖိနပ်ဦးချွန်အထက်တွင် နိုင်လွန်ခြေအိတ် အညိုလေးကိုတွေ့ရသည်။

'မင်း ဘာစိတ်ကူးတွေပေါက်နေတာလဲ'

'အဟက် ဒီလိုပါပဲ၊ ပျင်းတာနဲ့'

နန္ဒာသည် ရယ်ကျဲကျဲလေးပြောသည်။ ပျင်း၍ထွက်လာသည်ဆိုသော်လည်း သူ့မျက်လုံးများက အခန်းပြင်တွင်လျှောက်သွားနေသော သူနာပြုဆရာမလေးများဆီသို့သာရောက်နေသည်။ ရွှေစွန်ညို ဘာကိုလိုလို့များ လာသနည်းဟု ရှည်ရှည်ဝေးဝေး စဉ်းစားရန်မလိုပါချေ။

'ကျွန်တော်က တစ်ပတ်နေပြီးရင် ပြန်ရတော့မှာမဟုတ်လား၊ စုံစုံစေ့စေ့ရောက်ဖူးအောင် လျှောက်လည်တာပါ'

'အေးပါကွာ၊ ဘုရားလည်း ဖူးရင်း၊ လိပ်ဥလည်းတူးရင်း ဆိုပါတော့'

ကိုအောင်သူသည် ပြုံးရယ်ရင်း မှတ်ချက်ချမိလေသည်။ နန္ဒာ

သည် ခေါင်းကိုငုံ့ပစ်လိုက်ပြီး ဖိနပ်ခွာနှင့် ကြမ်းကိုရှပ်တိုက်ကစားနေလေသည်။ ရယ်ချင်ဟန်ရှိသော်လည်း မရယ်ချေ။

'အေးကွာ ဘာပဲပြောပြော မင်း ငါ့ဆေးရုံကို နေ့တိုင်းလိုက်လာရင် ပိုတောင်ကောင်းသေးတယ်၊ ငါ့မှာ အလုပ်သာလုပ်နေရတယ်၊ ထွန်းမင်းနဲ့မင်းနဲ့အိမ်မှာ အတူတူထားခဲ့ရတာ နည်းနည်းမှ စိတ်မဖြောင့်ဘူး'

နန္ဒာသည် ရုတ်တရက်ငြိမ်သွားပြီး စားပွဲပေါ်ရှိစာအုပ်များကို ငေးကြည့်နေလေသည်။ မျက်မှောင်ကို မသိမသာတွန့်ပြီး နှုတ်ခမ်းစေ့ထားလေသည်။

'ထွန်းမင်းကို မင်း ခုထိပဲ သတ်ချင်နေတုန်းပဲလား နန္ဒာ'

စားပွဲကို ပေါက်ထွက်မတတ်စူးစိုက်ကြည့်ရင်း နန္ဒာသည် ခေတ္တမျှတွေနေလေသည်။ ထို့နောက် ခေါင်းကိုဆတ်ခနဲညိတ်ပြသည်။

'သတ်ဖို့ရာရော လက်မလျှော့သေးဘူး ဆိုပါတော့ ဟုတ်လား'

နန္ဒာသည် နှုတ်ခမ်းကို မသိမသာလေးတွန့်လိုက်သည်။ သို့သော် ဘာကိုမျှအဖြေမပေးဘဲ ငြိမ်နေလေသည်။

*

'နန္ဒာပြန်ရင် ဒေါ်ကြီး လိုက်ခဲ့မလား'

'ဒေါ်ကြီးကို ကျွေးထားမှာမို့လား'

'အို ကျွေးထားမှာပေါ့ ဒေါ်ကြီးရ၊ နန္ဒာရဲ့ မွေးစားအမေပေါ့၊ ကဲ'

ဒေါ်ကြီးစံမယ်သည် ဆန်ကောထဲရှိဆန်ထဲမှ စပါးလုံးများကို ရွေးထုတ်နေသည်။ နန္ဒာသည် ဒေါ်ကြီးစံမယ်ကို ခပ်နွဲ့နွဲ့မှီရင်း ခြေဆင်းထိုင်နေလေသည်။ သူ့လက်ထဲတွင် ဒန်ရောင်သေနတ်ကလေး တစ်လက်ကိုတွေ့ရသည်။ မိန်းမကိုင် သေနတ်သေးသေးလေးဖြစ်သည်။ ဘာအမျိုးအစားဖြစ်သည်ကိုမူ ကိုအောင်သူနားမလည်ချေ။ မည်သို့ပင်ဖြစ်စေ သေနတ်ဟူသည်မှာ မည်မျှပင်သေးသေး မည်မျှပင်ငယ်ငယ် ကစားစရာတော့ မဟုတ်ချေ။ လူသေစေတတ်သည်ချည်းမို့ ကြောက်စရာလက်နက်သာဖြစ်ချေသည်။

'နန္ဒာ အဲဒီသေနတ် ဘယ်ကရလာတာလဲ'

'အိုဗျာ အစ်ကိုကြီးရာ၊ ဘယ်ကရမှာလဲ၊ ကျွန်တော့သေနတ်ပေါ့၊ မသုံးတာကြာလှပြီ၊ ခုမှသတိရလို့ ထုတ်ပြီးတိုက်မလို့'

သေနတ်ကလေးကို လက်ထဲတွင် လှည့်ကစားရင်း နန္ဒာက ပြောလေသည်။ ရွှတ်သလိုလိုနောက်သလိုလိုနှင့် ကိုအောင်သူ့ကို တည့်

တည့်ချိန်ကာ မောင်းကို ဆွဲလိုက်သည်။ ကိုအောင်သူ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ ချောက်ခနဲမြည်သံနှင့် အတူကျည်ဆံထည့်သော မောင်းဆုံကလေး လည်သွားလေသည်။ ဆတ်ခနဲ တုန်သွားသော ကိုအောင်သူအား နန္ဒာသည် မျက်စိတစ်ဖက်မှိတ်ပြပြီး ရယ်လေသည်။

'အစ်ကိုကြီးကလည်းကြောက်လိုက်တာ၊ ကျည်ဆံ မရှိပါဘူး'

'ကြောက်တာပေါ့ကွ၊ သေနတ်မှန်ရင် သေတတ်တာကိုး'

နန္ဒာသည်ရယ်မောရင်း ဒေါ်ကြီးစံမယ်ဘေးတွင် ဝမ်းလျားမှောက်လိုက်သည်။ ဧည့်ခန်းက ကြမ်းများကို ဒေါ်ကြီးစံမယ် ပြောင်စင်အောင်တိုက်ထား၍သာ တော်တော့သည်။ တွေ့ရာနေရာတွင် မှောက်တတ်သောနန္ဒာသည် ဖုန်တောသဲတော၌လည်း အိပ်ချချင်ချမည့်သတ္တဝါလေးဖြစ်သည်။

'ဆန်ထဲမှာ အကောင်မည်းမည်းလေးတွေက တစ်မျိုး၊ လောက်လို ရှည်ရှည်တွေကတစ်မျိုး၊ ပိုးကောင်နှစ်မျိုးတောင်ရှိတယ် နော် ဒေါ်ကြီး'

'စပါးလုံးနဲ့ စက်ချေးကိုပါရွေး နန္ဒာရဲ့'

နန္ဒာသည် ဆန်ကောဘေးသို့ ဝမ်းလျားမှောက်တိုးသွားပြီး အမှုန်အမွှားများကို ရွေးနေလေသည်။

ကိုအောင်သူဆေးရုံမှပြန်လာသဖြင့် ဧည့်ခန်းထဲ၌အကုန်စုမိကြသည်။ ထွန်းမင်းကမူ ဆင်ဝင်အောက်တွင် ပန်းချီဆွဲနေသည်။ နန္ဒာနှင့် ဒေါ်ကြီးစံမယ်တို့ စပါးလုံးရွေးနေကြသည်။ ကိုအောင်သူလည်း စာဖတ်ရမည်ဖြစ်သည်။ တိုးမောင်ကြီးပေးသွားသောစာအုပ်ကို အခုမှပင် အေးအေးဆေးဆေးဖတ်ရပေတော့မည်။ ဆံပင်ကျွတ်ရခြင်း၊ ထိပ်ပြောင်ရခြင်းများ၏အကြောင်းရင်းများကို သုတေသနပြုပြီး ရေးထား

သောစာအုပ်ဖြစ်သည်။ ဆေးပညာဆိုသည်မှာ လေ့လာ၍ဆည်းပူး၍ ကုန်နိုင်ဖွယ်မရှိချေ။

'ဖြစ်နိုင်ရင်ပေါ့လေ'

'ပက်ကျိလေးဖြစ်မယ့်အစား စာကလေးငှက်ဖြစ်ချင်တယ်၊ သံကလေးဖြစ်မယ့်အစား တူဖြစ်ချင်တယ်'

'ငါ တတ်များတတ်နိုင်ရင်လေ ဒီလိုပဲဖြစ်ချင်တယ်'

နန္ဒာသည် အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို တိုးတိုးလေး ဆိုနေသည်။ လက်တစ်ဖက်နှင့် မေးကိုထောက်ထားသည်။ တစ်ဖက်က ဆံနွယ်ေးနေလေသည်။ အပေါ်ထောင်ထားသော ခြေထောက်နှစ်ဖက်ကို လှုပ်ယမ်းရင်း စည်းချက်လိုက်နေသည်။

ပန်းချီပိတ်ကားပေါ်တွင် ခဲနှင့်ရေးရေးကလေးရာပြီး ပုံကြမ်းလောင်းနေသောထွန်းမင်းသည် နန္ဒာအားမသိမသာငဲ့ကြည့်လေသည်။

ဆင်ဝင်နှင့်ဧည့်ခန်းအကြားတွင် အဝင်ဖိနပ်ချွတ်နေရာလေးသာရှိ၍ တိုးလျှိုပေါက်တန်းမြင်နေရသည်။

သီချင်းဆိုရင်းမှ မော်ကြည့်လိုက်သော နန္ဒာနှင့် ထွန်းမင်း၏ မျက်လုံးများလည်း ခေတ္တမျှဆုံလိုက်ကြသည်။ နန္ဒာကစပြီး မျက်လုံးကို လွှဲဖယ်လိုက်ကာ သဲ့သဲ့လေးရယ်လိုက်သည်။

'ဘာရယ်တာလဲ နန္ဒာလေး'

'ဩော် ဆန်ထဲက ပိုးနှစ်မျိုး ရန်မဖြစ်ကြဘူးလားလို့ တွေးမိလို့ပါ'

'ကြံကြံဖန်ဖန်ကွယ်'

နန္ဒာသည် စာကိုစိတ်ဝင်စားစွာဖတ်နေသော ကိုအောင်သူအား စောင်းကြည့်လိုက်သည်။ ကိုအောင်သူသည် မသိချေ။ လူများ ထိပ်ပြောင်ခြင်းနှင့် အတွင်းစိတ် ပူပင်သောကတို့ဆက်နွယ်နေပုံသည်

စိတ်ဝင်စားဖွယ်ကောင်းလှသည်။ စာဖတ်ရင်းမှ နန္ဒာနှင့်ထွန်းမင်းသာ အတူ ကြာကြာနေပါက သူ့ခများကြားထဲမှ ထိပ်ပြောင်ဖြစ်မည့်အရေးကို တွေးပြီး ပြုံးလျက်သား ဖြစ်သွားသည်။ နန္ဒာကို အမှတ်မထင်လှမ်း ကြည့်မိသောအခါ နန္ဒာသည် အဟဲ ခနဲ ကြောင်စီစီရယ်ပြပြီး မျက်လွှာ ချလိုက်လေသည်။

နန္ဒာသည် ဘေးတွင် ချထားသော သေနတ်ကလေးကို ကောက်ယူလိုက်သည်။ လက်ကိုင်ပဝါလေးနှင့် ပြောင်လက်အောင် တယုတယ တိုက်နေသည်။ ဒန်ရောင်တဖိတ်ဖိတ်လက်လာသည်အထိ ပွတ်တိုက်ရင်း လေချွန်နေသည်။

အပြင်ဘက်တွင် မိုးဖွဲဖွဲရွာနေသည်။ ပြတင်းပေါက်မှတစ်ဆင့် လှမ်းမြင်နေရသော စိန်ပန်းပင်သည် တစ်ပင်လုံး ရဲရဲနီရန် အရှိန်ယူနေ ဟန်ရှိသည်။ တောင်လေက ဝေ့ကာဝဲကာတိုက်ခိုက်သည်။ လူးလွန့် ယိမ်းညွတ်နေသောအကိုင်းအခက်များပေါ်တွင် ပန်းပွင့်နီများသည် ဘယ်ညာနွဲ့ရင်း ကခုန်နေကြဟန်ရှိသည်။

'ဟဲ့ နန္ဒာ ဟဲ့ ငါကြောက်တယ်'

နန္ဒာသည် ဒေါ်ကြီးစံမယ်အားသေနတ်နှင့်တည့်တည့်ချိန် ထားလေသည်။ ဒေါ်ကြီးစံမယ်သည် ဆန်ကောကြီးကိုချကာ ခြေကား ရား လက်ကားရားနှင့်အော်နေသည်။ သေနတ်ပြောင်းဝထဲမှ ကျည်ဆံ လေး ပြေးထွက်လာတော့မည်ကဲ့သို့ မျက်လုံး မျက်ဆန်ပြူးနေသည်။ ချောက်ခနဲ မြည်သွားသောအသံကိုကြားရသောအခါမှ သက်ပြင်းကြီး ဟင်းခနဲချကာ ရင်ပတ်ကိုလက်နှစ်ဖက်နှင့်ဖိထားလေသည်။

'မကစားကောင်းတာနန္ဒာရယ်၊ ဒေါ်ကြီး ရင်တုန်တယ်'

နန္ဒာသည် နှုတ်ခမ်းကိုစေ့ကာ ခပ်ရဲ့ရဲ့လေးပြုံးရင်း သေနတ် ဆုံလည်လေးကိုပွတ်တိုက်နေသည်။ တတွတ်တွတ်ပြောနေသော ဒေါ်

ကြီးစံမယ်ကိုမော်ကြည့်ကာ မျက်လုံးလေးများသည်မှုန်ပြီး ညိုနေလေသည်။

'နန္ဒာ ကစားတာပါ ဒေါ်ကြီးရယ်'

တိုးတိုးလေးပြောလိုက်သော နန္ဒာ့အသံသည် မသိမသာအဖျားခတ်နေသည်။

'ဒီတစ်ခါတော့ နောက်တစ်ယောက် ဟုတ်လား'

သေနတ်ပြောင်းဝလေးကို ဆင်ဝင်အောက်ရှိ ထွန်းမင်းဘက်သို့ လှည့်သွားသည်။ ခဲတံကိုဖော့ဖော့လေးကိုင်ပြီး ပုံကြမ်းလောင်းနေသော ထွန်းမင်းသည် သိပုံမရချေ။ ဆင်ဝင်အောက်အထိ ပြေးဝင်လာသော မိုးစက်လေးများ သူ့မျက်နှာသို့လာရောက်ထိမှန်သည်ကိုပင် အမှတ်မထားနိုင်ချေ။

နန္ဒာသည် မျက်စိလေးတစ်ဖက်မှိတ်ကာ ထွန်းမင်းအား အကျအနချိန်နေသည်။ ဒေါ်ကြီးစံမယ်ကမူ ဆော့လည်း ဆော့ရန်ကောဟု စိတ်မရှည်ဟန်နှင့်ကြည့်နေလေသည်။

'ကစားစရာ ရှားလွန်းလို့ နန္ဒာရယ်'

ရင်တုန်ပန်းတုန်ပြောသော ဒေါ်ကြီးစံမယ်၏အသံကိုပင် ကြားဟန်မတူချေ။ အောက်နှုတ်ခမ်းကို မသိမသာကိုက်ထားလေသည်။ သေနတ်မောင်းပေါ်ရှိ လက်ညှိုးလေးကို တဖြည်းဖြည်းအားယူပြီး ကွေးလိုက်သည်။

နန္ဒာ့ကို အမှုမဲ့အမှတ်မဲ့မော့ကြည့်လိုက်သော ကိုအောင်သူသည် ရင်ထဲတွင် မရှင်းမလင်းဖြစ်သွားသည်။ စနိုးစနောင့်နှင့် စိုးရိမ်တကြီး အော်ဟစ်လိုက်မိလေသည်။

'ဟော့ နန္ဒာ'

'ဒိုင်း'

ကိုအောင်သူသည် သူ့လက်ထဲရှိဖတ်လက်စ စာအုပ်နှင့် နန္ဒာ၏လက်ကိုချိန်ရွယ်ပစ်ပေါက်လိုက်မိသည်။ နန္ဒာ၏လက်ဘေးဘက်သို့ ယိုင်သွားပြီး တစ်ချိန်တည်းပင် သေနတ်ပြောင်းဝမှ မီးနီလေး ပွင့်ထွက်သွားလေသည်။

'အောင်မယ်လေးတော့၊ ဘုရား ဘုရား ဣတိပိ ဘဂဝါ ဝါ'

ဒေါ်ကြီးစံမယ်သည် သူ့နားနားတွင်ကပ်ပြီး မိုးကြိုးပစ်သွားသည်ဟု ယူဆပုံရလေသည်။ ဆန်ပန်းကြီးကို ကယောင်ကတမ်းနှင့် လျှောခနဲတွန်းပစ်ပြီး မျက်လုံးကြီးပြူးလျက် ပေါက်ကရ အော်နေလေသည်။

'ထွန်းမင်း ထွန်းမင်း'

ကိုအောင်သူသည် တစ်ကိုယ်လုံးပူထူသွားသည်။ နေရာမှ ဘယ်လိုထ၍ ထွန်းမင်းဆီ ဘယ်လိုပြေးသွားမှန်းပင် မသိလိုက်ချေ။ ထွန်းမင်းသည် ကိုအောင်သူစိုးရိမ်သကဲ့သို့ မြေတွင်လဲမနေပါချေ။ ဖြူရော်သောမျက်နှာနှင့် ဆွဲလက်စပန်းချီကားကို ငေးမောကြည့်နေလေသည်။ ပန်းချီကားထောင့်စွန်းတွင် ဝိုင်းစက်နေသော ကျည်ဆံပေါက်ကလေးကို တွေ့ရသည်။ ကိုအောင်သူသာ လက်မြန် ခြေမြန် စာအုပ်နှင့် မပေါက်လိုက်ပါက ထွန်းမင်း၏နှလုံးသားတည့်တည့်၌ အရာထင်သွားမည့် အပေါက်ကလေးဖြစ်ဟန်တူလေသည်။

'နန္ဒာ'

ကိုအောင်သူသည် ခေတ္တမျှငေးမောမိသည်။ ထို့နောက် လက်ကို ဝှေ့ယမ်းရင်း ဒေါသတကြီးအော်လိုက်လေသည်။ သည်တစ်ခါတော့ သူ လုံးဝသည်းခံနိုင်မည်မဟုတ်တော့ချေ။

'နန္ဒာ'

'ကျွန်တော် ရှိသားပဲ'

http://myanmarpyithar.net

နန္ဒာသည် အံကိုတင်းတင်းကြိတ်ရင်း ကိုအောင်သူအား ရဲရဲတင်းတင်းပြန်ကြည့်နေလေသည်။ ဝမ်းလျားမှောက်နေရာမှ ထ လိုက်သည်။ ခြေထောက်နှစ်ဖက်ကို ကားရှဲရပ်ရင်း သေနတ်ကလေးကို လှည့်ကစားနေသည်။

'မင်း ဘာလုပ်လိုက်တာလဲ နန္ဒာ'

'အစ်ကိုကြီး မြင်သားပဲ'

သွေးအေးအေးနှင့် လူ့အသက်တစ်ချောင်းကို သတ်ဖြတ်ရန် ကြံရွယ်သောသူငယ်ကလေးသည် အေးစက်စက်ပြောလေသည်။ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး မလေးမခန့်ပြုံးရန်ကြိုးစားသော်လည်း သူ့နှုတ်ခမ်းပါးလေးများသည် မသိမသာတုန်ယင်နေလေသည်။ မျက်နှာလည်း နီမြန်းနေသည်။

'မင်း ထွန်းမင်းကို သေအောင်လုပ်ပြန်တာပေါ့ ဟုတ်လား နန္ဒာ'

နန္ဒာ့လက်ထဲတွင် လှည့်ကစားနေသော သေနတ်ကလေးကို ဆတ်ခနဲဆွဲယူလိုက်ရင်း တုန်တုန်လှုပ်လှုပ်အော်လိုက်သည်။ နန္ဒာသည် ပခုံးနှစ်ဖက်ကိုတွန့်လိုက်ပြီး ခြောက်ကပ်ကပ် ရယ်လိုက်လေသည်။

'ဩော် သေနတ်က ကျည်ဆံတစ်တောင့် ကျန်နေတာ ကျွန်တော်လည်း သတိမထားမိဘူး'

'ဘာပြောတယ်'

'ဒီလို မတော်တဆဆိုတာ ဖြစ်တတ်တာပဲ'

'မတော်တဆ ဟုတ်လား'

'အင်းပေါ့၊ သေနတ်ထဲက ကျည်ဆံဆိုတာ မကြာခဏ အမှတ်တမဲ့ ထွက်တတ်တာပဲ'

'တော်စမ်း နန္ဒာ'

ဒေါ်ကြီးစံမယ်၏မျက်လုံးသာ ပြူးချင်တိုင်းပြူးနိုင်မည်ဆိုပါက သူ့ရှေ့ရှိဆန်ထည့်ထားသော ဆန်ကောကြီးလောက်ပင် ပြူးဝိုင်းလာလေမည်လား မပြောတတ်ချေ။ ဖြူဖပ်ဖြူရော်ဖြစ်နေသော ထွန်းမင်းကို လည်းကောင်း၊ ဒေါသတကြီးအော်နေသော ကိုအောင်သူကို လည်းကောင်း၊ အေးစက်စက်ပြောနေသော နန္ဒာကိုလည်းကောင်း တစ်လှည့်စီ ကြည့်နေလေသည်။

'တော်ပြီ နန္ဒာ တော်ပြီ၊ မင်းကိုတော့ ငါတကယ် စိတ်ကုန်သွားပြီ'

'ဩော်'

'ငါ့အိမ်ပေါ်မှာတက်ပြီး ငါ့ကိုလုံးလုံးဂရုမစိုက်တာကတော့ လွန်လှတယ်၊ မင်းက ငါ့ကို ဘာများထင်နေသလဲနန္ဒာ၊ မင်းလုပ်ပုံတွေက ငါ့ကိုတိုက်ရိုက်စော်ကားနေတာရော သိရဲ့လား'

'အို ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့ကွ၊ သိပ်ဆိုင်တာပေါ့၊ မင်းကို ငါခြောက်ပြောတယ်၊ ချော့ပြောတယ်၊ နားဝင်အောင်ပြောတယ်၊ ကမူးရှူးထိုးလုပ်သမျှကိုလဲ ခွင့်လွှတ်ထားပါတယ်၊ ဒီကြားထဲက ငါ့မျက်နှာကိုတောင် လုံးလုံးမထောက်ဘူး၊ ဒီမှာ ငါ့ကိုကြည့်စမ်း နန္ဒာ'

နန္ဒာသည် ခေါင်းငုံ့ထားရာမှမော့ကာ ကိုအောင်သူအားတည့်တည့်စိုက်ကြည့်လေသည်။ ဒေါသနှင့်မာနယှက်သန်းသောမျက်နှာသည် တုန်လှုပ်ချောက်ချားမှုကြောင့် နီမြန်းနေသည်။

'မင်းဆီမှာ ဒီလိုသတ်ဖြတ်ချင်စိတ်တွေရှိနေသေးတယ်၊ ရှိဦးမယ်၊ မစွန့်လွှတ်နိုင်ဘူးဆိုရင် မင်းဒီအိမ်မှာ ဆက်မနေသင့်တော့ဘူး နန္ဒာ၊ မင်းကို ငါတကယ်စိတ်ကုန်ပြီ'

နန္ဒာသည် သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး နှုတ်ခမ်းကိုတင်း

တင်းစေ့လိုက်လေသည်။ ထို့နောက် ချာခနဲလှည့်ကာ အပေါ်ထပ်သို့ အပြေးလေးတက်သွားသည်။

ကိုအောင်သူသည် ကုလားထိုင်ပေါ်သို့ အရုပ်ကြိုးပြတ်ထိုင်ချလိုက်ရင်း အသက်ရှူမှန်အောင်ကြိုးစားနေမိသည်။ ရင်ထဲတွင် ကတုန်ကယင်ဖြစ်ပြီး မောဟိုက်နေလေသည်။ ထွန်းမင်းမှာမူ အိပ်မက်ဆိုးမက်ထားသကဲ့သို့ တွေတွေဝေဝေဖြစ်နေသည်။ သူ့ပန်းချီကားရှိ ကျည်ဆန်ရာကလေးကို လက်နှင့်မဝံ့မရဲစမ်းကြည့်ပြီး အိမ်ထဲဝင်လာသည်။ ရီဝေနေသောမျက်လုံးများသည် သူ့ရင်ထဲမှဝေဒနာကို တစ်စွန်းတစ်စဖော်ပြနေကြသည်။ ကိုအောင်သူက သူ့ကို တည့်တည့်စူးစိုက်ကြည့်နေမိသောအခါ ခပ်ယဲ့ယဲ့ပြုံးပြသေးလေသည်။

'ငါထင်တာထက် ပိုပြီးအငြိုးကြီးနေပါလားကွာ'

ထွန်းမင်းသည် တုန်ယင်စွာပြောသည်။ ထိုအချိန်တွင်ပင် နန္ဒာသည် အိမ်ပေါ်မှသွက်သွက်လေးပြန်ဆင်းလာလေသည်။ သူ့ကိုယ်ပိုင်ခရီးဆောင်အိတ်ကလေးနှစ်အိတ်ကို သူ့လက်ထဲတွင်တွေ့ရသည်။ တစ်ရှိန်ထိုးပြေးဆင်းလာပြီး လှေကားရင်းတွင် ခေတ္တရပ်လိုက်လေသည်။ ဒေါသရိပ်ယှက်နွယ်သော ကိုအောင်သူမျက်လုံးနှင့် မာနရောင်သန်းသော နန္ဒာ၏မျက်လုံးတို့သည် ပြင်းပြင်းထန်ထန်ဆုံဆည်းမိကြသည်။ ထို့နောက် မည်သူ့ကိုမှနှုတ်ဆက်စကားမဆို ချာခနဲလှည့်ထွက်သွားလေ တော့သည်။

'သူ သွားပြီ'

ကိုအောင်သူသည် စိတ်ထဲမှရေရွတ်လိုက်မိသည်။ အသည်းစိုင်ကို ချည်ပတ်ထားသောသံယောဇဉ်ကြိုးတစ်ကြိုးသည် ထောင်းခနဲပြတ်သွားသကဲ့သို့ ရင်ထဲတွင်နာကျင်သွားသည်။ ကျောခိုင်းပြီး ထွက်သွားသော နန္ဒာကို စိမ်းစိမ်းကားကားစိုက်ကြည့်နေမိသည်။ ရင်ထဲမှ

http://myanmarpyithar.net

ဒေါသသည် လည်ချောင်းဝတွင် လာပြီးတစ်ဆို့နေသကဲ့သို့ တင်းတင်းကျပ်ကျပ်ကြီးဖြစ်နေလေသည်။

ခပ်စိပ်စိပ်ရွာနေသောမိုးစက်မိုးမှုန်များထဲတွင် နန္ဒာသည် အေးဆေးစွာလျှောက်သွားလေသည်။ နောက်ဘက်ကိုပင် တစ်စက်ကလေးမျှ ပြန်လှည့်မကြည့်ပေ။ သူ့ကိုယ်နှင့်တစောင်းတိုက်ပြီးပွတ်သွားသောတံခါးသည် ဂျိမ်းခနဲမြည်ပြီး ပြန်ပိတ်သွားသည်။ မိုးမှုန်များနှင့်အတူ လေပြင်းလည်း ဝှေ့လာလေသည်။ ကိုအောင်သူ၏အိမ်သို့ မဖိတ်မခေါ် ဖွတ်တက်လာသောညှော့သည်ကလေးသည် တဖြည်းဖြည်းသဲလာသောမိုးရေများကြားထဲတွင် တစ်ဦးတည်းပြန်လည်ထွက်ခွာသွားချေပြီ။

ထွန်းမင်းသည် အသက်ကိုပြင်းပြင်းရှုပြီး မျက်လုံးကိုစုံမှိတ်ထားလေသည်။ ဒေါ်ကြီးစံမယ်တစ်ယောက်သာ ဆန်ဗန်းကလေးကိုမ ပြီး ခပ်ကုပ်ကုပ်ထွက်သွားသည်။

'ငါ တရားမှ တရားရဲ့လား'

ကိုအောင်သူသည် သူ့ကိုယ်သူပြန်မေးမိရင်း စိတ်ထဲတွင် နောက်ကျိသွားသည်။ ကလေးစိတ်ပင်မကုန်သေးသော မိုက်ရူးရဲ လူငယ်လေးကို မိုးရေထဲသို့နှင်ထုတ်လိုက်မိပြီဖြစ်သည်။

မိုးစက်မိုးပေါက်များသည် အိမ်ခေါင်မိုးပေါ်သို့ တဖြောင်းဖြောင်းနှင့် ရိုက်ခတ်နေကြသည်။ ကောင်းကင်ညိုညိုသည် မိုးတိမ်ထူထူတက်ပြီး မှောင်မည်းလာသည်။ လျှပ်ပန်းလျှပ်နွယ်များသည် တစ်ဝင်းဝင်းလက်ပြီး ခြိမ်းခြိမ်းသံပေးနေလေသည်။ ဦးတည်ချက်မရှိဘဲထွက်သွားသော နန္ဒာသည် ဘယ်အရပ် ဘယ်ဌာနသို့များသွားလေမည်နည်း။

'အို မတွေးနဲ့ မတွေးစမ်းနဲ့'

ကိုအောင်သူသည် ခေါင်းကိုခါယမ်းပြီး အတွေးတို့နှင်ထုတ်

လိုက်မိသည်။ သူ့လက်ထဲတွင် ကိုင်ထားသော သေနတ်ကလေးကို ကြည့်ရင်း စိတ်ထဲတွင် မသန့်မရှင်းဖြစ်လာသည်။ အားကုန်လွှဲပြီး နံရံဆီသို့ပစ်ပေါက်လိုက်မိသည်။ သေနတ်နှင့်အတူ ရင်ဝတွင် တစ်ဆို့နေသောအစိုင်အခဲများပါ ရောပြီးပါသွားသလိုခံစားရသည်။

နံရံနှင့်တိုက်ပြီး ကြမ်းပြင်ပေါ်သို့ဖြုန်းခနဲကျသွားသော လူသတ်လက်နက်ကို ထွန်းမင်းသည် ခပ်ငေးငေးကြည့်နေသည်။ ထို့နောက် နေရာမှထသွားပြီး ကောက်ယူလိုက်လေသည်။

'သူ ငါ့ကို ဒီလောက်တောင်မုန်းနေတာကိုး'

ထွန်းမင်းသည် သေနတ်ပြောင်းဝကို ခပ်ရှိုက်ရှိုက်ရှုကြည့်ရင်း ပြောသည်။ ယမ်းနံ့ပြယ်ဦးမည်မဟုတ်ချေ။ မပြယ်သေးသော ယမ်းနံ့ကိုပင် တရှိုက်မက်မက်ရှူနေသည်။ ထို့နောက် ကြေကြေကွဲကွဲ ပြုံးလိုက်လေသည်။

*

'နန္ဒာလေးရယ် ညကြီးမိုးချုပ်မှ ကျွန်မဆီရောက်လာတယ်၊ တစ်ကိုယ်လုံးလည်း မိုးရေတွေကိုရွှဲနစ်လို့၊ ခိုက်ခိုက်ကိုတုန်နေတာပဲ၊ တစ်ညလုံး အဖျားတက်နေတယ်'

'ဟင်'

ဒေါ်ကြီးစံမယ်သည် အိမ်ရောက်ရောက်ချင်း မျက်နှာငယ်ငယ်နှင့်ပြောသည်။ သူ့ခမျာတစ်ညလုံး အိပ်ရဟန်မတူချေ။ မျက်တွင်းများချောင်ပြီး ညှိုးငယ်နေသည်။

'ကယောက်ကတမ်းနဲ့အရမ်းဖျားနေတော့ ကျွန်မ ဆရာလေးဆီတောင် ပြေးလာဦးမလို့ ကွမ်းရွက်နဲ့ ထန်းလျက်ပြုတ်ရေတိုက်တာ နည်းနည်းသက်သာသွားတယ်'

'အခုရော'

'အခုတော့ ကိုယ်ပူကျသွားပါပြီ၊ အိပ်ကျန်ခဲ့တယ်'

ထွန်းမင်းသည် အခန်းထဲမှခပ်သွက်သွက်ထွက်လာသည်။ ဒေါ်ကြီးစံမယ်ကို ကရုဏာမကင်းကြည့်ရင်း အပြစ်တင်လေသည်။

'ညကတည်းက အောင်သူ့ကိုလာခေါ်ရောပေါ့ ဒေါ်ကြီးရယ်'

'ကျွန်မလာမလို့ဘဲ ဒါပေမဲ့ ညကြီးမင်းကြီးဖြစ်နေလို့၊ ခုတော့ သက်သာသွားပါပြီ၊ ကျွန်မကိုတောင် ကြိမ်းလိုက်သေးတယ်၊ အစ်ကိုကြီးကို သွားခေါ်မလာနဲ့တဲ့၊ အိမ်ရှေ့ပေါက်ကလာတာတွေ့ရင် နောက်ဖေးပေါက်က ဆင်းသွားမှာပဲတဲ့'

ကိုအောင်သူသည် စိတ်မချမ်းသာသည့်ကြားထဲမှ ရယ်မောမိလေသည်။ စိတ်မှတ်ကြီးလှသော လူငယ်ကလေးသည် သူ့ကိုဖွတ်နှင်ချလိုက်သော ကိုအောင်သူအပေါ် အနာကြီးနာသွားဟန်ရှိလေသည်။ ကိုအောင်သူကိုယ်တိုင်လည်း ဖွတ်တရွတ်သတ္တဝါလေးအပေါ် စိတ်ပြေသေးသည်မဟုတ်ပါချေ။

'တစ်ညလုံးလည်း ကယောင်ကတမ်းတွေ ပြောနေတယ်'

'ကျွန်တော့ကိုချည်း ဆဲနေတာ မဟုတ်ဘူးလား ဒေါ်ကြီးရယ်'

ထွန်းမင်းသည် ခပ်ယဲ့ယဲ့ပြုံးရင်းမေးလေသည်။ ဒေါ်ကြီးစံမယ်သည် အားတောင့်အားနာနှင့်ခေါင်းညိတ်ပြရှာသည်။

ဒေါ်ကြီးစံမယ်သာမက ညက ကိုအောင်သူရော၊ ထွန်းမင်းပါ အိပ်မပျော်ကြပေ။ တစ်ညလုံးရွာသောမိုးသည် ညတွင်ဆက်မရွာတော့ပေ။ မိုးစက်မိုးပေါက်လုံးဝမကျလာတော့ဘဲ လျှပ်ပန်းလျှပ်နွယ်များ ပြိုးပြက်အောင် လက်နေသည်။

ထွန်းမင်းသည် စိန်ပန်းပင်ကြီးအောက်တွင် တစ်ဦးတည်း သွားထိုင်နေလေသည်။ ပြိုးခနဲ ပြက်ခနဲ ဝင်းလက်သွားသော လျှပ်ရောင်တွင် ကျောက်ရုပ်လိုငြိမ်နေသောထွန်းမင်းကို တွေ့ရလေသည်။ ခပ်ကြမ်းကြမ်း ဖြေ့ယမ်းတိုက်ခတ်နေသောလေထဲတွင် ထွန်းမင်း၏ဆံပင်များသည် လွင့်နေသည်။

ကောင်းကင်တွင်မူ လလည်းမသာ ကြယ်လည်းမလင်း ပိန်း

ပိတ်အောင်မှောင်နေသည်။ လျှပ်နွယ်များက လင်းလက်သည်။ မိုးခြိမ်းသံများက ပွဲတင်ထပ်သည်။ ကြည်နူးဖွယ်မမြင်၊ နှစ်သက်ဖွယ်မရှိ၊ စိတ်ချောက်ချားဖွယ်ရာကောင်းသည်။ သစ်ပင်တို့ကို လေတိုးနေသော တရှဲရှဲအသံသည် မိုးချုန်းသံကိုအဖော်ပြုနေလေသည်။

'ထွန်းမင်း ဘာလုပ်နေတာလဲ၊ အအေးမိမယ်'

'မိုးမှ မရွာဘဲ'

ထွန်းမင်းသည် လသာသာတွင် လေညင်းခံနေသူကဲ့သို့ အေးဆေးစွာပြောလေသည်။ သစ်ပင်ရင်းတွင် ခပ်ကျဲကျဲလွင့်ကြွေနေသော စိန်ပန်းနီနီများကို ငေးစိုက်ကြည့်နေသည်။ လျှပ်စီးအလက်တွင် မြင် သမျှ ပန်းပွင့်ကြွေများကို တစ်ပွင့်ချင်းကောက်ယူနေသည်။

'မင်း ရူးနေသလား'

'မပြောတတ်ဘူး'

'အဓိပ္ပာယ်မရှိတာတွေ ဘာလို့လုပ်နေတာလဲ'

'မသိဘူး'

'အေးကွာ အေး၊ လုပ်ချင်တာ လုပ် လုပ်တော့၊ ငါမပြောတော့ဘူး'

ကိုအောင်သူသည် မိုးခြိမ်းသံနှင့်အတူ ပြိုင်အော်လိုက်ပြီး အိမ်ဘက်သို့ပြန်လျှောက်လာခဲ့သည်။ မိုးရေထဲတွင်အအေးမိပြီး သေမင်းခေါ်တော်မူလျှင်လည်း မနက်ကျမှ အလောင်းကောက်တော့မည်ဟု စိတ်ချဉ်ပေါက်ပေါက်နှင့် တွေးမိလေသည်။ ကိုအောင်သူက ဒေါ်ကြီးမောကြီးနှင့် လှည့်ထွက်သွားသောအခါတွင်မှ ထွန်းမင်းလည်း နေနိုင်ဟန် မတူချေ။ သဲ့သဲ့လေးရယ်ပြီး နောက်ဘက်မှလိုက်လာလေသည်။

'မင်းပန်းတွေ ဘာလုပ်ဖို့လဲ'

'ဘာရယ် မဟုတ်ပါဘူးကွာ၊ သနားလို့'

'ဘာပြောတယ်'

'ပန်းလေးတွေကို သနားလို့'

'ဘာဖြစ်လို့လဲ'

'သူတို့ကို ဘယ်သူမှလည်း မပန်ကြဘူး၊ ပန်းအိုးလည်း မထိုးကြဘူး၊ သူတို့ကိုပန်ရင်တဲ့ ချစ်ဦးသူနဲ့လွဲတတ်တယ်တဲ့'

ထွန်းမင်းသည် အကောင်းဆုံးအပွင့်တစ်ပွင့်ယူသွားပြီး နံရံတွင်ကပ်ထောင်ထားသော ပုံကြမ်းလောင်းစ ပန်းချီကားဆီသို့ လျှောက်သွားလေသည်။ ဝိုင်းစက်သောကျည်ဆန်ပေါက်ကလေးများကို ခပ် ငေးငေးကြည့်နေပြီး ပွင့်ညှာတံကို ထိုးစိုက်လိုက်သည်။ ဖြူဖွေးသောပိတ်ကားပေါ်တွင် သွေးနီတစ်စက်စဉ်သွားသကဲ့သို့ ရဲတောက်သွားသည်။ ပန်းနီနီလေးသည် ကြွထွက်နေသည်။

'ငါလည်း စိန်ပန်းပန်ဦးမှထင်တယ်'

'ဘာဖြစ်လို့လဲ'

'ချစ်ဦးသူနဲ့လွဲရတာကို သူကြောင့်လို့ရိုးမယ်ဖွဲ့ရအောင်ပေါ့'

ပြောင်သလို ပြက်သလိုသာ ထွန်းမင်းအား ကိုအောင်သူသည် အသေအချာစူးစိုက်ကြည့်မိသည်။ ထွန်းမင်း၏ညို့နေသော မျက်လုံးအစုံသည် အရည်လည်နေသည်။ ကိုအောင်သူကို မကြည့်ဘဲ စိန်ပန်းနီကိုသာ စိုက်ကြည့်နေလေသည်။

'ဟကောင် မင်းမှာ ဘယ်တုန်းက ရည်းစားရှိလို့လဲ'

'မရှိပါဘူး'

'ဒါနဲ့ ဘယ်ကအချစ်ဦးကြီးနဲ့ လွဲမှာလဲ'

'ငါ့အချစ်ဦးက ငါ့ရည်းစားမှ မဟုတ်ဘဲ'

ကိုအောင်သူသည် တာရာ၏မျက်နှာလေးကို ပြေးပြီးမြင်ယောင်မိသည်။ ထွန်းမင်းကိုငေးကြည့်ရင်း အသက်ရှူကျပ်သလို ဖြစ်

လာသည်။ တာရာသာ ထွန်းမင်း၏ချစ်ဦးသူဆိုပါက ထွန်းမင်း သာမက ကိုအောင်သူလည်း စိန်ပန်းတစ်ပင်လုံး ပန်ရတော့မည်ထင်သည်။ သူ၏မောင်ငယ်နန္ဒာအား နှင်ချလိုက်သောသူကို မည်သည့်အစ်မမှ ကြည်ဖြူလိမ့်မည်မဟုတ်ချေ။

'တာရာ့ကို ပြောတာလား'

ကိုအောင်သူသည် မရွံ့မရဲမေးလိုက်မိသည်။ ထွန်းမင်းသည် ကိုအောင်သူအား တအံ့တသြနှင့် ဆတ်ခနဲလှည့်ကြည့်လိုက်သည်။ ခေတ္တမျှငြိမ်နေပြီး ခေါင်းကိုနောက်ဘက်သို့လှန်ကာ တဟားဟားရယ်လေသည်။ ထို့နောက်မှ ရယ်ရှိန်သတ်ပြီးအသံပြတ်နှင့်ဖြေသည်။

'မဟုတ်ရပါဘူးကွာ'

မီးခလုတ်ကို ဖျတ်ခနဲပိတ်လိုက်သည့်အတွက် ထွန်းမင်း၏ မျက်နှာကို မမြင်ရတော့ချေ။ သက်ပြင်းချသံကိုမူ ကြားရသည်။

တစ်ဦးနှင့်တစ်ဦး ဆက်ပြီးစကားမပြောမိကြသော်လည်း အိပ်၍ကား မပျော်နိုင်ကြချေ။ ကိုအောင်သူသည် လျှပ်ပန်းလျှပ်နွယ်များကို မော့ကြည့်ရင်း နန္ဒာ၏မိုက်ရူးရဲဟန်လေးများကို ဝိုးတဝါးမြင်ယောင်နေမိလေသည်။ မိုးရေထဲပြေးထွက်သွားသောသူငယ်လေးသည် သူ့အိမ်သို့သူ တန်းတန်းမတ်မတ်မှပြန်ပါလေမည်လားဟု စိုးရိမ်နေမိသည်။ ဦးတည်ချက်မရှိဘဲ စိတ်လေလေနှင့်လျှောက်သွားနေမည်ကို ပူပန်မိသည်။ ညနေခုနစ်နာရီတွင်ဆိုက်သောအချိန်မှန်ရထားသည် နန္ဒာကို ရန်ကုန်သို့သယ်ဆောင်သွားလိမ့်မည်ဟု မျှော်လင့်မိသည်။ ဒေါ်ကြီးစံမယ်အိမ်သို့ သွားရောက်သောင်တင်လိမ့်မည်ဟု မတွေးမိ မထင်မိချေ။ ကိုယ့်အိမ်ကိုယ့်ရာကို မပြန်ချင်သေးသည့် ဆိုးပေကလေးသည် ဒေါ်ကြီးစံမယ်အား ဒုက္ခကြီးကြီးသွားပေးပြန်ချေပြီ။

'အဖျားကျခါနီးတော့ ချွေးတွေကလည်း ထွက်တာလွန်ရော၊

ကိုယ့်ချွေးနဲ့ကိုယ် ပြန်အေးမှာကြောက်လို့ စောင့်လဲပေးနေရတယ်'

ဒေါ်ကြီးစံမယ်သည် မီးဖိုတွင်မီးမွှေးရင်းပြောနေသည်။ ဝမ်းမနာသားကလေးတစ်ဦးနှင့် တစ်ညလုံး ဒုက္ခများခဲ့ရသဖြင့် သူ့ကြည့်ရသည်မှာ နွမ်းနယ်နေလေသည်။

'ပစ်ထားလိုက်ပေါ့ ဒေါ်ကြီးရာ၊ ကျွန်တော်တော့ အဲဒီကောင်လေးကို နားရင်းပါးရင်းတောင် ပိတ်ပြီးအုပ်ချင်သေးတယ်၊ တကယ့်ကောင်ဆိုးလေး'

ကိုအောင်သူသည် ကရုဏာဒေါသော ပြောလိုက်မိသည်။ ထွန်းမင်းသည် ကိုအောင်သူ၏ပခုံးကိုညှစ်ကိုင်ရင်း ခပ်နွမ်းနွမ်းပြုံးလိုက်သည်။

'မင်း သူ့ကိုတကယ်ရိုက်ချင်လား အောင်သူ'

'တကယ်ပေါ့ကွ'

'ဒီလိုဆို မင်းဘယ်တရားမှာလဲ၊ မိန်းကလေးတစ်ယောက်အပေါ် ရက်စက်လွန်းရာ ကျမှာပေါ့'

'ဘာ'

'နန္ဒာဟာ မိန်းကလေး'

ထွန်းမင်းသည် ကိုအောင်သူ၏မျက်လုံးကို တည့်တည့်မတ်မတ် စိုက်ကြည့်ကာ ပြောသည်။ ကိုအောင်သူ၏ခေါင်းထဲတွင် အရက်မသောက်ဘဲ ချာလည်လည်ကုန်လေသည်။ မျက်လုံးများပြာဝေပြီး သွေးအလှည့်အပတ်ပင် ခေတ္တမျှရပ်သွားသလို ထင်ရလေသည်။ အံ့သြတုန်လှုပ်ခြင်းကသာ လူတစ်ဦးတစ်ယောက်ကို သေစေနိုင်သည်ဆိုပါက ကိုအောင်သူတစ်ယောက် ထိုနေရာတွင်ပင် မတ်တတ်ကြီးသေသွားပေလိမ့်မည်။

'ဘာ နန္ဒာဟာ မိန်းမ၊ မိန်းကလေး၊ ဟုတ် ဟုတ်လား ဒေါ်ကြီး'

ကိုအောင်သူသည် ဒေါ်ကြီးစံမယ်အား ခပ်ကြောင်ကြောင် လှည့်မေးမိသည်။ ဒေါ်ကြီးစံမယ်သည် မျက်စိကိုလက်ခုံနှင့်ပွတ်ရင်း ခေါင်းညိတ်ပြသည်။

'ဟုတ်ပါတယ် ဆရာလေးရယ်၊ နန္ဒာလေးဟာ မိန်းကလေး ပါ'

'ဟင် ဒေါ်ကြီး သိတယ်၊ ဘာလို့ မပြောလဲ'

'နန္ဒာက မပြော မ ပြော ရဘူးတဲ့'

ကိုအောင်သူသည် ကိုယ့်ကိုယ်ကို ခပ်တိုးတိုးကျိန်ဆဲရင်း နံရံကို အားလျော့စွာ မှီချလိုက်မိသည်။ ကိုယ်နှင့်သည်လောက်ကြာကြာ တစ်အိမ်တည်းနေလာသူအား မိန်းမမှန်း ယောကျ်ားမှန်းပင်မသိသော ဆရာဝန်သည် ချာလွန်းလှချေသည်။

ကြာလျှင် ရူးတော့မည်ထင်သည်။ ခေါင်းထဲရှိ ဦးနှောက်များ ဖောက်ထိုးမိုးမျှော်ဖြစ်ပြီး ဆူဝေကုန်တော့မည်ကိုပင် စိုးရိမ်မိသည်။

'ကျွန်မ ခဏနေရင် အိမ်ပြန်ဦးမယ်၊ အိမ်မှာ နန္ဒာတစ်ယောက် တည်း'

ခွင့်တောင်းသလိုပြောသော ဒေါ်ကြီးစံမယ်အား ငေးကြောင်ကြောင်ကြည့်နေပြီးမှ ဦးခေါင်းကို လေးလေးပင်ပင်ညိတ်ပြလိုက်သည်။

ထွန်းမင်းသည် ခပ်ယဲ့ယဲ့ပြုံးရင်း ကိုအောင်သူ၏ပခုံးကို ဖျစ်ညှစ်လိုက်သည်။ ထို့နောက် လှည့်ထွက်သွားလေသည်။

*

'ပြော် နန္ဒာလေးက မိန်းကလေးကိုး၊ ဒါကြောင့် မိန်းမချော ချောနေတယ်လို့ အထင်သား'

နုနုအေးသည် မျက်လုံးလေး အဝိုင်းသားနှင့် ပြောသည်။ ကယောင်ချောက်ချားဖြစ်နေသော ကိုအောင်သူအား ကရုဏာ မကင်းကြည့်နေရင်းမှ ရှက်သွေးလေးလည်းမသိမသာဖြာနေပုံရသည်။ လူချောကလေးနန္ဒာ၏အကြည့်စူးစူးကြောင့် သူ့ခမျာ ရင်ဖိုခဲ့ရသည်ကို သူသာလျှင်အသိဆုံး ဖြစ်သည်။ လူချောကလေးက မိန်းမချောလေးဟု သိရသောအခါ နုနုအေးခမျာ တအံ့တဩနှင့် ရှက်သွေးဖြန်းခနဲဖြစ်သွားလေသည်။

'ငယ်ငယ်ကတည်းက ယောကျ်ားလေးလိုနေလာတယ် ထင်ပါရဲ့နော်၊ သိပ်မသိသာဘူး၊ ပါးပါးလျလျနဲ့မို့ ခပ်ပျော့ပျော့ လူချောလေးပဲထင်ရတယ်'

'အေးဗျာ၊ အခုတော့ အဲဒီဆိုးပေကလေး ဖျားနေလေရဲ့၊ ဆရာမပဲ အခြေအနေသွားကြည့်ပေးပါဦးနော်'

ကိုအောင်သူက တောင်းတောင်းပန်ပန်ပြောမိသည်၊ ဒေါ်ကြီးစံမယ်ပြော၍သာ၊ ထွန်းမင်းပြော၍သာ ယုံရသည်။ ကိုအောင်သူ့အနေနှင့်ကား နန္ဒာ့ကို မိန်းကလေးတစ်ဦးအနေနှင့် မြင်၍မရပေ။ လူဆိုးလေးနန္ဒာကို မိန်းမဆိုးလေးနန္ဒာအဖြစ် အသွင်ပြောင်း၍မရချေ။ လူဆိုးနန္ဒာက ရင်ထဲတွင်စွဲစွဲမြဲမြဲ အမြစ်တွယ်ထားသလို ဖြစ်နေလေသည်။

နုနုအေးသည် ဘာမှ စောဒကမတက်ဘဲ ဒေါ်ကြီးစံမယ်အိမ်ဘက်သို့ တိတ်တိတ်ဆိတ်ဆိတ်ထွက်သွားလေသည်။ မည်သူ့ကိုမျှ အဖော်မခေါ်ဘဲ တစ်ဦးတည်းသွားသည့်အတွက် ကိုအောင်သူသည် ကျိတ်ပြီးကျေးဇူးတင်မိသည်။ သူ၏အိမ်တွင်းရေးအရှုပ်တော်ပုံကို မည်သူ့အားမျှမပြောချင်၊ တတ်နိုင်သမျှ လူသိနည်းစေချင်သည်။ ယောကျ်ားနန္ဒာသည် မိန်းမနန္ဒာဖြစ်နေကြောင်းကိုတော့ မောင်းမထုစေချင်ပေ။

'ဗေဒင်မေးပြီး ယတြာလေး ဘာလေးချေဦးမှနဲ့တူပါရဲ့ကွာ'

ကိုအောင်သူသည် တွေးမိတွေးရာတွေးရင်း တစ်ဦးတည်းပြုံးရယ်မိသည်။ မီးရထားပေါ်တွင် နန္ဒာနှင့်တွေ့ပြီးကတည်းက စီးလိုက်သော စနေဂြိုဟ် ရာဟုဂြိုဟ်များသည် အဆက်ပြတ်သေးဟန်မတူချေ။ တစ်လှည့်စီချိန်းပြီး ဆင်းလိုက် တက်လိုက်လုပ်နေကြဟန်တူသည်။ ဦးနှောက်ခြောက်ရသည်အမှန်၊ ခေါင်းရှုပ်ရသည်မှာလည်း တကယ်ဖြစ်သည်။ တစ်သက်နှင့်တစ်ကိုယ် စိတ်အလှုပ်ရှားရဆုံးသော နေ့ရက်များဖြစ်လေသည်။

'နန္ဒာ အဖျားကျနေပါပြီ ဆရာ'

မကြာမီ နုနုအေး ပြန်ရောက်လာလေသည်။ နေပူပူတွင်သွက်သွက်ကလေး လျှောက်ခဲ့ရသောကြောင့်လား မသိရချေ။ ချွေးများစို့ကာ မောနေသည်။ ဘာစကားမျှမပြောနိုင်သေးဘဲ ရေတစ်ခွက်ပြည့်ပြည့်သောက်ကာ တစ်အားကြီးရယ်ချလိုက်ချင်သလို ပြုံးယောင်သန်းနေလေ

http://myanmarpyithar.net

သည်။

'ကျွန်မကိုတွေ့တော့ သူတော်တော်အမ်းသွားတယ်၊ စောင်ကြီး ခေါင်းမြီးခြုံထားလို့ မနည်းချော့ပြီးစမ်းရတယ် ဆရာရယ်'

'ဘာဖြစ်လို့လဲ'

နုနုအေးသည် ဘာမှပြန်မဖြေနိုင်သေးဘဲ ဟက်ဟက်ပက်ပက်ရယ်နေလေသည်။ နန္ဒာသည် မည်သို့မည်ပုံလူပြက်ထွက်ပြလိုက်လေသည်မသိရချေ။

'သူ့ကို ကျွန်မက ရှပ်အင်္ကျီနဲ့ဘောင်းဘီရှည်သာ မြင်နေကျမဟုတ်လား၊ ခုတော့ သရက်ထည်ထဘီ အပွင့်ကားကားကြီးဝတ်လို့၊ အင်္ကျီကလည်း မိန်းမအင်္ကျီပွပွကြီး၊ ဒေါ်ကြီးစံမယ် ဆင်ထားတာထင်ပါရဲ့၊ ကျွန်မမျက်စိထဲမှာကြည့်ရတာ နည်းနည်းမှအချိုးမကျဘူး၊ ယောကျ်ားလေးတစ်ယောက်က ထဘီဝတ်ထားသလိုပဲ၊ အားကြီးရယ်ချင်တယ်'

'ဒီလိုဆို မိန်းကလေးအစစ်ပေါ့'

ကိုအောင်သူသည် ယောင်ချာချာ ပြောမိသည်။ အများပြော၍သာ ယုံရသည်။ အတွင်းစိတ်က ကောင်းစွာလက်မခံနိုင်သေးချေ။ မျက်နှာကလေး ရဲတက်လာအောင် ရယ်နေသောနုနုအေးသည် ခေါင်းကိုတစ်အားညိတ်ပြလေသည်။ ကိုအောင်သူလည်း နန္ဒာ့ကို စိတ်ကူးထဲတွင် ထဘီအဆင်ရိုင်းရိုင်းကြီး ဝတ်ကြည့်ခိုင်းမိသည်။ ခွတီးခွတိုက်ပုံစံကို တွေးမြင်ပြီး အူထဲမှလိမ့်တက်လာသည်။

'ဟား ဟား ရယ်စရာကြီး နန္ဒာက ထဘီကြီးနဲ့ ဟား ဟား'

တဖြည်းဖြည်းတွေးပြီးမှ တဟားဟား ထရယ်မိသည်။ မိန်းမမှန်း ယောကျ်ားမှန်းပင် ခွဲခြားမသိဘဲ ရက်ပေါင်းများစွာအလိမ့်ခံခဲ့ရသော ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်နေလေသည်။

'စိတ်တော့ အတော်ကလေး လှုပ်ရှားနေပုံပဲ ဆရာရယ်၊ သူ့

ကြည့်ရတာ ငိုတော့မလို ရယ်တော့မလိုနဲ့၊ တစ်ခုခုဖြစ်နေသလိုပဲ’

ဘာတစ်ခုခုဖြစ်နေသနည်းကိုမူ နုနုအေးသည် သိပုံမရချေ။ အကဲခတ်သောအကြည့်နှင့် ကိုအောင်သူကို စူးစိုက်ကြည့်ရင်း အဖြေရှာနေဟန်ရှိလေသည်။ နန္ဒာကို ကိုအောင်သူ၏ညီငယ်ဟူ၍သိထားသော နုနုအေးသည် အတော်ကလေးအံ့အားသင့်နေပုံရသည်။ ကိုယ့်ညီကိုပင် ကိုယ့်ဟာကိုယ် ယောကျ်ား မိန်းမ ခွဲမသိသော အစ်ကိုမျိုးကို သည်တစ်ခါသာ တွေ့ဖူးလေသည်။ သူများမပြောချင်သောအတွင်းရေးမို့ ဖွင့်အတင်းမေးရန် ခက်နေပုံရလေသည်။

‘ကျွန်တော်လည်း ရူးတော့မယ်ထင်တယ်’

‘ကျွန်မလည်း ရူးချင်ချင်ရယ်’

နုနုအေးသည် ကိုအောင်သူ၏စကားကို ထောက်ခံလိုက်သည်။ ထို့နောက် တစ်ဦးကိုတစ်ဦးကြည့်ကာ ကြောင်တက်တက်နှင့် ရယ်မိကြလေသည်။

‘သူ့အင်္ကျီတွေ၊ ဘောင်းဘီတွေ ချွေးစွဲနေလို့ဆိုပြီး အားလုံးရေလျှော်လှမ်းထားရကောင်းလားလို့ ဒေါ်ကြီးကို အရေးထဲဒေါပွနေသေးတယ်၊ ကျွန်မက ပြုံးစိစိဖြစ်နေတော့ ရေမခြောက်သေးတဲ့ဘောင်းဘီကိုလည်း ဆွဲဝတ်မယ် တကဲကဲလုပ်နေသေးတယ်၊ တော်တော်လည်း ခက်တယ်’

‘ဒီနေ့ညနေ ကျွန်တော် နည်းနည်းစောစောပြန်မယ် ဆရာမရယ်၊ ဦးနှောက်တွေကို ချောင်နေပြီ’

ကိုအောင်သူသည် စိတ်ပင်ပန်းစွာပြောမိလေသည်။ ဘာမှမပြောဘဲ နှုတ်ပိတ်ရေငုံနေနိုင်လွန်းသော ထွန်းမင်းကိုလည်း အံ့သြမိသည်။ နေလည်းနေနိုင်သော ထွန်းမင်းဖြစ်သည်။ ထွန်းမင်းသာမက ဒေါ်ကြီးစံမယ်လည်း အလိုတူအလိုပါ နေနိုင်လှသည်။ ခပ်ချာချာ ကို

အောင်သူတစ်ယောက်သာ ကိုယ့်မြင်းကိုယ်စိုင်းပြီး ထင်မိထင်ရာ ထင်နေခြင်း ဖြစ်လေသည်။

ထိုတစ်နေ့လုံး ကိုအောင်သူ ဦးနှောက်များဆူဝေကာ ချောင်ထွက်နေသည်ဟု ထင်ရသည်။ အလုပ်လည်း မတွင်ကျယ်ချေ။ တခြားလူ ကယောင်ချောက်ချားဖြစ်က ဒီလောက်မထောင်းတာ၊ ဆရာဝန်ဟူသည်မှာ အသက်နှင့်ကစားရသူများဖြစ်သည်။ အလုပ်ခွင်တွင် ကယောင်ချောက်ချားဖြစ်နေပါက ခံရသောလူနာခမျာ သက်သာမည်မဟုတ်ချေ။ ထို့ကြောင့် စောစောစီးစီးပင် အိမ်သို့ပြန်လာမိသည်။

'ဒေါ်ကြီးရေ ခင်ဗျားသားလိုလို သမီးလိုလို ဖားတစ်ပိုင်း ငါးတစ်ပိုင်းလေး သက်သာရဲ့လား'

'နေ့ခင်းက ဆရာမလေးလာတယ်လေ၊ သက်သာပါတယ် ဆရာလေးရဲ့၊ အခု သူအိပ်နေတုန်း ကျွန်မပြန်ထွက်လာတာ ဆရာလေးတို့ ပူပူနွေးနွေးစားပါစေတော့လို့ ဟင်းတွေပြန်နွေးပြီး ဒန့်သလွန်ရွက်ဟင်းချိုကလေးပါ ချက်ပေးမလို့'

ဒေါ်ကြီးစံမယ်သည် အိမ်နောက်ဖေးရှိ ဒန့်သလွန်ပင်မှအရွက်နုများကို တံချူနှင့်လှမ်းချူနေသည်။ တစ်ညလုံးမအိပ်ရဘဲ နွမ်းနယ်နေသော်လည်း ခုထက်ထိ နားရသေးပုံမပေါ်ချေ။ အိမ်နှစ်အိမ်ကို ကူးချည်သန်းချည်လုပ်နေဟန်ရှိသည်။

'ကိစ္စမရှိပါဘူး ဒေါ်ကြီးရာ၊ ဒီနေ့တော့ ဖြစ်သလိုစားတာပေါ့'

'ရပါတယ် ဆရာလေးရဲ့၊ နန္ဒာကအိပ်နေတာပဲ၊ သူ့ကိုတော့ ဒီနေ့ ဆန်ပြုတ်ပဲတိုက်မယ်နော်၊ ငါးရံ့ခြောက်ကလေးတော့ နည်းနည်းဖွဲ့ယူသွားမယ်နော် ဆရာလေး'

ဒေါ်ကြီးစံမယ်သည် ကြောင်အိမ်ထဲရှိ ငါးရံ့ခြောက်ပြားမှ အနည်းငယ်ဖွဲ့ယူသွားရန် ခွင့်တောင်းနေသေးသည်။ ကိုအောင်သူက

လုံးဝလှည့်မကြည့်ဘဲ လုံးဝဥသုံလွှဲထားသော်လည်း မည်သည့်အခါမှ လက်လွတ်စပယ် စားသုံးပစ်လေ့မရှိချေ။ လူနာများ လာပေးသမျှ ငှက်ပျောသီး သဘော်သီးစသည်များကို လည်းကောင်း၊ ငါးပိ ငါးခြောက်များကို လည်းကောင်း ကိုအောင်သူခွင့်မပေးဘဲ မည်သည့်အခါမျှ ယူသွားလေ့မရှိချေ။ အိမ်တွင် စားမကုန်ပါက ကိုအောင်သူ့ကိုပြောပြီး ဦးဥတ္တမ စာသင်တိုက်တွင် သွားရောက်လှူဒါန်းလေ့ရှိသည်။

'ထွန်းမင်းရော'

'မပြောတတ်ဘူး ဆရာလေးရယ်၊ ခုနတုန်းကတော့ ပန်းချီဆွဲနေတယ် ထင်ပါရဲ့'

ထွန်းမင်းကို အိပ်ခန်းထဲတွင်တွေ့ရသည်။ အိပ်ရာပေါ်တွင် ပက်လက်လှန်အိပ်ရင်း မျက်နှာကြက်ကို မတုန်မလှုပ် မော့ကြည့်နေသည်။ တွေတွေဝေဝေ ငေးငေးမောမောနှင့် အသက်ရှူရန်ကိုပင် မေ့လျော့နေပုံ ရလေသည်။

'ဟေ့ ထွန်းမင်း'

ကိုအောင်သူက ပခုံးကိုဖျတ်ခနဲပုတ်လိုက်သောအခါ ရုတ်တရက် သတိဝင်လာသူလို အသက်ကိုပြင်းပြင်းရှူလိုက်လေသည်။ သူ့လက်ထဲတွင် စာအုပ်နီနီလေးတစ်ခုကို တွေ့ရသည်။ ဒိုင်ယာရီစာအုပ်လေး ဖြစ်ဟန်တူသည်။ စာအုပ်ကလေးနှင့်အတူ စာရွက်ဖြူဖြူတစ်ခုကိုပါရောပြီး ကိုင်ထားသည်။

'ဘာစာတွေလဲ'

စူးစမ်းသလိုမေးသော အောင်သူအား ထွန်းမင်းသည် ခပ်တွေတွေကြည့်ရင်း နေရာမှထလိုက်သည်။ ထို့နောက် သူ့လက်ထဲရှိ ဖြူလွလွ စာရွက်ကလေးကိုလှမ်းပေးသည်။

'ဖတ်ကြည့်ပေါ့ အောင်သူရယ်'

ထွန်းမင်းသည် ခပ်တိုးတိုးပြောလေသည်။ ကိုအောင်သူလည်း စာရွက်ခေါက်ကလေးကို ဖွင့်လိုက်မိသည်။

ကိုထွန်းမင်း

ဒီစာနဲ့အတူပေးလိုက်တဲ့ စာအုပ်ကလေးကိုတော့ မှတ်မိကောင်းပါရဲ့နော်၊ ကိုထွန်းမင်းရဲ့နေ့စဉ်မှတ်တမ်းစာအုပ်ပါ၊ တာရာတို့ရဲ့အိမ်ဝရန်တာမှာ ကျခဲ့တာလေ၊ ကိုကိုသူရိန်ကို တွန်းချတုန်းက ကိုထွန်းမင်းရဲ့အိတ်ကထွက်ကျရစ်တာ ထင်ပါရဲ့၊ တာရာက အဲဒီစာအုပ်ကလေးကို ဖတ်မိတယ်၊ ကိုကိုသူရိန်ကို ဘာကြောင့် သတ်ရသလဲဆိုတာကိုလည်း သိရတာပေါ့၊ စာအုပ်ထဲမှာပါတဲ့မိသက်လေးဟာ ကိုထွန်းမင်းသိပ်ချစ်တဲ့ညီမလေးပေါ့နော်၊ ကိုကိုသူရိန်ဟာလည်း တာရာတို့ ညီအစ်မသိပ်ချစ်ရတဲ့ အစ်ကိုကြီးပါ ကိုထွန်းမင်းရယ်၊ အစ်မကို အမေ၊ အစ်ကို့ကိုအဖေနေရာမှာထားပြီး နွဲ့လာတဲ့နန္ဒာလေး ရူးများရူးမလားတောင် မသိဘူး၊ ခုလည်း ဘယ်ဆီဘယ်စခန်းများ ထွက်သွားလဲ စုံစမ်းမရဘူး.....

ကိုယ့်အစ်ကိုကိုသတ်တဲ့လူမို့ ကလဲ့စားချေချင်စိတ်ဟာ တာရာလဲ လူမို့ ရှိတာပေါ့ရှင်၊ ဒါပေမဲ့ တာရာ ကိုယ်ချင်းစာပါတယ်၊ ကိုထွန်းမင်းရဲ့နေ့စဉ်မှတ်တမ်းကို တရားရုံးမှာ တင်ပြလိုက်ရင်......

တော်ပါပြီလေ၊ ဟောဒီစာအုပ်ကို ပိုင်ရှင်ဆီကိုပဲ ပြန်ပို့ပေးပါ့မယ်၊ ဒီလိုလုပ်တာကြောင့် တမလွန်ဘဝက ကိုကိုသူရိန်လည်း ခွင့်လွှတ်ကောင်းပါရဲ့၊ သက်သက်ကလေးလည်း စိတ်ကျေနပ်ကောင်းပါရဲ့....

ကိုကိုသူရိန့်ကြောင့် ကိုထွန်းမင်းရဲ့ချစ်ညီမလေးသေခဲ့

ရသလို၊ ကိုထွန်းမင်းကလဲ တာရာတို့ညီအစ်မရဲ့ ကမ္ဘာကျဉ်းကျဉ်းလေးထဲက အချစ်ဆုံးအစ်ကိုကြီးကို ဘဝဆုံးစေခဲ့ပြီမို့ ကျေနပ်ပါတော့ရှင်၊ မုန်းမာန်တွေ အငြိုးတွေရှိခဲ့ရင်လည်း ဒီဘဝဒီမျှနဲ့ပဲ ကျေနပ်ပါတော့.....

တာရာ

'ငါ အချုပ်ထဲမှာတုန်းက မင်းလာတွေ့တာ မှတ်မိလား၊ အဲဒီနေ့ ညနေပဲ အဲဒီစာအုပ်ကလေးနဲ့စာဟာ ငါ့ဆီရောက်လာတယ်၊ ငါလေ စာကိုဖတ်ပြီး လှုပ်တောင်မလှုပ်နိုင်တော့ဘူး၊ တစ်ခေါင်းလုံး ဆူဝေလာတာပဲ'

ထွန်းမင်းသည် အသံသဲ့သဲ့နှင့် တစ်လုံးချင်းပြောနေလေ သည်။ ပါးစပ်အဟောင်းသားဖြစ်နေသော ကိုအောင်သူကို လုံးဝမကြည့် ဘဲ ပြတင်းပေါက်မှတစ်ဆင့်မြင်နေရသော စိန်ပန်းပင်ကြီးကို ငေးမော ကြည့်နေလေသည်။ ကြည့်မယ့်သာကြည့်နေသော်လည်း ရီဝေညှိုမှိုင်း နေသော မျက်လုံးအစုံသည် စိန်ပန်းနီနီများကို မြင်ပုံတွေ့ပုံမရချေ။

'တာရာ ရေးလိုက်တာပေါ့'

'အေးပေါ့'

စာရွက်လေး၏အလယ်တွင် မင်များ ပြန့်ကာ စွန်းနေသည်။ တာရာသည် စာရေးရင်း ငိုကြွေးခဲ့ဟန်ရှိလေသည်။ ပြီး မျက်ရည်ပူများ စွန်းထင်းကာ စာလုံးလေးများ ဝါးပြီး ပြားနေရခြင်းဖြစ်လေသည်။

'ငါလေ သူတို့အိမ်ကို တစ်ခါမှလည်း မရောက်ဖူးပါဘူး၊ အဲဒီတုန်းက ငါ့အိတ်ထဲမှာ သေနတ်ပါတယ်၊ သူရိန်ကို သေနတ်နဲ့ အသေပစ်မယ်ပေါ့၊ ငါ အိမ်ထဲဝင်သွားတော့ နန္ဒာ့ကိုတွေ့တယ်၊ ဧည့်ခန်းထဲမှာ ကြမ်းတိုက်နေတာကွ၊ တဘီလေးတိုတိုဝတ်ပြီး သီချင်းတကြော်ကြော်

အော်နေသေးတယ်၊ ငါ့ကိုမြင်တော့ မျက်နှာလေးနီလာတယ်၊ သူ့အစ်ကို မေးတော့ အပေါ်မှာတဲ့၊ ဝရန်တာမှာတဲ့၊ ဒီလိုပဲ သူငယ်ချင်းတွေလာနေကျ ထင်ပါရဲ့၊ ငါလည်း တန်းပြီးတက်ခဲ့တာပေါ့ အောင်သူရယ်'

'မင်း မင်း တကယ်ကို လူသတ်ခဲ့တာပေါ့၊ ဟုတ်လား ထွန်းမင်း'

ကိုအောင်သူသည် ချောက်ချောက်ချားချား မေးလိုက်မိသည်။ အာခေါင်များခြောက်ကာ ရင်တဒိန်းဒိန်းခုန်နေလေသည်။ ထွန်းမင်းသည် ကိုအောင်သူ၏လက်ကို တင်းကျပ်စွာဖြစ်ညှစ်လိုက်သည်။ ခေါင်းကို သွက်သွက်ခါအောင်ယမ်းရင်း သက်ပြင်းရှိုက်လိုက်သည်။

'အောင်သူရယ် မင်းကပါ ငါ့ကိုမယုံတော့ဘူးလား၊ ငါမသတ်ခဲ့ရပါဘူး သူငယ်ချင်းရယ်'

'ဒါဖြင့်'

'သူ့ကို အုတ်ခုံပေါ်မှာ တွေ့ရတယ်၊ ဆေးပုံးကြီးကိုင်လို့၊ ငါ့ကိုသူ သေသေချာချာ မသိဘူး၊ ငါတို့ တစ်ခါမှ တွေ့တွေ့ဆိုင်ဆိုင် မတွေ့ဖူးကြပဲကိုး၊ သက်ရဲ့အစ်ကိုဆိုတော့ သူလန့်သွားပုံရတယ်၊ ငါလေ အိတ်ထဲမှာ အသင့်ပါလာတဲ့သေနတ်ကိုထုတ်ပြီး သူ့ကို တည့်တည့်ချိန်လိုက်ရော သူဟာလန့်ပြီး နောက်ဘက်ဆုတ်လိုက်၊ အုတ်ခုံပေါ်တက်ရပ်နေတယ်ဆိုတာ မေ့သွားတယ် ထင်ပါရဲ့၊ ဂူးဂူးဝါးဝါးအော်ပြီး ခြေလွတ်လက်လွတ်ကျသွားတာပါပဲကွာ၊ ငါ သူ့ကို ထိတောင်မထိရပါဘူး၊ ဒါပေမဲ့ ငါ ဝန်ခံပါတယ် အောင်သူရယ်၊ သူရိန်သေတာ ငါ့ပယောဂကြောင့်ပါ'

ထွန်းမင်း၏အသံသည် နစ်ဝင်သွားသည်။ မျက်တောင်တဖျတ်ဖျတ်ခတ်ရင်း အသက်ကိုပြင်းပြင်းရှူနေလေသည်။

ကိုအောင်သူသည် ဘာစကားမျှမဆိုနိုင်ဘဲ ငေးငိုင်နေမိလေ

သည်။ အညှာလွယ်သော သက်သက်ကလေးကိုလည်း အပြစ်တင်ချင်သည်။ အိုင်တွေ့ရှ်ခြေဆေးသော ကိုသူရိန်ကိုလည်း အပြစ်တင်ချင်သည်။ သူတို့၏အမှားအတွက် သူတို့သည် အသက်သွေးနှင့်စက်ပြီး ချေခဲ့ကြရသည်။ အငြိုးကြီးခဲ့သော ထွန်းမင်းသည်လည်း မှားသည်၊ အမုန်းသည်းသော နန္ဒာသည်လည်းမမှန်၊ အငြိုးတွေ၊ အမုန်းတွေကြားထဲတွင် ဖျော့ဖျော့လေးပြုံးနေသော တာရာ၏ရုပ်သွင်သည် အင်အားကြီးမားစွာ လှုပ်ရှားခဲ့လေသည်။

'နန္ဒာဟာ သူ့အစ်ကိုကို သိပ်ချစ်တာ၊ အလောင်းမြင်တော့ တစ်မျက်နှာလုံး ဖြူဖျော့ပြီး သွေးဆုတ်သွားတယ်၊ အသက်တောင်မရှူတော့ ဘူး၊ မျက်လုံးလေးပြူးပြီး စိုက်ကြည့်နေလိုက်တာ နောက်ပြီး တစ်ခါတည်း ခွေလဲသွားတာပဲ'

ထွန်းမင်းသည် ဖြစ်ပျက်ခဲ့သမျှကို အသေးစိတ်ပြန်လည်မြင်ယောင်နေဟန် ရှိလေသည်။ သူ့ပယောဂကြောင့်ပျက်ပြုန်းသွားသော တာရာတို့၏ကမ္ဘာလေးကို ကိုယ်ချင်းစာစိတ်နှင့် နှိုင်းနှိုင်းစာစာလေး ကြည့်မိပြန်သောအခါ စိတ်ကောင်းနိုင်ရှာတော့မည် မဟုတ်ပါချေ။

'သေနတ်ကိုဆွဲထုတ်လိုက်တုန်းက ငါ့အိတ်ထဲကဒိုင်ယာရီလေး ကျသွားတယ်ထင်ပါရဲ့၊ ငါလည်း သတိမထားမိဘူး၊ တာရာ့ဆီက ပြန်ရတော့မှ အကြောင်းစုံသိရတော့တယ်၊

ငါလေ တရားရုံးရောက်တော့ တာရာ့ကို မကြည့်ရဲတော့ဘူး၊ ကြည့်လည်း မကြည့်ရက်ဘူး'

သူ့လက်ထဲတွင် ခပ်ဖွဖွကိုင်ထားသော အိတ်ဆောင်စာအုပ်နီနီလေးကို လှမ်းပေးသည်။ တရားရုံးတွင် မျက်စိမျက်နှာပျက်ကာ ညှိုးငယ် လှသောထွန်းမင်းကို ခုမှပင် နားလည်ရတော့သည်။

*

ညီမလေးမိသက် ခုတလော အစားအသောက်ပျက်လှသည်။ နေကောင်းပုံလည်း မရ၊ စိတ်ကောင်းပုံလည်း မရ၊ နှလုံးရောဂါကလည်း ဆိုးလာသည်ဟုပြောသည်။

စာအုပ်အစပိုင်းတွင် အခြားကိုယ်ရေးကိုယ်တာများမှတ်ထားသည်။ ကိုထွန်းမင်းကိုယ်တိုင် ဖတ်ခိုင်းလေတော့ ကိုအောင်သူလည်း သူများဒိုင်ယာရီဖြစ်သော်လည်း အစအဆုံးဖတ်မိတော့သည်။ အလယ်လောက်ရှိ စာမျက်နှာတွင်မှ သက်အကြောင်းကို ရေးထားသည်။ ကိုအောင်သူဖတ်ရင်း ရင်ခုန်လာသည်။

*

ပန်းချီဆွဲရတာ စိတ်မပါ၊ မေမေကလည်း အိပ်နေသည်။ မိသက်လည်း အိပ်နေသည်။ ဘာဖြစ်ကြတာလဲ

*

ဘယ်လိုဖြစ်တာလဲ
ဘယ်လိုဖြစ်ကြတာလဲ

မိသက်မှာ ကိုယ်ဝန်ရှိနေတယ်တဲ့။ အော့တယ် အန်တယ်၊
ညီမလေး အလိုလိုက်ထားတာ ယောက်မမြင်းစီးထွက်ပြီ။
ဒေါသဖြစ်ဖြစ်နဲ့ ရိုက်မိသည်။
မိသက် ငိုနေတယ်၊ ဘာမှမပြော၊ မေမေလဲ ငိုနေတယ်။
မိသက်ပါးမှာ လက်ဝါးရာ ထင်နေတာမြင်တော့ ငါလည်း
ငိုချင်တယ်။
ထွန်းမင်းရယ် သေပါတော့။
ရှက်တယ်။

ထွန်းမင်းသည် လက်ရေးကျဲကျဲနှင့်ကပေါက်တိကပေါက်ချာ ရေးထားလေသည်။ စာစကားနှင့်ပါးစပ်စကား ရောထွေးကာ ဖြစ်သလို ရေးထားသည်ကိုကြည့်ခြင်းဖြင့် ထွန်းမင်းတစ်ယောက် စိတ် ကယောက် ကယက်ဖြစ်နေမှန်း သိသာလှသည်။

*

မိသက်လေးသေပြီ။
နှလုံးသွေးရပ်လို့ သေပြီ။
အသက်ကို အရှက်နဲ့ လဲသွားပြီ။

*

မေမေရယ်
သားကို တစ်ယောက်တည်း ထားခဲ့ပြီပေါ့။
အသုဘမှာငိုရင်း အသက်ပါ ပါသွားတဲ့ မေမေရယ်
သား အမိဋ္ဌာန်ပြုပါတယ်၊
မိသက်အတွက် မေမေ့အတွက် သား လက်စားချေရမယ်...
တရားခံကို ရှာရမယ်

နောက်ပြီး သတ်မယ်လေ။

*

တွေ့ပြီ
မိသက် သေတ္တာထဲက စာတွေ့ပြီ
သူရိန်တဲ့...
သူရိန်ရယ်.... ထမင်း၀၀ စားထားနှင့်ဦးပေါ့

*

သူရိန်ရယ် သူကတော့ မအူမလည် မယ်သစ်လွင်လေးမို့ အပျော်ပေါ့၊
ငါ့နှမလေး အသက်ပါသွားတာရော သူသိရဲ့လား....
ငါ့အမေသေတာရော သူသိရဲ့လား....။
တူသောအကျိုးဆိုတာ ခံရမယ်သူရိန်၊

သူ့ကို ငါသတ်မယ်၊
နောက်ပြီး ထောင်ထဲ၀င်မယ်၊
ကြိုးအပေးခံမယ်၊
တမလွန်ဆိုတာများ ရှိတယ်ဆိုရင်လေ၊
သူနဲ့ငါ တမလွန်မှာ တွေ့ကြသေးတာပေါ့၊
တမလွန်ကမ္ဘာမှာ မိသက်လည်းရှိမယ်၊ အမေလည်းရှိမယ်၊
သူက အရင်သွားပြီး တွေ့နှင့်ရမယ်။

ထွန်းမင်း၏နေ့စဉ်မှတ်တမ်းသည် ထိုနေရာတွင်ဆုံးသွားလေသည်။ ကိုအောင်သူသည် သက်ပြင်းကို လေးလေးပင်ပင်ရှိုက်လိုက်ပြီး

ငိုင်နေမိသည်။

ထိုမှတ်တမ်းကလေးသာ တရားသူကြီး၏ လက်ထဲရောက်သွားပါက ထွန်းမင်း၏ကြမ္မာသည် အတော်လေးပင် ဆိုးဝါးသွားမည်ဖြစ်လေသည်။

တာရာသည်လည်း ထိုစာအုပ်ကလေးကို ထွန်းမင်းဆီသို့ပြန်ပေးရန် အတော်ပင်အားတင်းခဲ့ရဟန်တူသည်။

ကိုယ့်အစ်ကိုကို အငြိုးကြီးကြီးနှင့်သတ်ခဲ့သည်ဟု ထင်သူ၏လည်ပင်းမှကြိုးကွင်းကို ဖယ်ရှားခဲ့သောတာရာ၏ရင်တွင်း၌ မည်မျှဗလောင်ဆူခဲ့မည်ကို ခန့်မှန်း၍ပင် မကြည့်နိုင်ချေ။

*

ဒီနေ့ တာရာတို့ ကမ္ဘာပျက်ပြီ
ကိုကိုသေပြီ
တမလွန်ဟာ တကယ်ရှိတယ် ဆိုပါလား
ကိုကိုနဲ့သက် တွေ့ကြပါစေ
သူ့အပြစ်ကို သူတောင်းပန်ဖို့ရာ ကိုကို့မှာအင်အားရှိပါစေ...။
သက်သက်ကလဲ ခွင့်လွှတ်နိုင်ပါစေ....။

တာရာသည် ထွန်းမင်း၏မှတ်တမ်းထဲတွင်ပင် ဆက်လက်ပြီး ရေးမှတ်ထားလေသည်။ သိမ်မွေ့လွန်းသော မိန်းကလေးသည် သူတို့တွေ မည်ရွေ့မည်မျှအပူမီးတောက်ရသည်ကို တစ်လုံးတစ်ပါဒမျှ ထည့်ရေးမထားပေ။

'တာရာတို့ ကမ္ဘာပျက်ပြီ' ဟု တိုတိုရှင်းရှင်းလေးပင်ရေးပြီး သူ့ရင်ထဲမှဝေဒနာကို တစ်စွန်းတစ်စလေး ဖော်ပြထားလေသည်။

'တမလွန်ဆိုတာ တကယ်ရှိလားဟင်'

ထွန်းမင်းသည် သူ့လက်ထဲရှိ စိန်ပန်းနီနီတစ်ပွင့်ကိုပစ်ပေါက်လိုက်ရင်း တွေးတွေးဆဆ မေးလေသည်။ ကိုအောင်သူ မသိချေ။ ယခုဘဝမှလွဲပြီး နောက်ဘဝကို တွေးထားမိသူလည်းမဟုတ်။

ကိုအောင်သူသည် လက်ရှိဘဝကိုသာအရေးထားပြီး စိတ်ကောင်း တစ်ခုနှင့် သူတစ်ပါးအကျိုးပြုရန် ရည်ရွယ်သူဖြစ်သည်။

'ရှိလား၊ မရှိလားတော့ ငါမသိဘူး၊ ဒါပေမဲ့ မရှိစေချင်ဘူး'

'ဘာဖြစ်လို့'

'သက်သက်နဲ့ ကိုသူရိန်ကိုထပ်ပြီး မတွေ့စေချင်တော့ဘူး၊ သူတို့တွေ ထပ်တွေ့ရင် သံသယတွေ၊ အမုန်းတွေ ထပ်ပြီးပွားချင် ပွားဦးမှာ'

ကိုအောင်သူသည် ကလေးဆန်ဆန်ပင် ပြောလိုက်မိလေသည်။ ရင်ထဲတွင် နာနာကျင်ကျင်ကြီးဖြစ်ပြီး မောနေသည်။

လေဟာပြင်ထဲတွင် အော်ဟစ်ခုန်ပေါက်ပြီး ကျွမ်းထိုးလိုက်ရလျှင်မှ တင်းတင်းကျပ်ကျပ်ဖြစ်နေသောဝေဒနာသည် အတန်ငယ်သက်သာသွားလေမည်လား မပြောတတ်ချေ။

ထွန်းမင်းသည် ဘာမှဆက်မပြောတော့ဘဲ စိန်ပန်းနီနီများကိုသာ ငေးကြည့်နေလေသည်။

နီရဲယှက်ဖြာနေသော နေရောင်ခြည်သည် အခန်းထောင့်ရှိ ပန်းချီကားပေါ်တွင်ကျရောက်နေလေသည်။ ပန်းချီကားရှိ ဝိုင်းစက်သော အပေါက်ကလေးသည် နေရောင်ခြည်နွမ်းနွမ်းဝယ် ထင်းနေလေသည်။

ကိုအောင်သူသည် ကျည်ဆန်ပေါက်ကလေးကို ငေးကြည့် ရင်း သက်သက်၏ ချစ်စဖွယ်ပြုံးပြုံးချိုချိုမျက်နှာဝိုင်းလေးကို လည်း ကောင်း၊ မျိုသိပ်ခွင့်လွှတ်ရင်း ငိုကြွေးနေဟန်ရှိသော ဖြူဖျော့ဖျော့တာရာ ကိုလည်းကောင်း၊ ဒေါသအမျက်နှင့်ခက်ထန်လှသော နန္ဒာကို လည်းကောင်း တစ်လှည့်စီမြင်ယောင်နေမိလေသည်။

'ဆိုးလိုက်တဲ့ကြမ္မာ'

တရားခံရှာမရသောအခါ ဒေါ်ပွပွနှင့် ကံကိုသာ အပြစ်တင်မိတော့သည်။

ကံဟူသည့် မောင်မင်းကြီးသားတွင် အသိဉာဏ်ရှိ၍ မခံနိုင်လျှင်လည်း ဖြေရှင်းချက်ထုတ်ပေတော့၊ ကိုအောင်သူကတော့ ကြမ္မာကိုသာ အပြစ်မြင်တော့သည်။

'ဘာလို့ ဒီလောက်ဆိုးရတာလဲ၊ ကံဆိုတဲ့ ကံရယ်'

*

ကျည်ဆန်ပေါက်ဝိုင်းဝိုင်းလေးသည် ဝတ်ဆံလေးဖြစ်သွားလေပြီ။ ဘေးဘက်တွင် ပွင့်ဖတ်နီနီများက ကျနေသည်။

ပန်းနီနီကို နီသည်ထက်နီစေရန် ဆေးနီနီနှင့်တို့ကာ ပင့်ကာ ခြယ်နေသောထွန်းမင်းသည် ဘာကိုမှသတိရပုံမပေါ်ချေ။

ယမန်နေ့က စိန်ပန်းနီနီလေးကို ထိုးစိုက်ထားသကဲ့သို့ပင် ပန်းချီပန်းနီနီလေးသည် ကြွထွက်လာလေသည်။

ဖြူဖွေးသောပိတ်ကား၏ထောင့်စွန်းတွင် နီရဲသောပန်းလေး တစ်ပွင့်ကို တစ်ပွင့်ထီးတည်းရေးခြယ်ထားလေသည်။

'သီရိရိပ်သာဆိုတာ သိလား၊ ဘယ်မှာလဲ ထွန်းမင်း'

'ဘာလုပ်ဖို့လဲ'

'နန္ဒာကိုပြန်ပို့ရအောင်လေ၊ သူ့အိမ်ကို သူ ပြန်ကိုပြန်ရမယ်'

ကိုအောင်သူက အခိုင်အမာပြောမိသည်။ နန္ဒာသာယာကုန်း တွင် ရှိနေသမျှကာလပတ်လုံး မည်သို့မျှစိတ်အေးနိုင်မည်မဟုတ်ချေ။ ဒေါ်ကြီးစံမယ်အိမ်တွင်ရောက်နေသော နန္ဒာကို ခေါင်းပေါ်တင် ရွက် ထားသကဲ့သို့ ခေါင်းလေးလှလေသည်။

'သူ နေကောင်းပါစေဦးကွာ'

ထွန်းမင်းသည် ကိုအောင်သူကိုလှည့်မကြည့်ဘဲ ခပ်တိုးတိုး ပြောသည်။

မနေ့ကတည်းက အဖျားမရှိတော့သောနန္ဒာသည် နောက်ထပ် တစ်ရက်နှစ်ရက်နေလျှင်တော့ လုံးဝနေကောင်းလိမ့်မည်ဟု မျှော်လင့် ချက်ထားမိသည်။

သည်တစ်ခါတော့ အိမ်ပြေးကလေးကို လုံးဝအလိုလိုက်နိုင် တော့မည် မဟုတ်ချေ။ ကုပ်ဆွဲပြီး ဇွတ်အတင်းပြန်ပို့ရတော့မည်ဖြစ် သည်။

ဒေါ်ကြီးစံမယ်တစ်ယောက်လည်း ညက စိတ်ချလက်ချအိပ်ရ သည် ထင်သည်။ မျက်နှာထား ကြည်ကြည်လင်လင်နှင့် စောစောစီးစီး ရောက်လာလေသည်။

'ဘယ့်နှယ်လဲဒေါ်ကြီး၊ ဖားတစ်ပိုင်း ငါးတစ်ပိုင်း နေကောင်း သွားပြီလား'

ကိုအောင်သူ ကင်းပွန်းတပ်ထားသောအမည်ကို သဘောကျ ဟန်နှင့် ဒေါ်ကြီးစံမယ်သည် တသိမ့်သိမ့်ရယ်နေလေသည်။

'နေကောင်းသွားပါပြီဆရာလေးရယ်၊ ဒီနေ့ ထမင်းစားတော့ မယ် လုပ်နေလို့ မနည်းချော့ပြီး ဆန်ပြုတ်ပဲသောက်ဖို့ ပြောခဲ့ရတယ်'

'ညက အိပ်ရဲ့လား'

'သူ အိပ်လား မအိပ်လားတော့ မသိပါဘူး ဆရာလေးရယ်၊ တချွတ်ချွတ်နဲ့ အိပ်မပျော်ဘူး ပြောတာပဲ၊ ကျွန်မကတော့ ဘာဆို ဘာမှ မသိဘူး၊ တုံးပဲ၊ တစ်ခါတည်း ထိုးအိပ်လိုက်တာ မိုးအလင်း တစ်ရေး တည်းပဲ'

တစ်နေ့နှင့်တစ်ညလုံးလုံး လူရောစိတ်ရော အနားမရခဲ့သော ဒေါ်ကြီးစံမယ် အိပ်မောကျသွားသော်လည်း နန္ဒာသည် ဘယ်လူးညာ

http://myanmarpyithar.net

လိမ့်နှင့်အိပ်မရဟု ပြောလေသည်။

တစ်ညလုံး ဘာလုပ်နေသနည်းဟုမေးသောအခါ ကောင်းကင်ပြာရှိ ကြယ်များကို ရေတွက်နေသည်ဟုပြောသည်ဟု ဒေါ်ကြီးစံမယ်သည် ရယ်မောရင်းပြောပြနေလေသည်။

နန္ဒာနေကောင်းသွားသည့်အပြင် တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်ခဲ့ရသောကြောင့် ဒေါ်ကြီးစံမယ်သည် လန်းလန်းဆန်းဆန်းဆန်း ဖြစ်နေသည်။

တွယ်ရာမဲ့သောအဘွားကြီးသည် အတွယ်အတာကလေး ရလာသဖြင့် ပျော်ရွှင်နေဟန်ရှိသည်။

'ဒေါ်ကြီးရာ ဖားတစ်ပိုင်း ငါးတစ်ပိုင်းကို တစ်သက်လုံး မွေးစားတော့မလို့လား'

'နန္ဒာလေးက စိတ်ရင်းကောင်းရှာပါတယ် ဆရာလေးရယ်၊ သနားစရာလေးပါ၊ ခုလည်း မနက်မိုးလင်းမှ စောင်ခေါင်းမြီးခြုံပြီး အိပ်နေလေရဲ့'

စားပွဲခုံကိုအဝတ်နှင့်ပွတ်နေသော ဒေါ်ကြီးစံမယ်သည် ကရုဏာသံနှင့်ပြောသည်။

သူ လမ်းကရူးခဲ့ဟန်ရှိသော မြေဝပ်အရိုင်းပန်း ဝါဝါလေးများကို ဖန်ခွက်ထဲတွင် ဝေဆာအောင်ထိုးပြီး စားပွဲပေါ်တင်ထားသည်။

'အမယ် ဒေါ်ကြီးရာ၊ ကျွန်တော့်သူငယ်ချင်းကရော သနားစရာပါ'

'အင်း သူ့ကိုလည်း သနားတာပဲ'

'ကျွန်တော့်ကိုရော မသနားဘူးလား ဒေါ်ကြီးရာ၊ ကြားထဲက ဆံပင်ဖြူတော့မယ်'

'ဟုတ်တယ် ဟုတ်တယ်၊ ဆရာလေးကိုလည်း ကျွန်မ သနား

တာပဲ'

'ကိုယ့်ကိုယ်ကိုလည်း သနားဦး ဒေါ်ကြီးရဲ့'

'အင်း ကျွန်မက သနားစရာကောင်းလို့လား'

'ဖားတစ်ပိုင်း ငါးတစ်ပိုင်းက ဒေါ်ကြီးအပေါ် အတော်ဆိုးချင်တာ'

'ကလေးစိတ်မှမပျောက်သေးဘဲ ဆရာလေးရယ်'

ဒေါ်ကြီးစံမယ်က ခွင့်လွှတ်စကားဆိုလေသည်။ ကိုအောင်သူသည် ရယ်မောရင်း သက်ပြင်းချမိသည်။ သူတို့နှစ်ဦးရောက်မလာခင် ကိုအောင်သူနှင့်ဒေါ်ကြီးစံမယ်တို့၏ဆက်ဆံရေးသည် ငြိမ်သက်အေးချမ်းလှသည်။

တစ်ဦးနှင့်တစ်ဦး စကားလည်း ရှည်ရှည်ဝေးဝေး မပြောမိကြပေ။ အိမ်တွင် နေမိသမျှအချိန်များတွင် ကိုအောင်သူသည် တိတ်ဆိတ်စွာစာဖတ်ရင်း စာအုပ်ထဲ၌နစ်မြုပ်နေတတ်သည်။

မီးဖိုချောင်တွင်လည်း ဒေါ်ကြီးစံမယ်သည် တိတ်တိတ်ဆိတ်ဆိတ်ချက်ပြုတ်နေလေ့ရှိသည်။ ဒေါ်ကြီးစံမယ် ချက်ကျွေးသမျှကိုလည်း ကိုအောင်သူသည် တစ်ခါမျှ မကြိုက်မရှိခဲ့ချေ။ နှစ်နှစ်ခြိုက်ခြိုက်ပင် တိတ်ဆိတ်စွာ စားသောက်တတ်လေသည်။

သူတို့နှစ်ဦး တစ်ရက်နေသော်လည်း တစ်ခါတစ်ရံ စကားပင် တစ်ခွန်းပြည့်အောင်မပြောမိကြပေ။ စိတ်အေးချမ်း နားအေးချမ်းလှသည့်အိမ်တွင် နန္ဒာရောက်လာကတည်းက ဝရုန်းသုန်းကား ဖြစ်ခဲ့ရလေသည်။

ထွန်းမင်းကိုပါ ခေါ်လာမိသောအခါတွင်ကား ဝုန်းဒိုင်းကြဲကုန်တော့သည်။ နန္ဒာ ထွန်းမင်း အရေးတော်ပုံတွင် ဒေါ်ကြီးစံမယ်နှင့် ကိုအောင်သူတို့၏ငြိမ်းချမ်းရေး ပျက်စီးခဲ့ရလေသည်။

အိမ်တွင် ဈွေးကောက်ပွဲပြုလုပ်ပါကလည်း နန္ဒာနှင့် ထွန်းမင်းတို့သည် တစ်မဲတစ်မဲနှင့်သရေကျပြီး နှစ်ဦးစလုံး ဗိုလ်ဖြစ်နေကြမည်သာ ဖြစ်လေသည်။

'နေသာတယ် ဆရာလေးရဲ့၊ အိပ်ရာခင်းတွေ စောင်တွေထုတ်လှမ်းမယ်နော်'

နေရောင်ကပျပျလေး သာယာလှသည်။ မိုးဆိုသည့် ရွှေမိုးညိုသည် အတော်စိတ်ကောင်းမရှိသောမိုးဖြစ်သည်။ အလုပ်ဆင်းရသည့်နေ့ရက်များတွင်ကား သဲကာမဲကာ ရွာလည်းရွာတတ်သည်။

ခုလို ရုံးပိတ်ရက် တနင်္ဂနွေနေ့မျိုးတွင်ကား ဘယ်ချောင် ဘယ်ကြားကပ်ပြီး ပုန်းနေသည်မသိ။ နေရောင် စူးစူးကလေးက ထွက်ပေါ်လာချေပြီ။

ရက်အားမို့ စောင်ခြုံကာ စာအုပ်တစ်အုပ်နှင့် ကွေးချင်သော်လည်း အခြေအနေကမပေးတော့ပေ။

နေရောင်က လက်လာသောအခါ မှိုင်းဝေနေသောစိတ်များလည်း သွက်လာသည်။ ဖတ်လက်စ စာအုပ်ကိုဆက်မကိုင်တော့ဘဲ ပေါက်တူးတစ်လက်ဆွဲကာ ထွက်လာမိလေသည်။

ခြံထဲတွင် တောထနေသောမြက်ပင်ရိုင်းများကို ရှင်းသင့်သည်မှာ ကြာချေပြီ။ ယခင်က ခြံထဲတွင် ဂေါက်သီးရိုက်ကျင့်ခဲ့သော်လည်း ယခုအခါ မကျင့်နိုင်တော့ပေ။

ဂေါက်သီးလုံးလေးများ မြက်တောထဲကျပြီး မကြာခဏ ပျောက်ဆုံးတတ်သောကြောင့်ဖြစ်လေသည်။

'ဟေး ထွန်းမင်းရေ ငေးမနေနဲ့ ငိုင်မနေနဲ့ လာကွာ သန့်ရှင်းရေး လုပ်ကြရအောင်'

ကိုအောင်သူက အော်ခေါ်သောအခါ ထွန်းမင်းလည်း ထွက်

လာလေသည်။ နေရောင်ခြည်ထဲတွင် အားနှင့်မာန်နှင့် ပေါက်တူးပေါက်ပြီး မြက်ပင်များကိုရှင်းနေသော ကိုအောင်သူအားကြည့်ကာ ရယ်လေသည်။

'ဆရာဝန်ကြီးလက်က ပေါက်တူးကြာကြာ ပေါက်နိုင်ပါ့မလား'

'အား ဆရာဝန်လည်း လူပဲ၊ ပေါက်တူးတင်မကဘူး တိုင်းပြည်အတွက် လိုအပ်ရင် သေနတ်ကိုပါ ကိုင်ကြရမှာပေါ့ကွ၊ ခုပဲ တချို့တွေ နိုင်ငံရေးသင်တန်းဆင်းပြီး စစ်ပညာသင်နေရပြီ၊ မင်းတို့ ပန်းချီဆရာတွေသာ ငပျော့တွေ'

'အောင်မာ ဒီလိုမနှိမ်ပါနဲ့ မောင်ရင်ရယ်၊ ပန်းချီဆရာလက်က အနုပညာလက်မို့ နုပေမယ့် ပေါက်တူးလောက်တော့ ကိုင်နိုင်ပါတယ်'

ထွန်းမင်းသည် မခံနိုင်သလိုပြောပြီး ပေါက်တူးတစ်လက်ဆွဲကာ ထွက်လာသည်။ ကိုအောင်သူသည် ငယ်စဉ်က အားကစားလိုက်စားခဲ့သော်လည်း ထွန်းမင်းလောက် အရပ်မမြင့်ချေ။ အသားညိုပြီး အရပ်မြင့်သောထွန်းမင်းသည် မြန်မာပီပီ ချောသောသူဖြစ်သည်။

ပိန်ပိန်ပါးပါးနှင့် ကိုယ်လုံးသိပ်မထွက်သောကြောင့် ပိုပြီး အရပ်မြင့်သယောင် ထင်ရသည်။ နက်မှောင်စူးရှသောမျက်လုံး၊ ထူထဲသောမျက်ခုံးနှင့်မေးရိုးကားကားသည် မာကျောသယောင်ရှိသည်။ သို့သော် ထွန်းမင်း၏လက်ချောင်းများသည်ကား ရှည်သွယ်လှလေသည်။ သာမန်မိန်းကလေး၏ လက်ချောင်းများပင် ထွန်းမင်း၏လက်များလောက် လှပမည်မထင်။

'ကဲကွာ ဆရာဝန်နဲ့ပန်းချီဆရာပြိုင်ပြီး မြက်ပေါက်ကြစို့၊ အရင်ရပ်တဲ့လူ အရှုံး ဟုတ်လား'

ထွန်းမင်းသည် ပေါက်တူးကို ခပ်ဆဆကိုင်ရင်း စိန်ခေါ်လေ

သည်။ စားလိုက်၊ သောက်လိုက်၊ ပန်းချီဆွဲလိုက်နှင့် ပေးလိုက် ငိုင်လိုက်နှင့် လူရောစိတ်ပါ အညောင်းမိနေသော ထွန်းမင်းသည် ကိုယ်လက်လှုပ်ရှားပြီး သွေးပူသွားပါက အမြတ်ပင်ဖြစ်သည်။ အနည်းဆုံး သည်တစ်ညတော့ မောမောပန်းပန်းနှင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်မည်ဖြစ်သည်။

'ဒေါ်ကြီးသက်သေနော်၊ ရှုံးတဲ့လူက ထမင်းပွဲပြင်ရမယ်၊ စားပွဲထိုးလုပ်ရမယ်၊ ဒေါ်ကြီးအနားယူ ဟုတ်လား'

ကိုအောင်သူသည် အိပ်ရာခင်းများ စောင်များကို တဖုန်းဖုန်းရိုက်ခါရင်း အိမ်ရှေ့ကြိုးတန်းတွင်လှန်းနေသော ဒေါ်ကြီးစံမယ်ကို လှမ်းပြီး သက်သေထူမိသည်။ ဒေါ်ကြီးစံမယ်သည် ပြုံးရယ်ရင်း ခေါင်းညိတ်ပြလေသည်။

အကျီလက်မောင်းများပင့်လှပ်ပြီး ပုဆိုးတို့ကိုပြင်ဝတ်နေကြသော သူငယ်ချင်းနှစ်ဦးလည်း တစ်ဦးကိုတစ်ဦးကြည့်ကာ ရယ်မောမိကြသည်။ ထိုင်းမှိုင်းရီဝေနေသောစိတ်သည် ဖျတ်လတ်လာသည်။

'ကဲ စပြီနော်၊ မင်းက ဒီမာလကာပင်ရဲ့ညာဘက်ကစ ငါက ဘယ်ဘက်ကစမယ်၊ ပိုပြီး များများပြီးတဲ့လူက တစ်လေးသာတယ်'

ပြိုင်မိပြီဆိုပြန်တော့လည်း အရှုံးမပေးချင်သောစိတ်သည် နှစ်ဦးလုံးတွင်ဖြစ်လာလေသည်။ မြက်ပင်စိမ်းစိမ်းလေးများ တုံးခနဲ ရှန်းခနဲ ပြိုလဲကုန်အောင် အပြိုင်အဆိုင်ကြိုးစားကြတော့သည်။

သူတို့တစ်တွေ ခုတ်လှဲပစ်ခဲ့သောမြက်ပင်များကို ဒေါ်ကြီးစံမယ်သည် မာလကာပင်ခြေရင်းတွင် စုပုံပေးလေသည်။

မြက်ပင်တွေများလွန်းတော့ မာလကာပင်လေးက အားမရှိဘဲ အသီးမသီးနိုင်တာ ဆရာလေးရဲ့ မြက်ပင်တွေဆွေးရင် မြေဩဇာဖြစ်ပြီး အသီးသီးလာမှာ'

ဒေါ်ကြီးကရှင်းပြလေသည်။ မာလကာပင်လေးအသီးသီး လာချင် ကိုအောင်သူနှင့်ထွန်းမင်းတို့နှစ်ဦး အမွေလုကြရမည်ထင်သည်။ အသီးစားချင်သော်လည်း အပင်ကိုဂရုမစိုက်ခဲ့သဖြင့် မာလကာပင်လေး ဆန္ဒပြဟန်တူသည်။

အပွင့်ကလေးများ အနည်းအပါးပွင့်သော်လည်း အသီးတစ်သီးမှ မတင်ခဲ့ချေ။ ပတ်ပတ်လည်တွင် တောထနေသောမြက်ပင်များ ခြံရံပြီး ဖြစ်သလိုပင်ပျော်ခဲ့ရဟန် ရှိလေသည်။

'ဆရာလေးတို့နှစ်ယောက်လုံး လက်ရေညီနေတယ်'

ဒေါ်ကြီးစံမယ်က မှတ်ချက်ချလေသည်။ ကိုအောင်သူရော ထွန်းမင်းပါ ဘယ်ညာယှက်လျက် ညီတူမျှတူပင် ခုတ်ထွင်ပြီးလေသည်။ မည်သူကမျှပို၍မပြီးသေး။ နှစ်ဦးလုံးလည်းမောဟန်မပြသေး။

အသက်ရှူပြင်းကာ ချွေးများစို့လာသော်လည်း မည်သူကမျှ ရပ်နားမည့်ပုံမပေါ်ချေ။ မျက်နှာရှိ ချွေးသီးချွေးပေါက်များကိုပင် အကျအန သုတ်မပစ်အားချေ။ ချွေးသုတ်နေသည့်အချိန်တွင် ကျန်တစ်ယောက်က ရှေ့သို့ကျော်သွားမည်ကို စိုးရိမ်နေလေသည်။

လက်ဖဝါးပြင်တွင် နီရဲပြီး မီးလောင်ဖုများပင် ဖြစ်ချင်လာသည်။ စပ်ဖျဉ်းဖျဉ်းနှင့် အသားနီများလန်လာသော်လည်း ပေါက်တူးကို တင်းတင်းပင် ဆုပ်ထားမိကြသည်။

'ဆရာလေးတို့ရယ် ပင်ပန်းလိုက်တာ ရေလေး ဘာလေး သောက်ပါဦး'

သူတို့ကိုကြည့်ပြီး မောလာဟန်ရှိသော ဒေါ်ကြီးစံမယ်သည် သောက်ရေနှစ်ခွက်ခပ်လာလေသည်။ ထိုအခါ တစ်ယောက်ကို တစ်ယောက် ငဲ့ကြည့်ရင်း ခေတ္တရပ်နားမိကြသည်။

ထွန်းမင်း၏လက်ဖဝါးတွင် အသားနီလန်ကာ နီရဲလျက်ရှိ

သည်။ ကိုအောင်သူ၏လက်ဖဝါးတွင်လည်း အရည်ကြည်တည်ကာ ဖူးထနေသည်။ တစ်ဦးလက်ကိုတစ်ဦးသို့ ဖြန့်ပြရင်း ဟားခနဲရယ်မိကြသည်။

ကိုယ့်အနာကိုယ်ရှာသော သူတို့တစ်တွေ ဒေါ်ကြီးစံမယ်၏ ငါးပိချက်နှင့်တို့စရာကိုပင် လက်နှင့်နယ်ပြီး အားရပါးရစားနိုင်တော့မည် မဟုတ်ချေ။ ဖွန်းနှင့်ခက်ရင်းနှင့်ပင် တို့ကာပင့်ကာ စားရတော့မည့်ကိန်း ဆိုက်နေချေပြီ။

'ငါတော့ တစ်ခြံလုံးကုန်အောင် တွန်းပြီးခုတ်သွားချင်တယ်'

ထွန်းမင်းက ဖွဲခတ်ပြီးပြောနေသေးသည်။ ရပ်နားလိုက်သောအခါမှ တစ်ကိုယ်လုံးပူကာ ချွေးများရွှဲနစ်လာလေသည်။ နှလုံးသွေးအခုန်မြန်ကာ မောဟိုက်လာသည်။

'အားပါး မောလိုက်တာ'

ထွန်းမင်းသည် စကားပြောရင်း မျက်မှောင်မသိမသာလေးကြုတ်ပြီး ခြံပြင်သို့ငေးကြည့်နေသည်။ ကိုအောင်သူလည်း သူကြည့်ရာဘက်သို့လိုက်ပြီးကြည့်မိလေသည်။

ဒေါ်ကြီးစံမယ်တို့အိမ်အနီးမှ ကလေးတစ်ဦးဖြစ်သည်။ လက်ကို ဝှေ့ယမ်းရင်း တအားပြေးလာနေသည်။ ပါးစပ်ကလည်း တဂူးဂူးတဝါးဝါးအော်နေလေသည်။

'ဘာ ဖြစ် တာ လဲ'

ကိုအောင်သူက ယောင်ချာချာရေရွတ်မိသည်။ လက်နှင့်ထောက်ထားသော ပေါက်တူးကိုပစ်ချလိုက်ပြီး ခြံဝသို့ ခြေလှမ်းကျဲကြီးနှင့် လျှောက်လာမိလေသည်။

'အမေကြီးရေ မီး မီး မီး တွေ....'

ဒေါ်ကြီးစံမယ်သည် ဗလုံးဗထွေးအသံများကြားရသောအခါ

အပြေးလိုက်လာလေသည်။ ကိုအောင်သူလည်း ရင်ထဲတွင် တဒိတ်ဒိတ် ခုန်လာသည်။

'အမေကြီး အိမ်ကို မီး မီး တွေ လောင်နေတယ်'

'အမယ်လေး'

'ဟယ်'

'ဟဲ့ နန္ဒာ နန္ဒာ ရော'

'ဟင့်အင်း မသိဘူး ဘယ်သူမှလည်း မတွေ့ဘူး'

ဒေါ်ကြီးစံမယ်သည် သတိလက်လွတ်အော်ရင်း ကမူးရှူးထိုးပြေးလေတော့သည်။ ဒေါ်ကြီးအိမ်တွင် နန္ဒာရောက်နေမှန်း မည်သူမျှသိကြမည်မဟုတ်ချေ။

အိမ်အထက်ထပ်ခိုးလေးတွင်အိပ်မောကျ ကျန်ရစ်ခဲ့သောနန္ဒာမနိုးပါက ဒုက္ခကြီးစွာရောက်ရပေတော့မည်။

ကိုအောင်သူနှင့်ထွန်းမင်းလည်း ကြက်သေ သေနေကြရာမှသတိဝင်လာကာ တစ်ရှိန်ထိုး ပြေးထွက်လာမိကြသည်။

'ဟယ် တစ်အိမ်လုံး မီးဝါးနေပြီ'

ကိုအောင်သူသည် ကယောင်ကတမ်း အော်လိုက်မိသည်။ တဟုန်းဟုန်းတောက်နေသော မီးလျှံများသည် အိမ်နံရံများကိုတောက်လျှောက်ကြီး စွဲလောင်နေပြီ ဖြစ်လေသည်။ ဝါးကပ်ကာသော အိမ်မို့လည်း သည်လောက်လျင်မြန်စွာ မီးစွဲခြင်းဖြစ်ဟန်တူသည်။

'အမယ်လေး နန္ဒာ ကလေးရယ်'

ဒေါ်ကြီးစံမယ်သည် သူရူးသဖွယ် အော်ဟစ်နေလေသည်။ ကိုအောင်သူကိုယ်တိုင်လည်း ရင်ဝကို အရှိန်ပြင်းပြင်းနှင့် ဆောင့်ကန်လိုက်သလို နောက်ဘက်သို့ယိမ်းယိုင်ပြီး မူးဝေသွားသည်။

နန္ဒာသည် အပေါ်ထပ်ခိုးကလေးတွင် တိုင်ကိုမှီရင်းရပ်နေလေ

သည်။ မီးစွယ်မီးညွန့်များသည် သူ့ကိုဝိုင်းထားကြလေပြီ။

မီးဖိုချောင်မှစပြီး လောင်မြိုက်သောမီးမို့ အထပ်ခိုးတွင်အိပ်မောကျနေသောနန္ဒာသည် ပြေးမည်ကြံရွယ်သော်လည်း အောက်ထပ်ရှိ တဟုန်းဟုန်းလောင်နှင့်နေသောမီးများကိုဖြတ်ပြီး ဆင်းဝံ့ဟန်မတူချေ။

'နန္ဒာရယ် ဆင်းခဲ့ အတင်းဆင်းခဲ့'

'အမယ်လေး မကယ်ကြတော့ဘူးလား၊ ကျွန်မ အပြစ် ဆန်ပြုတ်အိုးကို မီးများများထိုးခဲ့မိလို့ နန္ဒာရေ'

ဒေါ်ကြီးစံမယ်သည် မြေတွင်လူးပြီး ငိုနေလေတော့သည်။ နန္ဒာကမူ မည်သူ့ကိုမျှမြင်ဟန်မတူချေ။ သူ့မျက်နှာကို အရှိန်ပြင်းပြင်းနှင့်လာဟပ်သော မီးစွယ်မီးညွန့်များကို ငေးစိုက်ကြည့်ရင်း သတိလက်လွတ်ဖြစ်နေပုံရသည်။

မျက်လုံးလေးများသည် အရောင်မှေးမှိန်ပြီး မျက်နှာသည် ဖြူရော်နေလေသည်။ မီးညွန့်များသည် ခေါင်မိုးကိုပါကူးပြီး ဝိုင်းသည်ထက် ဝိုင်းလာသောအခါ မျက်နှာကိုလက်ဝါးလေးနှင့်အုပ်ပြီး တိုင်ကို အားလျှော့စွာမှီလိုက်လေသည်။

'နန္ဒာ'

ထွန်းမင်းသည် ရတ်တရက်ပေါက်ကွဲသွားသလို ကျုံးပြီးအော်လိုက်လေသည်။ ထို့နောက် တဟုန်းဟုန်းတောက်လောင်နေသော မီးလျှံများကြားထဲသို့ တစ်ဟုန်ထိုးပြေးဝင်သွားသည်။ ဘယ်တုန်းက ဘယ်လိုပါလာသည်မသိ၊ သူ့လက်ထဲတွင် စောင်တစ်ထည်ကိုတွေ့လိုက်ရသည်။

'ဟာ ထွန်းမင်း ထွန်းမင်း'

တစ်ချိန်လုံးအာစေးထည့်ထားသလိုဖြစ်နေသော ကိုအောင်သူသည် ကယောင်ကတမ်းအော်ဟစ်နေမိသည်။ ထွန်းမင်းသည် မီးတောက်

များကို ကျော်နင်းပြီး ထပ်ခိုးလေးပေါ်သို့တက်သွားသည်။

ထပ်ခိုးသို့တက်သော ခနော်နီခနော်နဲ့ လှေကားကလေးမှာလည်း မီးဝါးမျိုပြီး ကုန်လုနီးနေချေပြီ။

တိုင်ကိုမှီရင်း သတိလစ်သလိုဖြစ်နေသော နန္ဒာအား ထွန်းမင်းသည် စောင်နှင့်ပတ်ပြီး ပွေ့ချီလိုက်သည်။ နန္ဒာသည် ကလေးငယ်လေးသဖွယ် ပျော့ပျော့လေးပါလာလေသည်။

'ထွန်းမင်း သူငယ်ချင်းရေ ဆင်းခဲ့တော့၊ မြန်မြန်ဆင်းခဲ့တော့'

ကိုအောင်သူသည် အိမ်ကိုပတ်၍ပြေးရင်း သတိလက်လွတ်ကြုံးအော်နေမိလေသည်။

မီးစွယ်ညွှန့်များသည် သူတို့ကိုပမာမထားဘဲ ဖွတ်တိုးဝင်လာသော ထွန်းမင်းအား ဒေါသတကြီး စွဲဟပ်နေကြပြီဖြစ်သည်။

ထွန်းမင်းသည် နန္ဒာအား အသေအချာစောင်နှင့်ပတ်ပြီးမှ လှေကားဘက်ဆီသို့ပြန်လှည့်လာလေသည်။ ဝိုင်းပတ်နေသော မီးစွယ်မီးညွှန့်များကို အာခံသလိုကြည့်ရင်း အံကိုတင်းတင်းကြိတ်လိုက်သည်။ ထို့နောက် တစ်ဟုန်ထိုး တိုးဝင်ပြီး လှေကားမှထစ်ကျော်ဆင်းလာသည်။

'အောင်မလေး သေပါပြီ'

ဒေါ်ကြီးစံမယ်သည် ငိုသံကြီးနှင့်အော်လိုက်သည်။ တဖြောင်းဖြောင်းတောက်လောင်နေသော ဝါးလုံးတစ်ချောင်းသည် ထွန်းမင်း၏ကိုယ်ပေါ်သို့ကျလာပြီး အင်္ကျီကိုမီးစွဲသွားလေသည်။

ထွန်းမင်းသည် နောက်သို့ယိုင်ကာ အားပျော့သွားဟန် ရှိသည်။ သို့သော်လည်း နှုတ်ခမ်းကိုပြတ်လုမတတ်ကိုက်ပြီး မီးကျီးခဲကိုနင်းကာ မီးတောထဲ တိုးဝင်လေတော့သည်။

မီးတောထဲမှဖြတ်ပြီးထွက်လာသောအခါတွင်ကား ထွန်းမင်း

သည် သတိလစ်လုလုဖြစ်နေပေပြီ။

သူ့လက်ထဲတွင်ပွေ့ချီလာသောနန္ဒာကို မြေပေါ်သို့ချလိုက်သည်။ ကြောက်ဇောနှင့် သတိမေ့သွားသော်လည်း စောင်နှင့်လုံခြုံစွာရစ်ပတ်လာခဲ့သော မိန်းကလေးသည် အေးချမ်းစွာ အိပ်ပျော်နေဟန်ရှိလေသည်။

'ထွန်းမင်း ထွန်းမင်းရယ်'

ကိုအောင်သူသည် မီးစွဲလောင်နေသောအင်္ကျီကိုဆွဲဆုတ်လိုက်ပြီး နောက်ဘက်မှ ဖေးကိုင်လိုက်လေသည်။ ထွန်းမင်းသည် သူ့ကိုယ်သူ သတိထားမိဟန် မတူချေ။

ဖြူရော်သော နန္ဒာ၏မျက်နှာလေးကို တရှိုက်မက်မက် ငေးကြည့်နေလေသည်။

ထို့နောက် မချိတင်ကဲပြုံးလိုက်ကာ နောက်ဘက်သို့ယိုင်လဲလာသည်။ ကိုအောင်သူသည် ထွန်းမင်းကိုဖက်ရင်း စိုးရိမ်တကြီးခေါ်မိသည်။

'ထွန်းမင်း ထွန်းမင်း ရေ'

ထွန်းမင်းသည် မထူးနိုင်တော့ချေ။ ဦးခေါင်းငိုက်စိုက်ကျကာ ပျော့ခွေနေသည်။ စိတ်တင်းထားသော သူငယ်ချင်း သတိလစ်သွားချေပြီ။

*

'အို သိပ်မုန်းတာပဲ နန္ဒာ့ဟာ နန္ဒာသေပေစေပေါ့၊ ဘာလို့ကယ်ရတာလဲ ဟင် အဲဒီလူက ဘာလို့ကယ်ရတာလဲ'

နန္ဒာသည် သွေးရူးသွေးတန်း အော်နေလေသည်။ သူ့မျက်နှာတွင် သွေးတစ်စက်မျှမရှိတော့သလို ဖြူဆုတ်ပြီး ကတုန်ကယင်ဖြစ်နေလေသည်။

ဒေါ်ကြီးစံမယ်သည် ထိတ်ထိတ်ပျာပျာနှင့် နန္ဒာ၏ပါးစပ်ကို လှမ်းပြီးပိတ်ထားမိရှာသည်။ နန္ဒာအော်ဟစ်နေသည်ကို တစ်ဖက်ခန်းမှ ကိုအောင်သူနှင့်ထွန်းမင်းတို့ ကြားသွားမည်ကို စိုးရိမ်နေလေသည်။

'ဒီလိုမပြောနဲ့နန္ဒာရယ်၊ ကိုယ့်အသက်သခင်ကို သူ မကယ်ရင် နန္ဒာသေပြီ'

'အို သေပစေ၊ သေတာက ကောင်းသေးတယ် ဟင်း'

ထွန်းမင်း အသက်စွန့်ပြီးကယ်တင်ခဲ့သောကြောင့်သာ သူ့အသက်နှင့်ခန္ဓာ မြဲနေရခြင်းဖြစ်သည်ကို နန္ဒာသည် နည်းနည်းမှလက်ခံချင်ပုံမရချေ။ မခံမရပ်နိုင် အော်ဟစ်နေလေသည်။

ဒေါ်ကြီးစံမယ်သည် သက်ပြင်းချ၍ စိတ်ပျက်လက်ပျက် ထိုင်

နေမိတော့သည်။ ရှိစုမဲ့စုအိမ်ကလေး မီးဝါးသွားသဖြင့် ဝတ်စရာ နေစရာမရှိသည့်အထဲတွင် ဆိုးဆိုးတေတေအော်နေသော နန္ဒာကို ကြာရှည် ဖျောင်းဖျနိုင်ဟန် မတူတော့ချေ။

ကိုအောင်သူကတော့ အရေးထဲတွင် ရယ်ချင်စိတ်က လိမ့်တက်လာသည်။ ဆင်းသွားစဉ်က နန္ဒာတစ်ဦးတည်းသာဖြစ်သည်။

ယခုပြန်လာသောအခါ ဒေါ်ကြီးစံမယ်ပါ အပိုပါလာလေသည်။ နေစရာ အိပ်စရာ မရှိတော့သော သူတို့နှစ်ဦးကို အိမ်ပေါ်ခေါ်တင်ရုံကလွဲ၍ အခြားနည်းလမ်းကို စဉ်းစား၍မရချေ။

ဒီတစ်ခါတော့ စနေဂြိုဟ်ရော၊ ရာဟုဂြိုဟ်ရော၊ ပါပဂြိုဟ်ရော ဆိုးသမျှ မကောင်းသမျှ ဂြိုဟ်အစုတ်အပွဲများသည် တိုင်ပင်ပြီး ဒေါ်ကြီးစံမယ်အိမ်ထက်သို့ တစ်ပြိုင်တည်းခုန်တက်ကြဟန်တူလေသည်။ အိမ်တစ်အိမ်လုံး ပြုတ်ပြုတ်ပြုန်းလေတော့သည်။

အိမ်ဆက်ဝေးသောနေရာမို့ အခြားအိမ်များကို မီးမကူးဘဲ တစ်အိမ်တည်း အေးအေးဆေးဆေး ပြာကျသွားခြင်းဖြစ်သည်။

ဂြိုဟ်စုတ်ဂြိုဟ်ပွဲတွေလည်း ဒေါ်ကြီးစံမယ်၏အိမ်တွင်ပင် တစ်စခန်းသိမ်းပြီးနေရစ်ပါစေတော့ဟု ဆုတောင်းရင်း အိမ်ခြေရာမဲ့နေသော သားအမိနှစ်ဦးကို အိမ်ပေါ်တင်ခဲ့ရလေတော့သည်။

ဒီကြားထဲ နန္ဒာကတမှောင့်၊ သူ့အသက် ကယ်သည်ကိုပင် ကျေးဇူးမတင်ဘဲ မကျေနိုင် မချမ်းနိုင်ဖြစ်နေသေးလေသည်။ တစ်ဖက်ခန်းမှကြားနေရသော ကိုအောင်သူလည်း မနေနိုင်တော့ချေ။ ဒေါသနုနုလေးများ ပျို့တက်လာလေသည်။

'နန္ဒာ'

ကိုအောင်သူသည် ဒေါသရိပ်ကဲပြီး ခပ်ဆတ်ဆတ်လေးခေါ်လိုက်မိလေသည်။ နန္ဒာသည် ဆတ်ခနဲတုန်သွားပြီး တွေတွေကလေး

http://myanmarpyithar.net

လှမ်းကြည့်သည်။

'မင်း ဒီလောက်ဒုက္ခပေးရရင် တော်တော့နန္ဒာ၊ နေရာတကာ ကိုယ့်ဘက်တစ်ဖက်တည်းကကြည့်ပြီး ဆူဆူညံညံလုပ်မနေနဲ့၊ ထွန်း မင်းဆိုရင် သေကောင်ပေါင်းလဲပဲ၊ ကံကောင်းလို့ အသက်မပါပေမယ့် သူ့ကိုယ်က မီးလောင်ရာတွေဟာ သေရာပါမယ့်အမာရွတ်တွေ၊ အခု လည်း နာလွန်းလို့ မော်ဖီးယားထိုးပေးထားရတယ်၊ မင်း နည်းနည်း ပါးပါး ကိုယ်ချင်းစာကြည့်ဖို့ကောင်းတယ်'

နန္ဒာသည် ခေါင်းကိုသွက်သွက်ပါအောင်ခါယမ်းလိုက်သည်။ မျက်နှာလေးသည် ချုံးပွဲချ၍ ငိုတော့မလို ဖျော့တော့နေလေသည်။

'အို ကိုယ်ချင်းမစာဘူး၊ နန္ဒာ ကိုယ်ချင်းမစာဘူး၊ သူကယ်လို့ လည်း မရှင်ချင်ဘူး၊ သူ ဘာလို့ကယ်ရတာလဲ'

ကိုအောင်သူ၏ရှပ်အင်္ကျီပွပွကြီးကိုဝတ်ထားသော နန္ဒာသည် လက်ကလေးကို ဖေ့ကာယမ်းကာနှင့် အော်နေသည်။ ဆံပင်ပျော့ပျော့ လေးများသည် မီးဟပ်ပြီးလောင်ထားသဖြင့် ဖွာလန်ကြဲနေသည်။

စိတ်လှုပ်ရှားမှုတို့ကြောင့် မျက်နှာလေးသည် ဖြူတစ်လှည့် နီတစ်လှည့် ဖြစ်နေလေသည်။ ကိုအောင်သူသည် သူ့ကိုကြည့်ရင်း စိတ် တိုသည့်ကြားထဲမှ ဒေါသထွက်သည့်ကြားထဲမှ ရယ်ချင်လာသေးသည်။ မှင်စာလေးတစ်ကောင် ထခုန်နေသည်နှင့်တူသောကြောင့် ဖြစ်၏။

'ဆရာ ကိုထွန်းမင်းကို နောက်ထပ် ဂလူးကို့စ်ထပ်သွင်းဦးမှာ လား'

နုနုအေးက လာမေးသည်။ သူ့ခမျာ နန္ဒာ့ကို စခင်မိကတည်း က ဝရုန်းသုန်းကားပြဇာတ်ထဲ ပါဝင်ခဲ့ရရှာလေသည်။ ထွန်းမင်းကို ဆေးရုံ မပို့ချင်တော့သည့် ကိုအောင်သူသည် ဆရာမနုနုအေး၏အကူ အညီနှင့် ဆေးကြောသန့်စင်ပြီး ပတ်တီးစည်းပေးခဲ့ရသည်။

ဂလူးကို့စ်သွင်းနေသောအခါ၌ နုနုအေးကစောင့်ပြီး သွင်းပေးနေလေသည်။ နန္ဒာသည် နုနုအေးရောက်နေသည်ကို သိပုံမရချေ။ အခန်းဝတွင်ရပ်နေသော နုနုအေးကိုကြည့်ရင်း အမ်းတမ်းတမ်းဖြစ်ပြီး ငြိမ်သွားလေသည်။

'တော်လောက်ပါပြီ ဆရာမရယ်၊ သူ အိပ်နေတယ် မဟုတ်လား'

'မှိန်းနေတယ်ဆရာ'

'ကျေးဇူးတင်ပါတယ်ဗျာ။ ဆရာမလည်း အခြောက်တိုက်အတော်ကို ဦးနှောက်ခြောက်လှရော့မယ်'

'ကိစ္စမရှိပါဘူး ဆရာရယ်'

နုနုအေးသည် ချိုသာအေးချမ်းစွာပြောပြီး နန္ဒာကို စူးစူးစိုက်စိုက်ကြည့်နေလေသည်။ နန္ဒာသည် အားလုံး၏အကြည့်ကိုလွှဲရှောင်ကာ ကြမ်းပြင်ကိုသာငုံ့ကြည့်နေသည်။ မျက်ဝန်းလေးများနီကြင်ကာ မျက်တောင်တဖျပ်ဖျပ်ခတ်နေလေသည်။

'သိပ်မဆိုးပါနဲ့ နန္ဒာရယ်'

နုနုအေးကပြောသောအခါ နန္ဒာသည် ဟင်းခနဲသက်ပြင်းရှိုက်လိုက်ပြီး ခေါင်းကလေးငိုက်စိုက်နှင့် ထိုင်ချလိုက်လေသည်။ ကိုအောင်သူ ပြောစဉ်ကကဲ့သို့ နှုတ်လှန်မထိုးဘဲ ငြိမ်နေလေသည်။

'နန္ဒာကို မီးထဲကဆွဲထုတ်ရတာ သူ့ကိုယ်သူ မီးအလောင်ခံပြီး ထုတ်ရတာ နန္ဒာ၊ တော်ရုံတန်ရုံစေတနာနဲ့ သတ္တိနဲ့ ဒီလိုမကယ်ပါဘူး၊ အခုလည်း တစ်ကိုယ်လုံးမီးလောင်ဖုတွေနဲ့၊ လနဲ့ချီပြီးကုရမယ် နန္ဒာလေးရယ်၊ စိတ်တွေကို လျှော့စမ်းပါ၊ လျှော့လိုက်စမ်းပါ၊ သိပ်မဆိုးပါနဲ့ ကွယ်'

နူးနူးညံ့ညံ့ အေးအေးဆေးဆေးပြောသော နုနုအေးအား နန္ဒာ

သည် မော်ကြည့်လိုက်သည်။ မျက်လုံးညိုညိုတွင် မျက်ရည်ကြည်များ စိမ့်အိုင်ဝေ့လည်နေလေသည်။

အတန်ကြာအောင်ငေးကြည့်နေပြီးမှ နန္ဒာသည် ငိုသံပါလေးနှင့် တုန်တုန်ယင်ယင် အော်လေသည်။

'အို နန္ဒာ့ကို မပြောနဲ့၊ ဘာမှမပြောကြပါနဲ့၊ မ ပြော ကြ ပါနဲ့'

နန္ဒာသည် မျက်နှာလေးကို သူ့လက်မောင်းကြားတွင် ဝှက်ထားလိုက်လေသည်။ ကျောပြင်သည် တသိမ့်သိမ့်တုန်ကာ လှိုင်းထနေသဖြင့် ရှိုက်ငင်နေမှန်း သိသာသည်။

'နန္ဒာရယ်'

နုနုအေးသည် နန္ဒာ့အနီးသို့ကပ်သွားပြီး ဘေးတွင်ဒူးထောက်ထိုင်လိုက်သည်။ ကိုအောင်သူလည်း သက်ပြင်းရှိုက်ပြီး ထွက်ခဲ့လေသည်။

သာယာညင်းပျောင်းသော နုနုအေး၏စကားတွင် နန္ဒာတစ်ယောက် အသိတရားရပါစေဟုသာ ကျိတ်ပြီးဆုတောင်းမိတော့သည်။

*

နန္ဒာသည် အိပ်ရာမှသတိနှင့် ထလိုက်သည်။ သူ့ဘေးတွင် အိပ်နေသော ဒေါ်ကြီးစံမယ်သည် တရှူးရှူးဟောက်ကာ စိတ်မောလူမောနှင့် အိပ်မော ကျနေလေသည်။

သက်ပြင်းကို သဲ့သဲ့လေးရှိုက်ရင်း အမှောင်တွင်းသို့ စူးစိုက် ကြည့်နေရင်း နန္ဒာသည် ကျောက်ရုပ်ကလေးလို တောင့်တောင့်တင်း တင်း ရပ်နေလေသည်။

မှန်ပြတင်းမှဝင်နေသော လရောင်ကလေးသည် အားနည်းလှ သည်။ မှိန်မှိန်ဖျော့ဖျော့ လရောင်ထဲတွင် ရိုးတိုးရိပ်တိပ်လှုပ်ရှားနေ သော သစ်ကိုင်းသစ်ခက်များသည် ချောက်ချားဖွယ်ကောင်းနေလေ သည်။

'ကိုကိုသူရိန်'

အမှောင်ရိပ်မှများ ထွက်ပေါ်လာလေမည်လားဟု တမ်းတမ်း တတ ခေါ်လိုက်မိသည်။ ဘယ်သူမှ ထွက်ပေါ်လာလိမ့်မည် မဟုတ် သည်ကို သတိရသောတစ်ခဏ၌ မငိုဘဲရှိုက်နေမိလေသည်။

'နန္ဒာ'

http://myanmarpyithar.net

ဒေါ်ကြီးစံမယ်သည် လူးလွန့်ရင်းလှမ်းခေါ်သည်။ နန္ဒာသည် ဆတ်ခနဲ တုန်လှုပ်သွားသည်။ အိပ်ရာနားသို့ ဖြည်းညင်းစွာ ပြန်လည် လျှောက်လာလေသည်။ ဒေါ်ကြီးစံမယ်သည် တစ်ဖက်သို့ စောင်းလိုက် ပြီး တရှုးရှုးနှင့် အသက်မှန်မှန်ရှုနေသည်။ အိပ်ပျော်နေရာမှ စွဲမိစွဲရာ ယောင်ယမ်းပြီး ခေါ်ခြင်းဖြစ်သည်။

နန္ဒာသည် အသက်ရှုအောင့်ထားရာမှ သက်ပြင်းကို ဟင်းခနဲ ချလိုက်ရင်း အခန်းနံရံကို ခေတ္တမျှ အားပျော့စွာ မှီထားလိုက်သည်။

အိပ်ပျော်နေသော ဒေါ်ကြီးစံမယ်ကို စူးစိုက်ကြည့်ရင်း ဘောင်း ဘီအိတ်ထဲသို့ စမ်းလိုက်သည်။ အေးစက်စက် ငွေရိုးကလေးကို ထိတွေ့ ရသည်။

အသာအယာထုတ်ပြီး ‘ချောက်’ ခနဲဖွင့်လိုက်သည်။ မောင်းချ ဓားငယ်၏အသွားမြမြသည် လရောင်မှိန်ပျပျ၀ယ် လက်နေလေသည်။

နန္ဒာသည် နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားရင်းမှ အသက်ရှုမှန်အောင် ကြိုးစားနေလေသည်။ ထို့နောက် ခြေကို ဖွဖွ လှမ်းကာ ထွက်ခဲ့သည်။

နန္ဒာ၏မျက်လုံးညိုညိုလေးများသည် ဓားသွားနှင့်အပြိုင် ရိုင်း ရိုင်းစိုင်းစိုင်း တောက်ပနေသည်။

‘သူတို့ အိပ်နေကြပြီ’

နန္ဒာသည် တိုးတိုးလေးပြောလိုက်မိသည်။ ကိုအောင်သူရော ထွန်းမင်းပါ ငြိမ်သက်တိတ်ဆိတ်စွာ အိပ်ပျော်နေကြဟန်ရှိသည်။

နန္ဒာသည် ဓားရိုးကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး အခန်း ထဲ လှမ်းဝင်လိုက်သည်။ ခြေလှမ်းတိုင်း ရင်ထဲတွင် တဖြည်းဖြည်း အေးစက်လာသည်။

ခုတင်ခေါင်းရင်းတွင်ထွန်းထားသော မီးလုံးပြာလေးကြောင့်

http://myanmarpyithar.net

အခန်းထဲတွင် မှိန်ပျပျလေးလင်းနေသည်။ ကိုအောင်သူသည် နံရံဘက်သို့လှည့်ကာ ခြေပစ်လက်ပစ်အိပ်ပျော်နေသည်။

တစ်ဖက်ခုတင်တွင်အိပ်နေသော ထွန်းမင်း၏မျက်နှာသည်ကား ညှိုးနွမ်းလှသည်။ ရင်ဘတ်ပေါ်တွင် လက်နှစ်ဖက်ကိုယှက်ပြီး အိပ်ပျော်နေရာ လက်အောက်ဘက်တွင် ပတ်တီးဖြူဖြူများသည် အပြာရောင်တွင် ဖွေးလဲ့နေသည်။

နန္ဒာသည် ခုတင်ခြေရင်းတွင်ရပ်ပြီး စူးစိုက်ကြည့်နေမိသည်။ နဖူးကျယ်သော၊ မျက်ခုံးထူသော၊ နှုတ်ခမ်းပါးသော၊ မေးရိုးကားသော မျက်နှာနွမ်းနွမ်းကို ပထမဦးဆုံးအကြိမ် အသေအချာကြည့်မိလေသည်။

ရင်ထဲတွင် နာကျင်ကျင်နှင့် လှုပ်ရှားသွားသည်။ အေးစက်နေသော ဓားရိုးလေးကိုပွတ်သပ်ရင်း တစ်ကိုယ်လုံးစိမ့်တက်သွားသည်။

'ဟင်'

အံကိုတင်းတင်းကြိတ်ရင်း ရှေ့ဘက်သို့လှမ်းလိုက်သောနန္ဒာသည် တိုးတိုးလေးအော်လိုက်မိသည်။ ရင်ဘတ်ပေါ်တွင်ယှက်တင်ထားသော လက်နှစ်ဖက်ကို ထွန်းမင်းသည် ဘေးသို့ချလိုက်သောကြောင့် ဖြစ်လေသည်။

နန္ဒာသည် ခြေလှမ်းတုံ့ခနဲ ရပ်သွားပြီး ထွန်းမင်း၏မျက်နှာကို တွေတွေဝေဝေ ကြည့်လိုက်မိလေသည်။

ထွန်းမင်းသည် အိပ်ပျော်နေသည့်အတိုင်း အသက်မှန်မှန်ရှူကာ မျက်လုံးကို စုံမှိတ်ထားသည်။ မျက်လုံးထောင့်စွန်းမှစီးကျလာသောမျက်ရည်ပူများကိုကား မဖုံးကွယ်နိုင်။ သူ တကယ်အိပ်မနေကြောင်းကို တီးတိုးပြောပြနေသည်။

နန္ဒာသည် ပင့်သက်ကို ခပ်သဲ့သဲ့လေးရှိုက်ထုတ်ရင်း နောက်ဘက်သို့ ယိမ်းယိုင်သွားသည်။ တိတ်တိတ်ဆိတ်ဆိတ်နှင့် ရင်ဖွင့်ရင်း

ဓားသွားကိုစောင့်ကြိုလင့်သော ညှိုးနွမ်းနွမ်းမျက်နှာကို မကြည့်ရဲတော့သည့်အတွက် ခေါင်းကိုငုံ့လိုက်မိလေသည်။

ထိုစဉ်တွင် နန္ဒာ၏မျက်လုံးအိမ်တွင်လည်း မျက်ရည်ကြည် များ စိမ့်အိုင်လာလေသည်။ ရင်ထဲတွင် နာကျင်ပြီး ခေါင်းထဲတွင် ဆူဝေနေလေသည်။ ဘာဆက်လုပ်ရမည်ကိုမသိဘဲ လမ်းပျောက်သူလို ရှေ့မတိုး နောက်မဆုတ် တွေဝေနေမိလေသည်။

နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ရင်း အသက်ရှူရန် မေ့လျော့နေသလို မတုန်မလှုပ်ရပ်နေမိသည်။ ဓားရိုးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသောလက်များသည်ကား အားမရှိတော့သလို လျော့ရဲလာပေသည်။ ကြမ်းပြင်ပေါ်သို့ ဓားသွားကျသံသည် တိတ်ဆိတ်နေသော အခန်းထဲတွင် ဟိန်းသွားသည်။

ထွန်းမင်း၏မျက်ခွံများသည် မသိမသာလှုပ်ရှားပြီး ခပ်ဖြည်းဖြည်းပွင့်လာလေသည်။ မျက်ရည်ဖုံးသော မျက်လုံးနှစ်စုံသည် အရှိန်ဖျော့စွာ ဆုံဆည်းမိကြလေသည်။

နန္ဒာသည် ချာခနဲလှည့်ကာ အခန်းအပြင်ဘက် ပြေးထွက်သွားသည်။ သူ့ခြေသံနှင့်အတူ ရှိုက်သံသဲ့သဲ့လေးသည် ဝေ့ဝဲ၍ကျန်ရစ်လေသည်။

'နန္ဒာရယ်'

မီးရောင်ဖျော့ဖျော့တွင် တလက်လက်တောက်နေသော ဓားကလေးသည် ကြမ်းပြင်ထက်တွင် တစ်ကိုယ်တည်း ကျန်ရစ်ခဲ့လေသည်။

ထွန်းမင်းသည် ဓားရောင်လွဲ့လွဲ့ကို ငေးစိုက်ကြည့်ရင်း တီးတိုးရွတ်ဆိုလိုက်လေသည်။

'သေအောင်ပဲ သတ်ပါတော့လား နန္ဒာရယ်'

*

သေးသေးဖွဲဖွဲ မိုးမှုန်များသည် စိပ်စိပ်ကလေးရွာသွန်းနေလေသည်။ မိုးရွာနေသည်နှင့်မတူဘဲ နှင်းမှုန်များ သိပ်သိပ်သည်းသည်းကျနေသကဲ့သို့ စိမ့်အေးနေသည်။

ကိုအောင်သူသည် အိပ်ရာမှမထသေးဘဲ ပြတင်းပေါက်မှတစ်ဆင့် မြင်နေရသော မိုးညိုညိုကိုမော့ကြည့်နေမိသည်။ မှုန်မှုန်ဖွဲဖွဲ မိုးစက်မိုးပေါက်များသည် ချစ်စဖွယ်ကောင်းလှသည်။

တစ်ဖက်ခုတင်မှ ထွန်းမင်းသည်မူ အိပ်ရာမှနိုးဟန် မတူသေးချေ။ နံရံဘက်ကို ခပ်စောင်းစောင်းလှည့်ပြီး အိပ်ပျော်နေလေသည်။

ကိုအောင်သူသည် အိပ်ရာမှဖြည်းညင်းစွာထပြီး ထွန်းမင်းဆီသို့ လျှောက်သွားလေသည်။ အသက်မှန်မှန်ရှူပြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသောအခါမှ အသာအယာလှည့်ထွက်ခဲ့သည်။

ကိုအောင်သူသည် အိမ်ရှေ့ခန်းသို့ထွက်လာပြီး တံခါးကိုဖွင့်လိုက်သည်။ မိုးဖွဲဖွဲများသည် မျက်နှာကို ခပ်သဲသဲလေးပက်ဖြန်းလိုက်ကြသည်။

မိုးသဲသဲကို မျက်နှာမော့၍ခံယူရင်း မိုးရေများကြောင့် စိတ်ထဲ

တွင်လန်းဆန်းသွားသည်။ ခေါင်းထဲတွင်လည်း ကြည်လင်သွားသည်။

'အစ်ကိုကြီး'

ခပ်တိုးတိုးခေါ်လိုက်သောအသံလေးဖြစ်သည်။ ကိုအောင်သူ လှည့်ကြည့်သောအခါ အခန်းတံခါးဝတွင်ရပ်နေသော မိန်းမချောလေး တစ်ဦးကို တွေ့ရလေသည်။

အင်္ကျီဖြူလက်ရှည်လေးနှင့် ပြာပြာလွင်သော ထဘီပြာကို ဝတ်ထားသည်။ သွယ်လျသောခန္ဓာကိုယ်လေးသည် နွဲ့နှောင်းနေသည်။

ခေါင်းကိုအုပ်ပြီး ခေါင်းစည်းပဝါပြာပြာလေးကို စည်းထား သည်။

ကိုအောင်သူသည် နန္ဒာကို မမှတ်မိသလို ခပ်ငေးငေးကြည့်နေ မိလေသည်။

'နန္ဒာ ပြန်တော့မယ်'

နန္ဒာသည် မျက်လွှာကိုချလိုက်ပြီး ခပ်တိုးတိုးပြောလေသည်။ နှုတ်ခမ်းကို မသိမသာကိုက်ပြီး နဖူးပေါ်သို့ဝဲကျနေသော ဆံပင်ကောက် လေးများကို လက်နှင့်သပ်တင်လိုက်သောအခါ ယခင်အတိုင်း ဂျစ်ကန် ကန်ရုပ်ကလေးပြန်ပေါ်လာသည်။

ကိုအောင်သူသည် သက်ပြင်းကိုရှိုက်လိုက်ပြီး သူ့ဘက်သို့ ခပ်လေးလေး လျှောက်သွားမိလေသည်။

'ဘယ်ကိုပြန်မှာလဲ နန္ဒာ'

'မမတာရာဆီကိုပေါ့'

'ကျောင်းပြန်တက်မယ်ပေါ့ နော်'

'တက်ရမှာပေါ့၊ နန္ဒာလေ လုပ်သင့်တာတွေ အကုန်လုံးကို လုပ်မယ်လေ'

နန္ဒာသည် မျက်တောင်တဖျပ်ဖျပ်ခတ်ရင်း တုန်တုန်ယင်ယင်

ပြောသည်။

ညိုလဲ့လဲ့မျက်လုံးများသည်ကား စိမ်းစိမ်းကားကား အရောင်တောက်မနေချေ။ ရီဝေကာ မှုန်မှိုင်းနေသည်။

ကိုအောင်သူသည် နန္ဒာကိုခပ်ငိုင်ငိုင်ကြည့်ရင်း ဖြစ်ပျက်ခဲ့သမျှကို ပြန်လည်စဉ်းစားနေမိလေသည်။

ခုတ်မောင်းနေသော မီးရထားပေါ်သို့ ဝရုန်းသုန်းကားတက်ခဲ့သည်မှစ၍ သူ့အိမ်ပေါ်တက်ပြီး ဆိုးပေကာ ဗိုလ်ကျနေသောလူဆိုးလေး နန္ဒာကို တွေးထင်မြင်ယောင်နေမိလေသည်။

ဗိုလ်ဆိုးပေကလေးသည် သွယ်နွဲ့ပါးလျသော မိန်းကလေးတစ်ဦးအဖြစ် သူ့ရှေ့တွင်ရပ်နေသောအခါ၌ ကိုအောင်သူတွင် ဟစ်အော်ကြိမ်းမောင်းရန် အင်အားမရှိတော့ပေ။

နန္ဒာသည် ကိုအောင်သူကို ခပ်တွေတွေလေးကြည့်ပြီးမှ သဲ့သဲ့လေးပြုံးပြကာ လှည့်ထွက်သွားလေသည်။

ကိုအောင်သူလည်း မတုန်မလှုပ် ကျန်ရစ်ရသည်။

'သူ့ကိုပြောလိုက်ပါ အစ်ကိုကြီးရယ်၊ နန္ဒာ အရှုံးပေးသွားတယ်လို့'

အပေါက်ဝရောက်သောအခါမှ နန္ဒာသည် ကိုယ်လေးကိုတစောင်းလှည့်ကာ ရှိုက်သံလေးနှင့် ပြောလေသည်။

ထို့နောက် ချာခနဲလှည့်ကာ တဖွဲဖွဲရွာနေသော မိုးမှုန်များထဲသို့ ပြေးထွက်သွားလေသည်။

'သူ တကယ်သွားပြီ'

ထိုအသိသည် ဦးနှောက်မှတစ်ဆင့် ရင်ထဲသို့ပြင်းပြင်းထန်ထန် ဝင်ရောက်လာသည်။

ရင်ထဲတွင် အောင့်ပြီး တင်းကျပ်မောဟိုက်နေသည်။ တစ်ချိန်

တည်းမှာပင် ဟာပြီး လွတ်လွတ်လပ်လပ်ကြီးဖြစ်သွားပြန်လေသည်။

ကိုအောင်သူသည် အခန်းထဲသို့ပြန်ဝင်မိသည်။ ထွန်းမင်းသည် အိပ်ရာမှနိုးနှင့်ပြီဖြစ်လေသည်။

လက်တစ်ဖက်ကိုအားပြု၍ထောက်ရင်း ခြံဝသို့ငေးမျှော်ကြည့်နေသည်။

စိန်ပန်းပင်ကြီးများသည် လေပြည်ထဲဝယ် တနွဲ့နွဲ့ ယိမ်းညွတ်နေကြလေသည်။

စိန်ပန်းပွင့်နီနီရဲရဲများသည်ကား လေဖော့တိုင်း ဝေ့ကာဝဲကာ ကြွေကျနေကြသည်။

မြေနီလမ်းကလေးပေါ်တွင် ပန်းနီနီခင်းထားသကဲ့သို့ ပန်းနီနီများ မြေဝယ်ပြန့်ကြဲနေသည်။

နန္ဒာသည် ခေါင်းကလေးငိုက်စိုက်ကျရင်း ပန်းကြွေတောမှ ဖြတ်သန်းသွားနေလေသည်။

မိုးဖွဲများကိုလည်းကောင်း၊ ပန်းပွင့်ကြွေများကိုလည်းကောင်း ၎င်းမိန်းကလေးသည် သတိထားမိပုံမရချေ။

အထီးတည်းအဖော်မပါဘဲလာခဲ့သော လူဆိုးကလေးသည် အားလုံး၏ရင်ထဲ၌ နာကျင်သောဝေဒနာကိုပေးခဲ့ကာ အထီးတည်းပင် ပြန်လည်ထွက်ခွာသွားချေပြီ။

ပြာလဲ့လဲ့သဏ္ဍာန်ကလေးကို လမ်းချိုးမှ ပျောက်ကွယ်သွားသည်အထိ နှစ်ဦးသားကြည့်နေမိကြသည်။

တစ်ဆစ်ချိုးလမ်းငယ်တွင် ကွေ့ဝင်ပြီးပျောက်ကွယ်သွားသောအခါမှ ထွန်းမင်းသည် အိပ်ရာပေါ်သို့ ပြန်လှဲချလိုက်သည်။

ထို့နောက် ဆို့နင့်သောအသံနှင့်ပြောလေသည်။

'သူ တကယ် သွားပြီပေါ့နော်'

'အေး တကယ်သွားပြီ'

ကိုအောင်သူက ထောက်ခံသလို ပြောမိသည်။ ထွန်းမင်းသည် မျက်နှာကြက်ကို သတိလက်လွတ်ငေးကြည့်နေပြီးမှ သူ့ခေါင်းအုံး အောက်ရှိဓားကလေးကို ထုတ်ယူလိုက်သည်။

အေးစက်နေသောဓားသွားကို လက်ဖြင့်ခပ်ဖွဖွစမ်းရင်း ကြေကြေကွဲကွဲပြုံးလိုက်လေသည်။

'မင်းကို သူ အရှုံးပေးတယ်လို့ ပြောလိုက်ပါတဲ့'

ထွန်းမင်းသည် ဓားကလေးကို ခပ်တင်းတင်းဆုပ်လိုက်ရင်း ပင့်သက်ရှိုက်လိုက်သည်။

စကားပြောချင်ဟန်နှင့် နှုတ်ခမ်းများလှုပ်ရှားလာသော်လည်း ဘာမှမပြောတော့ဘဲ မျက်စိမှိတ်ထားလိုက်လေသည်။ နွမ်းနယ်သော အပြုံးကိုပင် ပြုံး၍မပြတော့ချေ။

*

http://myanmarpyithar.net

အချိန်ဟူသည့် ယန္တရားကြီးသည် အလွန်လျင်မြန်စွာနှင့်ကုန်ဆုံးခဲ့လေသည်။ သုံးနှစ်ဟူသောအချိန်သည် ကုန်ခဲသလိုနှင့် ဖြုန်းခနဲကုန်ဆုံးသွားခဲ့သည်။

ဆရာဝန်ကြီးဦးအောင်သူတစ်ယောက်ကမူ သာယာကုန်းတွင် ဖြစ်ပျက်ခဲ့ရသော ကြေကွဲဖွယ် ထိတ်လန့်ဖွယ်ဇာတ်လမ်းကလေးကို တစ်ပိုင်းတစ်စ ပြန်လည်စဉ်းစားရင်း ချစ်သောသူငယ်ချင်းထွန်းမင်းကို သတိရမိတတ်သည်၊ တမ်းတရတတ်သည်။ တိတ်တိတ်ဆိတ်ဆိတ် ကိုယ်ယောင်ဖျောက်သွားသော ထွန်းမင်းတစ်ယောက် ဘယ်တောင်ဘယ်စခန်းတွင် ရောက်ရှိနေလေမည်နည်းဟု တွေးတောလွမ်းရတတ်သည်။

'တာရာလေ အရင်တုန်းက ကိုထွန်းမင်းကို ခွင့်လွှတ်တယ်ဆိုပေမယ့် ကြည်ကြည်ဖြူဖြူတော့ မဟုတ်ပါဘူး၊ ကြိုးစားပြီး အတင်းခွင့်လွှတ်ခဲ့ရတာ၊ ခုတော့ သူ့ကို တာရာ တကယ်ခွင့်လွှတ်လိုက်ပါပြီ၊ ကိုကိုသူရိန်ကို တကယ်သတ်ခဲ့ဦးတော့ ခွင့်လွှတ်ပါတယ် ကိုရယ်'

ချစ်သော ဇနီးသည်လေးတာရာက မျက်ရည်ဝေ့ဝေ့ဝဲရင်း ပြောသောအခါမျိုးတွင်ကား ထွန်းမင်း၏မှုန်ရီဝေသောမျက်လုံးများကို မြင်ယောင်ရင်း ရင်ထဲတွင် နာကျင်ရတတ်သည်။

'နန္ဒာရော'

'နန္ဒာက တာရာ့လိုမဟုတ်ဘူး၊ သိပ်ပြီးစိတ်ကြီးတာ'

'ခုထက်ထိပဲ ကြီးတုန်းလား တာရာရယ်'

'သူ လက်လျှော့ပြီးသာ ပြန်လာတာ၊ အခဲကျေတာတော့ မဟုတ်ဘူး၊ သူ့ရင်ထဲက တကယ်ကို လိုလိုချင်ချင် ခွင့်လွှတ်တာမဟုတ်ဘူး'

တာရာက ပြောပြတတ်လေသည်။ နန္ဒာသည် သုံးနှစ်အတွင်း အတော်ပြောင်းလဲလာသည်။

အရင်တုန်းကလို ကမူးရှူးထိုးနှင့် စိတ်ထင်ရာ မလုပ်တော့ဘဲ တည်ငြိမ်လာသည်။ တစ်ခါတစ်ရံလည်း ကဗျာစာအုပ်ကလေးများကို ငြိမ်ငြိမ်သက်သက်ဖတ်နေတတ်လေသည်။

ဒေါသနှင့် မာန ယှက်နွယ်သော မျက်လုံးညိုလေးများသည် တစ်ခါတစ်ရံ ကရုဏာရောင်ယှက်သန်းပြီး ပျော့ပျောင်းလာတတ်သည်။

'နန္ဒာလေး သိပ်လိမ္မာလာတယ်'

ဒေါ်ကြီးစံမယ်က ချီးကျူးစကားပြောလေသည်။ သူကတော့ နန္ဒာ ဆိုးဆိုးကောင်းကောင်း ချစ်မည့် အဘွားကြီးသာဖြစ်သည်။

'တစ်ခါတလေတော့လည်း ဆရာလေး ကိုထွန်းမင်းကို သတိရသား၊ သူသာမကယ်ရင် နန္ဒာလေး ခုနေဆိုရင် ပြာဖြစ်နေပြီ'

ဒေါ်ကြီးစံမယ်က မကြာခဏ ဇာတ်ကြောင်းပြန်တတ်လေသည်။ ထိုအခါမျိုးတွင် နန္ဒာ၏မျက်လုံးညိုများသည် မှုန်မှိုင်းသွားတတ်သည်။

လုပ်လက်စအလုပ်ကို တိတ်တိတ်ဆိတ်ဆိတ်လုပ်ပြီး မသိမသာ ရှောင်ထွက်သွားတတ်လေသည်။

နန္ဒာ၏ နှစ်ဆယ့်နှစ်နှစ်မြောက်မွေးနေ့တွင်ကား မွေးနေ့လက်

ဆောင် ပါဆယ်ထုပ်တစ်ထုပ်သည် အမည်မဖော်ဘဲရောက်လာသည်။ ပါဆယ်နှင့်အတူ နီရဲသောနှင်းဆီပန်းစည်းကြီးပါတွေ့ရသည်။

'ဟယ် လှလိုက်တဲ့ပန်းတွေ၊ ဘာလဲ ဖွင့်ကြည့်စမ်းနန္ဒာ'

တာရာသည် မွှေးကြိုင်သင်းပျံ့သော နှင်းဆီနီများကိုရှိုက်နမ်းရင်း ရွှင်ပျစွာပြောသည်။

အထုပ်၏အနေအထားနှင့် အရွယ်ကိုကြည့်ရင်း ပန်းချီကားတစ်ခုဖြစ်လိမ့်မည်ဟု ကြိုတင်ခန့်မှန်းနေသည်။

ဟုတ်ပါသည်။ ပန်းချီကားတစ်ချပ်ပင် ဖြစ်သည်။ ကားတစ်ကားလုံး ပန်းနီနီများနှင့် ရဲနေသည်။ စိန်ပန်းနီနီများသည် အခိုင်လိုက် အပွင့်လိုက် အဖူးလိုက် ပြန့်ကျဲနေသည်။ ပန်းပွင့်များပေါ်တွင်ထပ်၍ မျက်နှာလေးတစ်ခုကို မပီမပြင်ရေးခြယ်ထားသည်။

နဖူးပြင်ပေါ်တွင်ဝဲနေသော ဆံပင်ကောက်ကလေးများ၊ အေးစက်စက်နှင့် မာနရောင်လွှမ်းသောမျက်လုံးများ၊ နှုတ်ခမ်းပါးပါးလေးများသည် ဝိုးတဝါးကြားထဲမှ ပီပီသသထွက်ပေါ်နေသည်။

ပန်းချီဆရာ၏လက်မှတ်ကို မတွေ့ရပေ။ သို့သော် ပန်းချီကားထောင့်စွန်းရှိ စိန်ပန်းနီနီ၏ဝတ်ဆံတည့်တည့်တွင် ဝိုင်းစက်သောအပေါက်ကလေးကိုတွေ့ရသည်။

ပန်းချီကား၏အောက်နားတွင်ကား စာတန်းထိုးထားသည်။ 'ငြိုးမာန်ဖွဲ့သူရယ်တဲ့'

နန္ဒာသည် ပန်းချီကားကိုကြည့်ရင်း မျက်နှာလေးတွင် သွေးဆုတ်သွားသည်။ ဖြူရော်ဖျော့တော့သော ကိုယ်လုံးလေးသည် မသိမသာတုန်ယင်နေသည်။

'ပန်းတွေက လှလိုက်တာ နန္ဒာရယ်၊ မွှေးလိုက်တာလည်း လွန်ရော'

တာရာသည် စကားဖြေပြောရင်း ပန်းစည်းကိုကမ်းပေးသည်။ ကိုအောင်သူသည် နန္ဒာ၏မျက်နှာကိုသာ စူးစိုက်အကဲခတ်နေမိလေသည်။

သွေးဆုတ်နေသော မျက်နှာလေးသည် မသိမသာသွေးရောင်လျှမ်းလာလေသည်။ ထို့နောက် ဘာမှမပြောဘဲ ပန်းစည်းကိုယူကာ ဂရုမစိုက်သလို ဘေးတွင်ချထားလိုက်သည်။

ပန်းချီကားကိုလည်းကောင်း၊ ပန်းများကိုလည်းကောင်း လှည့်စောင်း၍ပင် မကြည့်တော့ချေ။ ကိုအောင်သူ ပင့်သက်သာရှိုက်မိတော့သည်။

အခြားလက်ဆောင်ပစ္စည်းများကိုဖွင့်ကြည့်ပြီး နန္ဒာသည် ပျော်ရွှင်စွာရယ်မောနေသောအခါတွင်ကား ကိုအောင်သူ၏ရင်ထဲတွင် နာနာကျင်ကျင်ကြီးပင် ဖြစ်လာလေသည်။

နွမ်းနွမ်းနယ်နယ်ပြုံးပြလေ့ရှိသော ထွန်းမင်းကို မြင်ယောင်နေမိသည်။

ခဏနေသောအခါတွင်ကား နန္ဒာသည် နှင်းဆီနီလေးတစ်ပွင့်ကို အမှတ်မဲ့ယူလိုက်ပြီး အပေါ်ထပ်သို့တက်သွားလေသည်။

ကိုအောင်သူနှင့်တာရာသည် တစ်ဦးနှင့်တစ်ဦး စူးစိုက်ကြည့်ကြသည်။ ထို့နောက် ညင်သာစွာ လိုက်ခဲ့မိကြသည်။

နန္ဒာ့ကို ဝရန်တာတွင်တွေ့ရသည်။ ဝင်းဝါသောလရောင်ဝယ် ခေါင်းကလေးငုံ့ကာရပ်နေသော နန္ဒာသည် ကျောက်ရုပ်ကလေးနှင့်တူနေသည်။

တာရာနှင့်ကိုအောင်သူသည် တစ်ဦးလက်ကိုတစ်ဦး တင်းတင်းကျပ်ကျပ်ဆုပ်ပြီး အမှောင်ရိပ်တွင် ရပ်နေမိကြသည်။

တမာပန်းနံ့က ဝေ့ဝဲလာသည်။ ညင်းညံ့သော လေပြည်ဝယ်

http://myanmarpyithar.net

နန္ဒာ့ဆံပင်လေးများ လူးလွင့်၍နေသည်။

နန္ဒာသည် ခေါင်းငုံ့နေရာမှ ကိုယ်ကလေးသိမ့်ခနဲတုန်ကာ လပြည့်ဝန်းကို မော့ကြည့်လေသည်။ မျက်လုံးညိုလေးများသည် ရီဝေမှုန်မှိုင်းပြီး မျက်ရည်ကြည်များ စိမ့်အိုင်ဝေ့လည်နေသည်။

နန္ဒာ၏ပါးပြင်ထက်မှ မျက်ရည်များသည် လရောင်ဝယ် လက်နေသည်။

'ဟင် နန္ဒာ ငိုနေတယ်'

ကိုအောင်သူသည် ထိတ်လန့်စွာပြောလိုက်မိသည်။ နန္ဒာသည် အလွန်ဆိုး မျက်ရည်လည်ရုံမှအပ ငိုတတ်လိမ့်မည်ဟု မထင်မိခဲ့ချေ။

သူတို့ရှေ့တွင် ဟန်ဆောင်ရယ်မောနေခဲ့သော မိန်းကလေးသည် လပြည့်ဝန်းကိုမော့ကြည့်ရင်း ငိုနေသည်ကို မယုံနိုင်သလို ငေးကြည့်နေမိသည်။

'ဟုတ်ပါတယ်ကိုရယ်၊ နန္ဒာလေးငိုနေတာပါ'

တာရာသည် ရှိုက်ငင်ရင်းပြောလေသည်။ တာရာ၏ ပါးပြင်တွင် စိုစွတ်နေသောမျက်ရည်များကို ယုယစွာသုတ်ပေးရင်း ကိုအောင်သူသည် ပင့်သက်ရှိုက်လိုက်မိသည်။

လေထဲတွင် တမာပန်းနံ့က မွှေးပျံ့နေသည်။ နန္ဒာ၏လက်ထဲရှိ နှင်းဆီပန်းနီလေးကို စူးစိုက်ကြည့်ရင်း တမာအရသာသည် ခါးသည်ကိုသတိရမိသည်။

ခါးသောတမာသည် သင်းသင်းလေး မွှေးပျံ့တတ်လေသည်။

**မစန္ဒာ**

# မစန္ဒာ

## ဖြိုးမာန့်ဖွဲ့သူရယ်



http://myanmarpyithar.net

# ကျေးဇူးတင်ပါသည်

ပေးပို့သူ = ကိုဝင်းဓွေး

http://myanmarpyithar.net